www.burmeseclassic.com



www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၂၆၀၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၉၄၀၂၁၁

**ဖြန့်ချိရေး**
အောင်မြင်စာပေ
အမှတ်(၁)၊
အောင်ဘာလေ
ကျောက်မြောင်း၊

**အတွင်းနှင့်**
**မျက်နှာဖုံးပုံနှိပ်**
ဦးအောင်မြင့်
အောင်မြင်ပုံနှိပ်တိုက်
သုဝဏ္ဏ၊ ရန်ကုန်မြို့

ပထမအကြိမ်
မေလ၊ ၂၀၁၁
တန်ဖိုး(၁၅၀

**ထုတ်ဝေသူ**
ဦးအောင်မြင့်
အမှတ်(၇)၊ သီတာလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့

၈၉၅.၈၃

မြပုလဲခင်
အချစ်သည်ရံဖန်ရံခါ/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၁။
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်


အချိန်သည် တရားသူကြီးဖြစ်သကဲ့သို့ ဘဝအတွေ့အကြုံသည်လည်း မိမိအတွက် အကျိုးဆောင်ကောင်းတစ်ယောက် ဖြစ်လေသည်။

မိန်းမသားအချို့ဟာ အချစ်ကို မကိုးကွယ်တတ်ကြဘူး။ ဒါကြောင့် အချစ်ကို ဂုဏ်သိက္ခာအတွက် နလုံးသားရင်ပြင်ထဲမှာ သဂြိုဟ်ပြီး မြှုပ်နှံပစ်လိုက်တာတွေလည်း ရှိတတ်ကြတယ်။

လူဆိုတာ ဖြစ်တည်လာကတည်းက စတင်၍ ခံစားမှု အစုစုသော ဝေဒနာဆိုးတွေက ကပ်ငြိပါလာပြီးသားဖြစ်လေသည်။

အချစ်သည် ရံဖန်ရံခါ ကျေးဇူးတရား ကရုဏာ မုဒိတာ နှင့် လောဘ သံသယ မောဟများ၏အလယ်တွင် မျက်စိလည်ကာ လမ်းပျောက်နေတတ်သည့်အတွက် စစ်မှန်သော ချစ်ခြင်းတစ်ခုကို ရရှိရန် ခက်ခဲသွားတတ်သည်။

အချစ်သည် ရံဖန်ရံခါ...

မြပုလဲခင်

www.burmeseclassic.com

www.burmeseclassic.com

အချစ်ကို မျက်စိနှင့်သာ ဆုံးဖြတ်တတ်တဲ့လူကို
ကျွန်မဘဝ ဘယ်လိုလုပ်ပြီး ယုံကြည်စွာဖြင့် အပ်နှင်းရမှာတဲ့လဲ။
မေနီ

အချစ်ဆိုတာ ပေးအပ်လိုက်မှ ပေါက်ဖွား
ရှင်သန်လာတတ်တာမျိုးပါ။ ဒါကြောင့် ယုံယုံ
ကြည်ကြည်နဲ့ ပေးအပ်ကြည့်လိုက်ပါ။
ဒေါက်တာနေမှူး

အချစ်ဆိုတာ သူ့ဟာသူ မပေါက်ဖွား
ပါဘူး။ ရယူပိုင်ဆိုင် လိုခြင်းဆိုတဲ့ ပြင်းထန်တဲ့
အာသီသကနေ ပေါက်ဖွားလာတာပါ။
မင်းလူဘော်



# အပိုင်း (၁)

တစ်နေ့ထက်တစ်နေ့ မေ့ပျောက်ပစ်ဖို့ မလွယ်ကူသည့်
ပြင် တိုး၍သာ ရင်ထဲ ထိရှရှနစ်ဝင်ရောက်နေခဲ့သော တစ်
က်သတ် စွဲလမ်းခြင်း ချစ်ခြင်းမီးကို သူ မည်ကဲ့သို့ငြိမ်းသတ်
နိုင်မှန်း မသိအောင် ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

"လှူကြီးမင်း ခေါ်ဆိုသောဖုန်းနံပါတ်မှာ××စက်ပိတ်ထားပါသဖြင့် ×××××××××"

မေနီ ဖုန်းပိတ်ပစ်လိုက်သည်။ သူခေါ် ဆိုနေသောဖုန်းမှာ လှူကြီးမင်း ××× နှင့်သာ တိုးနေသည်မှာ ဒီနေ့တစ်နေ့လုံး ဖြစ်သည်။ ညတောင် ဖုန်းခေါ် ၍မရဘူးဆိုတော့ မေနီ စိုးရိမ်စိတ်ကလေး ဝင်လာသည်။ ထို့ကြောင့် စားပွဲ၏အံဆွဲကို ဖွင့်ကာ လိပ်စာကဒ်များကို ရှာရသည်။

ဒေါက်တာ၏အိမ်မှ လိုင်းဖုန်းကို ခေါ် လေ့ခေါ် ထ မရှိခြင်း





ကြောင့် ထိုဖုန်းနံပါတ်ကို မမှတ်မိသလို ဆေးခန်းဖုန်းနံပါတ်ကိုလည်း ထို့အတူမို့ ဒေါက်တာ၏ Visiting ကဒ်ကို ပြန်ရှာကြည့်ရသည်။ ရရှိလာသမျှ လိပ်စာကဒ်တို့ကို ပလတ်စတစ်ဗူးတစ်ခုထဲ စုပြုံထည့်ထားသဖြင့် အနည်းငယ် မွှေနှောက်ရှာရုံဖြင့် တွေ့လိုက်သည်။

ညဘက် ဆေးခန်းထိုင်တတ်သည်ကို အမှတ်ရကာ ဆေးခန်းသို့ ခေါ် လိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ၊ မဥ္ဇူသက ဆေးခန်းကပါရှင်"

"ဟုတ်ကဲ့. . . ကျွန်မ ဒေါက်တာနေမျိုးနဲ့ တွေ့ချင်လို့ပါရှင်"

"ဆရာကြီး ခွင့်ယူထားပါတယ်ရှင်"

"ဟင်. . . ဟုတ်လား၊ ဘာဖြစ်လို့ပါလဲရှင်. . နေမကောင်းလို့လား၊ ခွင့်ယူထားတာ ကြာပြီလား"

မေနီ၏ရင်ထဲ လှုပ်ရှားသွားမှုနှင့်အတူ စိုးရိမ်ပူပန်မှုကြောင့် မမေးသင့်လား မေးသင့်လားဆိုတာကို ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတော့ဘဲ မေးခွန်းတွေ ဒလစပ် မေးလိုက်မိလေတော့သည်။

"ဒါကတော့ ကျွန်မတို့လည်း မသိပါဘူးရှင့်၊ ဆရာကြီး ဆေးခန်းကို မလာတာတော့ သုံးရက်ရှိသွားပါပြီ. . . ဒါပါပဲနော်"

ဟု ဆိုကာ ဖုန်းချသွားလေတော့သည်။ မေနီရင်ထဲ လစ်ဟာသွားသည်။ ဖုန်းပြန်ခေါ် လိုက်သည်။

"မဥ္ဇူသက ဆေးခန်းကပါရှင်"

"စောစောက ဆက်တဲ့လူပါ၊ ဆရာကြီးဒေါက်တာနေမျိုးရဲ့ အိမ်လိပ်စာ သိချင်ပါတယ်ရှင်. . . ရမလား"

"ကျွန်မတို့ဆေးခန်းရဲ့စည်းမျဉ်းအရ ဆရာဝန်တွေရဲ့ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



ချက် မရဘဲနဲ့ လိပ်စာပေးပိုင်ခွင့် မရှိပါဘူးရှင်"

"ဩော်. . . ဒါဖြင့်လည်း ရပါတယ်"

မေနီ နားလည်စွာဖြင့် အလျှော့ပေးလိုက်လေသည်။ ဒေါက်တာ့တူမ ကေခိုင်ကို သတိရသွားသည်။ ဖုန်းထဲမှ ကေခိုင့် နံပါတ်ကို ရှာဖွေလိုက်သည်။ တွေ့ပြီ။ မေနီ ဆက်၍ခေါ်လိုက်သည်။

"ဟယ်လို"

"မိကေ. ."

"အမလေး. . . ပေါ်တော်မူ မိမေ၊ ရှင်က ခုမှ ကျုပ်ဆီ ဖုန်းဆက်တယ်ပေ့ါလေ၊ ပျောက်ချက်သား ကောင်းနေပြီတော့၊ ခုမှ ကိုင်း. . ဆို. . ဘာကိစ္စ"

ထုံးစံအတိုင်း ကေခိုင်က အငေါ်တူးလေတော့သည်။ အငေါ်တူးလည်း တူးလောက်ပါပေသည်။ ကေခိုင် မင်္ဂလာဆောင်ပြီးသွားကတည်းက အဆက်အသွယ် ပြတ်သွားခဲ့သည်ကို။

"ရှင်ကပဲ ပြောရတယ်ရှိသေး၊ ကျုပ်က ညားခါစ လင်မယားကြား ဆေးရိုးသည် အဖြစ်မခံချင်လို့ အလိုက်တသိ ဖုန်းမဆက်တာများ၊ ကျုပ် မဆက်တော့ ရှင်ဆက်ပေ့ါ"

"ပြောမနေနဲ့တော့ မိမေရေ၊ အပျိုဘဝနဲ့ အိမ်ထောင်ရှင်ဘဝက မတူဘူး၊ များပြားလိုက်တဲ့ဝတ္တရားတွေ၊ အဟီး. . . ခုတောင် ကျုပ်ကိုယ်ဝန် လေးလနဲ့မို့ ကျုပ်မှာ မိခင်လောင်းတို့ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာနေရတယ်လေ၊ ယောက်ျားရော ယောက္ခမရော အဘွားရောက သဲသဲလှုပ်မို့ ကျုပ်မှာ ဘယ်က အသက်ရှူရမှန်းတောင် မသိပါဘူးအေ. . . စိတ်ကျဉ်းကျပ်လိုက်တာ"



BURMESE CLASSIC .com



"ရှင်က စိတ်ကျဉ်းကျပ်တယ်သာ ပြောနေ. . . သဘောကျနေတယ်မှတ်လား၊ အချစ်ခံနေရတယ်ဆိုတာ နည်းတဲ့ကုသိုလ်လား လို့"

"ဒါတော့ ဒါပေ့ါ. . . ဒါပေမယ့်. . ."

"ဒါပေမယ့်တွေဘာတွေ လုပ်မနေနဲ့၊ ရှင့်ဦးလေး ဒေါက်တာနေမှူးလိပ်စာ ကျုပ်လိုချင်တယ်"

"ရှင် ကျုပ်ဦးလေးလူပျိုကြီးကို သွားပြီး အီစီကလီ လုပ်မလို့လား၊ မလုပ်ပါနဲ့. . . ကျုပ်ဦးလေးက တကယ့်ရိုးရိုးသားသား လူပျိုကြီးစစ်စစ်ပါ ရေမရောဘူး၊ ရှင်ညာလို့ ဟတ်ဒ်ထိသွားရင် ကျုပ်တစ်မျိုးလုံးက ဝိုင်းသမနေဦးမယ်"

"မိကေ. ."

"ဘာလဲ. ."

"ကျုပ် စကားအကောင်း ပြောလို့ကို မရတော့ဘူး၊ ဒီလို. . ရှင့်ဦးလေးကို ကျုပ်သွားကန်တော့ချင်လို့ပါ၊ ဆေးခန်းမလာဘူးဆိုလို့ နေများ မကောင်းလို့လားလို့ အိမ်လိပ်စာ လိုချင်လို့ပါဟာ"

"ရှင်က ဦးလေးကို ဘာဖြစ်လို့ ကန်တော့မှာလဲ"

"ကျေးဇူးရှိလို့ပေ့ါဟဲ့"

"ဘာကျေးဇူးလဲ"

"ဒါကတော့ လျှို့ဝှက်ချက်၊ လိပ်စာသာ အမြန်ပေးစမ်းပါဟာ၊ ပြီးရင် ရှင့်ကို ကျုပ်လာတွေ့ပါ့မယ်၊ ကိုယ်ဝန်ရှိနေတဲ့ သူငယ်ချင်းအတွက် စားကောင်းသောက်ဖွယ်ရာလေးတွေ ဝယ်ပြီး လာခဲ့ပါ့မယ်. . . ကျေနပ်ပြီလား၊ လိပ်စာသာပေး"

"ဘောက်ထော်. . ပြည်သာယာ(xxxxxxxx)မှာ၊ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်က (xxxxxxxx)၊ အဒေါ်အပျိုကြီး ငါ့အဘွားလေးနဲ့ သူ့မွေးစားသား ပအိုဝ်တို့ ပလောင်တို့နဲ့ နေတာ၊ ငါ သီတင်းကျွတ် သွားကန်တော့တုန်းကတောင် အလတ်ကြီးပါဟယ်"

"ဖွဟဲ့. . . ရှင်ကလည်း၊ ကိုင်း. . . မကေ မနက်ဖြန် ရှင့်ဦးလေးဆီ သွားပြီး ရှင့်ဆီပါ တစ်ခါတည်း လာခဲ့မယ်၊ ရှင်ဘာစားချင်သလဲပြော"

"ခုချိန်တော့ စားလို့ရတာ အကုန်စားပဲ ဖြစ်သွားပြီ၊ လာခဲ့လေ. . . ကျုပ် မနက်ဖြန် ဘယ်မှ မသွားဘဲ စောင့်နေမယ်"

"အိုကေ. . . ဒါဖြင့် ဒါပဲလေ"

မေနီ ဖုန်းပိတ်လိုက်သည်။ ဩော်. . . ဘာလိုလိုနှင့် နေ့ကိုလစား လကိုနှစ်စားနှင့် ကေခိုင် အိမ်ထောင်ကျသွားသည်မှာ တစ်နှစ်တောင် စွန်းသွားပြီပဲ။

သက်တူရွယ်တူချင်းမှာ ကေခိုင်က အိမ်ထောင်သားမွေးနှင့် လူသားတာဝန်တစ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်နေပြီ။ ဒါ လူ့လောက၏သဘာဝတရားတစ်ခုပါပဲ။

အချစ်ရှိလာလျှင်တော့ လက်ထပ်ခြင်းဆိုတာ ဖြစ်သင့်ပါသည်။

မေနီရင်ထဲ အချစ်ကတော့ ရှင်သန်နေသည်။ သို့သော် နှလုံးသားအလိုကို ဦးနှောက်က အဟန့်အတားပြုနေသည်။

ထို့ကြောင့် မေနီ့အတွက် ဖြေရှင်းရခက်သော ပုစ္ဆာတစ်ပုဒ်ကို အဖြေရှာနေရသလို စိတ်မှာ ပင်ပန်းနေသည်။

စိတ်ပင်ပန်းမှုကို ဖြေဖျောက်ဖို့ တဆင့်ပြီးတဆင့် ဖြေရှင်းပစ်မှ ဖြစ်တော့မည်။





ထိုအချိန်. . .

မေနီ၏ G.S.M လက်ကိုင်ဖုန်းလေး မြည်လာလေသည်။ ဖုန်းစကင်န်၌ နာမည်ပေါ်လာသည်။ မေနီရင်ခုန်သံတို့၏ခုန်နှုန်း မြင့်တက်သွားသည်။

မင်းလှဘော်။

"ဟယ်လို. . ."

"မေနီလား. . . မနက်ဖြန်မနက် မောနင်း ကော်ဖီသောက်ရင်း ဒင်းဆမ်း စားရအောင် အိုရီယမ်တမ်ဟောက်စ်ကို ရှစ်နာရီ အရောက် လာခဲ့ပါလား"

တစ်ဖက်သား၏ဆန္ဒကို မမေးဘဲ အမိန့်ဆန်ဆန်စွာ ပြောလာသော မင်းလှဘော်ကို မေနီရင်ထဲ မကျေနပ်ချင်တော့။

အင်းလေ. . . သူက ကိုယ့်အထက်အရာရှိပေပဲ။ အမိန့်ပေးနေကျ အကျင့်ပါနေလို့ ဖြစ်မှာပါဟု ဖြေတွေး‌တွေးလိုက်ပြီး. . .

"မနက်ဖြန် ကျွန်မ မအားဘူး ဆရာ"

"ဒါဖြင့်. . နေ့လည်စာ. ."

"ဆောရီး ဆရာ၊ မနက်ဖြန် တစ်နေ့လုံး မအားလို့ပါ"

"ဒါဖြင့် သန်ဘက်ခါမနက်"

မင်းလှဘော်လိုလူစားက ဖြစ်ချင်တာကို ဖြစ်အောင်လုပ်လိုက်ရမှ ကျေနပ်သည့်လူစားမှန်း မေနီ သိပြီးသားဖြစ်နေသည်။

"သန်ဘက်ခါ ဘာကိစ္စ ရှိဦးမယ်ဆိုတာကို ကျွန်မ မသိနိုင်သေးလို့ အာမ,မခံနိုင်သေးပါဘူး ဆရာ"

"အိုကေ. . . ကိုယ်သဘောပေါက်ပြီ၊ ဒါဆို မနက်ဖြန်ည ကိုယ်ပြန်ဆက်ပြီးမှ ထပ်ချိန်းမယ် မေနီ၊ ဒါဖြင့် မင်္ဂလာအိပ်တော့၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်လှလှ မက်ပါစေ၊ မက်တဲ့အိပ်မက်ထဲ ကိုယ် ပါရှိပါစေလို့ ဆုတောင်းပေးလိုက်တယ်၊ ဒါပဲနော်. . . ဘိုင့်ဘိုင်"

မင်းလှဘော်က သူ့စတိုင်အတိုင်း သူ့ဆန္ဒကို ထုတ်ဖော်ပြီး ဖုန်းချသွားလေတော့သည်။

မေနီ ပင့်သက်ရှိုက်လိုက်မိသည်။ ရင်ခုန်သံစည်းချက် မြန်ဆန်မှုက မပျောက်ပျယ်သေးချေ။

မိမိသည် ဘာကြောင့်များ ဤမင်းလှဘော်ဆိုသည့်လူကိုမှ တမ်းတမ်းစွဲ ဖြစ်နေရတာလဲ။

မေတ္တာအရေးအခင်းမှာ အစွဲအလမ်းကြီးသူတို့သည်သာ ရှုံးနိမ့်စမြဲ ဖြစ်သည်ကို သိထားသော မိမိအနေနှင့် ဆင်ခြင်သင့်ပါသည်။ နှလုံးသားအရှိကို ဦးနှောက်အသိနှင့် ယှဉ်တွဲပြီးမှ ရွေးချယ်မှုကို လုပ်သင့်သည်၊ ဆုံးဖြတ်သင့်သည်ဟု မေနီ စဉ်းစားပြီးနောက်. .

သူ့နှလုံးသားအတွင်း နက်ရှိုင်းစွာ စိုက်ဝင်နေခဲ့သော အချစ်ဆူးတစ်ချောင်းကို နှုတ်ပစ်ရန် ကြိုးပမ်းလိုက်သည်။

လောလောဆယ်တော့ အချစ်ဆူးက နှုတ်၍မရသေးပါချေ။







## အခန်း(၂)

မေနီ မောင်ဖြစ်သူကို အပူကပ်ကာ ကားနှင့် လိုက်ပို့ခိုင်းရလေသည်။

"မမက လုပ်ပြီဗျာ၊ ကျွန်တော် သင်္ဘောသားရုံး သွားရဦးမယ်"

"ခဏလေးပါ. . . ဒေါက်တာကို တွေ့ပြီးရင် ရပြီ၊ ပို့ပေးပြီးခင်ပြန်ပေါ့"

"ဘောက်ထော်ဆိုတော့ လူပြတ်တယ်၊ အပြန်တစ်ယောက်ထဲ ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



“မဖြစ်လည်း ဖြစ်ရမှာပေါ့၊ နင်မှ မအားတာကိုး၊ ဒေါက်တာ ရှိရင်တော့ ပြန်ပို့ပေးမှာပါ”

“ဒါဖြင့် ခဏတော့ စောင့်ပေးမယ်”

မောင်ဖြစ်သူ ဇော်နီက ဆယ်တန်းအောင်ပြီးတာနှင့် ရေကြောင်းသိပ္ပံ တက်ပြီး ပြည်တွင်းရေကြောင်း၌ ဆီးဆားဗစ်(sea service) ယူပြီးနောက် ပြည်ပသင်္ဘောကို လိုက်ရန် ကြိုးပမ်းနေသူ ဖြစ်သည်။

မေနီတို့၌ မောင်နှမ(၂)ယောက် ရှိသည်။ မေနီတို့ မောင်နှမနှင့်မိဘနှစ်ပါးမှာ ရန်ကင်းတိုက်ခန်းတစ်ခန်းတွင် နေထိုင်သည်။

မေနီဖခင်က ဌာနဆိုင်ရာတစ်ခုတွင် မန်နေဂျာဖြစ်ပြီး မိခင်ကလည်း ဌာနဆိုင်ရာတစ်ခု၌ စာရင်းစစ်တစ်ဦးဖြစ်သည်။

သို့အတွက် သူတို့မိသားစုအတွက်ကတော့ စီးပွားရေးအရ ပူပင်စရာမလို။ ထို့ကြောင့်လည်း မေနီ လက်ရှိအလုပ်မှာ နှုတ်ထွက်စာ တင်လိုက်ပြီး အနားယူနေခဲ့ခြင်းဖြစ်သည်။

နောက်ထပ် အလုပ်သစ်တစ်ခု မလုပ်မီ ရင်ထဲမှာ ပိတ်မှောင်နေသော သမုဒယ နှောင်ကြိုးတို့ကို ရှင်းလင်းပစ်ချင်သည်။

“မမက အဲဒီဘိုးတော်ကို ကြွေနေပြီလား”

“ကြံကြံဖန်ဖန်. . . ကျေးဇူးရှိတယ်မှတ်လား၊ ကန်တော့ရမှာပေါ့. . . ဒါကြောင့်ပါ”

စိတ်ထဲ ဝေခွဲလို့မှ မရသေးတာ။ မေနီ ဘာကိုမှ ယတိပြတ် မပြောနိုင်ပေ။

ဒေါက်တာနေမျိုးကို လေးစားခြင်းစိတ်ထားကတော့ သူ့ရင်မှာ သန္ဓေတည်လျက်ရှိပါသည်။





မေးရင်းစမ်းရင်းနှင့် “ချမ်းမြေ့ရိပ်မြုံ” ဟု ဆိုင်းဘုတ်တင်ထားသော ရှေးဟောင်းနှစ်ဆောင်ပြိုင်အိမ်ကြီး ရှိနေသော ခြံဝန်းတံခါးသို့ ရောက်ခဲ့လေသည်။

“လူကတော့ မပြတ်ဘူး၊ ချောင်လည်း မကျဘူး၊ ပြည်သာယာ လမ်းမကြီးနဲ့ နီးတာပဲ၊ ဒါဆို မမ ပြန်ထွက်လို့ရတယ်၊ ကျွန်တော်ထားခဲ့မယ်နော်. . . ဖြစ်တယ်မှတ်လား”

“တီ. . တီ. . တီ. . ”

မောင်လေးဇော်နီက ဟွန်းသံပေးရင်း သူ့အား ပြောလိုက်သည်။ သူကလည်း အေးအေးဆေးဆေးပင်. . .

“ရတယ်. . . ပြန်၊ အေးအေးဆေးဆေးပါ”

ခြံဝန်းထဲမှ (၁၃-၁၄)နှစ်အရွယ် တိုင်းရင်းသားဖြစ်ဟန်တူသော ယောကျ်ားလေးတစ်ယောက် ပြေးထွက်လာသည်။ အသံဝဲဝဲနှင့်. . .

“ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲခင်ဗျာ”

“ဒေါက်တာနေမျိုးနဲ့”

“ဆရာကြီး မရှိပါဘူး”

“ဒါဖြင့် ဒေါ်သဇင်နဲ့ တွေ့ချင်တယ်၊ သူကော ရှိလား”

ဒေါက်တာနေမျိုး၏အဒေါ် အမည်ကို ထုတ်ဖော်လိုက်ရသည်။ အထက်တန်းပြ အငြိမ်းစားဆရာမ ဖြစ်သော ဒေါ်သဇင်ကတော့ အိမ်မှာ အမြဲရှိနေတတ်သည်ဟု သူ တွက်ဆလိုက်သည်။

“ဘယ်သူလို့ ပြောပေးရမှာပါလဲခင်ဗျာ”

တောင်ပေါ် တိုင်းရင်းသား ဖြစ်ပုံရသော ကောင်လေးက ရိုသေစွာဖြင့် မေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာနေမျိုးရဲ့လူနာ. . . နောက်ပြီး ကေခိုင်ရဲ့ သူငယ်ချင်း မေနီလို့ ပြောပေးပါ"

မေနီက ပြည့်စုံစွာပင် ပြောလိုက်သည်။ ကေခိုင်နှင့် ပတ်သက်ပြီး ဒေါ်သဇင်ကို မေနီ မြင်ဖူးခဲ့ပါသည်။ ဒေါ်သဇင်အနေနှင့်လည်း ဒေါက်တာနေမျိုးနှင့် ပတ်သက်၍ဖြစ်စေ၊ ကေခိုင်နှင့် ပတ်သက်၍ဖြစ်စေ သူ့ကို မှတ်မိလိမ့်မည်ဟု သူထင်ပါသည်။

"ခဏလေး စောင့်ပါခင်ဗျာ"

ကောင်လေးက အပြေးအလွှား ပြန်ပြေးသွားသည်။ သိပ်မကြာလှ၊ အပြေးအလွှား ပြန်လာပြီး ခြံတံခါးကို ဖွင့်ပေးလိုက်လေသည်။ သစ်သီးခြင်း၊ ပန်းစည်းနှင့် ရုပ်အကျီပုဆိုးတို့ကို ကန်တော့လက်ဆောင်အဖြစ် ယူခဲ့သော မေနီ မနိုင်မနင်းမှာဖိုး၍ ကားကို ပေါ်တီကိုအောက်အထိ လိုက်မောင်းပို့ပေးရင်း ဇော်နီက စိတ်မချစွာဖြင့်. .

"မမ. . ဖြစ်ပါ့မလား၊ ဒေါက်တာမှ မရှိတာ၊ ခဏမေးပြီး ပြန်မှာမှတ်လား၊ ကျွန်တော် စောင့်နေရမလား"

"မစောင့်နဲ့. . . ငါ သေသေချာချာ မေးစရာတွေ ရှိနေလို့ပါဟာ၊ ဖြည်းဖြည်းစကားပြောပြီးမှ ပြန်မယ်"

"ဒါဖြင့်လည်း ပြီးရော"

မေနီ ကားပေါ်မှ ဆင်းပြီးမှ အထုပ်အပိုးများ ယူလိုက်သည်။ ဇော်နီ ကားပြန်ထွက်သွားသည်။

နောက်ထပ် တိုင်းရင်းသားကောင်လေးတစ်ယောက် သူ့အား ဆီးကြိုကာ ဧည့်ခန်းထဲသို့ ခေါ်လာသည်။

ဧည့်ခန်းထဲ၌ သတင်းစာ ဖတ်နေသောဒေါ်သဇင်က သတင်းစာကို ချကာ သူ့အား အကဲခတ်ရင်း. . .





"ဪ. . ထိုင်. . မိန်းကလေး"

"ကျွန်မကို မှတ်မိပါသလား အန်တီ"

"ဓါတ်ပုံတွေ့ဖူးပါတယ်"

"ရှင်. . ."

မေနီ ကျွန်းဆက်တီကုလားထိုင်၌ ဝင်ထိုင်လိုက်ရင်း အံ့အားသင့်သွားသည်။

ယခု မျက်နှာအနေအထားနှင့် ဓါတ်ပုံဖြစ်ပေမည်။ ဒေါက်တာနေမျိုးဆီမှာ မှတ်တမ်းတင်ထားခြင်းကြောင့်ပေလား။

"ဒေါက်တာ့ကို ကန်တော့ဖို့ လာတာပါ အန်တီ၊ ဖုန်းကောဆေးခန်းမှာပါ ဘယ်လိုမှ အဆက်အသွယ် မရလို့ပါ၊ ကျွန်မက ကေခိုင်သူငယ်ချင်း မေနီပါ"

"အေးကွယ်. . . အဆက်အသွယ် မရဆို ခရီးထွက်သွားတာကိုကွယ်"

"ဘယ်လိုများပါလဲ အန်တီ၊ ပြည်တွင်းလား ပြည်ပလား"

"အင်း. . . ပြောရမှာတော့ အရှည်ကြီးပဲကွယ့်၊ မိန်းကလေး အချိန်ရတယ်မှတ်လား၊ ခမ်းဖောင်ကော်ဖီနဲ့ ရေနွေးကြမ်းလုပ်ခဲ့လေ"

"ဟုတ်ကဲ့ မေမေကြီး"

"ရပါတယ်. . . အန်တီ ကော်ဖီသောက်ခဲ့ပြီးပါပြီ"

"အရှည်ပဲကွယ်. . . ထပ်သောက်ပေါ့၊ အန်တီလည်း မိန်းကလေးကို တွေ့ချင်နေခဲ့တာ၊ မင်းနာမည် မေနီ ဟုတ်တယ်ဟုတ်"

"ဟုတ်ပါတယ် အန်တီ"

မေနီရင်ထဲ လှုပ်ရှားသွားသည်။ မိမိနှင့် ပတ်သက်ပြီး ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



သဇင်သည် ဘယ်အတိုင်းအတာလောက်အထိ သိထားပြီးသလဲဟု လည်း သိချင်လာခဲ့သည်။

"မေနီဆိုတာကို နာမည်ကြားဖူးခဲ့ပေမယ့် ရုပ်ကိုတော့ မမှတ်မိခဲ့ဘူး၊ အင်း. . . ခုတော့ ဓါတ်ပုံထဲကထက် အပြင်မှာ ပို တောင် လှလာတာပါလား"

မေနီ ရှက်ပြုံးနှင့် ရောထွေးသောမချိုပြုံး ပြုံးလိုက်မိလေ သည်။

ကိုယ့်ဝမ်းနာ ကိုယ်သာ သိလေသည်။ ကိုယ့်မျက်နှာပြင် ပေါ်မှ အလှတရားအတွက် ဂုဏ်ယူစရာမှ မရှိလေဘဲ။ မိမွေးတိုင်း ဖမွေးတိုင်း ပင်ကိုယ်အလှမှ မဟုတ်လေဘဲ။

ရှက်ရွံ့စိတ်ကလေးက အားငယ်စိတ်ကိုပင် ဖြစ်ထွန်းသွား စေသည်။

"အန်တီလည်း ဘယ်ကဘယ်လို စပြောရမှန်းတောင် မသိ တော့ဘူး"

အသက်ခြောက်ဆယ်ကျော်ပြီဖြစ်သော်လည်း အဘွားကြီး ပုံစံ မပေါက်သေးသော ဒေါ်သဇင်ကို မေနီ အကဲခတ်လိုက်သည်။

"လူလေး. . . မေနီအပေါ် သံယောဇဉ်တော်တော်ရှိတယ် ဆိုတာ မေနီ ရိပ်မိသလား"

"ဟုတ်ကဲ့. . . ကျွန်မ သိပါတယ်"

မိန်းမသားတိုင်း၏ဝမ်းတွင်းပါ အဖွဲ့တွက်ကြောင့် မေနီ ဒေါက်တာနေမျိုး၏ရင်တွင်းဝေဒနာကို သိရှိခဲ့သည်ပဲ။ သို့သော် ယခုလို ရှောင်တိမ်းသွားခြင်းကိုတော့ သူနားမလည်နိုင်။

"မေနီအနေနဲ့က ငြင်းဆန်လိုက်လို့လား"





"မဟုတ်ပါဘူး အန်တီ၊ ကျွန်မ စဉ်းစားနေဆဲပါ၊ ကျွန်မဟာ ဘဝသစ်တစ်ခုကို ရုတ်တရက် ရောက်ရှိသွားခဲ့တဲ့လူကို ဖြစ်နေသေး တော့ အချစ်ဆိုတာကို မဆန်းစစ်နိုင်သေးလို့ပါ"

"ဖြစ်တတ်ပါတယ်. . . အန်တီလည်း ထင်ပါတယ်"

"ဒေါက်တာ. . . ခရီးသွားတာ ကြာပါပြီလား အန်တီ"

"လေးငါးရက်တော့ ရှိသွားပြီ၊ ဖုန်းဆက်မယ်ပြောပြီး ဖုန်း မလာသေးဘူး"

"ဘယ်ကိုသွားတာပါလဲ"

"ကားတစ်စီးနဲ့ မြန်မာပြည်အနှံ့ ဘုရားဖူး သွားမယ် စိတ်မပူနဲ့ဆိုပြီး တစ်ယောက်တည်း ထွက်သွားတာကွယ်၊ စိတ်မပူဘဲ နေပါ့မလား၊ မိန်းမနဲ့ ပတ်သက်ပြီး အရှုပ်အရှင်း ကင်းတဲ့ လူပျိုကြီး မို့လည်း အန်တီ အစိုးရိမ်ပိုရတယ်၊ သူ မိန်းကလေးတစ်ယောက် အကြောင်းတော့ အန်တီ့ကို ဖွင့်ပြောတတ်လို့ အန်တီ မေနီကို တွေ့ ချင်နေခဲ့တာ၊ သူက ပေးမတွေ့လို့ အန်တီ မတွေ့ဖြစ်တာ၊ ခုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကို တူမကြီးက ရောက်ချလာတာကိုးကွယ်၊ အန်တီ ဝမ်းသာဝမ်းနည်း ဖြစ်ရတာပေါ့၊ ကိုင်း. . . ကော်ဖီသောက် လိုက်ပါဦး၊ သောက်ရင်းနဲ့ အန်တီကို လူလေးနေမျိုးနဲ့ ပတ်သက်ခဲ့ပုံ လေး ပြောပြပါလားကွယ်"

မေနီ အသေးစိတ်ကိုတော့ ပြောပြ၍မဖြစ်မှန်း သိပါ သည်။ ထို့ကြောင့်. . .

"ချောင်းသာကို အပန်းဖြေခရီးသွားရင်း ဒေါက်တာနဲ့ သိခဲ့ ဘာပါ၊ မိတ်ဆွေတွေ ဖြစ်သွားရင်း ဒေါက်တာက ကျွန်မမျက်နှာကို ခွဲစိတ်ဖို့ အားပေးပြီး ခွဲစိတ်ပေးခဲ့တယ်၊ ပြီးတော့လည်း အရှုပ်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ တွေ့ဆုံနေရာက ခုလို တစ်ပတ်လောက် အဆက်အသွယ် ပြတ်သွားလို့ ကျွန်မ ဒေါက်တာ့အိမ်လိပ်စာကို စုံစမ်းပြီး ရောက်လာတာပါ၊ နှစ်သစ်ကူးမို့ ဒေါက်တာ့ကို ကန်တော့ချင်တာလည်း ပါတယ် အန်တီ၊ ဒေါက်တာ့ရဲ့စေတနာမေတ္တာဟာ တန်ဖိုးမဖြတ်နိုင်လောက်အောင်ပဲ ကျွန်မဘဝကို ခွန်အားသစ် ဖြစ်စေပါတယ်၊ ဒေါက်တာ့မှာ အခက်အခဲ ရှိရင်လည်း ပေးဆပ်ကူညီဖို့ အသင့်ပါပဲ"

ရိုးသားစွာဖြင့်ပင် မေနီ စိတ်ရင်းအမှန်ကို ဖွင့်ချလိုက်သည်။

"အချစ်" ၏သိမ်မွေ့နက်နဲ ခက်ခဲမှုကိုတော့ မေနီကိုယ်တိုင် ဆန်းစစ်ကောက်ချက်ယူ၍ မရနိုင်အောင် ဖြစ်နေမိသေးသည်ကို။

"အန်တီ ပွင့်ပွင့်လင်းလင်းပဲ မေးမယ်၊ မေနီ သေသေချာချာ စဉ်းစားပြီး ဖြေပေးပါ"

"နေမျိုးက မေနီကို ချစ်နေတာ သေချာသိနေတယ်ဆိုတော့ မေနီဘက်က အဖြေပေးသင့်ပြီလေ၊ မေနီမှာ ပေးစရာအဖြေ အဆင်သင့် ရှိနေပြီလား"

"ရှင်. . ဒါကတော့. ."

မေနီ စကားမဆက်နိုင်ဘဲ ဆွံ့အသွားသည်။

"ကျွန်မကို အချိန်နည်းနည်းပဲ ထပ်ပေးပါ၊ ဒေါက်တာ ဘယ်မှာ ရှိသလဲ ကျွန်မသိချင်ပါတယ် အန်တီ"

"သိရင် တူမက ဘာလုပ်မလို့လဲ"

"လိုက်လို့ရတဲ့နေရာဆို လိုက်သွားမလို့ပါ"

"လိုက်သွားပြီး နေမျိုးကို ဘယ်လိုဝေဒနာမျိုး ပေးမလို့လဲ တူမ"

ဒေါ်သဇင်ကလည်း ပြတ်သားပါသည်။ မေနီကလည်း. .

"စိတ်ချမ်းသာစေတဲ့ သုခဝေဒနာပဲ ပေးမှာပါ အန်တီ၊ ကျွန်မကြောင့် တစ်ဖက်သား ဒုက္ခမရောက်စေချင်ပါဘူး"

"ဒီလိုဆို အန်တီ သာမုခေါ်ပါမယ်၊ သူက ဆက်သွယ်လာရင် လိပ်စာဖုန်းနံပါတ် အရယူထားလိုက်မယ်၊ တူမကို ဆက်သွယ်ဖို့"

မေနီ ဖုန်းနံပါတ်နှင့်လိပ်စာ ရေးပေးခဲ့လိုက်သည်။

ထို့နောက် မေနီ နှုတ်ဆက်ကာ. . .

"ဒေါက်တာ့ကိုယ်စား အန်တီ့ကို ကန်တော့ခဲ့ပါတယ်"

ဒေါ်သဇင်ရှေ့ ကြမ်းပြင်ထက်ဝယ် ကျုံ့ကျုံ့ထိုင်ကာ ထိခြင်းငါးပါးနှင့် ကန်တော့လိုက်သည်။

ဒေါ်သဇင်က ဆုတောင်းမေတ္တာပို့ပေးအပြီးတွင်. . .

"နေမျိုးအတွက် အဝတ်အစားဆို ပြန်ယူသွားပြီး တူမကိုယ်တိုင်ပဲ ပေးလိုက်ပါကွယ်"

ဟု ဆိုကာ ပုဆိုးနှင့်ရှပ်အင်္ကျီ ထည့်ထားသော လက်ဆောင်အိတ်ကို ပြန်ပေးသဖြင့် မေနီပြန်ယူကာ ချမ်းမြေ့ရိပ်မြုံဝန်းထဲမှ ပြန်ထွက်ခဲ့လိုက်လေသည်။

ယခုအချိန်မှာတော့ ချမ်းမြေ့ရိပ်မြုံသည် ချမ်းမြေ့စရာ မရှိတော့သောအချိန်ပါလားဟုလည်း တွေးမိရင်း မေနီ ပင့်သက်ရှိုက်လိုက်မိလေတော့သည်။








www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

အတွေးတို့က အာရုံကို ဆွဲငင်ယူဆောင်သွားသောအခါ မေနီ တက်ကြွလန်းဆန်းမှုတို့ပင် ပျောက်ကွယ်သွားပြီး လေးလံထိုင်းမှိုင်းလာသည်။

ဆုံးဖြတ်ရခက်ခဲသော ဝေဒနာတစ်ရပ်က သူ့ကို ချမ်းမြေ့ခြင်း မပေးနိုင်ပါချေ။

အိပ်ယာထဲမှ လူးလဲထပြီး မှန်တင်ခုံရှေ့ ထိုင်လိုက်ပြန်သည်။ မှန်ထဲမှ ပုံရိပ်ကို ကြည့်လိုက်သည်။

ကိုယ်မဟုတ်သော သူစိမ်းတစ်ယောက်ကို မြင်နေသလို





ခံစားလိုက်ရသည်။

မှန်ထဲက မေနီက သိပ်လှနေသည်။ ယခင် ခပ်ပွပွ နှာခေါင်းက ယခု ဖြောင့်စင်းနေသည်။ ပြားကပ်ကပ် ခပ်တိုတို မျက်ခုံးမှာ ယခုတော့ အသစ်ပြုပြင်ပြီး စိုက်ထားသော မျက်ခုံးသစ်များက ခုံးမျက်စ သုံးရက်လနှယ် ကိုင်းကာ ကွေးညွတ်နေသည်။ နှုတ်ခမ်းအုံမောက်မောက်က ကြွကြွလေးနှင့် နှင်းဆီဖူးငုံလေးသဖွယ် လှပနေသည်။ မညီမညာ အရောင်ဝါဝါတို့မှာ ဖြူဖွေးညီညာသော သွားစွယ်တန်းလေးက ပြုံးအလှပိုင်ရှင်ဖြစ်နေစေလေသည်။

ဒါတွေဟာ အလှစစ်လား။

သဘာဝကို အံတုပြီးမှ ခေတ်မီနည်းပညာ ဓါတုပစ္စည်းများဖြင့် ဖြစ်ပေါ်လာသော အလှတုတို့ ဖြစ်သည်။

ဒါတင်လား။ ခပ်ညိုညို မျက်ဆန်နှင့် မျက်ဝန်းက ယခုဆိုရှန်းစိုဝန်းလက် တောက်ပြောင်သော ညို့မျက်နက်ဝန်းတစ်စုံ ဖြစ်နေလေသည်။ မျက်တောင်တိုတိုကျဲကျဲ ခပ်ပါးပါးက နက်မှောင်ကော့ပျံရှည်လျားယှက်နွယ်သော မျက်တောင်လှလှတစ်စုံ ဖြစ်နေလေပြီ။

တုတ်တုတ်ခိုင်ခိုင် ခန္ဓာကိုယ်က အဆီကျ သွယ်လှကာလှပကျော့ရှင်းသော မော်ဒယ်ကိုယ်လုံးမျိုး ဖြစ်နေလေပြီ။ ဒါတွေ Spa က ပြုပြင်ပေးခြင်းဖြစ်သည်။

မှန်ထဲမှ မေနီကို ခြေဆုံးခေါင်းဖျား ကြည့်ပြီး ပင့်သက်ရှိုက်လိုက်သည်။

နတ်ရေကန်ထဲ ပစ်ချလိုက်သလို ပြောင်းလွဲလာသော မိန်းမချောအဖြစ် ဘဝဟောင်းထဲ ပြန်သွားလိုက်တော့ လူတကာကကွယ်ရာ၌ မေးငေါ့ကာ ပြောတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ကိုယ်လုံး အတုတွေကြီးပဲ၊ အတုတွေသာ ဖယ်ကြည့်လိုက်၊ ရွံ့စရာကြီး ဖြစ်သွားတော့မှာပဲ" ဟုများ အနည်းနှင့်အများ ပြောကြလိမ့်မည်ဟု သူသိနေသည်။

×××ဘယ်ဆီကို မင်းရောက်နေလဲ×××ဘာတွေကို မင်းလုပ်နေလဲ×××ဘယ်သူနဲ့ မင်းရှိနေမလဲ×××××သတိရပါတယ်××

မေနီ၏ G.S.M ဖုန်းမှ ဖုန်းကောသံ ထွက်ပေါ်လာသည်။ ဇော်နီက အစ်မဖုန်းကို ယူကာ ကလိချင်တိုင်း ကလိထားသည်။ ဖုန်းကောသံကို သီချင်းသံ ထည့်ပေးထားသည်။

မေနီ ဖုန်းစက်နံကို ကြည့်လိုက်သည်။

မင်းလှဘော်၏အမည်ကို တွေ့လိုက်ရသည်။

ရင်ခုန်သံနှုန်း မြင့်တက်လာသည်။

မင်းလှဘော်၏သဲသဲလှုပ်လာမှုကို မေနီ ကျေနပ်ရတော့မှာလား။

"ဟယ်လို. . ."

ဖုန်းလက်ခံထူးလိုက်သည်။

"မေနီ. . . ကိုယ်ပါ"

"ဟုတ်ကဲ့. . . ပြောပါရှင်"

"မနက်ဖြန် တွေ့ကြဖို့ အချိန်ပေးနိုင်ပြီလား"

"ပေးနိုင်ပါပြီ. . . မနက်ဖြန် မဟုတ်ဘူး၊ အခုပဲ တွေ့ချင်တယ်"

"ဟင်. . . တကယ်၊ ခု မေနီ ဘယ်မှာလဲ၊ ကိုယ်လာကြိုမယ်လေ"

"အိမ်မှာ လာမကြိုနဲ့၊ ကကနဲ့ ထွက်ခဲ့မယ်၊ ရှမ်းကန်မှာ





တွေ့ရအောင်၊ နေ့လည်စာ မစားရသေးဘူး"

"အိုကေ. . . ကိုယ်စောင့်နေမယ်၊ ဒါပဲ မေနီ"

မေနီ စိတ်ကို လွှတ်ပေးလိုက်သည်။ အတွေးများ ယောက်ယက်ခတ်မှုကြောင့် မွန်းကျပ်နေသောစိတ်ကို လွှတ်ကာ ထွက်ပေါက်ပေးလိုက်သည်။

လှချင်၍ မျက်နှာကို ခွဲစိပ်ကာ အလှပြုပြင်ခဲ့ပြီးကာမှ ဘာတွေဝေနေရတာလဲ။

ပုထုဇဉ်ပီပီ ရလှသော ခန္ဓာကိုယ် မကျေမာတွယ်တာစိတ်နှင့် အလှခြယ်ခြင်း ဖန်တီးခြင်းတို့ကို လုပ်နေကြသည်ပဲ။ ဒါ မိန်းမသားတွေတင်မက ယောကျ်ားတွေပါ အလှပြင်လာကြပြီပဲ။

ရှက်နေစရာ လိပ်ပြာမလုံစရာ သိမ်ငယ်စရာ မရှိပါဘူး။

မေနီ မှန်တင်ခုံရှေ့ အလှပြင်ပြီး အဝတ်အစား ထပ်လဲကာ မှန်ရှေ့၌ ရှေ့နောက် ဘေးတကျော့ပြန် တစ်ပတ်လည် ကြည့်လိုက်ပြီးမှ လက်ကိုင်အိတ်နှင့် ဖုန်းကို ယူကာ အခန်းထဲမှ ထွက်ခဲ့လေသည်။

တွေ့ချင်သူနှင့် တွေ့ရတော့မည်။ ကြားချင်ခဲ့သောစကားများကို ကြားရတော့မည်ဟု သိနေလျက်နှင့် ပျော်ရွှင်မှုတို့က အပြည့်အဝ မရရှိခြင်းမှာ ဘာကြောင့်နည်း။

တစ်စုံတစ်ယောက်သော သံယောဇဉ်နှောင်ကြိုးက သူ့အား တစ်ဖက်မှ ဆွဲငင်ယူငင်နေသောကြောင့်ဖြစ်ပေလိမ့်မည်။

ထိုသံယောဇဉ်ကြိုးမှာ ဒေါက်တာနေမျိုးကြောင့်သာ ဖြစ်ပေမည်။

ရှမ်းကန်သို့ ရောက်သည်နှင့် မင်းလှဘော်က စောင့်ကြိုနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထုံးစံအတိုင်း သေသပ်ခန့်ညားပြီး အဖိုးတန် Brand များကလည်း သူ့ကိုယ်ပေါ်၌ ဝင့်ထည်လျက်ရှိသည်။

သူ့မျက်နှာချောချော၌ အပြုံးမြမြ စွက်ဖက်လျက်. . .

"ဒီတစ်ခါတော့ တကယ်တွေ့ဖြစ်ကြပြီနော် မေနီ"

"ဟုတ်ကဲ့"

"သိပ်ကို ပြောင်းလွဲသွားတာပဲ၊ ဒါပေမယ့် ဒါဟာ ကျေနပ်ဂုဏ်ယူစရာတစ်ခုပဲ မဟုတ်ဘူးလား မေနီ"

"ကျွန်မကတော့ အဲဒီလို မခံစားရပါဘူး"

မေနီစိတ်ထဲ ဘဝင်မကျသည့်အလျောက် ထုတ်ဖော်ပြောလိုက်မိသည်။

"ဘယ်လိုခံစားနေရလို့လဲ မေနီ"

"လိပ်ပြာမလုံသလိုပဲ. . . အခြားဘဝ ရောက်ရှိသွားသလိုလည်း ခံစားနေရတယ်"

"နည်းပညာတွေ ဒီလောက်တိုးတက်နေတဲ့ခေတ်ကြီးမှာ ရုပ်ရှင်ဗွီဒီယိုကြော်ငြာလောက,က ကမ္ဘာကျော်နေတဲ့ မိန်းမတွေရဲ့ အလှမှာ အစစ်ထက် အတုက ပိုများများပါ၊ ဒါပေမယ့် သူတို့တစ်ချက်လေးမှ မတုန်လှုပ်ကြဘဲ အောင်မြင်ကျော်ကြားမှုတွေနဲ့ ဂုဏ်တင့်နေအောင် ကြိုးစားနေကြတာပဲ၊ မေနီလည်း ရယူချင်တာတစ်ခုခုကြောင့် ပြုပြင်ခဲ့တာမှက်လား၊ ရချင်တာကို ရအောင်ယူနိုင်ရင် အောင်မြင်မှုတစ်ခုပဲပေါ့၊ ကိုယ်ပြောတာ မဟုတ်ဘူးလား မေနီ"

မေနီရင်ကို ဖောက်ထွင်းမြင်နေလျက်နှင့်များ ဥပဒေက္ခာပြုနိုင်ခဲ့သော မင်းလှဘော်ကို မေနီ မယုံကြည်ရဲတော့။ သို့သော်





မယုံကြည်ခြင်း၏တစ်ခြားတဖက်၌လည်း ပိုင်ဆိုင်လိုခြင်းက ရှိနေပြန်သည်။

"မေနီ ကြိုက်တာတွေ မှာလေ"

မီနူးကို မေနီထံ ကမ်းပေးရင်း ပြောလိုက်သည်။ မေနီက နှစ်မျိုးလောက်ပဲ မှာလိုက်သည်ကို မင်းလှဘော် ဖြည့်စွက်၍ နောက်ထပ် သုံးမျိုး ထပ်မှာလိုက်သည်။

ငွေကို ရေလို သုံးနိုင်တဲ့ မင်းလှဘော်လိုလူမျိုးကို ငဲ့ညှာနေစရာ မလို၊ တမင်ပင် ဈေးကြီးသောဟင်းလျာများကို မှာရန် စိတ်ကူးခဲ့သည်များလည်း မင်းလှဘော်နှင့် တွေ့သည့်အခါ ရင်ခုန်မှုအောက်ဝယ် ပျောက်ကွယ်သွားခဲ့လေတော့သည်။

"မေနီ ကိုယ်တို့ကုမ္ပဏီမှာပဲ အလုပ်ပြန်ဝင်ပါလား၊ ကိုယ်ပြန်လက်ခံနိုင်ပါတယ်"

"ဟင့်အင်း. . . မေနီ နေရာသစ် အလုပ်သစ်နဲ့ပဲ ဘဝသစ်ကို စတင်ချင်တယ်"

"ဒါလည်း ကောင်းပါတယ်၊ ကိုယ့်အကူအညီလိုရင် ပြောလေ၊ အချိန်မရွေး အဆင်သင့်ပဲ"

သဘောကောင်းလှချည်လားဟု မေနီတွေးကာ အတိတ်ကိုမြင်ယောင်တော့ ရင်ဝယ် ဆို့နင့်သွားသည်။

"စားနော် မေနီ၊ ကိုယ်ထည့်ပေးဖို့ လိုတယ်ဆိုရင်တော့ ထည့်မစားနဲ့ပေါ့"

မေနီ မျက်စောင်းလေး ဝင့်လိုက်မိသည်။ ရွှန်းရွှန်းစားစားကြည့်နေသော မင်းလှဘော်၏မျက်ဝန်းအစုံနှင့် ရင်ဆိုင်လိုက်ရသဖြင့် ရင်ထဲ အချစ်မီးတောင်က ပေါက်ကွဲလေသည်။ မျက်လွှာကို



www.burmeseclassic.com

www.burmeseclassic.com



ချကာ နီးစပ်ရာ ဟင်းပန်းကန်မှ ဟင်းတို့ကို နှိုက်ယူလိုက်လေသည်။

အချစ်ဆိုသောအရာတွင် လှပခြင်းသည်လည်း အရေးပါသော အခန်းကဏ္ဍ ရှိနေသည်ဆိုခြင်းကို မေနီ လက်မခံချင်။

သို့သော် ကိုယ်မြတ်နိုးသောသူက အလှအပကို မက်မောတွယ်တာသူ ဖြစ်နေခြင်းက မေနီ၏ကံတရားပေပဲဟု ရင်ထဲ ထိရှစွာဖြင့် မေနီ တွေးလိုက်မိသည်။

"မေနီ. . "

"ဟုတ်ကဲ့. . . နားထောင်နေပါတယ်"

"ဒေါက်တာနေမျိုးနဲ့ မေနီတို့အခြေအနေကို သိချင်တယ်၊ ဘယ်လိုပတ်သက်တာလဲ"

မေနီရင်ထဲ ဒိန်းကနဲ ဖြစ်သွားသည်။ မင်းလှဘော် အထင်လွဲမှာကို သေလောက်အောင် ကြောက်မိသည်မို့ ချက်ချင်းပင် တုန့်ပြန်လိုက်သည်။

"ဘာမှမပတ်သက်ပါဘူး. . . မိတ်ဆွေတွေဆိုပါတော့၊ သူ့တူမ ကေခိုင်နဲ့ မေနီက သူငယ်ချင်းတွေပါ"

"ဒေါက်တာနဲ့ ပတ်သက်ပြီး မေနီခံစားချက်ကကော"

မေနီ ဖြေရခက်သွားသည်။ ဒေါက်တာသည် သူ့ဆန္ဒထက် သူတစ်ပါးဆန္ဒကို ဦးစားပေးတတ်သောသူဖြစ်သည်။ ဒေါက်တာကို မေနီ လေးစားသည်။ ကရုဏာလည်း သက်မိသည်။ ရင်တွင်းဝေဒနာကို မြိုစိစိနှင့် ဖုံးကွယ်ထားတတ်သည်ဟု မေနီ ထင်ပါသည်။

"ကေခိုင်နီးတူပဲ ဦးလေးတစ်ယောက်လို လေးစားအားကိုးမိတယ်. . . ဒါပါပဲ၊ အင်း. . . ဒီလောက်ပဲ ထင်တယ်"

မေနီ မှုသားမပါသောစကားကို တစ်လုံးချင်း တွေးတွေး





ဆဆနှင့် ပြောလိုက်မိသည်။

မင်းလှဘော် ရင်ထဲ ကျေနပ်သွားသည်မို့ မျက်နှာပြင်ဝယ် ပြုံးရိပ်တို့ စွန်းထင်းသွားတော့သည်။

"ဒါဆို မေနီကို ကိုယ် လွတ်လွတ်လပ်လပ် ပရိုပို့စ် လုပ်နိုင်ပြီပေါ့"

"ရှင်. . ."

ပြုန်းစားကြီးမို့ မေနီ တုန်လှုပ်သွားသည်။

"ကိုယ့်မိဘတွေက ကိုယ့်ကို အိမ်ထောင်ပြုဖို့ ဝမ်နင်ပေးနေကြပြီ၊ ကိုယ့်ဖာသာကိုယ် မရွေးချယ်ရင် သူတို့ ရွေးချယ်ပေးတာ လက်ခံရမယ်တဲ့"

မေနီအတွက် စားကောင်းသောက်ဖွယ်တို့သည် မည်ကဲ့သို့ အရသာ ရှိမှန်းပင် မသိလိုက်ရ။ လည်မျိုမှတဆင့် ဖြတ်သန်းစီးဝင်သွားလေတော့သည်။

"ကိုယ်က မေနီကို ကိုယ့်အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ချင်တယ်၊ မေနီ့ကို ကိုယ် လက်ထပ်ချင်တယ်၊ မေနီဘက်က ဘယ်လို[illegible]သလဲ၊ ကိုယ့်ကို အဖြေပေးနိုင်မလား"

မေနီ၏မာနက ခေါင်းပြူထလာသည်။ မိန်းမသားပေပဲ။ ကမ္ဘာမှာ မိန်းမဦးရေ ဘယ်လောက်ပဲ များတယ်လို့ဆိုဆို အိမ်ထောင်ရေးကိစ္စကို တစ်ထိုင်တည်း မဆုံးဖြတ်နိုင်ပါ။

"မေနီကို အချိန်ပေးပါ"

မေနီ တည်ငြိမ်စပြုလာပြီ။

အချိန်သည် တရားသူကြီးဖြစ်သကဲ့သို့ ဘဝအတွေ့အကြုံသည်လည်း မိမိအတွက် အကျိုးဆောင်ကောင်း ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းလှဘော်၏အချစ်ကို မယုံကြည်ရဲတော့။

ချစ်ခြင်းအပေါ် ခံယူချက်ခြင်း ကွဲပြားခြားနားနေသည်မို့ အချိန်ယူကာ စဉ်းစားသင့်သည်ဟု ထင်ပါသည်။

မင်းလှဘော်က သူ၏တောင်းဆိုမှုကို အပြုံးမပျက်ဘဲ. . .

“ကောင်းပြီလေ. . . ဟုတ်တာပေါ့၊ ဘဝတစ်သက်တာ အရေးဆိုတာ အချိန်ယူ စဉ်းစားသင့်ပါတယ်. . . စဉ်းစားပါ၊ ကိုယ်ကတော့ မင်းကို လက်တွဲဖော်အဖြစ် ရာသက်ပန် လက်တွဲသွားနိုင်မယ်ဆိုတာတော့ အာမခံပါတယ်”

“ချစ်ခြင်း” ဟူသော စကားတစ်ခွန်းမှ မပါသော မင်းလှဘော်၏တောင်းဆိုမှုကို မေနီ ရင်မှာ တဆစ်ဆစ် နာကျင်ရင်း နားထောင်နေရသည်။

“ကိုယ်က ချစ်ရသူ” ဖြစ်ရတာ စိတ်ပင်ပန်းလိုက်လေခြင်းဟုလည်း တွေးရင်း မကျေမနပ် ဖြစ်နေမိသည်။ မကျေနပ်မှုတို့ကို အစားအသောက် စားခြင်းဖြင့် ဖြေသိမ့်နေမိသည်။


မေနီကို ကြည့်ရင်း မင်းလှဘော် မျက်လုံးပြူးလာသည်။ စိတ်ထဲ၌လည်း “မော်ဒယ်လေးလို လှပနေသောသူက ဒီလောက်စားရင် ပုံပျက်ပန်းပျက် ဖြစ်တော့မှာပဲ” ဟု တွေးရင်းကနေ သူ့ကိုယ်သူလည်း ဆန်းစစ်လာသည်။

မေနီကို လှ၍ချစ်တာလား ပိုင်ဆိုင်ချင်လာတာလားဟူ၍။

ဝေခွဲ၍တော့ မရသေးချေ။







# အခန်း(၄)

××ဘယ်ဆီကို မင်းရောက်နေသလဲ××××ဘာတွေကို မင်းလုပ်နေသလဲ×××××××××××

မေနီ ညအိပ်ဝတ်စုံကို ဝတ်ဆင်ပြီး လက်များကို လိုးရှင်းလူးနေစဉ် ကုတင်ဘေးစားပွဲပေါ်မှ ဖုန်းခေါ်သံကြောင့် ကမန်းကတန်းပင် ကုတင်ပေါ်က ဒိုင်ဗင်ထိုးချပြီး ဖုန်းစကဲန်ကို ကြည့်လိုက်သည်။ ဖုန်းနံပါတ်က စိမ်းနေသော်လည်း ဖုန်းလက်ခံလိုက်သည်။

“ဟယ်လို. . . အမိန့်ရှိပါရှင်”



www.burmeseclassic.com

www.burmeseclassic.com



"တူမကြီး မေနီလား"

မှတ်မိလွယ်သောမေနီအတွက် ရင်ထဲ ဒိတ်ကနဲ ခုန်သံနှင့် အတူ ပျာပျာသလဲပင်. . .

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါက်တာနေမျိုးအဒေါ် အန်တီသဇင်ဟု တန်းသိလိုက်သည်။

"စောစောကတင် လူလေးနေနေဆီက ဖုန်းလာတယ်၊ သူ တာချီလိတ်က သူ့ဦးလေးဆီ ရောက်နေတယ်တဲ့"

"ရှင်. . အဝေးကြီးနော်"

မေနီ အားလျှော့သွားသည်။ ဒီလောက်ဝေးလံသောခရီး ကို ထွက်သွားရလောက်အောင် ဒေါက်တာကြီးရဲ့စိတ်တွေဟာ ယောက်ယက်ခတ်ခဲ့သလား။

"ဝေးတော့ ဝေးတာပေါ့ကွယ်၊ ဒါပေမယ့် အန်တီ့အနေနဲ့ဆို ပြည်ပခရီး ထွက်မသွားတာကိုပဲ ကျေးဇူးတင်ရတယ်၊ ကဲ. . ကဲ. . လိပ်စာမှတ်ထားလိုက်ပါဦး၊ ဖုန်းကတော့ သူ့ဖုန်းနဲ့ပဲ ဆက်တာ ဆိုတော့ တူမဆီမှာ အဲဒီဖုန်းနံပါတ် ရှိမယ်မှတ်လား"

"ဟုတ်ကဲ့ပါ"

မေနီ လိပ်စာကို သေချာစွာ ရေးမှတ်လိုက်သည်။

"တူမက လိုက်သွားမယ်လို့ စိတ်ကူးသလား"

မေနီ မဆိုင်းမတွပင်. . .

"ဟုတ်ကဲ့. . . အဖော်တစ်ယောက်လောက် ရှာပြီး လိုက် ဖြစ်အောင် လိုက်သွားမှာပါ"

"ကောင်းပြီ. . . ဖြစ်နိုင်ရင် အန်တီ လိုက်ချင်ပါတယ်၊





ဒါပေမယ့် အန်တီ တရားစခန်းဝင်ဖို့ စာရင်းပေး ပြင်ဆင်ပြီး ဖြစ် နေလို့ကွယ်၊ ဒါကြောင့် မင်းကတိစကားသာ တည်ပါစေလို့ အန်တီ သတိပေးချင်တယ်"

"စိတ်ချပါ အန်တီ၊ ကျွန်မစိတ်ကို ယတိပြတ် ပိုင်းဖြတ်ပြီးမှ ဒေါက်တာ့ကို ရှာဖို့ ဆုံးဖြတ်တာပါ"

"အေး. . အေး. . ဒါဖြင့် ဂွတ်နိုက်"

"ခဏလေးပါ အန်တီ၊ ဒေါက်တာ ဘာကြိုက်တတ်ပါ သလဲ"

"ဆရာဝန်ဆိုတော့ အခက်သားလား၊ ကျန်းမာရေးနဲ့ ညီညွတ်စေတဲ့အစာဆို အကုန်စားတယ်. . . သားငါးမရှောင်ဘူး၊ ဘာလဲ. . . တူမက တစ်ခုခု လုပ်သွားမလို့လား"

"ဟုတ်ကဲ့"

"ဒါဖြင့် ငါးသလောက်ပေါင်းနဲ့ ပုစွန်ခြောက်သာ ယူသွား ပေး၊ သူ့ဦးလေး အန်တီမောင်ဆီ လူကြုံရှိရင် အန်တီ ပို့ပေးနေကျမို့ ကွယ်၊ ဖြစ်နိုင်ရင် အန်တီ့ဆီ ပုစွန်ခြောက် လာယူပါလား၊ အန်တီက သန်ဘက်ခါ တရားစခန်း ဝင်မှာမို့လို့ ချက်ပေးဖို့ အဆင်မပြေဘူး"

"ရပါတယ် အန်တီ၊ ကျွန်မတို့မှာ ဖျာပုံ ပုစွန်ခြောက် ကောက်သည်ရှိပါတယ်၊ ပုစွန်ခြောက်ကောင်းကောင်းလေးတွေ ရတဲ့ အတွက် အန်တီ့ဆီ လာမယူတော့ပါဘူး၊ အန်တီ ဘာမှာချင်သေးပါ သလဲ"

"အင်း. . . အန်တီကတော့ သားရွှေအိုးထမ်း ပြန်လာတာ ကို မြင်ချင်တာပေါ့ကွယ်၊ အန်တီ ဘာကိုဆိုလိုသလဲ တူမကြီး သိမှာ ပါ"



www.burmeseclassic.com

www.burmeseclassic.com



မေနီ ပင့်သက်ကလေး တိတ်တခိုး ရှိုက်ပြီး. . .

"ဟုတ်ကဲ့. . . သိပါတယ် အန်တီ၊ ကျွန်မဘက်က အသေအချာ ဆုံးဖြတ်ပြီးတော့မှ ဒီခရီးလမ်းကို ရွေးချယ်တာပါ"

"အေးပါကွယ်. . . လူတစ်ယောက်ရဲ့ဘဝတစ်သက်တာ အရေးဆိုတာ လွယ်လွယ်ကူကူနဲ့ ဆုံးဖြတ်လို့ရတာမျိုးမှ မဟုတ်ဘဲကွယ်၊ အန်တီ နားလည်ပါတယ်၊ အန်တီတို့ဘက်ကလည်း တစ်ဖက်သား အနစ်နာခံရတာမျိုးကိုလည်း မလိုလားပါဘူး၊ တူမကြီး စိတ်ရင်းသဘောထား အမှန်အတိုင်းသာ ဆုံးဖြတ်ပေါ့ကွယ်၊ ဒါဖြင့် ဒါပဲမှတ်လား၊ အန်တီ ဖုန်းချလိုက်ပြီနော်"

"ဟုတ်ကဲ့ပါ အန်တီ"

တစ်ဖက်က ဖုန်းချသွားသံ ကြားပြီးမှ မေနီ ဖုန်းကို ပိတ်လိုက်သည်။

ရင်ထဲမှာ လေးလံသွားသည်။ သူ ဆန္ဒတွေများ စောသွားပြီလား။ အချစ်နဲ့ အိမ်ထောင်ရေး ကလေးကစားစရာမှ မဟုတ်တာ။ တစ်ထိုင်တည်း ဆုံးဖြတ်လိုက်ရုံဆိုတာ မိုက်ရူးရဲဆန်လွန်းပါတယ်။

ဒါပေမယ့်. . .

ဒေါက်တာနေမျိုးကိုတော့ သူ သွားတွေ့သင့်သည်။

ကိုယ့်ကြောင့် ဝေဒနာတစ်ခု ရသွားသောလူသားတစ်ဦးကို ဥပေက္ခာပြုရလောက်အောင် သူ့အသည်းနှလုံးက မမာကျောပါချေ။

တစ်ခုခုတော့ ပေးဆပ်သင့်ပါသည်။

မေနီ မီးချောင်းကို ပိတ်လိုက်ပြီး ညလင်းမီးလေးကိုသာ ဖွင့်လိုက်လေသည်။






အတွေးတို့ကို မောင်းထုတ်ပြီး အိပ်ပျော်ရန် ကြိုးစားလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

ဝေဟင်ထက်မှ လေယာဉ်ပေါ် မေနီ ရောက်ရှိနေလေပြီ။ အဖော်အဖြစ် သူငယ်ချင်းနှင်းဝတီက ပွဲစားယောင်ယောင် ဘာယောင်ယောင်နှင့် အလုပ်များနေသယောင်ယောင် ရှိသော်လည်း ဘာအလုပ်မှ မယ်မယ်ရရ မရှိသူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘွဲ့ရပြီးသည်နှင့် ယောကျ်ားယူလိုက်သည်။ ယူလိုက်သည့်ယောကျ်ားက သင်္ဘောသားဆိုတော့ ဒေါ်လာစားဖြစ်ပြီး ယောကျ်ားသင်္ဘောထွက်သွားသည်နှင့် အားနေသူဖြစ်သည်။ ငွေလိုလျှင် စုဆောင်းထားသောရွှေကို ထုတ်ရောင်းရင်း ဒေါ်လာတက်လျှင်





ရောင်း၊ ကျလျှင် ဝယ်သောအလုပ်ကို လုပ်ရင်းမှ ရွှေကိုလည်း ဝယ်ရောင်းလုပ်နေသူဖြစ်သည်။

မေနီက ခရီးဝေးတစ်ခု မရောက်ဖူးသောဒေသစိမ်းကို အဖော်နှင့် သွားသင့်သည်ဟု ယူဆပြီး. . .

"လိုက်ခဲ့ပါ နှင်းရာ၊ လေယာဉ်လက်မှတ်ဖိုးပဲ ရှင် ခံပါ၊ နေဖို့ စားဖို့တော့ ကျုပ်တာဝန်ယူပါ့မယ်"

ဟု ပြောကာ ခခယယ ခေါ်မှ. . .

"G.S.M ဖုန်းပြောလို့ရသလား"

"ရတယ်. . . ယိုးဒယား ကဒ်ဖုန်းလည်း ဝယ်သုံးလို့ရတယ်၊ ရှင့်ယောက်ျားဆီက ဖုန်းလာရင် မလွတ်စေရဘူးလို့ ကျုပ်အာမခံပါတယ် မယ်မင်းကြီးမရေ"

"အင်း. . . ဒါဖြင့်လည်း လိုက်မယ်လေ၊ တစ်ပတ်ပဲနော်"

"အင်းပါ"

သို့နှင့် လေယာဉ်ပေါ် ဝယ် နှင်းဝတီသည် သူနှင့်အတူ လိုက်ပါလာခဲ့သည်။

တော်သေးသည်၊ နှင်းဝတီမှာ သားသမီး မရသေး၍ ကေခိုင်လို ကိုယ်ဝန်ရှိနေလျှင်လည်း ခေါ်ရဲတော့မည်မဟုတ်။ သားသမီး ရှိလျှင် ဝေလာဝေးကြတော့မည်။

သူတို့လည်း ရှားရှားပါးပါးပင် ကွန်ပျူတာတက္ကသိုလ် ပထမနှစ်မှ ဘွဲ့ရသွားသည်အထိ မေနီ တွဲခဲ့သော သူငယ်ချင်းနှစ်ယောက်သာ ဖြစ်သည်။

အစွဲအလမ်းကြီးသောမေနီအတွက် သူငယ်ချင်းကလည်း များများစားစား မလို။



www.burmeseclassic.com

www.burmeseclassic.com



ကောခိုင်နှင့် နှင်းဝတီ နှစ်ယောက်နှင့်ပင် လုံလောက်ခဲ့သည်။

"မကေပါ ပါလာရင် သိပ်ကောင်းမှာပဲ"

နှင်းဝတီက တမ်းတမ်းတတ ပြောလိုက်လေသည်။

"သူပါလာရင် သိပ်ကောင်းမှာထက် ရှင်နဲ့ကျွန်မ တာဝန် သိပ်ကြီးသွားမယ်၊ သူ့ဗိုက်ကို လိုက်ထိန်းနေရတာနဲ့ ခေါင်းမွေးပြောင်မယ်"

မေနီက ပေါ့ပေါ့ပါးပါးလေး ပြောလိုက်သည်။

ခုချိန်မျိုးမှာ ဘာတာဝန်မှ မယူချင်။ ပေါ့ပေါ့ပါးပါးလေး သွားလာနေထိုင်ချင်သည်။

"အချစ်" ဆိုသောဝန်ထုပ်ဝန်ပိုးကြီး၏တာဝန်က ဤမျှကြီးလေးကြောင်းကို ကိုယ်တွေ့ခံစားရမှ မေနီ နားလည်လာသည်။

"ဒါလည်း ဟုတ်တာပဲ"

"ရှင်ကော ဘယ်တော့ သားသမီးယူမှာလဲ"

"ဒီတစ်ခေါက် မောင်တော် သင်္ဘောက ပြန်လာမှ တိုင်ပင်ပြီး ယူသင့်ယူတာပေါ့၊ ခုခေတ်ကြီးမှာ သားသမီးတစ်ယောက်ကို ပြုစုပျိုးထောင်ဖို့ဆိုတာ တော်တော်မလွယ်ကူဘူး၊ တာဝန်သိပ်ကြီးတယ်၊ ကျုပ်တစ်ယောက်ထဲ တာဝန်မယူချင်ဘူး၊ သူပါ ဒီမှာ အခြေချနိုင်တဲ့လုပ်ငန်း လုပ်နိုင်မှ ကလေးယူကြတာ ကောင်းမယ် ထင်တယ်"

"အင်း. . . ဒါလည်း ဟုတ်တာပဲ၊ ဒေါ်လာစားခေတ်က ကုန်ပြီ ထင်တယ်"

"ဒါလည်း ဒါတစ်ကြောင်း၊ သားသမီးယူဖို့ မိခင်တစ်





ယောက်ရဲ့တာဝန်ဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာ ဖခင်ကလည်း သိမြင်ပြီး စာနာကရုဏာစိတ်နဲ့ မိန်းမကို လက်တွဲဖေးမပြီး ဖခင်တာဝန်ပါ ကျေစေချင်တယ်၊ ဒါကြောင့် ကျုပ်ကတော့ ရှင်းရှင်းပဲ၊ ယောကျ်ားကို ပြောထားတယ်၊ ရှင် ကျုပ်အနားမှာ နေနိုင်မှ သားသမီး ယူမယ်လို့. . . ဟင်းဟင်း၊ ဘယ်နှယ့်လဲ မိကေ၊ ကျုပ်အကြံမပိုင်ဘူးလား"

"ပိုင်ပါပေတယ်ရှင်. . . ပိုင်ပါပေတယ်"

မေနီ မချိပြုံးနှင့် ထောက်ခံလိုက်သည်။

ဩော်. . . သက်တူရွယ်တူ သူငယ်ချင်းတွေမှာက ကိုယ်စီကိုယ်ငှ အိမ်ထောင်ရေး သားရေးသမီးရေး စီမံကိန်းတွေတောင် ချမှတ်နေနိုင်ကြပေမယ့် မိမိမှာတော့ ခုထက်ထိ ချစ်သူတစ်ယောက်ကို ပိုင်ပိုင်နိုင်နိုင် လက်ဆုပ်လက်ကိုင်ပြုဖို့ မရွေးချယ်နိုင်သေးပါလား။

ကိုယ်ချစ်ကိုပဲ ရွေးချယ်ရမလား။

သူချစ်ကို ရွေးချယ်ရမလား။

ဝေခွဲ၍မရသေးပါချေ။

သို့သော် လောလောဆယ်တွင်တော့ ကိုယ့်ကြောင့် ဝေဒနာ ရသွားသော လူတစ်ယောက်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဦးတည်ခရီးထွက်လာခဲ့မိလေပြီ။

"ရှင် တော်တော်လှလာတယ်နော်၊ အရင်မေနီ မဟုတ်ဘဲ အခြားမေနီတစ်ယောက်လိုပဲ"

မေနီရင်ထဲ အနာပေါ် တုတ်ကျသွားသလို ကျင်ကနဲ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမွေးတိုင်းဖမွေးတိုင်း မျက်နှာကို ပြန်လိုချင်ပေမယ့် မရနိုင်တော့။

အကြိမ်ကြိမ်အခါခါ ခွဲစိပ်မှု ခံယူဖို့ မဝံ့ရဲတော့။

အလှတုကို မက်မောနေသော်လည်း ရင်ထဲမှာတော့ ကိုယ့်လိပ်ပြာ ကိုယ်မလုံသလို ခံစားနေရသည်။

"ရှင့်ဂျီအမ်က ရှင့်ကို ပရိုပို့စ် လုပ်ပြီမှတ်လား"

နှင်းဝတီက သူ့ခံစားချက်အကြောင်း အတွင်းသိ အစင်းသိ ပွင့်လင်းစွာပင် မေးလိုက်လေသည်။

"အင်း. . ."

"ရှင် ဘယ်လိုခံစားရလဲ. . . လက်ခံလိုက်ပြီလား"

"ဟင့်အင်း. . . ငါ သူ့အချစ်ကို မယုံကြည်ဘူး ဖြစ်နေတယ်၊ သူဟာ မေနီကို ချစ်တာ မဟုတ်ဘူး၊ မေနီရဲ့အရေပြား တထောက်စာပေါ်က အလှအပကို တပ်မက်နေတာလို့လည်း ငါက သိနေတော့ တစ်မျိုးကြီးပဲ၊ လက်မခံချင်ဘူး. . . ဦးနှောက်က လက်မခံချင်နိုင်ဘူးဖြစ်နေတယ်"

"အေးဟာ. . . အချစ်ရေး အိမ်ထောင်ရေးမှာ ငါလည်း ကြားမဝင်ချင်ဘူး၊ ရှင်လည်း စဉ်းစားဉာဏ် ရှိတဲ့လူပဲ၊ ရှင့်ဖာသာရှင် သေသေချာချာသာ စဉ်းစားပြီးမှ ဆုံးဖြတ်ပေါ့"

မေနီ ခေါင်းကလေး ဆတ်ကနဲ ညိတ်ရုံညိတ်လိုက်ပြီး လေယာဉ်ပြတင်းပေါက်မှ အောက်ဖက်ဆီသို့ ငုံ့ကြည့်လိုက်သည်။ တိမ်မျှင်တိမ်လိပ်တို့နှင့် စိမ်းညို့နေသော တောင်စွယ်တောင်တန်းတို့မှအပ ဘာမှမမြင်ရတော့ချေ။

လွင့်ပါးနေသော တိမ်လိပ်တိမ်မျှင်များလို သူ့အတွေး






အာရုံသည်လည်း လွန်ခဲ့သော(၃)နှစ်က အတိတ်ကာလဆီသို့ ပြန်လည် လွင့်ပါသွားခဲ့လေသည်။



www.burmeseclassic.com



# အခန်း(၆)

ချောင်းသာကမ်းခြေသို့ ဝင်ရောက်လာသည်နှင့် တိုးဝှေ့လာသော ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် ရေငွေ့ပါသော လေအေးအေးလေးက အသက်ရှူလမ်းကြောင်းထဲ တိုးဝှေ့ဝင်ရောက်လာလေရာ ရင်ထဲ ကြည်နူးပြီး ဦးနှောက်မှာလည်း ရွှင်လန်းသွားလေတော့သည်။

"အား. . . ရှူး"

လေကို ဝဝရှူသွင်းပြီး ပါးစပ်မှ မှုတ်ထုတ်လိုက်သည်။

"ကိုင်း. . . လေဒီတွေက ဝမ်းအိုဝမ်းနဲ့ဝမ်းအိုတူး အခန်း





ယူလိုက်၊ ယောက်ျားလေးတွေက ဝမ်းအိုသရီး ဖိုး ဖိုက် ယူလိုက်၊ အိုကေ. . . ဒီအချိန်ကစပြီး ကိုယ်သဘောနဲ့ကိုယ် လွတ်လွတ်လပ်လပ် သွားလာစားသောက်နိုင်တယ်၊ ခရစ္စမတ်ညမှာတော့ စတိတ်ရှိုး သွားကြည့်ပြီး နောက်နေ့ညမှာတော့ မီးပုံပွဲနဲ့ ညစာကို ကျွန်တော်က ဒကာခံ စီစဉ်ပေးပါ့မယ်၊ အားလုံး အိုကေနော်"

"အိုကေ"

"ဒါဖြင့် လမ်းခွဲကြစို့"

သူတို့၏ မင်းဆောက်လုပ်ရေးကုမ္ပဏီ၏ဂျီအမ် မင်းလှဘော်မှာ သူ့ထုံးစံအတိုင်း ပေ့ါပေ့ါပါးပါးအပြုံးနှင့် ပြောကာ လမ်းခွဲသွားလေတော့သည်။

မေနီတို့ မိန်းကလေးအုပ်စုကို ဖုတ်လေသည့်ငပိ ရှိသည်ဟု ပင် မအောင်းမေ့။ ကျောခိုင်းကာ တည်းခိုရမည့် လုံးချင်းဘန်ဂလိုများ ရှိရာသို့ ထွက်သွားလေတော့သည်။

ယောက်ျားပီသသော ကိုယ်နေကိုယ်ဟန်ထားနှင့် အရပ်အမောင်းက ဘယ်လိုပဲကြည့်ကြည့် ကြည့်ကောင်းနေလေသည်။

မေနီ တဒင်္ဂ နစ်မျောသွားသောအကြည့်ကို ရုပ်သိမ်းပြီး ကိုယ့်ခရီးဆောင်အိတ်ကို လာကြိုသော ဟိုတယ်ဝန်ထမ်းလက်ထဲ သည့်ပေးလိုက်သည်။

နောက် လုပ်ဖော်ကိုင်ဖက် မိန်းမဖော်များနှင့်အတူ တည်းခိုမည့်အခန်းသို့ လိုက်ပါခဲ့လိုက်သည်။

မင်းဆောက်လုပ်ရေးကုမ္ပဏီသို့ မေနီကွန်ပျူတာကျွမ်းကျင်သူ ခိုင်းနာအနေနဲ့ အလုပ်ဝင်ခဲ့သည်မှာ (၆)လကျော်လေပြီ။ မင်းလှဘော်နှင့် ဆက်ဆံရေးက အလုပ်ရှင်နှင့် အလုပ်သမားပုံစံကလွဲ၍



www.burmeseclassic.com

www.burmeseclassic.com

ပို၍တိုးတက်မလာသေးချေ။

သို့သော် မေနီ၏ရင်ထဲမှာတော့ မင်းလှဘော်အပေါ် ကိုတ်တခိုး စွဲလမ်းနှစ်သက်မှု ထုအစိုင်အခဲကတော့ ကြီးသည်ထက် ကြီးလာလေပြီ။

မင်းလှဘော်သည် မင်းဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင် ဦးရွှေဘော်၏သားဖြစ်သည့်အားလျော်စွာ ဂိုအမ်ရာထူးကို ပိုင်ဆိုင်သွားသည်။ အလုပ်အကိုင် ကျွမ်းကျင်သလို ပေါင်းသင်းဆက်ဆံရေးလည်း ကောင်းမွန်သည်။ ထိုမျှ မကသေး၊ မိန်းမလည်း စွဲသည်ဟု ပြောရမလား၊ မြာစွဲသည်ဟုပဲ ပြောရမလား မသိ။ အလန်းလေးတွေနှင့် အမြဲဇယားရှုပ်နေတတ်သေးသည်။

သို့သော် မင်းလှဘော် ရှုပ်သောအလန်းလေးများမှာ သူ့ကုမ္ပဏီမှ တစ်ဦးတစ်ယောက်မှ မပါ။ ဒါက မင်းလှဘော်၏ အလုပ်အပေါ် စည်းကမ်းထားခြင်းလည်းဖြစ်မည်။

စီးပွားရေးကိစ္စနှင့် လူမှုရေးကိစ္စ ရောထွေးခြင်း မရှိဘူးဟုပင် တစ်ဖက်သတ် ချစ်မိသူအပေါ် အထင်ကြီးနေသူမှာ မေနီ ဖြစ်သည်။

"မေနီ. . . ညည်း အန်တီတို့နဲ့ နေမှာလား"

သက်တူရွယ်တူ မိန်းကလေးက (၄)ယောက်၊ (၄၀)ကျော် (၅၀)အရွယ် မကြီးတို့က နှစ်ယောက်ဆိုတော့ (၃)ယောက် တစ်ခန်းစီတွင် မေနီမှာ မမကြီးတို့နှင့်သာ တွဲဖို့ ဖြစ်လာသည်။

"ရပါတယ် အစ်မ၊ ကိုယ့်အစ်မတွေနဲ့ နေရကော့ ပိုတောင်ကောင်းပါသေးတယ်"

"အိုကေ. . . ကျုပ်တို့နှစ်ယောက်က မဟောက်တတ်ဘူး၊





ညည်းသာ ဟောက်တတ်ရင်တော့ ပြဿနာပဲ"

မေနီက ရှက်ပြုံးနှင့် ခေါင်းခါရမ်းရင်း. .

"မေနီလည်း မဟောက်တတ်ပါဘူး၊ မေနီတော့ တအောင့်နားပြီး ရေထဲ ဆင်းတော့မယ်၊ ဘယ်သူလိုက်ဆင်းမလဲ"

"အပူရှုပ်ဦးမယ်. . . တို့တော့ ဟာရေးအိပ်ပြီး ထမင်းစားဖို့ စိစဉ်လိုက်မယ်"

"မမတို့ သဘောလေ"

"ဒီမှာပဲ ဟိုတယ်ကို မှာပြီး စုစားကြတာပေါ့"

"ကောင်းသလိုသာ လုပ်ပါ၊ ဟိုဘက်အခန်းက ရေဘယ်သူဆင်းချိုးမလဲလို့ သွားမေးလိုက်ဦးမယ်"

မေနီကတော့ ရေသူရဲဖြစ်သည်။ ငယ်စဉ်ကတည်းကဖခင်အမျိုးသားရေကူးကန်အသင်း ဝင်ထားစေပြီး ရေကူးသင်ပြီး အပတ်စဉ် မိသားစုလိုက် ရေသွားကူးလေ့ရှိသည်မို့ မေနီ ရေကြိုက်သည်။

"စံပယ်တို့. . . မေနီ တစ်အောင့်နားပြီး ရေဆင်းကူးမလို့ ဘယ်သူလိုက်မလဲ"

စံပယ်က ချက်ချင်းပင် ကုတင်ပေါ် ကျောဆန့်နေရာမှ အခုန်လေသည်။

"စံပယ် လိုက်မယ်၊ ဒီမှာ ဒီဟာမတွေကို အဖော်စပ်နေတာ မရလို့ စိတ်ပျက်နေတာနဲ့ အတော်ပဲ"

"ဒါဖြင့် အဝတ်လဲပြီး ဆင်းကြမယ်နော်"

"အိုကေ"

မေနီအတွက် စံပယ်သည် အဖော်ကောင်း ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီသို့ ရောက်တာ (၆)လစွန်းရုံမျှသာ ရှိသေးသော မေနီအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ရင်းရင်းနှီးနှီး ရှိကြသော်လည်း ငယ်ပေါင်းကြီးဖော်တွေ မဟုတ်သဖြင့် တစ်ယောက်အကြောင်း တစ်ယောက်ကတော့ အတွင်းသိ အစင်းသိ မဟုတ်ကြသေးချေ။

ပြာလဲ့နေသော မိုးကုတ်စက်ဝိုင်းကြီးနှင့် ထိစပ်လျက် ပြာလဲ့နေသော ပင်လယ်ရေပြင်ကျယ်ကြီးကို မျက်စိတဆုံး ကြည့်ရင်း မေနီရင်ထဲ ကြည်နူးပျော်ရွှင်နေမိသည်။

ကွာတား ဂျင်းဘောင်းဘီနှင့် အင်္ကျီတီရှပ်ကိုယ်ကျပ် ဝတ်ပြီး ရေထဲ ဆင်းဖို့ သဲသောင်စပ်ကို ဖြတ်သန်းလာစဉ် စံပယ်ကလည်း. . .

"စံပယ်တို့က မြစ်ဝကျွန်းပေါ် သူဆိုတော့ ချောင်းရေမြစ်ရေထဲ ရေဆင်းကူးနေကျမို့ ရေကြိုက်တယ်၊ မေနီကကော. . ."

"မေနီကတော့ ရန်ကုန်သူပါပဲ၊ ဒါပေမယ့် ရေကူးကန်မှာ အပတ်စဉ် ရေသွားကူးနေကျမို့ ရေပြင်ရင် မနေနိုင်ဘူး"

"အတော်ပဲ. . . ဒါဆို စံပယ်တို့ မပြန်မချင်း တစ်နေ့ကို နှစ်ကြိမ်တော့ ရေဆင်းကူးရအောင်နော်"

"အိုကေ. . . မေနီဘက်က အဆင်သင့်ပါပဲ"

ထိုစဉ်. . .

"ဟိတ်. . . မိမေ"

နောက်ဘက်မှ အသံပြုကာ ကျောကုန်းကို ပုတ်ခတ်လိုက်မှုကြောင့် မေနီ ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။

"ဟာ. . . မိကေ"





သူငယ်ချင်းအရင်းအချာကြီး ကေခိုင်ကို တွေ့လိုက်ရသဖြင့် အံ့ဩကာ ဝမ်းသာသွားသည်။

"ရှင် ဘယ်သူနဲ့ လာတာလဲ"

"မိသားစုနဲ့"

"ရှင့်ယောက်ပို့ သင်္ဘောတက်သွားပြီဆို"

"ဟုတ်တယ်လေ. . . ကျုပ်လေးလေးတို့နဲ့ တူဝရီးတွေ လာကြတာ"

ထိုအခါမှ အနားသို့ ရောက်လာသော ကေခိုင်တို့ မောင်နှမများနှင့် ဦးလေးအဒေါ်တို့ကို တစ်သိုက်ကြီး တွေ့ရသည်။

ကေခိုင် မင်္ဂလာဆောင်၌ တစ်စားပွဲထဲ ထိုင်ဖြစ်သော ကေခိုင်ဦးလေး ဒေါက်တာနေမျိုးနှင့်အတူ ကေခိုင့်အဖေနှင့် အမေကိုလည်း တွေ့လိုက်ရသည်။

မေနီက ပြုံးကာ ကေခိုင်အဖေနှင့်အမေကို နှုတ်ဆက်လိုက်သည်။

"ဒယ်ဒီတို့ မာမီတို့လည်း ပါတာကိုး၊ ရေထဲ ဆင်းမလို့လား"

"နိုးနိုး. . ဒယ်ဒီတို့က တောင်ပေါ်သားဆိုတော့ ရေကြောက်တယ်၊ ဒီလိုပဲ အနီးရေသောက်ရင်း ရေကူးနေတဲ့လူတွေကို ထိုင်ကြည့်မှာလေ၊ သွား. . သွား. . ရေထဲ ဆင်းကြတော့"

အနီးလက် ထီးမိုးအောက်က အနားလက် ပက်လက်ကုလားထိုင်လေးများတွင် လူကြီးများက ထိုင်၍ကျန်ရစ်ခဲ့သည်။

ဒေါက်တာနေမျိုးကိုတော့ ကေခိုင်က ဆွဲခေါ်လာသဖြင့် ကန့်လန့်ကန့်လန့်နှင့် ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေပဲ. . . ဘာကြောက်စရာ ရှိသလဲ လေးလေးရဲ့၊ မကြောက်နဲ့. . . လေးလေး ဘာမှမဖြစ်ဘူး၊ ဟောဒီမှာ ရေသူရဲမလေး ရှိတယ်"

ကေခိုင်က မေနီအား မျက်စောင်းထိုးရင်း ပြောလိုက်လေသည်။

ဒေါက်တာနေမျိုးနှင့်မေနီ အကြည့်ချင်း ခလုတ်တိုက်မိကြလေသည်။

မေနီ ပြုံးပြကာ အားပေးစကား ပြောလိုက်သည်။

"ဟုတ်ပါတယ် ဒေါက်တာ၊ ပင်လယ်ရေက ကြောက်စရာ မကောင်းပါဘူး၊ ဒေါက်တာ ရေကူးတတ်တယ်မှတ်လား"

"နိုးနိုး. . ငါ ရေတိမ်မှာပဲ နေမယ်နော် မိကေ၊ ညည်းတို့ဘာသာ ကူးကြ"

ဒေါက်တာနေမျိုး တကယ်ကို ရေကြောက်နေပုံရသည်။ ဘောကွင်း ခေါ် ကားဘီးတာယာကျွတ်ကြီးကို မလွှတ်တမ်း ဖက်တွယ်ထားသည်။

ကေခိုင်က ဘောကွင်းကို တစ်ဖက်မှ ဆွဲကာ ရေနက်ဘက်သို့ ဆွဲခေါ်လေသည်။ ဒေါက်တာက ရုန်းသည်။ ကမ်းဘက်သို့ ဆွဲသည်။ တူဝရီးနှစ်ယောက် ရုန်းရင်းဆန်ခတ် ဖြစ်နေရာမှ လှိုင်းလုံးကြီးတစ်လုံး လိမ့်တက်အလာ. . .

ဒေါက်တာနေမျိုး ခြေလွတ်သွားသည်။ ဘောကွင်းမှလည်း လွတ်သွားသည်။

"အား. . ဝူး. . ဖူး. . ဖူး. . မိကေ. ."

ဒေါက်တာနေမျိုး ဘောကွင်းမှ လွတ်ပြီး ရေထဲ နစ်မြုပ်





ကာ ယက်ကန်ယက်ကန် ဖြစ်နေလေသည်။ ကေခိုင်က ရယ်ကာ ဘောကွင်းကို ရေနက်ပိုင်းသို့ လှမ်းပစ်လိုက်လေသည်။

မေနီ မနေသာတော့။ ဒေါက်တာနေမျိုးအား ကွဲကာ ပင်လယ်ကြမ်းပြင်နှင့်ခြေထောက် ထိနိုင်သည့်နေရာသို့ ခေါ်ခဲ့ပေးလိုက်သည်။

ဆားငန်ရေတို့ ဝင်ထားသဖြင့် မျက်လုံးများ နီစပ်ကာ မျက်နှာပြင်ပါ နီထွေးရင်း. . .

"သိုင့်ကျူး မေနီ. . . ကျုပ်သွားတော့မယ်"

"နေပါဦး ဒေါက်တာ၊ ရေထဲမှာ နေရတာ ပျော်စရာကောင်းပါတယ်၊ ဘောကွင်း မေနီ ပြန်ယူပေးမယ်၊ မိကေ မစ,ရအောင် မေနီပဲ ထိန်းပေးမယ်နော်"

ဒေါက်တာနေမျိုး တွေဝေသွားသည်။ တူမကေခိုင်၏ သူငယ်ချင်းမလေး မေနီသည် မျက်ဆန်ညိုညို နှာခေါင်းပွပွ မျက်နှာဝိုင်းဝိုင်းနှင့် ချစ်စရာကောင်းသည်။ ရုပ်ချောစာရင်း မဝင်ပေမယ့် ကြည့်ပျော်ရှုပျော် ရှိပါသည်။ သူ တွေ့စကတည်းက စကားပြောလိုက်လျှင် သွားတက်လေးနှင့် ပါးချိုင့်နှင့် ဤမိန်းကလေးကို ချစ်မွေးပါသည်ဟု ကောက်ချက်ချမိသည်။

ယခုလည်း သူ့ကို တူမချောကေခိုင်က ကျီစယ်နောက်ပြောင်သဖြင့် ရေထဲ ဂွမ်းထိုးမှောက်ခုံဖြစ်ပြီး ယက်ကန်ယက်ကန်နှင့် ရေမွန်းနေသော ကြွက်စုတ်တစ်ကောင် ဖြစ်နေသည်ကို သူကလေးက အနေအထားမှန်အောင် ကူညီဖေးမပေးလေသည်။

နောက်. . ကေခိုင် လွှင့်ပစ်လိုက်သော ဘောကွင်းကို လိုက်ဆယ်ယူကာ သူ့ထံ ပြန်ပေးပြီး. . .



www.burmeseclassic.com

www.burmeseclassic.com

"ဒေါက်တာ့ကိုယ်ထဲ စွပ်ချလိုက်၊ ခြေထောက်ကို လွတ်ပြီး ခတ်နေ. . . ဘာမှမဖြစ်ဘူး၊ လှိုင်းလာရင် အသင့်လိုက်သွားလိုက်၊ မေနီ အနားမှာ ရှိမယ်"

ဒေါက်တာနေမျှ ရှက်သွားသည်။ ကလေးကလား ဖြစ်နေသည်။ တူမ၏ကျီစယ်မှုကို ခံရပြီး တူမသူငယ်ချင်း၏ကူညီမှုကို ယူနေရသည်။

"တော်ပြီ. . . ကျုပ် ကမ်းပေါ် ပြန်တက်တော့မယ်"

"အို. . . ဒေါက်တာကလည်း၊ ရေထဲ ရောက်ပြီး စိုပြီးမှတော့ ရေထဲမှာ ဖိမ်ရှိရှိနဲ့ လှိုင်းစီးပေါ့၊ မေနီ ကူပေးပါ့မယ်"

"တော်ပါပြီ ကလေးမရယ်. . . ကျေးဇူးတင်ပါတယ်၊ ကျုပ် အရွယ်ကြီးနဲ့ ရေထဲမှာ မတင့်တယ်ပါဘူး"

"အို. . . ဒေါက်တာ့အသက်က ဘာရှိသေးလို့လဲ၊ အဖိုးကြီး အဘွားကြီးတွေတောင် ရေထဲ ဆင်းပြီး ရေခါတ်ယူသေးတာပဲ"

ဒေါက်တာနေမျှ ရယ်သွေး,သွမ်းလိုက်သည်။

Over 38 ဟူသော အသက်အရွယ်သည် စိတ်ဓါတ်ကျစရာ မလိုသော်လည်း အသက်နှစ်ဆယ်ကျော် တူမတွေနှင့် ယှဉ်လိုက်တော့ ရှက်တက်တက် ဖြစ်လာသည်မို့ ရေထဲက ပြန်တက်ပြေးချင်သည်။

ရေထဲမှာ ခွေးကလေး ရေနစ်သလို ယက်ကန်ယက်ကန်နှင့် အဖြစ်မျိုး ထပ်မံ,မကြုံချင်တော့။ သို့သော် သူဖက်တွယ်ထားသော ဘောကွင်းကို တစ်ဖက်မှ ထိန်းထားပေး လှိုင်းလုံးများအလာကို အလိုက်သင့်ကြောင့် လှိုင်းစီးရသောအရသာကို သူ သဘောတွေ့လာသည်။





သူ မျက်နှာနှင့် နီးကပ်စွာ ရှိနေသော မေနီ၏မျက်နှာလေးမှာ မေခလာနတ်သမီးအလား သူ့အတွက် ကျက်သရေ မင်္ဂလာ ရှိစေလာသည်။

လှိုင်းလေးငါးလုံး စီးအပြီးတွင် မေနီကို သူ အားနာလာသည်မို့. . .

"တော်ပြီ မေနီ၊ ကျုပ် သွားနားတော့မယ်၊ ညည်းဖာသာ သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် သွားကစားတော့"

"ရပါတယ် ဒေါက်တာရဲ့"

"ညည်း ရပေမယ့် ကျုပ်မရတော့ဘူး၊ ဘောကွင်းယူထားမလား"

"ဟင့်အင်း. . . ဒါဖြင့် သွားပြီ ဒေါက်တာ"

ရေနက်ပိုင်းသို့ ဖျံကလေးသဖွယ် ရေကူးခတ်သွားသော မေနီကို အတန်ငယ် ငေးကြည့်ပြီးမှ ဒေါက်တာနေမျှ ကမ်းစပ်သို့ ပြန်တက်ခဲ့သည်။

သူ့ရင်အစုံသည် မခုန်စဖူး အခုန်ထူးနေလေသည်။

စောစောက ရေထဲ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားပြီး ရေမွန်းသွားတာကြောင့်ပေလား၊ သို့တည်းမဟုတ် မေနီဟူသောမိန်းကလေးနှင့် နီးနီးကပ်ကပ် နေခဲ့ရခြင်းကြောင့်လား ဘာလား ဒေါက်တာနေမျှကိုယ်တိုင် နားမလည်ပါချေ။

အချစ်ဆိုတာ နားမလည်၍လား ဆိုတော့လည်း မဟုတ်။

သူ ဆယ်ကျော်သက်အရွယ် စိတ်ကစားတတ်ခါစက သူငယ်ချင်းတွေ မြှောက်ပေးသဖြင့် ရည်းစားထားခဲ့ဖူးသည်။ နောက်ပိုင်း ရည်စားက သစ္စာဖောက်ကာ ထားရစ်တာကို သူခံစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးသည့်နောက်ပိုင်း သူ ကျောင်းစာထဲမှာ နှစ်မြှုပ်ပြီး ဘွဲ့တွေ ဆက်တိုက်ယူပစ်ပြီး အလုပ်၌ ပျော်မွေ့နေခဲ့ရာ အချစ်ဆိုသည့်ကိစ္စကြီးကို မေ့နေခဲ့သည်။

ယခုမှ ထူးထူးခြားခြား သူ့နှလုံးသားထဲက အချစ်ဟူသော အညှောင့်သစ်လေး ပြူထွက်လာလေပြီထင့်။

ဒီကောင်မလေး မေနီကို တူမကေခိုင်၏မင်္ဂလာဧည့်ခံပွဲ၌ စတွေ့သည်။ တူမသူငယ်ချင်းမို့ တူမဟူသာ သဘောထားမိပြီး စွဲမက်လောက်သောရုပ်ရည်လည်း မဟုတ်သဖြင့် ခင်မင်စရာလေး ဟုသာ မှတ်ယူခဲ့မိသည်။

သို့သော် ယခုတော့ ထူးထူးခြားခြား ရင်တွေ ခုန်လောက်အောင် အသိအမှတ်ပြုမိသည်။


အထိအတွေ့ကြောင့်များလား၊ အနေနီးကပ်သွားခြင်းကြောင့်လား၊ သူ့အပေါ် နွေးထွေးသော ကူညီမှုကြောင့်လားဆိုတာကိုတော့ သူ ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိသေးပါချေ။

"ဖူး. . ."

ပင်လယ်ရေနှင့်ခြေထောက် လွတ်ကင်းသွားချိန်တွင်တော့ သူ အသက်ကို တဝကြီး ရှူသွင်းပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်လေတော့သည်။







# အခန်း(၅)

မေနီ အုန်းပင်ကြီးအောက်က ခုံတန်းလျားလေးဝယ် ထိုင်ရင်း နေဝင်ဆည်းဆာချိန်ကို ငေးမောနေမိသည်။

ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော ပင်လယ်လေညှင်းတို့ကို ရှူရှိုက်ရသည်မှာ စိတ်ကို လန်းဆန်းစေနိုင်သော်လည်း မေနီရင်မှာတော့ မရွှင်ပျနိုင်၊ ညှိုးလျော်နွမ်းလျလျက်ရှိသည်။

လိုချင်တာကို မရနိုင်သော လောကကြီးကို မကျေမနပ်ဖြစ်မိသည်။

ကြည့်ပါဦး။ သူတို့ကုမ္ပဏီ၏ပျိုတိုင်းကြိုက်သောနှင်းဆီပိုင်



www.burmeseclassic.com

www.burmeseclassic.com



မင်းလှဘော်သည် ချောင်းသာကမ်းခြေမှာ တွေ့သော အလန်းလေးများနှင့် ဇယားရှုပ်နေသည်။

အပျိုချောတို့ကို ဘယ်ညာခြံရံလျက် လမ်းလျှောက်နေသည့် မင်းလှဘော်၏မျက်နှာမှာ တောက်ပလွန်းလှသည်။ ကိုယ်နေဟန်ထားနှင့် လမ်းလျှောက်ပုံမှာလည်း စတိုင်လ်ကျလွန်းသည်။

မေနီ. . ကိုယ့်ရုပ်သွင်ကို အားငယ်သွားသည်။ အမေကဘာလို့များ ရုပ်လှလှလေး မွေးထုတ်မပေးတာပါလိမ့်။

"မေနီ. . တစ်ယောက်တည်းလား"

ထိုစဉ် မေနီ့အနီးသို့ လူရိပ်တစ်ခု မိုးလာပြီး အသံပေးလိုက်မှုကြောင့် စိတ်ဓါတ်ကျနေသော မေနီ အားလျော့သောအသံ မှေးမှိန်သောမျက်ဝန်းနှင့် တုန့်ပြန်လိုက်သည်။

"သြော်. . . လေးလေးဒေါက်တာ"

ဒေါက်တာနေမျိုးက အားပေးသောအပြုံးနှင့် ပြုံးပြလိုက်သည်။ ဒီကောင်မလေး၏မျက်ဝန်းရှေ့ရှုရာကိုလည်း တွေ့မြင်ပြီးဖြစ်သည်။ ထိုမျှမကသေး။ တူမချောကေခိုင်၏ပြောပြချက်အရလည်း ကောင်မလေး ကြွေနေသောသူမှာ မင်းလှဘော်ဖြစ်ကြောင်းကိုလည်း သိပြီးသားဖြစ်သည်။

"ထိုင်ရမလား"

"သြော်. . . ထိုင်ပါ လေးလေးဒေါက်တာ"

မေနီက ခုံတန်းလျားလေး၏တစ်ဖက်စွန်းသို့ တိုးရွှေ့ပေးလိုက်သည်။

ဒေါက်တာနေမျိုးက ခုံတန်းလျားတွင် ဝင်ထိုင်လိုက်ပြီး. .

"လမ်းမလျှောက်ဘူးလား"





"ရေကူးပြီး ခြေကုန်လက်ပန်းကျသွားလို့ အနားယူနေတာပါ၊ ဒေါက်တာ ရေထဲ မဆင်းတော့ဘူးနော်"

"တော်ပါပြီ. . . ရေမွှန်းတဲ့ဒဏ် မခံနိုင်တော့ဘူး"

"ရေမွှန်းပေမယ့် ပျော်စရာကောင်းပါတယ် ဒေါက်တာ"

"ပျော်စရာကောင်းပါတယ်လို့သာ ပြောနေ၊ ညည်းမျက်နှာမရွှင်မပျနဲ့ ဘာဖြစ်နေတာလဲ၊ မိကေတို့နဲ့ ပိုကာသွားကစားပါလား"

"ဟင့်အင်း. . . ကျွန်မ မကစားတတ်ဘူး၊ ဒေါက်တာကော မကစားဘူးလား"

"ကျုပ် ဝါသနာမပါလို့"

"ဒါဖြင့် ဒေါက်တာ ဘာဝါသနာပါသလဲ"

ဘာရယ်မဟုတ် မေနီရင်ထဲမှ နွမ်းလျနေသောဝေဒနာပြေပျောက်လိုပြေပျောက်ငြား ဒေါက်တာနေမျိုးနှင့် ရောက်တတ်ရာရာ စကားပြောနေမိခြင်းဖြစ်သည်။ သို့သော် သူ့မျက်ဝန်းအကြည့်ကတော့ မင်းလှဘော်ထံသို့သာ ကျောက်ချထားမိသည်။

ဒါကို ရိပ်စားမိနေသော ဒေါက်တာနေမျိုးရင်ထဲလည်း သိပ်မသက်သာလှ။ မင်းလှဘော်အကြောင်း သူ ကောင်းကောင်းသိသည်။ အဘယ်ကြောင့်ဆိုသော် မင်းလှဘော်၏အစ်မယောက်ျားမင်းလှဘော်၏ယောက်ဖမှာ သူနှင့် ဆေးတက္ကသိုလ် တက်စဉ်ကအတန်းဖော်သူငယ်ချင်း ဖြစ်သောကြောင့် ဖြစ်သည်။

မင်းလှဘော်သည် မျက်နှာများသည်။ အလှအပ အလွန်ကြိုက်သူဖြစ်ကာ မိန်းမချောလေးများကို ထည့်လဲတွဲကာ ကျေနပ်ဂုဏ်ယူနေတတ်သောယောက်ျားမျိုးဖြစ်သည်။

လူတစ်ကိုယ် အကြိုက်တစ်မျိုးစီ ဖြစ်သည်မို့ သူ သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကို မဝေဖန်ချင်။ ကိုယ့်ကိုယ်ကိုသာ ဝေဖန်ဆန်းစစ်မိလိုက်သည်။

"ညည်းမေးလို့ ကျုပ်ပြောတာနော်၊ ကျုပ်ဝါသနာက ခွဲစိပ်ကိရိယာလေးတွေ ကိုင်ပြီး ခွဲစိပ်နေရရင် ကျေနပ်နေပြီး ကိုယ်ဖန်တီးပေးလိုက်လို့ တစ်ဖက်သားမှာ ကျေနပ်ပျော်ရွှင်သွားရင် ကိုယ့်ကိုယ်တိုင်လည်း ပီတိဖြစ်နေတတ်တယ်၊ ဒါကြောင့် ကျုပ်အလုပ်က ကျုပ်ဝါသနာလို့ပဲ ပြောလို့ရတယ်"

မေနီ စိတ်ဝင်စားသွားသည်။

"အခုခေတ်ကြီးမှာ ပိုက်ဆံရှိတဲ့ အမျိုးသမီး ငယ်ငယ်ကြီးကြီး တော်တော်များများနဲ့ အနုပညာရှင် အမျိုးသား အမျိုးသမီး အချို့ဟာ မျက်နှာကို ခွဲစိပ်ပြုပြင်လာကြတယ်နော် ဒေါက်တာ. . . ဟုတ်လား"

"အင်း. . . ကမ္ဘာနဲ့အဝှမ်းပါပဲ၊ မျက်နှာတင် မကပါဘူး၊ အနောက်နိုင်ငံနဲ့ ခေတ်မီတိုးတက်နေတဲ့ အရှေ့တိုင်းနိုင်ငံတွေမှာပါ တစ်ကိုယ်လုံးဆိုပါတော့ ခွဲစိပ်ပြုပြင်ကုန်ကြတယ်"

"ဒီအတွက် side effect(ဘေးထွက်ဆိုးကျိုး) မဖြစ်ဘူးလား ဒေါက်တာ"

"မဖြစ်ပါဘူး. . . ဒါပေမယ့် ဇရာကတော့ ဇရာပဲလေ၊ ဘုရားဟောကျမ်းဂန်လာ ဇာတိ၊ ဇရာ၊ မရဏာဘေးကိုတော့ ဘယ်သူလွန်ဆန်နိုင်မှာလဲ. . . မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒါပေမယ့် မျက်နှာကို ခွဲစိပ်ပြုပြင်လိုက်လို့ အကျိုးတစ်ခုခု ကျေနပ်မှုတစ်ခုခု ရသွားမယ်ဆိုရင်တော့လည်း ခွဲစိပ်ရကျိုးနပ်မှာပေါ့နော် ဒေါက်တာ"

"actor(သရုပ်ဆောင်)တွေအတွက်ကတော့ သူတို့စီးပွား





ရေးအတွက် တစိတ်တဒေသအားဖြင့် အလှအပဟာလည်း လိုအပ်တယ် မှတ်လား"

"သရုပ်ဆောင်ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မိန်းမသားတွေအတွက် အလှအပဆိုတာ ဂုဏ်တစ်ခုပဲ ထင်ပါတယ်နော် ဒေါက်တာ"

"ဟုတ်တယ်လေ. . . ဒါကြောင့် ရှေးလူကြီးတွေက ပြောကြတာ. . . ကုဋေရှုပ် ခန့်တဲ့"

ဒေါက်တာနေမျိုး စကားပြောနေရင်းမှ မေနီ၏ရင်တွင်းကို ဖောက်ထွင်းမြင်လိုက်မိလေသည်။

ဒီကောင်မလေး ရုပ်ရည်က သူ့စိတ်ထဲတော့ ကြည့်ပျော်ရှုပျော်မှာ ရှိသော်လည်း ဒီထက်မက လှချင်နေပြီ။

ဒီကောင်မလေး မင်းလှဘော်ကို တစ်ဖက်သတ် ချစ်နေသည်။

မင်းလှဘော်ဆိုသော ပုရိသကလည်း အလှကြိုက်သောသူမို့လို့ သာမန်ရုပ်ရည်မျှသာ ရှိသော မေနီကို ဖုတ်လေသည့်ငပိရှိသည်ဟုမျှ မအောင်းမေ့ဖြစ်နေသည်။

ဒီအတွက် မေနီရင်ထဲ ခံစားနေရသည်။ တစ်ဖက်သတ်အချစ်၏ဆိုးဝါးမှုဝေဒနာကို ခံစားနေရရှာသည်။

ဒေါက်တာနေမျိုး သုံးသပ်ကြည့်ပြီး ပင့်သက်ချလိုက်မိသည်။

နောက် ဆုံးဖြတ်ချက်တစ်ခု ချပြီး ပိုင်ပိုင်နိုင်နိုင် စကားတစ်ခွန်းကို ဖွင့်ဟလိုက်သည်။

"မေနီ. . . ညည်းမျက်နှာ လှသွားအောင် ပြုပြင်မျှင်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ်အတွက် ဝန်ဆောင်ခ မယူဘဲ ကျုပ်ခွဲပေးနိုင်ပါတယ်"

မေနီ စိတ်ဝင်စားသွားသည်။ ယခုအချိန်မှာ မေနီ ဘာကို မှ ဝေဖန်ခွဲခြားနိုင်စွမ်း မရှိ။ ရယူပိုင်ဆိုင်လိုခြင်းဟူသော တပ်မက် စွဲလမ်းစိတ်က မေနီအား ဝါးမျိုထားလေသည်မို့. . .

"ခွဲစိပ်ပြုပြင်စရိတ်က သိပ်ကုန်ကျမှာလားဟင်"

"အနေအထားပေါ် မူတည်ပြီး ဆယ်ပုံးထက်တော့ မနည်း ဘူး၊ ညည်း စိတ်ဝင်စားလာပြီလား"

"စိတ်ဝင်စားသလိုလိုတော့ ရှိလာပြီ"

ဒေါက်တာနေမျုး မေနီ၏အပြစ်ကင်းစင်သော မျက်နှာ လေးကို အကဲခတ်ရင်း ရင်ထဲ မသက်မသာ ခံစားလိုက်ရသည်။

စိတ်ထဲကလည်း. . .

"ပင်ကိုယ်သဘာဝအလှထက် ဘယ်ဖန်တီးတဲ့အလှတွေက မှ သာလွန်ကောင်းနိုင်မှာလဲ မိန်းကလေးရယ်" ဟုသာ ညည်းတွား လိုက်လေသည်။

သို့သော် နှုတ်ကတော့ မပြောရက်ပါချေ။

"သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ၊ မိဘတွေနဲ့ လည်း တိုင်ပင်ဦး၊ နောက်ပြီး ခွဲစိပ်လိုက်လို့ ကိုယ့်ဆန္ဒတွေ ပြည့်ဝ သွားနိုင်ခြင်း ရှိမရှိကိုလည်း လေ့လာကြည့်ဦး"

မေနီ ရင်ထဲ နင့်ကနဲ ဖြစ်သွားသည်။ ဒေါက်တာနေမျုးလို လူကတောင် သူ့ရင်ထဲက ခံစားချက်ကို တွေ့မြင်နေပါလျက် မင်းလှဘော်က မတွေ့မြင်ဘူးဆိုတာ မဖြစ်နိုင်။

ဒီမျှလောက် အနေနီးကပ်ပြီး မြင်းကမလှုပ် ခုံကလှုပ်၊ ယုန်ကမတိုး ပိုက်ကတိုးနေသော မိမိ၏တစ်ဖက်သတ် ရေလာ





မြောင်းပေးနေမှုကို သိလျက်နှင့် ဥပေက္ခာပြုထားသော မင်းလှဘော် ၏နှလုံးသားကို သူ ရယူနိုင်ပါ့မလား။

မင်းလှဘော်အချစ်ကို ရယူဖို့ဆိုလျှင် ဘယ်လိုနည်းနဲ့ပဲ ပေး ဆပ်ရ ပေးဆပ်ရ ပေးဆပ်ချင်ပါသည်။

ထို့ကြောင့်. . .

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်မ သေသေချာချာ စဉ်းစားမယ်၊ ဘာကယ်လို့ ခွဲဖြစ်ရင် ဒေါက်တာပဲ ကူညီပေးပါနော်"

"အေးပါကွာ. . . ညည်း ရန်ကုန်ပြန်ရောက်ရင် ကျုပ်တို့ ဆေးခန်းကို လာပြီးလေ့လာကြည့်ပါဦး၊ ကိုင်း. . . နေတောင် ဝင် သွားပြီး မှောင်ရီပျိုးလာပြီ၊ ဟိုတယ်ထဲ ပြန်ဝင်ကြရအောင်"


မျက်စိရှေ့ မြင်ကွင်းတွင်လည်း မင်းလှဘော်တို့က ပျောက်ကွယ်သွားသည်မို့ မေနီလည်း ဒေါက်တာနေမျုးနည်းတူ ခုံတန်းလျားလေးမှ ထကာ ဟိုတယ်ဘက်ဆီသို့ ပြန်လျှောက်ခဲ့လိုက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

မင်းလှဘော် ဝီစကီလေး နှစ်ပက်လောက် ဝင်သွားပြီ ဆိုတော့ အာက သွက်လာသည်။

မနက်ဖြန် ချောင်းသာကမ်းခြေကနေ ပြန်ကြတော့မည် ဆိုတော့ မင်းလှဘော်က သူ့ကုမ္ပဏီဝန်ထမ်းများကို မီးပုံပွဲ ကျင်းပ ပေးပြီး ပုစွန်ကင် ငါးကင် ဂဏန်းဟင်းတို့နှင့် တွဲဖက်၍ ယောကျ်ား များအတွက် ယမကာ၊ မိန်းမများအတွက်တော့ အချိုရည်တို့ စီစဉ် ကာ သောက်ကြစားကြ တီးကြမှုတ်ကြ သီချင်းဆိုကြနှင့် ပျော်ပွဲရွှင်ပွဲ လေး ကျင်းပပေးသည်။ နောက်ဆုံးက ဗလာမပါ ကံစမ်းမဲ ဖောက်





ပေးမည်။

မင်းလှဘော် အထူးဖိတ်ကြားထားသော ပြင်ပဧည့်သည် မော်ဒယ်လ်သင်တန်းသူသုံးယောက်က မင်းလှဘော်အနီး ခြံရံနေ ပြန်သည်။

မေနီရင်ထဲ ခံပြင်းနေသည်။

"မော်ဒယ်လ်တွေကွဲ. . . ဘယ်လောက်များ လှလို့လဲ၊ အမ်ဒီက မျက်စိကို မွဲနေတာပဲ ဖြစ်မယ်. . နော် မေနီ"

စံပယ်က မဲ့ကာရွဲ့ကာနှင့် မေနီအား တံတောင်နှင့် တွက် ကာ အတင်းထုတ်လေသည်။

မေနီက မချိသွားဖြဲသာ နေလိုက်သည်။ ငုံးဆူလှမသိ ကိုယ့် ဝမ်းနာ ကိုယ်သာ သိသည်။ ဒေါက်တာနေမျှုးတို့မိသားစုအုပ်စုက သည်း ဒီနေ့ နံနက်စောစောက ပြန်သွားကြလေသည်မို့ မိကေနှင့် သော်လည်းကောင်း၊ ဒေါက်တာနေမျှုးနှင့်သော်လည်းကောင်း အဖော်ပြု သွားလာခြင်းတို့ ကင်းသွားသဖြင့် သူလည်း ကိုယ့်ကုမ္ပဏီ အုပ်စုတွင်း၌သာ ပြန်နေရလေသည်။

"အဲ့ဒါပေါ့. . . ရွာနားကမြက် ရွာနွားမစားဆိုသလို ကိုယ့် ကုမ္ပဏီမှာလည်း အလန်းလေးတွေ ရှိရက်နဲ့ ဒင်းကိုက မျက်စိကန်း နေတာပဲဖြစ်မယ်"

မမကြီးတစ်ယောက်က မနေနိုင်ဘဲ စံပယ်စကားကို ထောက်ခံလိုက်လေသည်။

နောက်မမကြီးကလည်း. . .

"အမ်ဒီကို ကျုပ်ပြောဖူးပါတယ်၊ ကိုယ့်ကုမ္ပဏီထဲက အလန်းလေးတွေကို မင်းစိတ်မဝင်စားဘူးလားဆိုတော့ ဒင်းက



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောတယ်မှတ်သလဲ"

"ဇာတ်တူသား မစားချင်သလို ကိုယ့်ဇာတ်ထဲက လူတွေက လန်းမှမလန်းတာ၊ လန်းတာကျတော့လည်း ဘဲနဲ့ဆိုတော့ နားပါဖျာတဲ့လေ၊ ဟုတ်လည်း ဟုတ်တာပဲ၊ ညည်းတို့ကလည်း လန်းအောင်လန်မှမလန်တာ၊ ဟိုမှာကြည့်စမ်း . . . ဟိုမော်ဒယ်လ်တွေက လန်ပျံနေတာ တွေ့လား"

လုပ်ဖော်ကိုင်ဖက်ချင်းမို့ ခေတ်ဆန်းစကားတွေနှင့်ပင် ဟောဟောဒိုင်းဒိုင်း ပြောကြတော့ မေနီနှင့်စံပယ်တို့လို အပျိုလေးများမှာ မျက်နှာပင် နီရဲတွတ်ကုန်လေတော့သည်။

"ခုခေတ်ကြီးမှာ ညည်းတို့လို မလှုပ်တလှုပ် နေရင် တစ်သက်လုံး ယောကျ်ားရမှာ မဟုတ်ဘူး၊ ကိုယ်တိုင်ကလည်း လှုပ်ပေးရတယ်အေ့"

"ဟာ. . . တော်ပါတော့ အစ်မကြီးရယ်"

မေနီတို့ နားကို လက်ဝါးနှင့် အုပ်ကာ ရှက်မျက်နှာကိုလည်း လွှဲထားလိုက်လေရာ. . .

မျက်နှာကလည်း အလွှဲကောင်း ဖြစ်သွားရသည်။ ယခုခေတ် ရင်လျားအကျီဟု တင်စားခေါ်ဝေါ်ရသော ပခုံးလက်ပြင်ပိုင်းဗလာ ရင်သားတစ်ဝက်ပေါ် အကျီလေးများ ဝတ်ဆင်ပြီး ကိုယ့်ကိုယ်ကို ခေတ်မှီလှပြီထင်သော မော်ဒယ်လ်မိန်းကလေးတစ်ဦးက မင်းလှဘော်အား ငါးကင်လေး အသားဖဲ့ကာ ကျွေးနေသော မြင်ကွင်းကို တွေ့လိုက်ရသဖြင့် မေနီရင်ထဲ အောင့်သက်သက် ဖြစ်သွားလေတော့သည်။

သူကော ဒီလိုလုပ်ပေးနိုင်သလား။





ကိုယ့်ချစ်သူ မဟုတ်ဘဲနဲ့တော့ မလုပ်ပေးနိုင်။

သို့သော် ကိုယ်က တစ်ဖက်သတ် ချစ်နေမိတော့လည်း သူကိုယ်တိုင် မင်းလှဘော်အကြိုက် ကောဖီခါးစိမ့်လေးကို အမြဲဖျော်ပေးတတ်ခဲ့သည်။

မင်းလှဘော် နဖူးက ချွေးစို့လာတာ တွေ့လျှင်လည်း AirCon ကို အအေးမြှင့်ပေးတာဖြစ်စေ၊ တစ်သျှူးထုတ်ပေး ဖောက်ပေးတာဖြစ်စေ လုပ်ခဲ့ဖူးပါသည်။

ဒါဟာ ကိုယ်က သိပ်ချစ်ရတဲ့သူမို့ စေတနာတွေ ရေစီးကမ်းပြိုခဲ့တာ။

အင်းလေ. . . ဟိုမိန်းမတွေလည်း သူ့လိုပဲ နေမှာပါ။ မင်းလှဘော်ကို ချစ်မိသွားလို့ ကြင်နာယုယမှုတွေ ပေးနေတာနေမှာပါ။

မေနီ တွေးပြီး ရင်ထဲ ဝေဒနာ သက်သာလျော့ပါးသွားစေရန် မင်းလှဘော်ဆီမှ အကြည့်ကို ရုပ်သိမ်းလိုက်လေသည်။

"ဆရာ. . ဆရာ့အလှည့် သီချင်းဆိုပေးပါဦး"

ယောကျ်ားလေးတွေက တောင်းဆိုတော့ မိန်းကလေးတွေပါ ထောက်ခံပေးရသည်။

"ဟုတ်တယ်. . . ဆရာ့အလှည့်ပဲ၊ ဆရာ အဆိုကောင်းတာ ကျွန်မတို့ သိပြီးသားနော်"

ကုမ္ပဏီ၏သဌေးရှင့် စာရင်းစစ်နှင့် ရုံးအုပ်မမကြီးတို့ကိုတော့ မင်းလှဘော် မလွန်ဆန်နိုင်။ ထိုင်နေရာမှ ထလိုက်သည်။

ဂီတာတစ်လက် ဆွဲပြီး အာဇာနည်၏ "ကြွေပါစေ" သီချင်းကို စိတ်ပါလက်ပါ သီဆိုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

×××× ဆုံးရှုံးခြင်းသာ ရရှိခဲ့ပြီ ××× ပါကို အမှားအယွ

တစ်ခုလို့ မထောင်ချင်ပါ ×××× လေခ်ိမ်းမောင်းလေးရဲ့ ×××× နှလုံးသ

တစ်ခုမှ ××× တီးတိုးပိုသံတွေ ကြားနိုင်မလား ×××× အိပ်မ

တစ်ခုက ပြီးဆုံးခဲ့ပြီ ×××

မင်းလှဘော် သီချင်းကောင်းကောင်း သီဆိုနိုင်လိမ့်မည်

လုံးဝထင်မထားသော မေနီရင်ထဲ တသိမ့်သိမ့် တုန်လာလေ

မင်းလှဘော်၏အမူအယာဟန်ပန်နှင့် သီချင်းသီဆိုနေပုံက

တစ်သက်မေ့လို့ရတော့မည် မဟုတ်၊ ရင်ထဲ စွဲငြိသွားလေပြီ။

တစ်နေ့ထက်တစ်နေ့ မေ့ပျောက်ပစ်ဖို့ မလွယ်ကူဘဲ တိုး

တိုး၍သာ ရင်ထဲ ကိန်းရှ စူးနစ်ဝင်ရောက်နေခဲ့သော တစ်ဖက်သ

စွဲလမ်းချစ်ခြင်းမီးကို သူ မည်ကဲ့သို့ ငြိမ်းသတ်ရမှန်း မသိအော

ဖြစ်ခဲ့လေသည်။

ကံစမ်းမဲတွေ ဖောက်တော့ ကံစမ်းမဲလက်ဆောင်ကို မ

လှဘော်ကိုယ်တိုင် ချီးမြှင့်ပေးတော့. . .

"အမှတ်စဉ်ကိုး မမေနီ"

မေနီ ရှေ့ထွက်၍ ဖလားထဲမှ မဲလိပ်တစ်လိပ်ကို နှိုက်

လိုက်သည်။

မဲလိပ်ကို ဖြေမည့် မင်းလှဘော်ထံ ပေးလိုက်သည်။

"ဟာ. . . နံပါတ်စဉ် ဝမ်းပါခင်ဗျာ"

"ကံထူးရှင်ပဲ"

"ဖြောင်း. . ဖြောင်း. . ဖြောင်း. . ဖြောင်း"

လက်ခုပ်သံတွေ သောသောည်သွားသည်။

မေနီ. . ယောင်နနလေး ဖြစ်သွားသည်။





ဘာဖြစ်လို့ သူ့အလှည့်မှမှာ လက်ခုပ်သံတွေက ဆူညံ

ပွက်လောရိုက်သွားရတာလဲ သူ မသိ။ ထို့ကြောင့် ပြုံးတူးကြောင်

တောင်လေးနှင့် မင်းလှဘော်ကို ကြည့်လိုက်မိသည်။

မင်းလှဘော်အကြည့်က ရွှန်းရွှန်းတောက်တောက်ကြီးပါ

လား။

မျက်ဝန်းကိုက ညှို့မျက်ဝန်းနဲ့ ကတ္တီယတို့ကို ပိုက်ဆင်းသွား

အောင် ညှို့ယူဖမ်းစားနေသောမျက်ဝန်းမျိုးဖြစ်သည်။

"ကိုင်း. . . ကံထူးရှင် မမေနီ အထူးဆု လာယူပါ"

မေနီ ရှက်မျက်နှာ ထူထူပူပူနှင့် မင်းလှဘော်ရှေ့သို့

ရောက်သွားသည်။

ပန်းစက္ကူ ပန်းနုရောင်နှင့် ပါကင်ထုပ်ပေးထားသော ကဒ်

ထူဘူးတစ်ခုကို လက်ခံယူလိုက်သည်။

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

မေနီ မူးမိုက်လဲမသွားစေရန် သတိထားလိုက်ရသည်။

မင်းလှဘော်နှင့် လက်ချင်း ထိသွားမှုကို ကျင်စက်နှင့်

အတို့ခံရသည့်နှယ် ကျင်တက်သွားသည်။

ခက်နေပြီ။ ဒီလူနှင့် ပတ်သက်ပြီး ဘဝအဆက်ဆက်ကများ

ပတ်သက်ခဲ့လေရော့လားမသိ။ မေနီ တစ်ဖက်သတ် စွဲလမ်းမှုက

ပြင်းထန်လွန်းလှသည်။

"သိုင်းခ်ကျူးပါ ဆရာ"

"ကိုယ်တို့ကုမ္ပဏီနဲ့ ရေစက်ပါပုံရတယ်၊ ရှေ့ဆက်ပြီး

ကြိုးစားပေးပါ မေနီ. . . အိုကေ"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသောတောင်းဆိုမှု မဆိုဘဲ စီးပွားရေးလုပ်ငန်းရှင် ပီပီ လုပ်ငန်းအတွက်သာ တောင်းဆိုလေသည်ကို မေနီရင်ထဲ မချိပြုံးနှင့်သာ လက်ခံလိုက်ရလေတော့သည်။

မီးပုံပွဲသိမ်းပြီး ဟိုတယ်ပြန်ရောက်သောအခါမှ မေနီက လက်ဆောင်ကံစမ်းမဲကို ဖွင့်ကြည့်သည်။

"အို. ."

"ဟယ်. . . ဖုန်းလေးတော့"

မေနီ သိပ်လိုချင်နေသော G.S.M ဖုန်းကဒ်နှင့် စာရွက် စာတမ်း အပြည့်အစုံအပြင် hand set နိုကီရာအမျိုးအစား နောက်ဆုံးပေါ် လေးပါ ပါလေသည်မို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား ရသည်။

"မေနီတို့များ ကံကောင်းလိုက်တာနော်၊ ငါးသိန်းတန် CDMA ဝယ်ဖို့ ပိုက်ဆံစုနေတဲ့သူ၊ ရမယ့်ရတော့ ပိုက်ဆံမကုန်ရဘဲ G.S.M ရလိုက်တယ်"

"မိဘလုပ်ကျွေးတဲ့ကျေးဇူး ထင်တယ်"

မေနီက အစ်မကြီးတွေ ပြောသမျှကို ဘာမှမပြောဘဲ ပြုံးရုံ ပြုံးနေလိုက်သည်။

အမှန်တော့ မေနီမိဘများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ် သည်။ ဌာနဆိုင်ရာက ပေးသောတိုက်ခန်းနှင့် လိုင်းဖုန်းနှင့် နေသူ ဖြစ်သည်။ မိဘကို လုပ်ကျွေးစရာ မလိုသော်လည်း မေနီက ရသမျှ လခကို မိဘကို ကန်တော့ရာ မိဘများက တစ်ဝက်ပဲ ယူပြီး တစ်ဝက်ကို မေနီအသုံးစရိတ်အဖြစ် ပြန်ပေးသည်။ သူတို့ ယူထား သောငွေကိုလည်း မိဘများက မေနီအတွက် စုထားပေးပြီး ရွှေတစ်





ချပ်သားဖိုး ပြည့်တိုင်း ဝယ်ပြီး မေနီကို ပြန်ဆင်ပေးလေ့ရှိသည်။

ထို့အတူပင် မေနီ့မောင်က ဆယ်တန်းအောင်ပြီးကတည်း က ရေကြောင်းသိပ္ပံတက်ပြီး သင်္ဘောလိုက်ခဲ့ရာ သူ့ဝင်ငွေကိုလည်း မိဘကို အပ်သည်။ မိဘက စုထားပေးပြီး သားဖြစ်သူ ခရေဇီဖြစ် သောကားကို ပြန်ဝယ်ပေးထားလိုက်သည်။ ထို့နောက်. . .

"နောက်တစ်ခါ တိုက်ခန်းဝယ်ပေးမယ်၊ နောက် မိန်းမကောင် တောင်းဖို့ စုတော့၊ အဲဒီအချိန် ငါတို့လင်မယား ပင်စင်ယူလောက်ပြီ၊ လင်မယားနှစ်ယောက်ထဲ ခပ်အေးအေးပဲ နေကြတော့မယ်၊ သမီးကြီး ကော သားငယ်ကော အိမ်က ခွဲပြီး ကိုယ့်အိုးကိုယ့်အိမ်နဲ့ အိမ်ထောင် ပြုပြီး ကိုယ့်ဝန်ကိုယ်ထမ်းကြတော့. . . ဒါပဲ"

မေနီ မိဘနှစ်ပါးက ပြတ်သားသည်။ ပြောသည့်အတိုင်း လုပ်တတ်သည်။

မေနီ ဖုန်းကဒ်ကို ချိုးကာ Handset ထဲ ထည့်လိုက်ပြီး နောက် ရန်ကုန်ရှိ မိဘများကို ဖုန်းလှမ်းခေါ်ကြည့်လိုက်သည်။

"ဟယ်လို"

အိပ်ချင်မူးတူးလေသံနှင့် မိခင်အသံကို ကြားလိုက်ရသည်။ အချိန်က ညသန်းခေါင်ကျော်နေပြီပဲ။

"မေမေ. . . သမီး မေနီပါ"

မေနီက ဝမ်းသာအားရနှင့် သူ ကံစမ်းမဲ ပေါက်သည့် အကြောင်း၊ ထိုဖုန်းနှင့် သူဆက်နေကြောင်း ပြောပြလိုက်သည်။

ဝမ်းသာမှုကို မိဘတွေကို ဦးစွာမျှဝေပေးလိုက်ခြင်းဖြင့် သူကိုယ်တိုင် ပျော်ရွှင်နေမိသည်။ မိဘတွေလည်း ပျော်ရွှင်သွားကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



စာရင်းစစ် မမကြီးက. . .

"မေနီ. . . ညည်းနဲ့ တို့အမ်ဒီနဲ့က ကံစပ်တယ် ထင်တယ်၊ အင်း. . . အမ်ဒီက သူယူမယ့်မိန်းမက ပပဝတီလို လှရမယ်လို့ ကြွေးကြော်ထားလို့ ခက်နေတာပဲ ဖြစ်မယ်၊ ညည်းသာ ရုပ်ချောရင် ပွဲသိမ်းနေလောက်ပြီ ထင်တယ်"

မေနီ ရင်ထဲ ထိရှသွားသည်။

ကိုယ့်ရုပ်ရည်အားနည်းချက်အတွက် ကြေကွဲသွားသည်။

ရုံးအုပ်မမကြီးက. . .

"အိုအေ. . . ခုခေတ်ကြီးများ ပိုက်ဆံရှိရင် ဘယ်လိုရုပ်မျိုး လိုချင်သလဲ၊ အွန်စောလို ရုပ်လား၊ ဆန်းမီလိုရုပ် လိုချင်လား၊ ကြိုက်သလို ပြုပြင်လို့ ရနေတဲ့ခေတ်ကြီးကို၊ မေနီ ညည်းက မျက်လုံးလှပြီးသားမို့ ဆန်းမီလိုရုပ်မျိုးသာ ပြင်လိုက်၊ တို့အမ်ဒီကြီး ညည်းရှေ့ ဒူးထောက်စေရမယ်လို့ ကျုပ်စိန်ခေါ် ရဲတယ်"

မေနီ ကိုယ့်ဝမ်းနာ ကိုယ်သာ သိသော်လည်း ရုံးက အစ်မကြီးများရှေ့ ကြိုက်မရှက် ပိုက်မရှက်မျိုး မလုပ်ရဲဘဲ ဟန်ကိုယ်ဖို့ ကျွန်ဆြွေဆည်ကာ. . .

"အိုး. . . မဟုတ်တာ မမကြီးတို့ကလည်း၊ အမ်ဒီမှာ ဒီလောက် အချောအလှလေးတွေ ဝိုင်းနေတာကို၊ မေနီလိုလူမျိုး ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် အောက်မေ့မှာ မဟုတ်ပါဘူး၊ အသားအနာခံပြီးတော့ မပြင်နိုင်ပါဘူး"

"နာလည်း တစ်ခဏပဲ၊ လှသွားတာက တစ်ဘဝအေး၊ ဖြစ်နိုင်ရင် နည်းနည်းလေးပဲ ပြုပြင်လိုက်ပါလား၊ နိုင်ငံခြား သွားစရာတောင် မလိုတော့ဘူး၊ ကိုယ့်နိုင်ငံမှာတင် ပြုပြင်လို့ ရနေပြီဟာ





"မနက်ဖြန် ပြန်ရတော့မှာမို့ စောစောထပြီး နေထွက်ချိန် ကမ်းခြေကို နှုတ်ဆက်လိုက်ဦးမှာမို့ အိပ်တော့မယ် မမကြီးတို့ ရာ"

မေနီ. . တယ်လီဖုန်းလေးကို လက်က ကိုင်ပြီး လှဲအိပ်ချလိုက်သည်။

ထိုစဉ် ဖုန်းမှ သီချင်းသံလေး ပေါ်လာသည်။

××× ဘယ်ဆီကို မင်းရောက်နေသလဲ ×××× ဘယ်သူနဲ့ င်းရှိနေမလဲ ××××

မေနီ အံ့ဩဝမ်းသာစွာဖြင့် ဖုန်းလက်ခံလိုက်သည်။

"ဟယ်လို"

"မေနီ. . . ကိုယ် မင်းလှဘော်ပါ၊ မင်းရဲ့လက်ဆောင်ဖုန်း အဆင်ပြေရဲ့လားလို့ စမ်းဆက်ကြည့်တာပါ၊ အိုကေ. . . အဆင်ပြေ ဘယ်နော်"

"ဟုတ်ကဲ့. . . အဆင်ပြေပါတယ် ဆရာ၊ အရမ်းအရမ်းကို ကျေးဇူးတင်ပါတယ်"

"နိုးနိုး. . ကျေးဇူးတင်ချင်းတင်ရင် မင်းကိုယ်မင်းသာ ကျေးဇူးတင်လိုက်"

"ဘာဖြစ်လို့လဲ ဆရာ"

"ဒါက မေနီ ကံကောင်းလို့ ရတဲ့လက်ဆောင်ပဲလေ၊ ကိုယ် ည်ရွယ်တာက ကိုယ့်ဝန်ထမ်းအားလုံးထဲက ကံထူးသူအတွက်ပဲ လေ၊ အိုကေ. . နားလည်ပါတယ်နော်၊ ဂွတ်နိုက်. . . အိပ်တော့"

ပြောပြောဆိုဆို ဖုန်းပိတ်လိုက်လေသည်မို့ မေနီမှာ ရင်ခုန်




www.burmeseclassic.com

www.burmeseclassic.com

လှိုက်မောကာ ကျန်ရစ်ခဲ့လေတော့သည်။

"မေနီအတွက် သီးသန့်ထူးခြားသောခံစားမှု မရှိလေဘူးလား ကိုမင်းလှဘော်ရယ်" ဟု ရင်တွင်း ညည်းတွားရင်း ဖုန်းစက်ပိတ်လိုက်လေတော့သည်။






# အပိုင်း (၂)

ကိုယ့်အသည်းနှင့်အောင် ချစ်နေမိသူထံမှ တုံ့ပြန်ရလိုက်သော ချစ်ခြင်းအတွက် ရင်မှာ ကျေနပ်စွာ သိမ်းပိုက်ထားရင်း သေရမည်ဆိုပါက သေပျော်ပါပြီဟု...။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း။(၉)

မဥ္ဇူသက ဆေးခန်းသို့ ကေခိုင်နှင့်အတူ မေနီ ရောက်ရှိခဲ့လေသည်။

သန့်ရှင်းသပ်ရပ်သော စည်းစနစ် ကျနသောကြောင့် ဆေးခန်းနှင့်ပင် မတူဘဲ အပန်းဖြေစခန်းတစ်ခုနှယ် ဆိတ်ငြိမ်အေးချမ်းသာယာလျက်ရှိသည်။

"မိမေ. . . ရှင် တကယ်ဆုံးဖြတ်ပြီးပြီလား"

"အင်း. ."

"ရှင့်မိဘတွေကကော ခွင့်ပြုပြီလား"





"အင်း. . . ဖေဖေကတော့ ခွင့်မပြုချင်ဘူး၊ ဒါပေမယ့် မေမေက ခွင့်ပြုတယ်၊ ဖေဖေကိုလည်း နားချပေးတယ်"

"အေးလေ. . . ရှင်ဆုံးဖြတ်ပြီးပြီဆိုရင်တော့ ကျုပ်ကူညီပေးမယ်၊ ကျုပ်တောင် နှာမခေါင်းနည်းနည်းပြင်ထားတာ ရှင်တို့တောင် မသိလိုက်ဘူးမှတ်လား"

မေနီ တအံ့တသြနှင့် ကေခိုင်ကို ကြည့်လိုက်သည်။

ကေခိုင်ကို မင်္ဂလာဆောင်ခါနီး ဝိတ်ချထားသဖြင့် ပိန်သွားပြီး မျက်နှာပါ ချောင်သွားသဖြင့် နှာတံတောင် စင်းပြီး ဖေါ်လွင်လာသည်ဟုပဲ ထင်ထားသည်။

လက်စသတ်တော့ ကေခိုင်က နှာခေါင်းပြုပြင်ထားသည်ကိုး။

"လုံးဝမထင်ရဘူးနော်. . . ဘာဒဏ်ရာ ဒဏ်ချက်မှလည်း မတွေ့ရဘူး. . . နာလားဟင်"

"မေ့ဆေးပြယ်ချိန်တော့ နာတာပေါ့၊ ဒါပေမယ့် ဆေးသောက်ဆေးထိုးနဲ့ သိပ်မနာလှပါဘူး"

မေနီ ကြက်သီးမွေးညင်းလေးများပင် ထောင်ထလာသည်။

နာကျင်ရမှာဆို ဆေးထိုးရမှာကိုတောင် အင်မတန်ကြောက်တတ်သော မေနီအတွက် မျက်နှာပြင်ပေါ်မှ အစိတ်အပိုင်းအချို့ကို ခွဲစိတ်ပြုပြင်ဖို့ဆိုတာ အင်မတန် မလွယ်ကူသော ဆုံးဖြတ်ချက်ဖြစ်သည်။

သို့သော် ထိုကြောက်တတ်သောအရာအားလုံးကို အလွယ်တကူပင် ချေမှုန်းနိုင်စွမ်း ရှိလောက်အောင် အချစ်ဟူသောစွဲလမ်းမှု



www.burmeseclassic.com

www.burmeseclassic.com



က အစွမ်းထက်လှလေသည်။

"လေးလေးနဲ့ တွေ့မလို့၊ လေးလေး အားနေသလား"

"ဟုတ်ကဲ့. . . အားပါတယ်၊ ဝင်သွားလိုက်ပါရှင်"

ဧည့်ကောင်တာစုံစမ်းရေးမှ ဝန်ထမ်းက ကေခိုင်အား ကောင်းစွာသိကျွမ်းနေပုံရသည်။ ရှောရှောရှူရှူပင် ခွင့်ပြုလိုက်လေသည်။

မေနီ. . ကေခိုင်နှင့်အတူ ယှဉ်တွဲ၍ လိုက်ပါခဲ့လေသည်။

ဒေါက်တာနေမျိုးအမည်နဲ့ ဘွဲ့ထူးဂုဏ်ထူးများ ဖော်ပြထားသောဆိုင်းဘုတ် တပ်ဆင်ထားသည့်အခန်းသို့ ကေခိုင်က ဘဲလ်နှိပ်ကာ အသံပြုလိုက်သည်။

တံခါးက အလိုအလျောက် ပွင့်လာသည်။ ရီမုဒ်ကွန်ထရိုးနှင့် ဖွင့်လိုက်ဟန်တူသည်။

"ကျုပ် လေးလေးကို ကြိုဖုန်းဆက်ပြီးသား"

ပြောပြောဆိုဆို ကေခိုင်က ရှေ့မှ ဝင်သွားသည်မို့ မေနီလည်း ထပ်ချပ်မကွာ လိုက်ဝင်ခဲ့လိုက်သည်။

ဒေါက်တာနေမျိုးက စားပွဲရှိ လက်တော့ပ်သုံးနေရာမှ ထခဲ့ပြီး ပြုံးရွှင်စွာပင် ဆိုဖာရှိရာသို့ လျှောက်ခဲ့ရင်း. . .

"လာထိုင်ကြ"

သူကိုယ်တိုင်လည်း ထိပ်ရှိ ဆိုဖာ၌ ဝင်ထိုင်လိုက်သည်။

ဒေါက်တာနေမျိုးကို တွေ့တော့ ချောင်းသာကမ်းခြေမှာ ရေထဲ အတူဆင်းခဲ့ လှိုင်းစီးခဲ့ကြသည်ကို အမှတ်ရမိလေသည်။

ဒေါက်တာ၏နွေးထွေးသောအပြုံးက သူ့အား ခွန်အားဖြစ်စေသည်။





"မေနီက အလည်လာတာလား၊ ဆုံဖြတ်ချက် ချပြီးမှ လာတာလား"

ဒေါက်တာနေမျိုးမေးခွန်းများကို ဖြေဆိုရန် တိကျသော အဖြေရှိပါလျက် မေနီ ချက်ချင်းမဖြေရဲသေး။ တွန့်ဆုတ်လျက်ရှိသည်။

ကေခိုင်က သူ့အား တံတောင်နှင့် တွက်ကာ. . .

"ဖြေလိုက်လေ မိမေ၊ ရှင်ခွဲတော့မယ်ဆိုတာ"

"အင်းပါ. . ဟိုလေ. . လေးလေးဒေါက်တာ၊ ကျွန်မ နာမှာလည်း အရမ်းကြောက်တယ်၊ ပြီးတော့ မလှမှာလည်း စိုးရိမ်တယ်၊ အဲ့ဒါ. . . "

"ရပြီ. . . ကျုပ်သဘောပေါက်ပြီ၊ လာလာ. . ညည်းတို့ ကျုပ်ရဲ့လူနာမှတ်တမ်းကို လာကြည့်လှည့်"

ဒေါက်တာနေမျိုးက သူ့စားပွဲရှိရာသို့ ပြန်ထသွားသည်။ မေနီနှင့်ကေခိုင် လိုက်သွားလိုက်သည်။

နောက်. . ဒေါက်တာနေမျိုး၏ဆုံလည်ကုလားထိုင်ဘေး တစ်ဖက်တစ်ချက်မှနေ၍ ဒေါက်တာနေမျိုး ဖွင့်ပြသော မခွဲစိပ်မီ မျက်နှာအနေအထား၊ ခွဲစိပ်ပြီး ပြောင်းလွဲလာသော မျက်နှာတို့ကို တစ်ပုံပြီးတစ်ပုံ ပြလေသည်။

အချို့ အသက်(၄၀)ကျော်လာသော မိန်းမများသည် အောက်မျက်ခမ်းရစ် တွဲလာခြင်းကိုပင် ပြုပြင်ကြလေသည်။ မျက်စိထောင့်စွန်းက ကြက်ခြေရစ်တို့ကို ပျောက်အောင် အရေပြားပြန်တင်းခွဲစိပ်ခြင်းကိုပင် လုပ်ကြသည်။

များသောအားဖြင့် အက်ဆိဒင့်ကြောင့် ဖြစ်ပေါ်လာသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် ခန္ဓာကိုယ်ကို မူလအတိုင်း ပြန်ဖြူပြင့်သည့်အခါ မူလ ထက်ပင် ပိုမိုချောမောလှပသွားသည်ကိုလည်း တွေ့မြင်ရသဖြင့် မေနီ အားတက်သွားသည်။

"မိဘတွေကကော ခွင့်ပြုရဲ့လား မေနီ"

ဒေါက်တာနေမျိုး၏ဒီမေးခွန်းကိုတော့ မေနီ မဆိုင်းမတွ ပင်. . .

"ဟုတ်ကဲ့. . . ခွင့်ပြုပါတယ် ဒေါက်တာ၊ အခုဟာက မေနီ က ရှေ့ပြေးလာခဲ့တာပါ၊ မေမေ ရုံးပိတ်မှ မေမေနဲ့ အတူလာပြီး ဒေါက်တာနဲ့ ထပ်ဆွေးနွေးမယ်လို့ မေမေက မှာလိုက်ပါတယ်"

"အင်း. . . မိဘတွေကတော့ နှမြောမှာပဲ၊ အခုလို မိခင် ဝမ်းက မွေးလာတဲ့မျက်နှာလေးကလည်း ချစ်စရာကောင်းသားနဲ့၊ ဘာပဲဖြစ်ဖြစ် ကျုပ်ဘက်ကတော့ ကျုပ်ကတိအတိုင်း ကျုပ် စမ်းသပ်ခနဲ့ ခွဲစိပ်ခကိုတော့ ညည်းကို Free ပေးပါတယ်"

ဒေါက်တာနေမျိုးက ကတိမဖျက်ချင်တာထက် မေနီ၏ ပင်ကိုယ်ရုပ်ရည်လေးကို နှမြောနေသည်။ သာမန်ရုပ်ရည်ဆိုပေ မယ့် မျက်ဆန်ညိုညို မျက်လုံးဝိုင်းဝိုင်းလေးက အပြစ်ကင်းစင်ကာ ဆွဲဆောင်မှု ရှိနေသည်ပဲ။

သို့သော် မေနီ၏တစ်ဖက်သတ်နှလုံးသား၏ပြင်းထန် သော တောင့်တမှုကို သိရှိနေရပြန်တော့လည်း ဖြည့်စွမ်းပေးချင်သည်။

"လေးလေး နားချမနေနဲ့တော့၊ ပပဝတီလို လှသွားအောင် သာ ဖန်တီးပေးလိုက်၊ ဒါမှ မင်းကုသလို ရုပ်မျိုးနဲ့ ညားသွားအောင်၊ အဟီး. . ."

"မိကေနော်. . ညည်း. ."





မေနီက ကေခိုင်ကို လှမ်းကာ ဆွဲဆိတ်လိုက်သည်။

"ကိုင်း. . လာ. . ကင်န်တင်းသွားပြီး ကော်ဖီသောက်ကြရ အောင်"

"ရပါတယ်. . . လေးလေး အလုပ်ပျက်ပါ့မယ်"

မေနီက အားနာစွာ ငြင်းဆန်လိုက်သည်။

ကေခိုင်က. . .

"ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ ကေက ဟဲပီးစားမှာနော်"

"ညည်းသဘောပါ. . . လာပါ မေနီ၊ လေးလေး အားပါ တယ်၊ ဒီနေ့ အရေးတကြီး ခွဲစိပ်စရာ ချိန်းထားတဲ့လူနာမျိုး မရှိပါ ဘူး၊ လေးလေးလည်း နေ့လည်စာ မစားရသေးဘူး"

မေနီက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

ဒေါက်တာနေမျိုးကို လေးစားခင်မင်သောစိတ်တို့က မေနီ ရင်ထဲ အပြည့်အနှက် နေရာယူထားသည်။ ထိုမှတဖန် အားကိုးလို စိတ်က တိုး၍လာသည်။

မိမိဘဝတစ်ခုကို ပြောင်းသွားအောင် ဖန်တီးပေးနိုင်လိမ့် မည်ဟု အပြည့်အဝ ယုံကြည်မျှော်လင့်မိတော့ အနာဂတ်ကို တွေး ရင်း နှလုံးသားတို့ပါ လှုပ်ခတ်မှုနှုန်းထား မြန်ဆန်လာလေသည်။

"မေနီအမေနဲ့ လာတဲ့နေ့မှပဲ လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှု တွေ လုပ်ကြတာပေါ့နော်၊ ဒီနေ့တော့ လာလည်တယ်လို့ပဲ သဘော ထားလိုက်မယ်၊ ညည်းကို ထပ်စဉ်းစားပါလို့တော့ ပြောချင်သေး တယ်"

ဒေါက်တာနေမျိုးရင်မှာ နှမျောမှုလေးတွေ မသိမသာ ကိန်းဝပ်မှု ထပ်ဆင့်ကာ နားချပြီး အခွင့်ရေးပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဒေါက်တာ၊ မေနီ စဉ်းစားပါဦးမယ်"

မေနီကိုယ်တိုင်ကတော့ ကြောက်စိတ်ကြောင့် တွေဝေခြင်းမှအပ မင်းလှဘော်ကိုသာ မြင်ယောင်ရင်း သူ့မျက်နှာကို အမြန်ဆုံး ချောမောလှပသွားစေရန် ပြောင်းလဲပစ်ချင်နေလေသည်။

အချစ်သည် မိုက်မိုက်မဲမဲ စွန့်စားရဲလောက်အောင် ဆွဲဆောင်နိုင်သော ခွန်အားတစ်ရပ် ရှိလေမှန်း မေနီ သိရှိခံစားနေရသည်မို့ ပင့်သက်ကိုသာ ရှိုက်လိုက်သည်။

သူ စဉ်းစားတော့မှာ မဟုတ်။

မေနီရုပ်သွင်ကို မင်းလှဘော် သတိလက်လွတ် ငေးကြည့်ရလောက်အောင် ပြောင်းလဲသွားမည်ဆိုပါက မေနီ စွန့်စားရကျိုးနပ်ပေမည်။

ဒါထက်ပို၍ . . .


မင်းလှဘော်က မေနီကို ကြွေသွားပြီဟု ဆိုလျှင်တော့ မေနီ သေပျော်ပါပြီ။

ကိုယ့်အသည်းနှင့်အောင် ချစ်နေသူထံမှ တုံ့ပြန်ရလိုက်သောချစ်ခြင်းအတွက် ရင်မှာ ကျေနပ်စွာ သိမ်းပိုက်ထားရင်း သေရမည်ဆိုပါက သေပျော်ပါပြီဟုပင်။

မိုက်မဲသောအတွေး တွေးမိလိုက်လေသည်။







## အခန်း(၁၀)

"သတိရလာပြီလား . . . ခေါင်းကို မလှုပ်နဲ့ ငြိမ်ငြိမ်လေးနေ . . . စကားပြောလို့လည်း မရသေးဘူးနော်"

မေ့မြောခြင်းနယ်ပယ်တစ်ခုမှ လွတ်မြောက်လာခဲ့သည်။ မျက်နှာပြင်တစ်ခုလုံး ထုံနေသည်။ တင်းကျပ်သောစည်းနှောင်မှုများလည်း ရှိနေသည်မို့ တင်းနေသည်။

နှုတ်ခမ်းသို့ ဂွမ်းစလေးနှင့် ရေသုတ်လိမ်းပေးမှုကြောင့် အာခေါင်ခြောက်ကွဲ ရေငတ်နေမှုကို အနည်းငယ် ဖြေသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော်. . . လှချင်တဲ့ မလှချင်တို့ရဲ့ဝဋ်ဒုက္ခက ကြီးမား လွန်းလှပါတကား။

“မျက်လုံးကို ဖြည်းဖြည်းချင်းပဲ ဖွင့်နော်”

ဟုတ်ကဲ့ဟု ပြောလိုက်သည်။ နှုတ်လျှာလေးလံနေမှုကြောင့် ထင်သည်၊ အသံက ထွက်မလာသေးချေ။

မျက်ဝန်းကျိန်းစပ်ပြာဝေသွားရာမှ တဖြည်းဖြည်း လူ၏ ရုပ်လုံးက မြင်လာတွင် ထင်ဟပ်လာသည်။

ဒေါက်တာနေမျိုးနှင့် မိခင်၏ရုပ်ပုံများ၊ စိုးရိမ်မကင်းသော မျက်ဝန်းနှင့် ကြည့်နေသော မိခင်မျက်လုံးနှင့် အမိပွါယ် ဖွင့်ဆိုရ ခက်ခဲသော ဒေါက်တာနေမျိုး၏မျက်ဝန်းအစုံ။

“အန်တီ စိုးရိမ်စရာ မရှိတော့ပါဘူး၊ အန်တီပြန်နားချင် နားလိုက်ပါလား၊ သူ ဆေးအရှိန်နဲ့ ပြန်အိပ်ပျော်သွားဦးမှာပါ၊ စပယ်ရှယ်နာ့စ်က စောင့်နေပေးမှာပါ”

“ရပါတယ်. . . သမီးအိပ်ပျော်သွားမှပဲ အန်တီ ပြန်တော့ မယ်၊ ညတော့ သမီးသူငယ်ချင်းဝတီ လာစောင့်အိပ်ပေးလိမ့်မယ်”

“ကောင်းပါတယ် အန်တီ၊ ရက်ရှည်ဆိုတော့ အန်တီ သိပ် အပင်ပန်းမခံပါနဲ့၊ နားနားနေနေပဲ နေပါ၊ နာ့စ်တွေလည်း ရှိတာပဲ၊ အမ်အိုတွေလည်း ရှိတယ်၊ ကျွန်တော်လည်း မကြာခဏ လာကြည့် ပေးမှာပါ”

“ကျေးဇူးပါပဲ ဒေါက်တာ၊ ဒေါက်တာ့ကို ယုံကြည်အားကိုးမိ လို့ သားသမီးဆန္ဒကို မလိုက်လျောချင်ဘဲ လိုက်လျောမိလိုက်တာပါ၊ သူက လျှောက်လှမ်းရဦးမယ့်သက်တမ်းက သဘာဝအတိုင်းဆို အများကြီး ကျန်သေးတော့ စိတ်ချမ်းသာစေချင်တယ်လေ၊ စိတ်ဖိစီး





မှု မဖြစ်စေချင်ဘူး၊ ဒါကြောင့် ကြိတ်မှိတ်ပြီး သူ့ဆန္ဒကို လိုက်လျော ပေးလိုက်တာပါ”

မိခင်စကား ကြားလိုက်ရတော့ မေနီရင်ထဲ ဆို့နစ်သွား လေသည်။

“နောက်တော့လည်း အန်တီတို့ ကျေနပ်သွားမှာပါ”

“ဒါတော့ဒါပေါ့ ဒေါက်တာရယ်၊ ဒါပေမယ့် မိဘဆိုတာ ကိုယ့်သားသမီးကို မှက်ခြင်ယင် မသန်းရအောင် စောင့်ရှောက်ခဲ့ရ တာဆိုတော့ ခုလို ရောဂါကြောင့် မဟုတ်ဘဲ ခွဲစိပ်ရတယ်ဆိုတော့ လည်း ဘယ်လိုလုပ် စိတ်သက်သာရာရမှာလဲ”

မေနီ မိခင်ဘဝ မရောက်သေးတော့ မိဘတွေ၏ခံစား ချက်ကို နားမလည်နိုင်သေးသော်လည်း မိခင်စကားကြောင့် ရင်ထဲ ထိရှသွားသည်။

ဗိုလိုမှန်း သိရင် မခွဲစိပ်ဘဲ နေလိုက်ပါတယ်။

မေနီမျက်ဝန်းတို့သည် လေးလံကာ ပြန်မှိတ်သွားသည်။

“သူ အိပ်သွားပြီ၊ အန်တီ ပြန်နားလိုက်ပါတော့”

“ကောင်းပါပြီ ဒေါက်တာ”

စကားသံလေးတွေ မေနီ ကြားနေရသည်။ လေးလံသော မျက်ခွံတံခါးက ပိတ်သွားပေမယ့် မေနီ အိပ်မပျော်သေးချေ။

မေနီ အတွေးတံခါးက ပိတ်၍မရသေးချေ။

မင်းကုမ္ပဏီ၏အမ်ဒီ မင်းလှဘော်ထံ မေနီ နှုတ်ထွက်စာ တင်တော့ မင်းလှဘော်၏ အံ့အားသင့်သွားသောမျက်ဝန်းက သူ့ အပေါ် စူးစူးရှရှ ကျရောက်လာလေသည်။

“ဟင်. . . ဘာဖြစ်လို့ နှုတ်ထွက်တာလဲ၊ ဘာမကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



စရာများ ရှိလို့လဲ"

"မရှိပါဘူး ဆရာ"

"ဒါဖြင့် အခြားကုမ္ပဏီကို ပြောင်းမလို့လား"

"မဟုတ်ပါဘူး"

မင်းလှဘော် နုတ်ထွက်စာနှင့်အတူ တင်ထားသော တယ်လီဖုန်းကိုပါ ကောက်ကြည့်ပြီး. . .

"ဒါကတော့ ဘာလုပ်တာလဲ"

"မင်းကုမ္ပဏီဝန်ထမ်းမှ မလုပ်တော့ဘဲ၊ ဒီဖုန်းရဲ့ပိုင်ရှင်ကလည်း ဒီကုမ္ပဏီအတွက်ပဲ ဖြစ်သင့်တယ် ထင်လို့ပါ"

"မဆိုင်ပါဘူး. . . ဒီဖုန်းက မင်းရဲ့ကံတရားကြောင့် မင်းထံ ရောက်လာတဲ့ဖုန်းပါ၊ ရော့. . . ပြန်ယူလိုက်ပါ၊ နုတ်ထွက်စာကိုတော့ လက်ခံထားမယ်၊ ဒါပေမယ့် တရားဝင် အတည်မပြုသေးဘူး"

မေနီ နားမလည်နိုင်။ သို့သော် မင်းလှဘော် ကမ်းပေးသော တယ်လီဖုန်းကိုတော့ လှမ်းယူလိုက်သည်။ မင်းလှဘော်နှင့် ပတ်သက်၍ သူ့မှာ အမှတ်တရပစ္စည်းလေးအဖြစ် ထာဝရ သိမ်းဆည်းထားချင်သည်။ အသုံးပြုချင်သည်။

"မင်းကိုယ်ရေးကိုယ်တာကိစ္စကြောင့် နုတ်ထွက်တာဆိုရင်လည်း အချိန်မရွေး ပြန်ဝင်နိုင်ပါတယ်၊ တစ်လလောက်အထိ အတည်မပြုသေးဘဲ စောင့်နေမယ်"

မင်းလှဘော်၏သဘောကောင်းမှုကို မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။ အလုပ်နှင့် ပတ်သက်လျှင် စည်းစနစ်ကြီးပြီး မျက်နှာမလိုက်တတ်ဘူးဟု နာမည်ကြီးနေသူဖြစ်သည်။





"မင်းကို လစာမဲ့ ခွင့်တစ်လ ပေးလိုက်တယ်လို့ပဲ နားလည်ထားလိုက်ပါ. . . သွားနိုင်ပါပြီ"

မေနီ မင်းလှဘော်မျက်နှာကို တစ်ဝကြီး စိုက်ကြည့်နေရာမှ အကြည့်ကို ရုပ်သိမ်းလိုက်ပြီး. . .

"ဟုတ်ကဲ့ ဆရာ. . . ကျေးဇူးတင်ပါတယ်"

"ဪ. . မေနီ"

"ရှင်. . "

မင်းလှဘော်၏ဆွဲဆောင်မှုအပြည့်ရှိသော မျက်ဝန်းနက်က အဓိပ္ပါယ်ကို မေနီ မဖတ်တတ်ပါချေ။

"မင်းမှာ ရှိနေတဲ့အခက်အခဲကို ကိုယ်ကူညီနိုင်တယ်ဆိုရင် ကူညီချင်ပါတယ်၊ ပြောနိုင်ရင် ပြောပြပါ"

မေနီ နှုတ်ခမ်းထောင့်စွန်းလေး ကွေးသွားရုံသာ ပြုံးလိုက်သည်။

မေနီအခက်အခဲက မင်းလှဘော်ဆိုသောလူနှင့်သာ ပတ်သက်ကြောင်း ဖွင့်ဟလိုက်လျှင် မေနီတို့ မြန်မာမိန်းမသားတို့၏ ကိုယ်ကျင့်သိက္ခာဆိုတာ လုံးဝ မြောင်းထဲ ရောက်သွားမှာပေါ့။ မေနီ အဲဒီလောက် မျက်နှာမပြောင်ရဲ အရှက်မနည်းရဲချေ။

ထို့ကြောင့်. . .

"ကျေးဇူးတင်ပါတယ် ဆရာ၊ မေနီ့ကို ခွင့်ပြုပါဦး"

မေနီ ဆရာနှင့် မပတ်သက်ပါဘူး ဟူသောအဖြေကို မပေးလိုက်နိုင်ပါ။ ဒါဆို မုသားသက်သက်သာ ဖြစ်သွားမည်။

မေနီ အလုပ်ထွက်ရခြင်းသည် မင်းလှဘော်ကို တစ်ဖက်သတ် ချစ်ခြင်းကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းလှဘော်ဆိုသောလူကို ပိုင်ဆိုင်ဖို့အတွက် မင်းလှဘော်၏စရိုက်အတိုင်း ဖြစ်ကြည့်ဖို့ နောက်ဆုံးကြိုးစားကြည့်ချင်သောကြောင့်ဖြစ်သည် ဟူသောအကြောင်းပြချက်ကို မေနီ ဘယ်လိုလုပ် ပြောထွက်ပါမည်နည်း။


မေနီ မင်းလှဘော်၏ရုံးခန်းအတွင်း ထွက်ခဲ့သည်။

နောက်နှစ်ရက်အကြာတွင် မေနီ မဥ္ဇူသကဆေးခန်းသို့ တက်ရောက်ပြီး မျက်နှာအစိတ်အပိုင်းအချို့ ခွဲစိပ်ပြုပြင်ခဲ့လေသည်။

မေနီအတွေးအမျှင်တို့သည် တိတ်ဆိတ်ခြင်း၏ ကြီးကိုင်မှုနှင့်အတူ အိပ်ချင်စိတ်အားကြီးမှုတို့၏ ဆွဲခေါ်သွားမှုနောက်သို့ လိုက်ပါသွားသည်မို့ ပြတ်တောက်သွားပြီး အိပ်မောကျသွားလေတော့သည်။







## အခန်း(၁၁)

မေနီ မှန်ထဲက မေနီကို ကြည့်ပြီး အံ့အားသင့်သွားသည်။

အသစ်တစ်ဖန် မွေးဖွားလာသော "မေနီ" တစ်ယောက်၏ ပုံရိပ်သွင်ဖြစ်နေသည်။

"ကျေနပ်ရဲ့လား မေနီ"

ဒေါက်တာနေမျိုးက သူဖန်တီးပေးလိုက်သော မိန်းမချောလေးကို တစိမ့်စိမ့် ကြည့်ပြီး မေးခွန်းထုတ်လိုက်လေသည်။

မေနီ မယုံကြည်နိုင်သလို ဖြစ်နေသောကြောင့် မှန်မှ မျက်လုံးကို မခွာနိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းလေးများနှင့် မိမိမျက်နှာပြင်ကိုလည်း ခပ်ဖွဖွလေး စမ်းသပ်ကြည့်နေမိလေသည်။ ဘာအနာရွတ် ဒဏ်ရာဒဏ်ချက်ကိုမှ ရှာ၍မရ။ ဖုဖုထစ်ထစ် ကြမ်းကြမ်းရှရှတို့ကို မစမ်းမိပါချေ။

"မော်ဒယ်လ်သင်တန်း တက်ပြီး အနုပညာ ဝါသနာပါရင် သရုပ်ဆောင်တောင် လုပ်လို့ရပြီ"

ဟာသလေး နှော၍ ဒေါက်တာနေမျိုးက စိတ်လှုပ်ရှားနေရှာသော မေနီကို အားပေးလိုက်လေသည်။

မေနီ ဝမ်းသာအားရ ကျေနပ်သောပီတိကြောင့် မျက်ရည်များပင် ဆို့တက်လာသည်။

မေနီ မိခင်ကတော့ နတ်ရေကန်ထဲ ချလိုက်သလို ပြောင်းလွဲသော်လည်း ပင်ကိုယ်ရုပ် ပျောက်ကွယ်သွားမှု အလျဉ်းမဖြစ်သည့်အတွက် စိတ်ထဲမှာ ဖြေသာရာ ရနေကာ ဒေါက်တာနေမျိုးကို ကျေးဇူးတင်နေမိသည်။

"ကိုင်း. . . မှန်လည်း ပေါက်ထွက်သွားဦးမယ်၊ ဆရာကို ကန်တော့၊ အိမ်ပြန်ရအောင်"

"ဟာ. . . ရပါတယ်"

"မဟုတ်တာ လေးလေးဒေါက်တာရယ်၊ ခုတော့ မေနီ လက်အုပ်ချီပြီးပဲ ကန်တော့ထားပါရစေ"

မေနီက မှန်ကို ချထားလိုက်ပြီး ဒေါက်တာနေမျိုးရှေ့ ကြမ်းပြင်ထက် ကျုံ့ကျုံ့ကလေး ပုဆစ်ဒူးတုပ်ထိုင်ပြီး ထိခြင်းငါးပါးနှင့် ရှိခိုးကန်တော့လိုက်လေသည်။

ဒေါက်တာနေမျိုးမျက်နှာ နီရဲသွားသည်။ သို့သော်. . .





"သာခု. . သာခု. . သာခု. . ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး လိုရာဆန္ဒတွေ ပြည့်ဝပါစေ၊ ကိုင်း. . . ထထ. . . မိန်းကလေး၊ သည်း ရက်ချိန်းမှန်မှန်လာပြဦးနော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"အညှော်တော့ လုံးဝမမိစေနဲ့ဦး"

"ဟုတ်ကဲ့ပါ"

"ဒီလိုဆိုလည်း ဆေးခန်းမှာပဲ ဆက်နားနေပါဦးလား မမရာ၊ အိမ်မှာ မတော်တဆ အညှော်တွေ ဝင်ရင် ဘယ်လိုလုပ်မလဲ"

မေနီက အလိုက်ကမ်းဆိုးမသိ ဝင်ပြီး ဆရာကြီး လုပ်လိုက်သော မောင်ဖြစ်သူ ဇော်နီကို မျက်စောင်းထိုးလိုက်ရင်း. . .

"ဟဲ့. . . မေမေက လာလိုက်သွားလိုက်နဲ့ ရုံးတစ်ဖက်နဲ့ ဘယ်လောက်ပင်ပန်းနေသလဲ"

ဒေါက်တာနေမျိုးကတော့ ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးပြီး မောင်နှမနှစ်ယောက်ကို ဥပေက္ခာပြုကာ မေနီမိခင်နှင့် စကားပြောနေလိုက်သည်။

နောက် မေနီတို့သားအမိတွေ သူ့ရုံးခန်း၏လူနာစမ်းသပ်ခန်းမှ ထွက်သွားကြသည်ကို မျက်စိတစ်ဆုံး ငေးကျန်ရစ်ခဲ့သည်။

ရင်ထဲ၌ အမည်မဖော်နိုင်သော ဝေဒနာတစ်ရပ် ဖြစ်ထွန်းကျန်ရစ်ခဲ့သည်။

ကိုယ်တိုင် ထုဆစ်လိုက်သော ပန်းပုရုပ်ကလေးကို အရောင်းပြခန်း မတင်ရက်သော ပန်းပုဆရာနှယ် ဖြစ်နေပြီလား။

ကိုယ်၏အင်ပါယာထဲ၌သာ ထားပြီး အလှပြ တန်ဆာဆင်ထားချင်သလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ခွဲစိပ်ဖန်တီးပြုပြင်ခဲ့သော လူနာပေါင်းများစွာ ရှိခဲ့ပါသည်။ ဤကဲ့သို့သော ခံစားမှုမျိုး တစ်ခါမှ မခံစားခဲ့ရဖူးပါချေ။

သူ ရင်ထဲက ဝေဒနာကို သူ လေ့လာဆန်းစစ်ကြည့်မိတော့ ရင်ဝယ် လှိုင်းဂယက် ထကာ ကျန်ရစ်ပြီး ဟာတာတာကြီး ဖြစ်နေလေသည်။

မေနီဆိုသောမိန်းကလေးကို သူ့မျက်စိရှေ့၌ ထာဝရ ရှိနေစေချင်သည်။ ဒါဟာ အချစ်စစ်ပဲလား။

ဟုတ်မှာပါ။

ပိုင်ဆိုင်ချင်တယ်ဆိုတာ အချစ်ကြောင့်ပဲ ဖြစ်မှာပါဟု။

ဒေါက်တာနေမျိုးတွေးမိရင်း ပင့်သက်ရှိုက်ပြီး ခေါင်းကို ခါယမ်းလိုက်မိသည်။

ဒါ မဖြစ်သင့်ပါဘူး။

မေနီ ဘာကြောင့် ခွဲစိပ်ရသည်ကို သူသိနေပါလျက်။


မေနီ၏တစ်ဖက်သတ်အချစ်နှင့် အစွဲအလမ်းကို သိနေပါလျက်. . .။

ဟူး. . . ပူလောင်ပြင်းပျစွာ လောင်မြိုက်တတ်တာ အချစ်မီးပါပဲလား။

ဒေါက်တာနေမျိုး ကိုယ့်စိတ်ကိုကိုယ် ဆုံးမကာ ရင်တွင်း လောင်မြိုက်နေသောမီးကို ငြိမ်းသတ်ရန် ကြိုးစားလိုက်လေတော့သည်။







## အခန်း(၁၂)

"ကြွပါ ဒေါက်တာ"

မေနီ မိဘများက မေနီ့အား ခွဲစိပ်ကုသပေးခဲ့သော ဆရာဝန်နှင့် သူနာပြုဆရာမများကို အိမ်၌ နေ့လယ်စာနှင့် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ကျွေးမွေးပြီး လက်ဆောင်များနှင့် ကန်တော့စေခဲ့သည်။

မေနီဖခင် ဦးမောင်နီက. . .

"ကျွန်တော် သမီးကို အစက စိတ်ဆိုးခဲ့တယ်၊ အဲဒီတာ (သရုပ်ဆောင်) လုပ်မှာလည်း မဟုတ်ဘဲနဲ့ အပိုမလုပ်သင့်တာကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်တယ်၊ သဘာဝကို လွန်ဆန်တယ်ပေါ့ဗျာ ဒါပေမယ့် ခုလို ပင်ကိုယ်ရုပ်လည်း သိပ်မပျောက်ဘဲ ချောမောလာတဲ့ ကိုယ့်သမီးကို မြင်တော့လည်း ဒေါက်တာတို့ရဲ့ပညာစွမ်းကို မချီးကျူးဘဲ မနေနိုင်တော့ဘူး၊ ပလက်စတစ်ဆာဂျရီ(Plastic surgery) နည်းပညာဟာ တော်တော်လေးကို ထိရောက်တာပဲဗျာ"

ဦးမောင်နီကိုယ်တိုင် ဝမ်းသာအယ်လဲ ဖက်လဲတကင်း ရှိသည်ဆိုတော့ ဒေါက်တာနေမျှ ပင်ပန်းရကျိုးနပ်လေပြီ။

ဆေးခန်းသို့ လုံးဝလာပြစရာ မလိုတော့ဘဲ စိတ်ကြိုက်အလှပြင်ပစ္စည်းများ သုံးစွဲနိုင်ပြီဆိုတော့ ခေတ်စတိုင်လ်လေးနှင့် မိတ်ကပ်ပါးပါးသာ လိမ်းကျံထားပြီး နှုတ်ခမ်းနီဖျော့လေးနှင့် မေနီမှာ အလှကြီးလှနေသည်။

"လေးလေးဒေါက်တာ ဟင်းထည့်စားပါဦး၊ ကျွန်မ ခပ်ထည့်ပေးမယ်နော်"

မေနီက ဟင်းကို တစ်မယ်ပြီးတစ်မယ် ခပ်ထည့်ပေးလေသည်။

ဦးမောင်နီနှင့်ဒေါ် ထွေးထွေးငယ်တို့မှာလည်း စည့်ဝတ်ကျေပြွန်လှသည်။

သမီး၏ဆန္ဒကို မလိုက်လျောချင် လိုက်လျောချင်နှင့် စိတ်တထင့်ထင့်နှင့် လိုက်လျောလိုက်ရပြီးနောက် မျှော်လင့်ထားသည်ထက် အခြေအနေ ကောင်းမွန်ပြီး သမီးချောလေးကို မြင်တွေ့လိုက်ရရုံမက သမီးမှာ ပျော်ရွှင်နေသည်ကို မြင်လိုက်ရတော့ ဘယ်မိဘမဆို ပီတိဖြစ်မည်မှာ မလွဲချေ။

ကေခိုင်ကလည်း ဖိတ်ကြားထားသူထဲတွင် ပါဝင်ကာ မေနီ





နှင့်အတူ ဝိုင်းကူလုပ်ပေးနေလေသည်။

တူမကေခိုင်နှင့်မှ ရွယ်တူမေနီကို ကြည့်မိလေတိုင်း နှလုံးသားလှိုင်း ပုတ်ခတ်မှုကို ဒေါက်တာနေမျှ ဥပေက္ခာပြုနိုင်အောင် ကြိုးစားရလေသည်။

ကေခိုင်နှင့်မေနီက ကွန်ပျူတာတက္ကသိုလ် စတက်စဉ်ကမှ သိကျွမ်းသော အတန်းဖော်သူငယ်ချင်း၊ အသက်ချင်းကလည်း ရွယ်တူဆိုတော့ အခု ကေခိုင်နှင့်မေနီ အသက်(၂၂)နှစ်။

သူ့အသက်က (၃၈)နှစ်။ လေးဆယ်နား ကပ်နေပြီ၊ အသက်အားဖြင့် ကွာခြားသည်။

နောက်ပြီး မေနီက လူတစ်ယောက်ကို တစ်ဖက်သတ် စွဲလမ်းနှစ်သက်မြတ်နိုးနေသည်။

ဒေါက်တာနေမျှအပြုံးတို့သည် မလင်းလက်ချေ။

စားသောက်ပြီး စကားအနည်းငယ် ပြောပြီး နောက်ဆုံးပြန်သူမှာ သူသာလျှင်ဖြစ်ပြီး ကေခိုင်က အပြန်ကားကြုံလိုက်လာသဖြင့် ကေခိုင်အိမ်ကို ပြန်ပို့ပေးရသည်။ လမ်းမှာ ကေခိုင့်စကားတွေက သူ့နှလုံးသားကို မီးလောင်တိုက်သွင်းလိုက်သလို ခံစားလိုက်ရသည်။

"မီမေတော့ မနက်ဖြန်ကစပြီး အချစ်နည်းဗျူဟာတွေ တင်ပြီး အချစ်စစ်မျက်နှာ ဖွင့်တော့မယ်တဲ့ လေးလေး၊ အဟီး. . ခင်းလှဘော်ပဲ ကြွေမလား သူပဲ ဟတ်ဒ်ထိပြီး သေမလား မသိဘူး"

"ညည်းကလည်း. . . ဒီလောက်အထိတော့ ဘယ်သူမှ မဖြစ်ပါဘူး၊ မေနီက အလုပ်တောင် ထွက်ခဲ့တာမှတ်လား"

မေနီဘက်က အခမဲ့ရှေ့နေ အလိုအလျောက် ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဒါကလည်း နည်းဗျူဟာတွေထဲက အချက်တစ်ချက်ပဲ"

"ဘာဖြစ်လို့လဲ"

"မင်းလှဘော်က စည်းတစ်ခု ထား,ထားတယ်၊ သူ့ကုမ္ပဏီက ဝန်ထမ်းတွေနဲ့ မရှုပ်ဘူး၊ အလုပ်နဲ့ကိုယ်ရေးကိုယ်တာ ခွဲခြားထားတဲ့သဘောပဲ လေးလေးရယ်"

မင်းလှဘော်ဆိုသည့်လူမှာ သူ ခန့်မှန်းခြေအရဆိုလျှင် ချောင်းသာကမ်းခြေမှာတုန်းမှာ မေနီ ငေးမောကြည့်နေတတ်သော သူ ဖြစ်မည်ဟု သူတွက်ဆထားသည်။

"ဒီလူက လူချောပဲ"

"ဟုတ်တယ်. . . လူကလည်း ချော၊ မိဘတွေကလည်း ချမ်းသာတော့ သူ့အလိုလို အမ်ဒီရာထူးကို ရောက်သွားတာပေါ့"

"အသက်ငယ်ဦးမယ် ထင်တယ်"

"ကေတို့ထက် ကြီးလှ နှစ်နှစ်သုံးနှစ်ပေါ့"

ဒေါက်တာနေမျိုး သက်ပြင်းချလိုက်မိသည်။ သက်တူရွယ်တူတွေပဲ အိမ်ထောင်ဘက်အနေနဲ့ ကောင်းပါတယ်။

"မေနီက သိပ်အသားနာမှာ ကြောက်တာ ဆေးထိုးခံရမှာတောင် အသားကုန် ကြောက်တဲ့လူက အချစ်စွမ်းအားနဲ့ မျက်နှာကိုတောင် ခွဲစိပ်ခံရဲတယ်ဆိုတော့ လေးလေးသာ စဉ်းစားကြည့်တော့"

ဒေါက်တာနေမျိုးမှာ မေနီကို ကရုဏာသက်ပြီးရင်း သက်နေမိသည်။ ဒီကောင်မလေး စိတ်ရင်းကောင်းသည်။ ချောင်းသာကမ်းခြေမှာ ရေကြောက်သော သူ့ကို တရင်းတနှီးပင် အကူအညီပေးခဲ့သည်ကို မြင်ယောင်မိရင်း ရင်ဝယ် မြတ်နိုးစိတ်လေးက ဖြစ်





ထွန်းလျက်ရှိလာသည်။

"တစ်ဖက်က အချစ်ကို ရဖို့မရဖို့ မသေချာသေးဘူး၊ သူ့ဘက်က ပေးဆပ်ထားလိုက်ရတာ၊ အလုပ်လည်း ထွက်ပစ်တယ် ခွဲစိပ်လည်း ခံထားတယ်၊ ကေတို့သာဆိုရင် အသားလည်း အနာမခံနိုင်ဘူး၊ အနစ်နာမခံနိုင်ပေါင်"

"ညည်းက ပြောအားရှိတာပေါ့၊ ကောင်လေးဘက်က လာတောင်းတာဆိုတော့"

ကေခိုင်က စပ်ဖြဲဖြဲလေး လုပ်ကာ. .

"အဟီး. . . ဒါပေါ့၊ လူချင်း တူပေမယ့် ကံချင်းကတော့ ယှဉ်လို့မရဘူးဆိုတာ၊ လေးလေး မနာလိုမဖြစ်နဲ့၊ ဒါနဲ့ လေးလေးကော အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား၊ လေးလေးအသက်က လေးဆယ်နား ကပ်နေပြီနော်၊ မေမေတို့ ရှာပေးတဲ့သူတွေကိုလည်း ငြင်းခဲ့တယ်ဆို၊ ကေ ရှာပေးရမလား"

"တော်ပါတော့ မယ်မင်းကြီးမ၊ ကျုပ်ဘာသာကျုပ် အေးအေးပဲ နေပါရစေ"

"လေးလေးကလည်း. . . အသက်ကြီးလာတော့ ဆေးပေးမီးယူ လိုတာပေါ့"

"ဖူးစာဆိုတာ ဖန်တီးယူစရာ မလိုပါဘူးဟာ၊ သူ အချိန်ကျရင် ဖြစ်လာမှာပါ၊ ကျုပ်ဘဝ နေဝင်ချိန်ကိုလည်း ဘယ်တူ တူမကိုမှ အားမကိုးဘူး၊ ရတနာသုံးပါးပဲ အားကိုးရာ အစစ်အမှန်နဲ့ လေးလေး မေလိုပဲ တရားဖက်ပြီး နေသွားမှာပေါ့ မိကေရာ၊ ညည်းတို့ ကျုပ်ကို ပူပန်ပေးဖော်ရလို့ ဝမ်းသာပါတယ်၊ ဒါပေမယ့် အေးအေးပဲ နေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနေမျုးက အပူနေသော ဒေါ်ငယ်လေးလေးမေကို အမှတ်ရပြီး ပြောလိုက်လေသည်။

မိဘနှစ်ပါး ဆုံးသွားပြီးနောက်ပိုင်း အဒေါ် ငယ်ဖြစ်သော လေးလေးမေက သူ့ကို မိဘသဖွယ် ဆက်လက်စောင့်ရှောက်ပေးခဲ့သည်။ လေးလေးမေက တရားသမားပီပီ သူ့အိမ်ထောင်ရေးကို ဖွက်ဖန်တီးပေးခြင်းမျိုး နားချပေးခြင်းမျိုး မရှိပါချေ။

"ဘွားလေးနဲ့ နေလို့ ဘွားလေးဓါတ်တွေ ကူးပြီး လူပျိုကြီး ဖြစ်သွားတော့မယ် ထင်ပါတယ်. . ကျွတ်. . ကျွတ်၊ လေးလေးရာ လူပျိုကြီးတော့ တစ်သက်လုံး မလုပ်ပါနဲ့. . . ပျင်းစရာကြီး"

ဒေါက်တာနေမျုး ကြားဖူးသော "ရတာမလို လိုတာမရ" ၍ လူပျိုကြီးအပျိုကြီး ဖြစ်တယ်ဆိုသောစကားကို သဘောပေါက်လာသည်။

"ကိုင်း. . . မိကျောင်းမင်း ရေခင်းပြမနေနဲ့ မိကေ၊ ညည်း အိမ်ရှေ့ ရောက်နေပြီ. . . ဆင်းတော့"

ကားကို ခြံရှေ့လမ်းမဦသာ ထိုးရပ်ပေးလိုက်သည်မို့. . .

"ဟင်. . . လေးလေးက အိမ်ထဲ မဝင်တော့ဘူးလား"

"မဝင်တော့ဘူး. . . ပင်ရင် အစ်မကြီးရဲ့ယပ်ပိတ်တရား နာနေရဦးမယ်၊ ကိုင်း. . . စကားမရှည်နဲ့၊ ဆင်းမှာသာဆင်း"

ကေခိုင် နှုတ်ခမ်းစူပွစူပွ လုပ်ကာ ကားပေါ်မှ ဆင်းသွားလေသည်။

ထိုအခါမှ ဒေါက်တာနေမျုး ကားမောင်းထွက်ခဲ့ရင်း လေပူ တစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ရင်ထဲမှာ ရှိနေသော အချစ်အမြုတေလေးကို ဘယ်သူမှ





မတွေ့မြင်နိုင်ကြပါလား။

"အင်းလေ. . . အရွယ်ချင်း ကွာနေတာကိုး"


ဟု ဖြေသိမ့်တွေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၃)

မေနီ၏နှလုံးခုန်သံစည်းချက်က မြန်ဆန်လွန်းလှသည်။

မင်းလှဘော်၏ရုံးခန်းနား နီးလာလေလေ စိတ်လှုပ်ရှား

က ပိုလာလေလေဖြစ်သည်။

အချစ်ရေး စစ်တလင်းပြင်မှာ အချစ်ကြီးသူတို့သည်သာ

ရှုံးနိမ့်ရစမြဲ ဖြစ်သည်မို့ မေနီ ရုံးခန်းတံခါးဝရှေ့ တုန့်ကနဲ ရပ်ဆိုင်း

လိုက်ပြီး အသက်ကို ဝဝရှူသွင်းပြီး လေကို မှုတ်ထုတ်လိုက်သည်။

စိတ်ထဲ ကြိတ်၍လည်း ကိုယ့်ကိုယ်ကို အားပေးလိုက်သည်။

ယခုမေနီသည် ယခင် မင်းကုမ္ပဏီမှ ကွန်ပျူတာ ဒီဇိုင်းနာ





လေး မဟုတ်တော့။ ဧည့်သည်မိန်းမချောလေးအဖြစ် ရောက်ရှိလာ

ခြင်းဖြစ်သည်။ ဘာကိုမှ ပူနေစရာမလို။

မေနီ အခန်းတံခါးကို အသာတွန်းဖွင့်လိုက်သည်။

မန်နေဂျင်း၏အတွင်းရေးမှူး စံပယ်က ခေါင်းထောင်ကာ

သူ့အား ကြည့်လိုက်ပြီး. . .

"ကြွပါရှင်. . ဟင်. . မေနီ. . မေနီမှတ်လား"

စံပယ်က ရုတ်တရက် အံ့အားသင့်သွားပြီး မယုံကြည်နိုင်

သလို မေးလိုက်လေသည်။

မေနီရင်ထဲ ကြိတ်၍ ပီတိဖြစ်သွားသည်။ သို့သော် ထိုဝမ်း

သာမှုကို စံပယ် မရိပ်မိစေရန် ဖုံးဖိထားရင်း နှုတ်ခမ်းတွန့်ရုံသာ

ပြုံးလိုက်ပြီး. . .

"စံပယ်ကလည်း. . . မတွေ့ခဲ့တဲ့ နှစ်လကျော်အတွင်း

လောက်တောင် စိမ်းကားသွားရသလား။ ဆရာ ရှိသလား"

"မေနီက ပြောင်းလွဲသွားတာကိုး၊ မျက်နှာပြင်လိုက်တာ

လား"

"ဆိုပါတော့"

"ဆရာရှိတယ်. . . ဝင်သွားလေ"

မင်းလှဘော် အခန်းတံခါးကို အသာခေါက်ကာ အချက်

ပေးလိုက်ပြီးမှ တံခါးကို အသာတွန်းဖွင့်ဝင်လိုက်သည်။

မင်းလှဘော်သည် တယ်လီဖုန်း ပြောနေရာမှ သူ့အား

မော့ကြည့်လိုက်သည်။ မျက်ဝန်းက ရုတ်တရက် အရောင်ပြောင်းသွား

သည်။

"အိုကေ. . . ဒါဖြင့် ဒါပဲလေ၊ ညနေမှ တွေ့ကြတာပေါ့. .



www.burmeseclassic.com

www.burmeseclassic.com



ဘိုင့်. . . ”

ဟု ဖုန်းစကားပြောနေခြင်းကို ဖြတ်ချလိုက်ပြီး မေနီအား ဟောက်ပသောအပြုံးလေးနှင့်အတူ ထကာ ကြိုဆိုလိုက်သည်။

“လာ. . မေနီ. . ထိုင်”

ညွှန်ခုံဆိုဖာဆီသို့ မင်းလှဘော် လျှောက်လာပြီး ထိုင်လိုက်သည်။ မင်းလှဘော် ထိုင်ပြီး မေနီက ဝင်ထိုင်လိုက်သည်။

“နှုတ်ထွက်စာ ပြန်ရုပ်သိမ်းဖို့ လာတာလား”

မင်းလှဘော်က သူ့လိုရာကို ဆွဲတွေးပြီး မေးလိုက်သည်။ မင်းလှဘော်ထံမှ အကြည့်က အရောင်ပြောင်းလာသည်ဟု မေနီ ခံစားလိုက်ရလေသည်။

“မဟုတ်ပါဘူး ဆရာ၊ အတည်ပြုပေးဖို့ လာပြောတာပါ”

“မင်း အခြားကုမ္ပဏီကို ကူးမလို့လား”

“မဟုတ်ပါဘူး ဆရာ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်မလားလို့ စဉ်းစားနေတာပါ”

“မော်ဒယ်လ်သင်တန်း တက်ပြီး အက်တာလုပ်တော့မလို့လား”

“အက်တာဖြစ်ဖို့ဆိုတာ ဝါသနာရယ် ကြိုးစားမှုရယ် ပါရမီရယ် ပါမှဖြစ်မှာပါ ဆရာ၊ ဖန်တီးယူလို့ မရပါဘူး”

“ဒါဖြင့် ဘာလုပ်ငန်းလုပ်မယ်လို့ စဉ်းစားထားလို့လဲ”

“ခုထိတော့ မစဉ်းစားမိသေးပါဘူး”

“အချိန်တွေ အလကား ဖြုန်းတီးနေတော့မှာလား မေနီ မင်းမှာ ရည်ရွယ်ချက်ကို တွေ့ဝေမနေဘဲ အမြန်ဆုံး အကောင်အထည် ဖော်ပစ်လိုက်တော့ပေါ့ မေနီ”





အမြဲတမ်း တက်ကြွလန်းဆန်းနေသော မင်းလှဘော်က တော့ သူ့ထုံးစံအတိုင်း သူ့စိတ်နှင့် နှိုင်းကာ ပြောလိုက်လေသည်။

မေနီ မင်းလှဘော်ကို စိတ်ဝင်စားမိသော အချက်လေး တွေထဲ ဒီအချက်လည်း ပါသည်။

အမြဲတက်ကြွလန်းဆန်းနေတတ်သော မင်းလှဘော်၏ အပြုံးနှင့် လှုပ်ရှားမှုတို့က သူ့နှလုံးသားကို စွဲငြိစေသောအချက်များ ဖြစ်သည်။

“ခုလို အကြံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ”

“နိုး. . နိုး. . ကိုယ် မင်းကို တစ်ခုမေတ္တာရပ်ခံရတော့မယ်”

“ဘာများပါလဲ ဆရာ”

“အဲ. . အဲ့ဒီ. . ဆရာဆိုတာကိုပါပဲ”

“ရှင်. . ”

“ဆရာဆိုတာ ကိုယ့်အတွက်တော့ ကိုယ့်ကုမ္ပဏီဝန်ထမ်းတွေရဲ့ခေါ်ဆိုမှုသက်သက်အတွက်ပဲ ကိုယ့်နားမှာ ရတယ်၊ မေနီက ကိုယ်တို့ဆီမှာ အလုပ်မလုပ်တော့ဘူးဆိုရင် မေနီက ကိုယ့်ရဲ့ မိတ်ဆွေအဖြစ် ပြောင်းလွဲသွားပြီ၊ အိုကေ. . . ပေါက်တယ်နော်”

“ဟုတ်ကဲ့ပါ ဆရာ”

“ဟော. . . ”

မင်းလှဘော်က လက်ညှိုးကလေးတစ်ချောင်း ထောင်ကာ နှုတ်ခမ်းနှစ်လွှာကြား ကန့်လန့်ဖြတ်ပြလိုက်သည်။

မေနီ ပြုံးကာ. . .

“ဆောရီး ကိုမင်းလှဘော်၊ ဒါဖြင့် ကျွန်မ နှုတ်ထွက်စာကို အတည်ပြုလိုက်ပြီပေါ့နော်”



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မတွေ့ဝေစဖူး တွေ့ဝေမိတာ ကိုယ့်ဘဝမှာ ဒါ ပထမဆုံးများ ဖြစ်နေမလား မသိပါဘူး မေနီ"

"ရှင်. . . ဘာဖြစ်လို့ပါလဲ"

"မင်းကို ကိုယ့်မျက်စိရှေ့မှာလည်း အမြဲရှိနေစေချင်တယ် ဒါပေမယ့် ကိုယ့်ခံယူချက်အရလည်း မင်းကို ကိုယ့်ကုမ္ပဏီပြင်ပက မိတ်ဆွေသူငယ်ချင်းအဖြစ် ရှိနေတာကို သဘောကျတယ်၊ ကိုင်း. . မေနီ၊ စကားကောင်းနေတာနဲ့ မင်းကို ဘာမှ ဧည့်မခံမိဘူး ဖြစ်သွားတယ်၊ ကိုယ်လည်း နေ့လည်စာ အပြင်ထွက်စားမှာမို့ မင်းကို အပြင်ဆိုင်မှာပဲ ဧည့်ခံတော့မယ်နော်"

မေနီရင်ထဲ နှလုံးသားရင်ပြင် လှိုင်းဂယက်တွေ ထနေမလေသည်။

ဟာကယ့်ကို အလုအပကြိုက်သောသူ၊ အလုအပကို ကိုးကွယ်တတ်သောသူပါလားဟု မေနီ ကောက်ချက်ချရင်း မင်းလှဘော်၏နှလုံးသားကို ဖောက်ထွင်းကြည့်ချင်နေမိသည်။ သို့သော်. .

"ကျေးဇူးပါပဲ ဆရာ၊ ဒီနေ့တော့ သည်းခံပါ၊ ကျွန်မ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေကို နှုတ်ဆက်ရဦးမှာမို့လို့ပါ၊ နောက်များ ကြုံတော့မှပေါ့. . ဆ. . အဲ. . ကိုမင်းလှဘော်"

"အိုကေ. . . ဒါဖြင့် ဒီနေ့ အကြွေးမှတ်ထားလိုက်၊ ကိုယ် ကျွေးမှာနော်. . . အိုကေ"

"ဟုတ်ကဲ့ပါ. . . ကျွန်မကို ခွင့်ပြုပါဦး ကိုမင်းလှဘော်"

"အိုကေ. . . မကြာခင် ထပ်တွေ့ကြုံကြသေးတာပေါ့"

"ဟုတ်ကဲ့"

မေနီ အပြုံးနှင့် နှုတ်ဆက်ပြီး မင်းလှဘော်အနီးမှ မခွာချင်





ဘဲ ကျောခိုင်းထွက်ခဲ့ရလေသည်။

ဖြစ်နိုင်လျှင် မင်းလှဘော်အပါး၌ ရာသက်ပန် နေထိုင်ချင်ပါသည်။ မင်းလှဘော်မျက်နှာကို မျက်တောင် [illegible] ကြည့်နေချင်ပါသည်။

ထိုစိတ်ဆန္ဒ ဟူသမျှကို ချိုးနှိမ်ပစ်လိုက်သည်။

လက်ဖက်ကောင်း စားချင်လျှင် ပလောင်တောင်တက်နေရမည်ပေါ့။

မင်းလှဘော် အခန်းအပြင်ဘက် ရောက်တော့ စံပယ်က ခပ်တိုးတိုးပင်. . .

"နင် ဦးအိုကေဆီ ဘာလာလုပ်တာလဲ၊ အလုပ်ပြန်ဝင်တာလား"

ကုမ္ပဏီက ဝန်ထမ်းအချို့က မင်းလှဘော်ကို ဦးအိုကေဟု ကွယ်ရာ၌ ကင်ပွန်းတပ်ထားကြသည်၊ အိုကေဟု မကြာခဏ ထည့်သုံးတတ်သည်မို့ ဖြစ်သည်။

"မဟုတ်ဘူး. . . နှုတ်ထွက်တာကို အတည်ပေးဖို့ လာပြောတာ၊ နင်အားရင် ကင်န်တင်းကို လာခဲ့နော်၊ ငါ အစ်မကြီးတို့ဆီ အရင်သွားနှုတ်ဆက်လိုက်ဦးမယ်"

"အင်း. . အင်း. . ဆရာ အပြင်သွားပြီးရင် ငါလာခဲ့မယ်"

မေနီ အခြားရုံးခန်းများဆီသို့ ဦးတည်လိုက်သည်။

မေနီ့ခြေလှမ်းများက ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့် ရှိနေလေသည်။

မိန်းမတစ်ယောက်၏အလုအပကို တိုင်းတာနိုင်သော မင်းလှဘော်၏စံချိန်ခွင်က မိမိကို စိတ်ဝင်စားမှုစံချိန် ချိုးလိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မိမိသည် အများစိတ်ဝင်စားမှု ခံရလောက်သော မိန်းမ ချော မိန်းမလှလေးတစ်ယောက် ဖြစ်သွားပြီဟု. . .။

မေနီ အနာခံကာ ခွဲစိပ်ကုသရကျိုးနပ်သွားလေပြီ။


မေနီ၏ခြေလှမ်းတိုင်းသည် သစ်လွင်ကာ တက်ကြွမှု အပြည့်နှင့် ဖြစ်သည်။ ရင်ထဲမှ. . .

"ကျေးဇူးတင်လိုက်တာ လေးလေးဒေါက်တာရယ်"

ဟု မြည်တမ်းလိုက်လေသည်။







# အခန်း(၁၄)

ဒေါက်တာနေမျိုး ဖုန်းစကင်န်ပေါ်၌ ပေါ်လာသော မေနီ ဆိုသည့်အမည်ကလေးကို တွေ့လိုက်ရသည်နှင့် ထခုန်မတတ် ဝမ်းသာသွားသည်။

"ဟယ်လို"

"ဒေါက်တာ. . . မေနီပါ"

"အင်း. . မေနီ ပြောလေ"

"ဒေါက်တာ နေကောင်းလားဟင်"

သူ့ကို သတိတရ ဖုန်းဆက်ဖော်ရခြင်းအတွက် သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စေသော ဆုလက်ဆောင်ကြီးတစ်ခုပင်ဖြစ်သည်။

"ကောင်းပါတယ်. . . ညည်းကော အားလုံးအဆင်ပြေတယ် မှတ်လား"

"ပြေပါတယ် လေးလေး၊ ဘာတစ်ခုမှ ဝေဒနာ မပေးလာဘူး၊ မှန်ကြည့်မိတိုင်း လေးလေးဒေါက်တာကို ကျေးဇူးတင်ကြောင်း စိတ်ထဲက အမြဲပြောနေမိတာ"

အသံလေး အပြောလေးနှင့်ပင် ဒေါက်တာနေမျှးရင်မှာ ကြွနေလေပြီ။

"ဒီစကားကြားရတာ ဝမ်းသာပါတယ်"

"လေးလေးဒေါက်တာ အားသလားဟင်"

"အားပါတယ်. . . ဘာလုပ်မလို့လဲ"

"မိကေနဲ့ ဟော့ပေါ့သွားသောက်မလို့ လေးလေးကိုပါ ဖိတ်ချင်လို့ပါ"

"အင်း. . . ကလေးတွေ ကျွေးတာကို စားရမှာ အားနာစရာကြီး၊ ဒီလိုလုပ်. . . ကျုပ်ကျွေးမယ်၊ ညည်းမောင်ပါ ခေါ်ခဲ့လေ"

"ဟင့်အင်း. . . ကျွန်မပဲ ကျွေးမယ်၊ မောင်လေးက သူ့ကောင်မလေးနဲ့ လစ်သွားပြီ၊ ဒါကြောင့် ကျွန်မပဲ ကျွေးမယ်၊ နောက်မှ လေးလေးဒေါက်တာအလှည့်ပေါ့နော်"

"ဟုတ်ပါပြီ. . . ဘယ်ကိုလဲ"

"ဆဲဗင်းအပ် ညနေခြောက်နာရီ"

"ကောင်းပြီ"

"ဒါဖြင့် ဒါပဲနော် လေးလေး"

ဒေါက်တာနေမျှး အလိုလို ပြုံးမိလျက်သား ဖြစ်သွားသည်။





မျှော်လင့်ချက်ရောင်နီ သန်းလာပြီထင့်။

ကောင်မလေး သူ့အပေါ် အမှတ်တရ ရှိနေသည်ဆိုတော့ ကောင်မလေးနှလုံးသားကို ချဉ်းကပ်ဝင်ရောက်နိုင်သော အခွင့်အလမ်းတော့ ရှိလာပြီ ထင်သည်။

သို့သော် ကောင်မလေးက တစ်ဖက်သတ် ချစ်နေသော ကောင်လေးတစ်ယောက် ရှိနေသည်ဆိုတော့ သူ မျှော်လင့်ချက်ကင်းမဲ့သလို ခံစားနေရသည်။

မည်သို့ဆိုစေကာမူ ရယူချင်တာကို ဘာမှမလုပ် မကြိုးစားကြည့်ဘဲ လက်လျှော့လိုက်ဖို့ဆိုတာ သူ့ရဲ့ဘောကြောင်လွန်းရာ ကျသည်။ စစ်မရောက်ခင် မြားကုန်ပါတယ်ဆိုတာ ယောကျ်ားကောင်းတစ်ယောက်အလုပ် မဟုတ်ဘူးဟု သူထင်သည်။

ဘာပဲဖြစ်ဖြစ် သူကြိုးစားကြည့်မည်။

ဆယ်ကျော်သက်ဘဝက ပေါ်ပေါက်ခဲ့ဖူးသော ထောင့်ငါးရာအချစ်သည် ယခုမှတစ်ဖန် ပြန်လည်ပေါက်ဖွားလာသည်။

ဒါကို အချစ်ဆုံးနှင့် နောက်ဆုံးအချစ်ဟု သူ သတ်မှတ်လိုက်သည်ဆိုတော့. . .

ကိုအချစ်ကို ရယူဖို့ သူ သတ္တိတွေ မွေးကာ ကြိုးပမ်းလိုက်တော့မည်။

"သား. . လူလေး. . ဟဲ့"

သူ့နားစည်ထဲသို့ လေးလေးမေ၏အသံလှိုင်း ရိုက်ခတ်လာတော့မှ သူ အတွေးရေလျဉ်ထဲ မျောပါနေမှုက လွတ်မြောက်လာသည်။

"ဗျာ. . ဗျာ. . လေးလေးမေ"



www.burmeseclassic.com

www.burmeseclassic.com



"ကုလားထိုင်ပေါ် ငုတ်တုတ်ကြီးများ ထိုင်အိပ်နေလားလို့" လေးလေးမေကို သူ ပြုံးတုံးပြုံးတဲ ကြည့်ရင်း . .

"မဟုတ်ပါဘူး . . . အတွေးလွန်သွားလို့ပါ"

"ဘာတွေများ တွေးစရာရှိနေလို့လဲ"

"ဘာမှမဟုတ်ပါဘူး . . . လူနာတွေအကြောင်းပါ၊ ဘာကိစ္စရှိလို့လဲ လေးလေးမေ၊ ကျွန်တော့်ကို ဘာပြောမလို့လဲ"

လေးလေးမေက သူ့ရဲ့အမေဆိုလည်း မမှားပေ။ သူ အမြဲလေးစားချစ်ခင် တန်ဖိုးထားရသည့်အဒေါ်ဖြစ်သည်။

"ထမင်းစားရအောင် လာခေါ်တာ"

ဒေါက်တာနေမျိုး လျှပ်တစ်ပြက် စဉ်းစားလိုက်သည်။

ယခုမှ အချိန်က ငါးနာရီဆိုတော့ ဟော့စပေ့ါ်သွားသောက်ဖို့ အချိန်လိုသေးသည်။ လေးလေးမေနှင့်အတူ အဖော်ပြုပေးပြီး အနည်းအကျဉ်းတော့ စားလိုက်ဦးမည်။

"ကျွန်တော် ညစာစားဖို့ ချိန်းထားတယ်၊ ဒါပေမယ့် ခုနည်းနည်းတော့ စားလိုက်ဦးမယ်"

"အင်း . . လာလာ၊ ထမင်းမစားလည်း ဟင်းလာစား သား၊ မင်းကြိုက်တဲ့ ပိန်းရိုးဟင်းခါးနဲ့ ပုစွန်စိမ်း သုတ်ထားတယ်"

"အား . . . ကောင်းလိုက်တာ"

လေးလေးမေ ပခုံးကို ဖက်ပြီး သူ စာကြည့်ခန်းထဲမှ ထွက်လာခဲ့လေသည်။

အသက်ခြောက်ဆယ်ကျော် နှစ်နှစ်စွန်းသွားပြီဖြစ်သော လေးလေးမေကို သူ အဖေကိုယ်စားကော အမေကိုယ်စားကော ဂရုစိုက် ပြုစုရမည်ဖြစ်သည်။





လေးလေးမေက တရားသမားမို့ သူ့အတွက် လုံးဝတာဝန်မယူရအောင် နေတတ်သူဖြစ်သည်။

တူတွေ တူမတွေကို ဒုက္ခမပေး။ ရောဂါကြီးကြီးမားမားလည်း မရှိ၊ လောကကြီးကို တရားနှင့် ဆင်ခြင်ပြီး နေတတ်အောင်နေပြီး သေတတ်ဖို့လည်း ပြင်ဆင်ထားပြီးသူ ဖြစ်သည်မို့ သူ့အနေနှင့် လေးလေးမေအတွက် စိတ်မှာ ချမ်းမြေ့ရလေသည်။

တူဝရီးနှစ်ယောက် ထမင်းစား,စားပွဲတွင် ထိုင်မိသည်နှင့် လေးလေးမေက သူ့ထမင်းပန်းကန်ထဲမှ ထမင်းကို တဝက်ပြန်လျှော့လိုက်သည်။

"ရင်မပူအောင် ထမင်းလေးတော့ နည်းနည်းထည့်စားလိုက်လေ သား"

"ဟုတ်ကဲ့"

ပုစွန်ထုတ် အသားအစိမ်းကို ရှောက်သီးအချဉ်နှင့် နူးအိပြီး ကျက်သွားအောင် နှပ်ထားပြီးမှ ကြက်သွန်နီ ရှောက်ရွက်တို့ အပါအဝင် အဆာပလာတွေနဲ့ သုတ်ထားသော ထိုဟင်းလျာ တစ်မျိုးကို ဒေါက်တာနေမျိုးက ကြိုက်သည်ဆိုသဖြင့် လေးလေးမေက တစ်ပတ်တစ်ခါတော့ သုပ်ပေးတတ်သည်။

ပိန်းရိုးဟင်းခါးလေးကို သောက်ရင်း . . .

"လေးလေးမေ သားကို ဘာပြောစရာရှိလို့လဲဟင်"

လေးလေးမေက မျက်နှာကို ကြည့်ကတည်းက ပြောစရာစကားရှိနေသည်ဟု သိသည်။ လေးလေးမေက သူစားသောက်တာကို တစိမ့်စိမ့် ကြည့်နေသည် မဟုတ်ပါလား။

"လေးလေးမေကော စားလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အကဲခတ်နေတာဟု သိတော့လည်း သူ စိတ်ထဲ မလုံမလဲ ဖြစ်သွားသည်။ သူ၏အေးတိအေးစက်နှင့် တည်ငြိမ်မာကျောနေသော နှလုံးသားသည် ယခုမှ ဖောက်ပြန်ကာ အချစ်ညှောင့်တို့ ပြူတစ်ပြူတစ် ထနေပြီကိုး။

လေးလေးမေ သူ့ရင်တွင်းသို့ ဖောက်ထွင်းမြင်သွားမှာ သူ စိုးရိမ်နေသည်။

"လေးလေးသူငယ်ချင်းရဲ့သမီးလည်း ဆရာဝန်ပဲ၊ သူက တော့ အိုဂျီ၊ ဟိုတလောကမှ အင်္ဂလန်က ဘွဲ့တစ်ခု ထပ်ယူပြီး ပြန်လာတာ၊ အသက်က သားထက်ငယ် လေးငါးနှစ်ပဲ၊ သူ့အမေက လည်း သူ့သမီးကို အရွယ်လွန်နေပြီဆိုပြီး စိုးရိမ်နေတယ်"

နောက်ဆုံး ဒီဘူတာပဲ ဆိုက်လိမ့်မယ်ဆိုတာ ဒေါက်တာ နေမျိုး တွက်ပြီးသားဖြစ်သည်။

"သမီးကညာ အခါမလင့်ဆိုတဲ့စကားအရဆို သူ့သမီးက အရွယ်တောင် လွန်နေပြီး သားသမီးယူဖို့အချိန်က သိပ်မရှိတော့ဘူး မှတ်လား၊ သူ့အမေ ပူမယ်ဆိုလည်း ပူလောက်ပါတယ်"

ဒေါက်တာနေမျိုး လေးလေးမေ စိတ်ချမ်းသလောက် ပြောပါစေဟု လွှတ်ထားပေးပြီး ငြိမ်သက်ကာ နားထောင်ပေးလိုက်သည်။

"သားတို့ချင်း တစ်ခေါက်လောက် တွေ့ကြည့်ပါလား"

"တွေ့တာက လွယ်ပါတယ်၊ ဒါပေမယ့် ဒီအရွယ်အထိ အပျိုကြီး လုပ်နေတယ်ဆိုတာ အကြောင်းတစ်ခုခုတော့ ရှိရမယ်"

"ဒါကတော့ ရတာမလို လိုတာမရ ဆိုတဲ့စကားလိုပေါ့ သား၊ မိန်းမသားအချို့ဟာ အချစ်ကို မကိုးကွယ်တတ်ကြဘူး





ဒါကြောင့် အချစ်ကို ဂုဏ်သိက္ခာအတွက် နှလုံးသားရင်ပြင်ထဲ သင်္ဂြိုဟ်ပြီး မြှုပ်နှံပစ်လိုက်တာတွေလည်း ရှိတတ်ကြပါတယ်၊ ကိုယ်ချစ်ရတဲ့သူဟာ ကိုယ့်ဘဝနဲ့ ဘယ်လိုမှ မအပ်စပ်တာမျိုးပေါ့ကွယ်"

လေးလေးမေက သူ၏ဘဝပေးသင်ခန်းစာနှင့် မိန်းမသား ဘက်မှ စာနာကာ ပြောနေကြောင်း ဒေါက်တာနေမျိုး ကောင်းစွာ နားလည်လိုက်သည်။

သူ အရွယ်ရောက်စက စပြီး အမျိုးတွေဆီက လေးလေး မေ အကြောင်း သိခဲ့ရသည်။

မိသားစုမျိုးရိုးက ပညာတတ်။ တရားသူကြီး ဆရာဝန် အင်ဂျင်နီယာ ဆရာမ စသည်တို့တွင် လေးလေးကိုယ်တိုင် တက္ကသိုလ်မှ ကထိကတစ်ဦးဖြစ်ခဲ့သည်။

မောင်နှမတွင် အငယ်ဆုံးဖြစ်ပြီး အလိုလိုက် အားလုံး အချစ်ပိုခြင်း ခံခဲ့ရသည်။ ထိုထဲ အပေးသင်တက္ကသိုလ်ကျောင်းသား တစ်ဦး သိုက်တူးသမား၏ အနှူးခံလိုက်ရသည်။ ထိုကျောင်းသား ဇစ်မြစ်ကို မိဘညီအစ်ကိုမောင်နှမတွေက သက်သေအထောက် အထားနှင့် ပြတော့မှ လေးလေးမေ ချစ်သူကို စွန့်ပစ်ခဲ့ပြီး ရင်လည်း ကွဲ အရှက်ကြီးရှက်ကာ အလုပ်မှ ထွက်ပြီး စင်္ကာပူရှိ အစ်ကိုလတ်ဆီ လိုက်သွားပြီး ဟိုမှာ (၅)နှစ်လောက် အလုပ်လုပ်ပြီး အစ်မကြီး ဒေါက်တာနေမျိုးအမေ ဆုံးသွားမှ ပြန်လာပြီး ဒေါက်တာနေမျိုးကို မိခင်သဖွယ် ပြုစုစောင့်ရှောက်ရင်း မီနီမားကတ်တစ်ခု ဖွင့်ထားပြီး ဘဝကို အချိန်ကုန်ကာ အချစ်သစ် မရှာဘဲ ကျော်ဖြတ်လာခဲ့သည် မှာ ယနေ့ထက်ထိ ဖြစ်သည်။

ဒါ ဒေါက်တာနေမျိုး သိခဲ့ရတာ လေးလေးမေ(ဒေါ်သဇင်)



www.burmeseclassic.com

www.burmeseclassic.com



၏ဘဝဇာတ်ကြောင်းဖြစ်သည်။

ဒီအတွက် ဒေါက်တာနေမျိုး လေးလေးမေကို ချစ်ခင်လေးစား ကရုဏာထားကာ လေးလေးမေ စိတ်ထိခိုက်ရမည့်အလုပ်မျိုး မလုပ်ခဲ့ပါချေ။

သို့သော် လေးလေးမေက တွေ့ဆုံခိုင်းခဲ့သော သတို့သမီးလောင်းများကိုတော့ အကြောင်းအမျိုးမျိုးပြပြီး ငြင်းဆန်ခဲ့သည်ချည်းပင်။ တရားဓမ္မအလုပ်ကို လုပ်နေသော လေးလေးမေက အဓမ္မတော့ မလုပ်ခဲ့ပါချေ။ ယခုတစ်ဖန် လာပြန်ချေပြီ။

"ဒီတစ်ခါတော့ နောက်ဆုံးအနေနဲ့ လေးမေစကားကို သားလိုက်လျောပေးပါ၊ သား သွားတွေ့လိုက်ပါ၊ သားမကြိုက်ဘူးဆိုရင်တော့လည်း လေးမေ ဇွတ်မတိုက်တွန်းတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လုပ်ငန်းချင်းလည်း တူတယ်၊ ပြီးတော့ မိန်းကလေးကချောလည်းချော ကျက်သရေလည်း ရှိတယ်"

"ချောတာက ပင်ကိုယ်ရုပ်ရည်လည်း ဟုတ်ချင်မှ ဟုတ်မှာပါ လေးမေ"

ပလတ်စတစ်ဆာဂျရီ ခွဲစိပ်ပြုပြင် အရေပြားအထူးကုဆရာကြီးပီပီ မိန်းမချောချောမှန်သမျှ ခွဲစိပ်ပြုပြင်ထားတယ်ဟူသော စိတ္တဇ စွဲနေလေပြီလားဟုပင် ကိုယ့်ကိုယ်ကို တွေးကာပြုံးလိုက်မိသည်။

"မဟုတ်ဘူး သား၊ ဒါတော့ လေးမေ အာမခံတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လေးမေ သူငယ်စဉ်ကနေ နှစ်စဉ်နှစ်တိုင်းမွေးနေ့တိုင်း ရိုက်ခဲ့တဲ့ ဓါတ်ပုံအယ်လ်ဘန်ကို ကြည့်လာပြီးလို့ပဲ၊ အနေအထိုင် အပြောအဆိုကလည်း ယဉ်ကျေးသိမ်မွေ့ပြီး လေးမေ





ကို အသိုင်းအဝိုင်းလိုပဲ နူးညံ့တဲ့ ပညာတတ်အသိုင်းအဝိုင်းမို့လို့ပဲ"

"လေးလေးမေ ဒီလောက်ညွှန်းနေမှတော့ သား တစ်ခါတော့ တွေ့ကြည့်ပါမယ်"

လေးလေးမေ မျက်နှာ ဝင်းပကြည်လင်သွားပြီး ပြုံးရယ်ကာ. . .

"ဟာ. . . ဒါဆို လေးမေ အမြန်ဆုံး စီစဉ်လိုက်မယ်၊ သားအားတဲ့ရက် ပြောလေ"

"လာမယ့်ဆန်းဒေးက ကျွန်တော့်နားရက်ပဲ လေးမေ၊ ကျွန်တော်တို့နှစ်ယောက်ထဲပဲ တွေ့ပြီး အေးအေးဆေးဆေး စကားပြောချင်တယ်နော်"

"အေးပါ. . အေးပါ. . အဲဒါ အကောင်းဆုံးပဲပေါ့၊ လောလောဆယ် ဓါတ်ပုံကြည့်ထားလိုက်၊ သားပြန်လာမှ ကြည့်၊ သားကုတင်ပေါ် လေးမေ တင်ထားလိုက်မယ်"

"ဟုတ်ကဲ့ လေးမေ"

ဒေါက်တာနေမျိုးလည်း ပြုံးလိုက်သည်။ လေးလေးမေ ပျော်သွားသည်ဆိုတော့ လေးလေးမေ၏အပျော်တွေ သူ့ထံ ကူးစက်သွားရသည်။


အဟင်း. . . လာမည့်တနင်္ဂနွေနေ့ ပြီးလျှင်တော့ လေးလေးမေ ဆက်လက်ပြုံးနိုင်တော့မည် မဟုတ်ကြောင်းကိုတော့ ဒေါက်တာနေမျိုး ကြိုတင်သိထားနေခြင်းကြောင့်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

အချိန်ကျလာတော့ ကေခိုင်က ဖွေဖောက်လာသည်။

တက္ကစီပေါ် ရောက်မှ ဖုန်းဆက်မိလိုက်တာ ကိုယ့်အမှား ပါပဲဟု မေနီ ကိုယ့်ကိုယ်ကိုသာ သတ္တုချလိုက်မိသည်။

"ငါဝမ်းသွားနေတာ (၄-၅)ခါတောင် ရှိပြီ၊ ဒါကြောင့် ငါ မလာတော့ဘူးဟာ"

"ရှင်ကတော့ လုပ်ပြီ၊ ကျုပ်ကလည်း တဝက်တောင် ရောက်နေပြီ၊ ရှင်ပဲ အပြန့်ပြန့်ပို့ပေးမယ်ဆိုလို့ ချိန်းကြတဲ့ဟာကို"

"ရှင်ကလည်း. . . မပူပါနဲ့၊ ကျုပ်ကိုယ်စား လေးလေး





ပို့ခိုင်းလိုက်မယ်၊ ပြီးတော့ သူပြန်ပို့ပေးလိမ့်မယ်"

"မိန်းမစုတ်. . ရှင်. . ရှင့်လေးလေးနဲ့ စည်းဝါးကိုက်ထားတာလား"

"ဝမ်းက တကယ်သွားတာ၊ ဝါးတီးပဲဟာ. . . မိကေတို့ ဘယ်တုန်းက ငြင်းဖူးလို့လဲ၊ ကဲပါ. . . ရှင်မြန်မြန်သွား၊ ကျုပ် လေးလေးက ခုဆို ရောက်နေလောက်ပြီ၊ ဒါပဲ. . . ဘိုင့်၊ အဲ. . မှာရဦးမယ် မိမေ၊ နင် ငါ့ဦးလေးကို ကြွေအောင်လုပ်ပြီး နားသွားရင်တော့ ငါတို့တစ်မျိုးလုံးနဲ့ တွေ့မယ်မှတ်"

"ဘာ. . ."

မေနီအော်သံကို တစ်ဖက်က ကြားမကြားတော့ မသိလိုက်ရတော့။ ကေခိုင်က ဖုန်းချသွားလေပြီ။

လေးလေးဒေါက်တာကို ကြွေအောင် သူ တစ်ခါမှ ပဲမပေးခဲ့ပါဘဲလျက် မိကေဏ ဘာတွေများ ပွားလိုက်တာလဲမသိ။

မေနီ ကသိကအောင့်လေး ဖြစ်သွားသော်လည်း ဖုန်းထပ်ခေါ်လည်း ကေခိုင် အိမ်သာတက်နေတာဆိုရင်တော့ ရတော့မည် မဟုတ်။

ဖုန်းကို ကိုင်ရင်းမှ ဖုန်းလက်ဆောင်ပေးခဲ့သူ မင်းလှဘော်ကို သတိရလာမိပြန်ပြီ။

(၃-၄)ရက်တောင် ရှိပြီ။ မင်းလှဘော်ဆီက အဆက်အသွယ် မရသေးသဖြင့် စိတ်ဓါတ်ကျချင်လာပြီ။

ဆရာစံလမ်းရှိ 7 up သို့ တက္ကစီက ချိုးဝင်လိုက်သည်။

ဒေါက်တာနေမျိုးကားကို လှမ်းတွေ့လိုက်သလို ဧည့်ကြိုခန်းထမ်းနှင့် စကားပြောနေသည်ကိုလည်း တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကားပေါ်က ဆင်းလာတော့ ဒေါက်တာနေမျှား သူ့အား မြင်တွေ့သွားပြီး အုံ့အားသင့်တန်နှင့် သူ့ထံ လျှောက်လာပြီး ကြိုဆိုလေသည်။

"ကကနဲ့ လာမယ်ဆိုရင် ကျုပ်ကို ပြောရောပေါ့၊ လာကြိုပေးမှာပေါ့ကွာ၊ မိကေနဲ့ လာမယ်ထင်နေတာ"

"မိကေက ×××××××××"

ကေခိုင် မလာဖြစ်တော့သည့်အကြောင်း ပြောပြလိုက်သည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

ဒေါက်တာနေမျှားမျက်နှာက အားတုံ့အားနာဟန် ပေါက်သွားသည်။ မေနီနှင့်သူ နှစ်ယောက်ထဲ စားသောက်ဖို့ကို တင့်တယ်ပါ့မလားဟု တွေးမိနေပုံရသည်။

မေနီက. . .

"လေးလေးဒေါက်တာကလည်း. . . ဘာဖြစ်သလဲ၊ လေးလေးက မိကေအစား ပိုစားလိုက်ရင် ဖြစ်ပါတယ်"

"ဒါဖြင့် အပေါ်ထပ်ပဲ သွားရအောင်"

အပေါ်ထပ်က Aircon နှင့် မှန်လုံခန်းဖြစ်သဖြင့် အပူစာတွေ စားသောက်ခြင်းအတွက် အဆင်ပြေနိုင်မည်ဟု ဒေါက်တာနေမျှားက တွေးကာ အပေါ်ထပ်သို့ ခါတ်လှေကားနှင့် မတက်ဘဲ လှေကားအတိုင်း တက်ခဲ့ကြသည်။

အပေါ်ထပ် လေးယောက်စားပွဲတွင် နေရာယူလိုက်ပြီးနောက် မေနီကပင် ဟော့ပေါ့ထဲ ထည့်မည့် အဆာပလာပွဲများကို မှာလိုက်သည်။



BURMESE CLASSIC .com



အကင်နှင့် အကြော်အချို့ကိုလည်း မှာလိုက်သည်။

"ထမင်းကြော်ကော မှာဦးမလား ဒေါက်တာ"

အိမ်မှာ တစ်ထပ်စားခဲ့သူ ဖြစ်သဖြင့် ဒေါက်တာနေမျှား ချက်ချင်းပင်. . .

"မစားတော့ဘူး. . . ညည်းမှာထားတာတွေ ကုန်အောင်တောင် မနည်းစားရမှာ၊ ကျုပ်က ယောကျ်ားပေမယ့် အစားမကြီးဘူး"

"ဝိတ်ထိန်းတာလား ဒေါက်တာ"

"ကျန်းမာရေးအတွက် ဝိတ်ထိန်းတာလို့ ပြောလို့ရတယ်၊ ညည်းတို့မိန်းကလေးတွေလို အလှအပအတွက် ဝိတ်ထိန်းတာမျိုးတော့ မဟုတ်ဘူးပေါ့"

မေနီ ပြုံးလိုက်သည်။ ဒေါက်တာနေမျှားနှင့် စကားပြောရဘာ ထိန်းစရာလည်းမလို၊ ရှိန်နေစရာလည်းမလို။ ပွင့်ပွင့်လင်းလင်း ပေါ့ပေါ့ပါးပါး ရှိသည်။

"ကျွန်မလည်း ဝိတ်ထိန်းတာ မဟုတ်ပါဘူး၊ ဝိတ်ချခဲ့တုန်းက အသီးအရွက်ပြုတ်ရည်ပဲ စားပြီး အကျင့်ပါနေခဲ့လို့လား မသိ၊ ညနေစာ ညစာဆို အသီးအရွက်ပြုတ်ရည်လောက်ပဲ စားဖြစ်တော့တယ်"

"ဒါ ကောင်းတဲ့အလေ့ပဲ၊ လှလည်းလှ ကျန်းမာရေးအတွက်လည်း ကောင်းဆိုတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့ကိစ္စမျိုးပဲဟာ၊ တစ်သက်လုံး လုပ်သွားနိုင်လေ ကောင်းလေပဲ. . . ဆက်ကြိုးစားသွား"

"ဟုတ်. . "



www.burmeseclassic.com

www.burmeseclassic.com



မေနီ ခေါင်းကလေး ညိတ်လိုက်သည်။ ထိုစဉ် ဒေါက်တာနေမျိုးကို လူတစ်ယောက် လာနှုတ်ဆက်သဖြင့် ဒေါက်တာနေမျိုး ပြန်နှုတ်ဆက်နေရသည်။

"ဟေး. . . ဒေါက်တာ မိပြီ"

"ဩော. . . ဦးကျင်ဝှက်"

"နှစ်ယောက်တည်းလား. . . ဒါဆို ကျွန်တော်တို့ စားရတော့မှာပေါ့နော်. . . ဆီဒိုးနားပဲလား"

"ဟာ. . . မဟုတ်ဘူး၊ ဒါ ကျွန်တော့်တူမ"

"လုပ်မနေပါနဲ့. . . ဒေါက်တာ့တူမ ကေခိုင်ကို ကျွန်တော်တို့ မသိတာကျနေတာပဲ"

"လုပ်ပြီ ဒီလူ၊ ကေခိုင်သူငယ်ချင်းဗျ"

ဒေါက်တာနေမျိုး မျက်နှာတစ်ပြင်လုံး နီတွတ်လာပြီး ရှက်ကိုးရှက်ကန်းနှင့် ဖြေရှင်းနေပုံကို ကြည့်ပြီး မေနီ ရယ်ချင်နေသည်။

မေနီရင်ထဲတော့ ဒေါက်တာနေမျိုးကို စိမ်းမနေဘဲ နွေးနွေးထွေးထွေးပင် ရှိသည်မို့ ရှက်ရမှန်းမသိ။ မှားလို့ ပြောကြတာပဲ၊ ပွဲပါတာမှ မဟုတ်တာဟုသာ ဖြေသိမ့်တွေးနှင့် ပြုံးလိုက်မိသည်။

ကောက်ညှင်းကမစေး ဆန်ကြမ်းကစေးဆိုသကဲ့သို့ ဖြစ်နေသော ဒေါက်တာနေမျိုးက ရှက်နေပုံကို ကြည့်ပြီး ရယ်ချင်နေမိခြင်းလည်းဖြစ်သည်။

"တူမသူငယ်ချင်း. . . ဒါဆို ဘာမှမတော်ဘူးပဲ. . . အဟဲ၊ သွားပြီ ဒေါက်တာ၊ အနှောင့်အယှက် ပေးမိတာ ဆောရီးပဲ"

"ခင်ဗျားဗျာ. ."





ဒေါက်တာနေမျိုးက အားတုံ့အားနာသံကြီးနှင့် ညည်းတွားလိုက်သည်။ သူ မေနီကို ရဲရဲမကြည့်ရဲတော့။ အတန်ငယ် ကြာမှ. . .

"ဆောရီးနော် မေနီ"

"ရပါတယ် လေးလေးဒေါက်တာရဲ့၊ မသိလို့ ပြောတာပဲဟာ၊ ဩော်. . လေးလေး သောက်တတ်ရင် မှာနော်"

"ဘာကိုလဲ"

"ဝီစကီတို့ဘာတို့လေ"

"ကျုပ်ပုံစံက အယ်လ်ကိုဟောလစ်ပုံ ပေါက်နေလို့လား မေနီ"

မေနီ အားနာသွားသည်။ ဒေါက်တာနေမျိုးသည် ရုပ်အချောကြီး မဟုတ်သော်လည်း ရုပ်မဆိုးဘဲ လူကြီးလူကောင်းပုံစံပေါက်ကာ ယောကျ်ားပီသသောရုပ်ရည်ရှိသူ ဖြစ်လေသည်။ ကျန်းမာရေး လိုက်စားသော ခန္ဓာကိုယ်ဖြစ်၍ ကျစ်လစ်ပြီး ကြည့်ကောင်းပါသည်။ ရှိရင်းစွဲအသက်ထက် ပိုမိုငယ်သည် ထင်ရသည်။

"ဟင့်အင်း. . . မပေါက်ပါဘူး၊ ကြည့်ကောင်းအောင် သန့်ပြန့်နေပါတယ်"

သို့ဆိုပြန်တော့လည်း ဒေါက်တာနေမျိုးက သဘောကျသွားသည့်အလား ဟက်ကနဲ ရယ်သွေးသွမ်းလိုက်ရာ ညီညာဖြူဖွေးဘောက်ပနေသော သွားစွယ်တန်းက ကျက်သရေကို ပိုမိုဖြည့်စွက်ပေးနေပြန်သည်။

နှစ်လိုဖွယ်ကောင်းပါသည်။

အကယ်၍သာ မင်းလှဘော်ဆိုသောလူကို မတွေ့ခဲ့ဖူးဆိုပါလျှင် ဒေါက်တာနေမျိုးကိုများ နှစ်သက်သဘောကျသွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



မလားဟု မေနီ ကိုယ့်ကိုယ်ကို ဆန်းစစ်ရင်း ပြုံးယောင်သန်းသွားသည်။

"လေးလေး. . . စားနော်၊ လေးလေးဒေါက်တာ ကျေးဇူးတွေက ကျွန်မအပေါ်မှာ အများကြီးပဲ ရှိတယ်၊ ဒီအတွက် ကျွန်မရင်ထဲမှာ ဒေါက်တာ့အပေါ် ကျေးဇူးတင်စိတ်က သေတဲ့အထိ သယ်ဆောင်သွားမိမှာပါ"

"မလိုပါဘူး မေနီ၊ ညည်းဆီက ဘာမျှော်လင့်ချက်နဲ့မှ ကျုပ်ကူညီခဲ့တာ မဟုတ်ဘူး၊ ကျုပ်တတ်နိုင်တဲ့အလုပ် ကျုပ် ကူညီလိုက်ရုံသက်သက်ပါပဲ"

အမှန်တော့ မေနီ မျက်နှာပြင်ဆင်စရိတ်ဆိုလျှင် ခွဲစိတ်ဆရာဝန်အတွက် ဉာဏ်ပူဇော်ခကိုက ဆယ်ပုံးကျော်လောက်ရှိသည်ဟု မေနီ မဥ္ဇူသကဆေးခန်းမှ ဆရာမတွေဆီက ကြားပြီးသားပင်။

ဒေါက်တာနေမျိုးကသူ့အတွက် ခွဲစိပ်ခ လုံးဝမယူခဲ့။

"ဒါပေမယ့် ကျွန်မအတွက်က တစ်ဘဝလုံး ပြောင်းလဲသွားသလို ဖြစ်သွားတယ်"

"မေနီ ပျော်တယ်မှတ်လား"

"ဟုတ်. . . အလွန်အမင်းကို ပျော်ပါတယ်၊ မူလရုပ်လုံးလုံးပျောက်ကွယ်သွားတာ မဟုတ်ဘဲ အကျည်းတန်စေတဲ့အရာတွေ မရှိတော့တာမို့ မှန်ထဲ ကြည့်မိတိုင်း ဒေါက်တာ့ကို စိတ်ထဲကနေ ရှိခိုးမိတယ်"

"ဒီလောက်လည်း မဟုတ်ပါဘူး မေနီရယ်၊ ကျုပ်က ကျုပ်အလုပ် ကျုပ်လုပ်ပေးရုံပါပဲ၊ ညည်းပျော်တယ်ဆိုရင် ကျုပ်ကျေနပ်ပါ





ပြီ၊ ကိုင်း. . စား. . စား"

စကားတပြောပြောနှင့် စားသောက်ရင်း ဒေါက်တာနေမျိုးကို မေနီ ပိုမိုလေးစားခင်တွယ်လာသည်။ ရှေးဘဝပေါင်းများစွာက ရင်းနှီးခဲ့သောသူတစ်ဦး ကွဲကွာနေရာမှ ပြန်တွေ့သလိုမျိုး ခံစားရလေသည်။

အိမ်အပြန်ကိုလည်း ဒေါက်တာနေမျိုးက လိုက်ပို့ပေးသည်။

ထိုနေ့ စားသောက်စရိတ်ကိုလည်း ဒေါက်တာနေမျိုးကသူ့အလစ်မှာ သန့်စင်ခန်း သွားမည် အကြောင်းပြပြီး ကောင်တာမှာ သွားရှင်းထားပြီးဖြစ်သဖြင့်. . .

"ဒေါက်တာအပေါ် ကျွန်မဆပ်ဖို့ အကြွေးထပ်တင်သွားပြန်ပြီနော်၊ လေးလေးဒေါက်တာ အားတဲ့နေ့ ကျွန်မ လိုက်ကျွေးဦးမယ်"

"အဲဒီလိုဆို ကျုပ်ရဲ့စေတနာကြွေးကို ညည်းဘယ်လိုဆပ်မလဲ"

"စေတနာကြွေးကို စေတနာနဲ့ပဲ ဆပ်မှာပေါ့ လေးလေး ဒေါက်တာရယ်. . . ခက်တာလိုက်လို့"

BURMESE CLASSIC .com

"မေတ္တာကြွေးကိုကော"

"မေတ္တာနဲ့ပဲ ပြန်ဆပ်ရမှာပေါ့"

"ကောင်းပြီ. . . ဒီစကားလေးတွေဟာ ညည်းရင်ထဲက ကမ္ပည်းတင်ထားပြီးသားစကား ဖြစ်တယ်လို့ ကျုပ်မှတ်ယူထားလိုက်ပြီနော် မေနီ၊ ဘယ်သောအခါမှ မပြောင်းလဲပါစေနဲ့"

ကားက မေနီတို့ တိုက်ခန်းရှေ့ ရောက်လာသဖြင့် မေနီက



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲ ဝင်ပါဦးလား လေးလေးဒေါက်တာ"

"အန်ကယ်လ်တို့ကို နှုတ်ဆက်တယ်လို့ ပြောပေးပါ၊ နောက်မှ လာထပ်တွေ့ပါဦးမယ်၊ ဒီနေ့တော့ မဝင်တော့ဘူး"

"ဒါဖြင့်လည်း ဂွတ်နိုက်ပါ လေးလေးဒေါက်တာ"

"ကောင်းပြီ. . . ဂွတ်နိုက်"


မေနီ ကားပေါ်မှ ဆင်းပြီး တံခါးပြန်ပိတ်ပေးသွားချိန်တွင် ဒေါက်တာနေမျိုးက လက်တစ်ချက်ပြပြီး ကားမောင်းထွက်သွားလေသည်။

မေနီလည်း တိုက်ခန်းရှိရာသို့ လျှောက်ဝင်လာရင်း ဒေါက်တာနေမျိုး၏စကားတွေ၏အဓိပ္ပါယ်ကို ဖော်ကြည့်နေသည်။

ရိုးသားဖြူစင်သောစကားတွေပဲ ဖြစ်မှာပါ။ ဘာမှ မရိုးမသား အတွေးကို တွေးစရာမလိုပါဘူးဟု. . .။







## အခန်း(၁၆)

မေနီ မျှော်လင့်နေသောအချိန်တစ်ခုကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေသည်။

×××× ဘယ်ဆီကို မင်းရောက်နေသလဲ ×××× ဘာတွေကို မင်းလုပ်နေသလဲ×××× ဘယ်သူနဲ့ မင်းရှိမလဲ ×××× သတိရပါတယ် ××××

မေနီ ဖုန်းထဲ၌ ပေါ်လာသောနာမည်ကို တွေ့လိုက်ရသဖြင့် ထခုန်မတတ် ဝမ်းသာသွားသည်။

ဖုန်းကို စရကတည်းက နံပါတ်ဝမ်း၌ မန်မိုရီ သွင်းထား



www.burmeseclassic.com

www.burmeseclassic.com



သော မင်းလှဘော်၏ဖုန်းဖြစ်နေသည်။

"ဟယ်လို"

"မေနီ. . . မင်း ကိုယ့်ဆီကအကြွေး ဘယ်တော့ ယူမှာလဲကွာ၊ ကိုယ် မင်းဆီက ဖုန်းကို စောင့်နေတာကြာပြီ"

"ဟင်. . . ဟုတ်လား၊ ဘာအကြွေးလဲ"

မေနီ ရင်ထဲ လျှော်လှိုင်းကတော့ ဖြတ်စီးသွားသည်။ သို့သော် ဟန်ကိုယ်ဖို့ဆိုသည့်အတိုင်း မသိကျိုးကျွံပြု၍ မမှတ်မိသည့်ဟန်နှင့် မေးလိုက်သည်။

"နေ့လည်စာ စည့်ခံဖို့အကြွေးလေ"

"ဩော်. . . ရပါတယ် ကိုမင်းလှဘော်ရယ်၊ ကျွန်မဘက်က အကြွေးမမှတ်ထားပါဘူး၊ ဒါကြောင့် ဒီအတွက် ခေါင်းထဲ မထည့်ထားပါနဲ့"

"မေနီက ခေါင်းထဲ မထည့်ပေမယ့် ကျွန်တော်က ထည့်ထားတယ်၊ ဒါကြောင့် မေနီကို ကျွန်တော် ဘယ်အချိန် လာခေါ်ရမလဲ"

"ကျွန်မ ဒီနေ့တော့ မအားလို့ပါ"

"ဒါဖြင့် မနက်ဖြန် နေ့လည်စာ White Rice မှာဆို ဖြစ်မလား"

"ကောင်းပါပြီ ကိုမင်းလှဘော်၊ ရှင်က ဒီလောက်ဆန္ဒရှိနေမှတော့ ကျွန်မ လာခဲ့ပါ့မယ်"

"ကိုယ် လာခေါ်ပါ့မယ်၊ ဘယ်လာခေါ်ပေးရမလဲ"

စာရင်းကိုင်သင်တန်းတစ်ခုကို တက်နေသော မေနီက သင်တန်းရှိရာနှင့်အချိန်ကို ပြောလိုက်သည်။





"အိုကေ. . . ကိုယ်သိတယ်၊ မနက်ဖြန်မှ တွေ့ကြမယ်နော်၊ အိုကေ. . ဘိုင့်"

သူ့ဆန္ဒပြည့်ဝသွားတော့ နှုတ်ဆက်ပြီး ဖုန်းကို ဦးအောင်ချသွားလေသည်။

မေနီညီမဝမ်းကွဲတစ်ယောက်ကို မဥ္စူသက ဆေးခန်းသို့ လိုက်ပို့ပေးရမည်ဖြစ်သည်။ ညီမဝမ်းကွဲက ရုပ်ရှင်အနုပညာပိုးပါသူဖြစ်သည်။ မျိုးနှင့်ရိုးနှင့် နှာခေါင်းပွသဖြင့် သူ့နှာခေါင်းလေးကို အနည်းငယ် ပြုပြင်ချင်သည်။ ပြီးမှ မော်ဒယ်လ်သင်တန်း တက်မည်ဆိုတော့ မေနီကလည်း အားပေးသည်။

မေနီ၏ပုံစံပြောင်းသွားမှုကိုလည်း အားကျသဖြင့် ပို၍ မျက်နှာကို ပြုပြင်ချင်လာသည်တဲ့။

ထို့ကြောင့် မေနီက ဆရာကြီးလုပ်ကာ ညီမဝမ်းကွဲတို့သားအမိကို ဒေါက်တာနေမျိုးဆီသို့ လိုက်ပို့ပေးရသည်။ မေနီက ကြိုတင်ဖုန်းဆက်ထားပြီးဖြစ်သဖြင့် ဒေါက်တာနေမျိုး ချိန်းထားသည့်အချိန်သို့ ရောက်အောင် သွားလိုက်ကြသည်။

"လာ. . ထိုင်ကြပါ"

ဒေါက်တာနေမျိုး၏ အပြုံးရိပ် သမ်းနေသောမျက်နှာကတော့ လူနာကို ရောဂါတဝက် သက်သာစေသည်။

မေနီညီမအား သွေးစစ် ရောဂါစစ်ဆေးလုပ်နေချိန်၌ အဒေါ်ကသာ အဖော်လိုက်သွားသဖြင့် မေနီ ဒေါက်တာနေမျိုး ရုံးခန်း၌ ကျန်ရစ်ခဲ့သည်။

"ကျွန်မကို ကိစ္စရှိမှပဲ ရောက်လာတော့တယ်လို့ လေးလေး ဒေါက်တာ အပြစ်တင်လည်း ခံရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က တစ်ဖက်သားကို အပြစ်တင်တတ်တဲ့လူမျိုး မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် ညည်းဆီက တယ်လီဖုန်း ခေါ်မယ့် အချိန်လေးကိုတော့ မျှော်လင့်နေမိသား"

မေနီ ဒေါက်တာနေမျူးကို ဖျတ်ကနဲ ကြည့်ပြီး အကဲခတ်လိုက်သည်။

ဒေါက်တာ့မျက်ဝန်းဝယ် မျှော်လင့်ခြင်းတို့ အပြည့်ပါဝင်နေလေသည်။ ပြီးတော့ စူးစမ်းခြင်း အရိပ်အယောင်များက တစိတ်တဒေသ စွက်ဖက်လျက်ရှိသည်။

"ကျွန်မ စာရင်းကိုင်သင်တန်းနဲ့ စီမံခန့်ခွဲမှုသင်တန်း တက်နေလို့ပါ"

"ကောင်းပါတယ်. . . ဘယ်ပညာမဆို တတ်ထားတော့ ကောင်းတာပေါ့၊ ကိုယ်ပိုင်စီးပွားရေး လုပ်တဲ့အခါ နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်တာပေါ့"

"ဟုတ်ကဲ့. . . လေးလေးဒေါက်တာ အားတဲ့အချိန် ပြောလေ၊ ကျွန်မကိုယ်တိုင် ချက်ပြုတ်ကျွေးမယ်"

"ဟာ. . . အဲဒါတော့ မစားချင်ဘူး"

"ဟင်. . . ဘယ်ဟာလဲ"

"ချက်ကိုလေ"

ထိုအခါမှ မေနီ သဘောပေါက်ကာ ရယ်လိုက်မိသည်။

"လေးလေးကလည်း နောက်တတ်တယ်နော်"

"ညည်းကို တွေ့တဲ့အခါမှသာ စကားတွေက အလိုလို ခုန်ထွက်လာတာပါ"

"ဟင်. . . ဒါဖြင့် လေးလေးဒေါက်တာက အရင်က





စကားမပြောတတ်ဘူးပေါ့. . . မထင်မိဘူး"

တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကျီစယ်ကာ ရယ်လိုက်မိလေသည်။

"ဟုတ်တယ်. . . ညည်းနဲ့ တွေ့မှ ကျုပ်လည်း သာလိကာ ဖြစ်သွားတော့တာ"

"ကျွန်မလည်း လေးလေးဒေါက်တာကြောင့် ဘဝမှာ ပျော်ရွှင်မှုတွေ ရရှိလာတာ၊ ဒေါက်တာ့ကျေးဇူး မမေ့ပါဘူး၊ တစ်နေ့ ဆပ်ခွင့်ကြုံပါစေလို့ပဲ ဆုတောင်းနေမိတယ်"

"မလုပ်ပါနဲ့. . . ကျေးဇူးဆိုတဲ့စကားကြီးနဲ့ ညည်းနဲ့ကျုပ်ကြားမှာ ချည်နှောင်ဖွဲ့ထားတာမျိုးကို မလိုချင်ဘူး"

"ဟင်. . . ဒါဖြင့် ဘယ်လိုပတ်သက်မှုမျိုးနဲ့ ခင်တွယ်ရမှာလဲ. . . တူဝရီးလား"

"နိုး. . နိုး. . အဲဒါကို ပိုတောင်မကြိုက်သေးတယ်၊ ကျုပ်ကို လေးလေးလို့ တူ,တူမတွေ ခေါ်တာကလွဲလို့ ကျန်ဘယ်သူမှ မခေါ်စေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ကိုယ့်ကို အသက်ကြီးနေတယ် ခံစားရလို့၊ ညည်းကို ကျုပ်က သူငယ်ချင်းအနေနဲ့ ခင်ချင်တာ"

"အို. . . မဟုတ်တာ"

"ဟုတ်ပါတယ်. . . သူငယ်ချင်းလိုမျိုး ရိုးသားပွင့်လင်းစွာနဲ့ ခင်ချင်တာ၊ အဲဒီလို ခင်လို့မရဘူးလား"

"အာ. . . ရပါတယ် လေးလေးဒေါက်တာ၊ ခင်မင်ခြင်းသာ အဓိက,မှတ်လား၊ ဒေါက်တာကြိုက်တဲ့ပုံစံနဲ့ ကျွန်မကို ခင်မင်လို့



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်"

ကျေးဇူးရှင်စစ်စစ်ကြီးကို မေနီ မဆန့်ကျင်ရက်။

ဒေါက်တာနေမျိုး ပျော်ရွှင်စေချင်သည်။ သို့သော် ကေခိုင် ပြောသလိုများ ဖြစ်နေရင်တော့ ပြဿနာပဲဟု တွေးလိုက်မိသည်။

ကေခိုင်က "မိမေ. . ကျုပ်လေးလေးက ညည်းအကြောင်းတွေ ခဏခဏ မေးတယ်၊ ညည်းကို ကြွေများကြွေနေပြီလား မသိပါဘူးအေ. . . ကြည့်လုပ်ဦးနော်၊ ကျုပ်လေးလေးကို ရှင် အီစီကလီ သွားမလုပ်နဲ့၊ ကျုပ်လေးလေးသာ ဟတ်ဒ်ထိသွားလို့က ရှင်နဲ့ကျုပ် အတွေ့ပဲ" ဟု ဆိုခဲ့ဖူးသည်ကို အမှတ်ရကာ အပြုံးရပ်တန့်လိုက်ပြီး

"လေးလေးဒေါက်တာ. . . လာမယ့်ဆန်းဒေး အားမလား"

"မအားဘူး. . . ဟောလီးဒေးနေ့တွေက လူနာများတတ်လို့ ကြားရက်ထဲမှာ နားတယ်၊ ကြာသပတေးနဲ့ တနင်္လာကို နားရက်ယူထားတယ်"

"ဒါဖြင့် မန်းဒေး အိမ်မှာ ထမင်းလာစားပါလား၊ မိကေနဲ့ လေးလေးကို ကျွန်မကိုယ်တိုင် ဟင်းချက်ကျွေးမှာ"

"အင်း. . . အားမအား ကြည့်ပြီး ဖုန်းဆက်မယ်လေ"

"မိကေနဲ့ပါ ချိန်းရမှာ၊ သူကတော့ အမြဲအားနေတဲ့သူဆိုတော့ ရမှာပါ၊ လေးလေးဒေါက်တာသာ အားဖို့ အရေးကြီးတယ်"

"ညည်းကကော. . သင်တန်းတွေ ရှိတယ်ဆို"

"ရပါတယ်. . . သူက အစောပိုင်းနဲ့ ညပိုင်းပါ"

ထိုအချိန် အဒေါ်နှင့်ညီမဝမ်းကွဲ ရောက်လာသဖြင့် စကားစ ပြတ်သွားပြီး ခွဲစိပ်ကုသဖို့အတွက် လိုအပ်သည်တို့ကို ဆက်လက်





ဆောင်ရွက်လေသည်။


မေနီ. . မဥ္ဇူသက ဆေးခန်းကအပြန်တွင် ဒေါက်တာနေမျိုးအကြောင်းကိုသာ တွေးနေမိလေသည်။

"တော်တော် သဘောကောင်းတဲ့ လေးလေးဒေါက်တာ" ဟုလည်း ရင်ထဲ အသိအမှတ်ပြုမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

"မိကေ. . . လက်ဖက်ရည်တဲ့"

နှင်းဝတီက သူ့အား တို့ကာ သတိပေးလိုက်မှ အတိတ်လွင်ပြင်ဆီသို့ ခေတ္တအလည်ရောက်ရှိနေသော မေနီ ဆတ်ကနဲ မတ်ကာ ပစ္စုပ္ပန်တည့်တည့်သို့ ပြန်လည်ရောက်ရှိလာလေသည်။

လေယာဉ်မယ်ကလေးက လက်ဖက်ရည်နှင့်မုန့်ကို လိုက်လံ ဝေငှနေသည်ဖြစ်ရာ မေနီ လှမ်းယူလိုက်သည်။

"ကျုပ်က ရှင်အိပ်နေသလားလို့"

"မအိပ်ပါဘူး"





ပြတင်းပေါက်မှ ကြည့်သော်လည်း တိမ်တောင်တိမ်လိပ်တို့သာ ရှိသဖြင့် ရိုးအီသွားပြီး မကြည့်ချင်တော့။

ကေခိုင် ပြောခဲ့သောစကားတို့က သူ့အတွေးအာရုံထဲ ဆင်ဟပ်လာပြန်သည်။

"မိမေ. . . ရှင်နဲ့ မင်းလှဘော် ရယ်ရယ်မောမောနဲ့ စားသောက်နေတဲ့ ကြည်နူးရိပ်ကို ကျုပ်လေးလေး တွေ့သွားပြီး ဟတ်ဒ်အိသွားပုံရတယ်၊ ခရီးထွက်သွားတော့တာပဲ၊ ကျုပ်လေးလေးသာ တစ်ခုခုဖြစ်လို့ကတော့ ရှင် တရားခံပဲ မိမေ၊ ကျုပ်တို့ တစ်မျိုးလုံး ရှင့်ကို ခွင့်လွှတ်မှာမဟုတ်ဘူး ဝိုင်းသမကြလိမ့်မယ်"

သူ အလိုအလျောက် တရားခံ ဖြစ်သွားမှန်း မသိတော့။

မေနီ မကျေမနပ် ဖြစ်မိသည်။

ချောင်းသာမှာ ရေကြောက်သော ဒေါက်တာနေမျိုးကို အဖော်ပြုပေးခဲ့တာက သူ့စေတနာသက်သက်။

ကမ်းခြေမှာ တစ်ဖက်သတ်အချစ်နဲ့ အထီးကျန်နေသော သူ့ကို ဒေါက်တာနေမျိုးက အဖော်လာပြုပြီး စကားပြောပေး လမ်းအတူလျှောက်ပေးတာကလည်း ခင်မင်ရင်းနှီးမှုသက်သက်။

နောက် ဒေါက်တာနေမျိုးက အတတ်ပညာနှင့် သူ့အား ခွဲစိပ်ကုသပေးခဲ့သည်။

ဒီအတွက် သူက ဒေါက်တာနေမျိုးကို ကျေးဇူးတုန့်ပြန်သည့်အနေနှင့် ကျွေးမွေးဧည့်ခံရင်း ရင်းရင်းနှီးနှီး သွားလာခဲ့မိသည်။

ဒါတွေဟာ သူလွန်နေသလား။

သူ့လုပ်ရပ် မှားနေသလား။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနေမျိုး၏အဖွဲ့တွက်ကိုမှ သူ ဖောက်ထွင်းမမြင်နိုင်ခဲ့တာ။ သူ့အမှား မဟုတ်ပါဘူး။

"မိမေ. ."

"အင်း. . . ပြော"

"ရှင့်မှာ ဆုံးဖြတ်ချက်ရှိလို့ ဒီခရီးကို ရွေးချယ်ခဲ့တာလား"

နှင်းဝတီ မေးသင့်သောမေးခွန်းပင်။

သို့သော် ဒီမေးခွန်းကို သူ့ကိုယ်သူလည်း မကြာခဏ မေးသည်။ အဖြေမရှိသေး။

"လေးလေးနဲ့ တွေ့ပြီး သူ့စကားကို နားထောင်ကြည့်ဦးမယ်လေ၊ လေးလေးကမှ မပွင့်လင်းတာ၊ ကျွန်မက တစ်ဖက်သတ်ကြီး လိုက်ဆုံးဖြတ်ချက်ချနေလို့ ဖြစ်မလား"

"ခက်တယ်. . . ရှင့်ရဲ့အမ်ဒီကြီးကကော"

"သူကတော့ ပွင့်လင်းတယ်လေ၊ ချက်ချင်းကို ပရိုပို့စ် လုပ်တော့တာပဲ"

"ရှင် ချက်ချင်းဖြေလိုက်ရောလား"

မေနီရင်ထဲ နာကျင်လာသည်။

ယောက်ျားတစ်ယောက်အပေါ် ယုံကြည်ခြင်း ကင်းမဲ့သွားပြီဆိုလျှင် အချစ်ဆိုတာလည်း အေးတိအေးစက် ဖြစ်သွားတတ်လိမ့်မည်ဟု မေနီ တွေးထင်မထားခဲ့ပါချေ။

သို့သော် အခု သူ မင်းလှဘော်အပေါ် ချစ်ခဲ့မိသော မီးတောက်မီးလျှံ အရှိန်အဟုန်သည် မပြင်းထန်တော့။ မီးစွယ်ကျိုးသွားပြီဟု ပြောလို့ရလေသည်။

ဒါတွေကို သူငယ်ချင်းတွေ နားလည်အောင် မရှင်းပြတတ်





တော့သဖြင့်. . .

"အဖြေမပေးသေးပါဘူး. . . တစ်သက်တာအရေးမို့ စဉ်းစားဦးမယ်လို့သာ ဖြေလိုက်တာပေါ့၊ နင်စဉ်းစားကြည့်လေ မိနှင်း၊ အချစ်ကို မျက်စိနဲ့သာ ကြည့်ပြီး ဆုံးဖြတ်တတ်တဲ့လူကို ကျွန်မဘဝကို ယုံယုံကြည်ကြည်နဲ့ အပ်ရဲမှာလဲ"

"ဒါလည်း ဟုတ်ချင်မှ ဟုတ်မှာပါ၊ အရင်တုန်းက ရှင်က သူ့ကုမ္ပဏီဝန်ထမ်းမို့လို့ သူ့သိက္ခာပိုင်းကို ထောက်ထားပြီး ပရိုပို့စ် မလုပ်တာလည်း ဖြစ်ချင်ဖြစ်မှာပါ"

"မသိတော့ဘူးဟာ. . . တကယ်တော့ စာဆိုတွေက ငါတို့ မိန်းမသားတွေကိုသာ မာယာများတယ်ဆိုပြီး အမျိုးမျိုး တင်စားကြတာ၊ ခု ငါတို့ခေတ်ကြီးမှာ မိန်းမသားအများကသာ ယောက်ျားသားတွေရဲ့မာယာအောက်မှာ လှိမ့်ခံနေရတာ များတာကြီးပဲ ကြားနေရတာ"

"ဒါကတော့ ကံပေါ့ဟယ်. . . ကျုပ်တို့လည်း ကျုပ်တို့ယောက်ျားကို အရမ်းမယုံကြည်ရဲသေးတာတော့ အမှန်ပဲ၊ အိမ်ထောင်သက်ကလည်း ခုမှ စတာ၊ ချစ်စခင်စဆိုတော့ ဘာအပြစ်မှ မမြင်သေးတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဟင်း. . . မလွယ်ပါဘူးဟာ"

သူငယ်ချင်းနှစ်ယောက် စကားကောင်းနေစဉ်မှာပင် လေယာဉ်က ဟဲဟိုးလေဆိပ်သို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း ကြေညာသည်။

လေယာဉ်အမြင့်ပေကလည်း နိမ့်လာသဖြင့် အောက်ကမ္ဘာမြေပြင်မှ တောင်စဉ်တောင်တန်းတို့ကို မြင်ရလေသည်။

ပန်းနှမ်းတို့၏ဝါလွင်သော စိုက်ခင်းလွင်ပြင်ဝါကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

တွေ့မြင်ရလေသည်။

သူငယ်ချင်းနှစ်ဦး လုံခြုံရေးသိုင်းကြိုးခါးပတ်ကို ပတ်ရင်း စကားစတို့ ပြတ်တောက်သွားလေသည်။

သို့ပေမယ့် မေနီ ရင်မှာတော့ မင်းလှဘော်ကို တမ်းတ သတိရစိတ်တို့ကတော့ ပြတ်တောက်မသွားပါချေ။

အစွဲအလမ်းဆိုသော တဏှာရာဂ မီးက မီးတကာ့မီးထဲမှာ အပူလောင်ဆုံး မီးလေပဲလား။

သံယောဇဉ်မီးကကော မပူလောင်လေဘူးလား။

မီးတကာ့ မီးထဲမှာ ဘယ်မီးက အပူလောင်ဆုံး ဖြစ်နိုင် မလဲဟု မေနီ တွေးမိကာ ပင့်သက်မောကိုသာ ရှိုက်လိုက်မိလေတော့ သည်။






# အပိုင်း (၃)

ကိုယ့်ကိုယ်ကိုတောင် မပိုင်တဲ့ လူ့ဘဝမှာ သေကွဲ ရှင်ကွဲ ဆိုတဲ့လောကဓံကို တစ်ယောက်ထဲ ကြုံတွေ့ရတာ မဟုတ်ပါဘူး။ လူတိုင်း တစ်နေ့မဟုတ်တစ်နေ့ ကြုံတွေ့ရ မှာချည်းပါပဲ။ ရှင်ကွဲကို မခံစားနိုင်ရင် သေတာရင်းသွင်းပြီး ခံစားကြည့်လိုက်ပါ။ ဒါဆို သေသောသူ ကြာရင်မေ့ဆိုတဲ့ စကားအရလို မေ့မေ့ပျောက်ပျောက် ဖြစ်သွားနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

"တာချီလိတ်"

တောင်ပေါ်နယ်စပ်ကုန်သွယ်ရေး မြို့လေးတစ်မြို့ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ရှိသည်။ ရွှေတြိဂံဖြစ်သော မြန်မာ၊ ထိုင်း၊ လာအိုနယ်စပ်ကြောင့်လည်း လူသိများ ထင်ရှားသောနေရာဖြစ်သည်။

လေယာဉ်ပေါ်မှ အေးဆေးစွာပင် ဆင်းခဲ့သည်။ ကေခိုင့်ဘွားလေး ဒေါ်သဇင်က ဖုန်းဆက်ထားပေးမည်။ ကေခိုင်ကလည်း သေသေချာချာပင် ဖုန်းဆက်ပေးမည်ဆိုသဖြင့် သူတို့ လာကြိုမည့်





သူကို ရှာရမည်။

သို့သော် လေဆိပ်အဆောက်အဦးထဲ ဝင်လိုက်သည်နှင့် ဧည့်ကြိုနေရာ၌ ရပ်နေသော ဒေါက်တာနေမျှားကို တွေ့လိုက်ရသောအခါ. . .

"ဟာ. . . လေးလေးဒေါက်တာ လာကြိုတယ် မိန္နင်း"

မေနီ ဝမ်းသာအားရ ဖြစ်သွားသည်။

သူ့အား မနှုတ်ဆက်ဘဲ ရုတ်တရက် ခရီးထွက်သွားသော ဒေါက်တာနေမျှားကို ခုလို လာကြိုလိမ့်မည်ဟုလည်း ထင်မထားမိပါချေ။

ထို့ကြောင့် ထင်မှတ်မထားသည်ကို ရုတ်တရက် မြင်တွေ့လိုက်ရသောအခါ အံ့ဩဝမ်းသာသွားသည်။

"ဒါဆို အခြေအနေ ကောင်းတာပေါ့"

နှင်းဝတီလည်း ဝမ်းသာသွားသည်။

အနားရောက်တော့. . .

"လေးလေးဒေါက်တာ ကျွန်မတို့ကို လာကြိုတာလား"

အငေါ်အတူးလေးနှင့် မေးလိုက်သည်။

ဒေါက်တာနေမျှားက ပြုံးကာ. . .

"ကျုပ်ဧည့်သည်တွေကို ကျုပ် မကြိုလို့ ဘယ်သူလာကြိုရမှာလဲ"

"ဒါဆို တော်သေးတာပေါ့. . . လာရကျိုးနပ်သွားပြီ၊ သူ့မှတ်မိသလား၊ နှင်းဝတီတဲ့ ဒေါက်တာ"

"မှတ်မိပါတယ် မိကေ ပြောထားလို့၊ ကဲ. . . ပစ္စည်းတွေသွားရွေးရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတန်ဆာဖြင့် သယ်ဆောင်ခဲ့သောပစ္စည်းများကို ချွေးပြီးနောက် ကားရှိရာသို့ ဒေါက်တာနေမျိုးက ဦးဆောင်ခေါ်လာသည်။

"ကျုပ်အန်ကယ်က ဂိမ်းတို့ အင်တာနက်တို့ ကစားဝိုင်းတို့ ရှိတော့ ညည်းတို့နဲ့ မဖြစ်ဘူး၊ ဒါကြောင့် မိုတယ်မှာပဲ တည်းရအောင် စီစဉ်ထားတယ်"

"ဟင်. . ."

မေနီတို့ မျက်လုံးပြူးသွားသည်။ မိုတယ်မှာ တည်းဖို့ဆိုတာ မိန်းမသားချည်းပဲဆိုပါက ကောင်းပါ့မလားဟု တွေးလိုက်မိခြင်းကြောင့် ဖြစ်ပါသည်။

သို့သော် ဒေါက်တာနေမျိုးက သူ့အတွေးကို မြင်လိုက်သည့်အလားပင်. . .

"ကျုပ်အန်ကယ်လ်ရဲ့ခယ်မ လင်မယား ပိုင်တဲ့မိုတယ်ပါ၊ ညည်းတို့ချည်း မထားပါဘူး၊ ကျုပ်ပါ လိုက်တည်းမှာပါ"

"ဟာ. . . ကျွန်မကြောင့် ဒေါက်တာပါ လိုက်ဒုက္ခများကုန်ပြီ ထင်တယ်"

ဒေါက်တာနေမျိုးက ပြုံးကာ. . .

"ဘယ်သူမပြု မိမိမှုလို့ ပြောမလား၊ ကိုယ့်ရှူးကိုယ်ပြန်ပတ်လို့ပဲ ပြောမလား၊ ဒါက ကျုပ်ကြောင့် လိုက်လာတဲ့သူတွေအတွက်ပဲ၊ ကျုပ် ခုလောက်တော့ ဒုက္ခခံရမှာပေါ့. . . မဟုတ်ဘူးလား"

"ဟုတ်တယ်. . ဟုတ်တယ်. . လေးလေးပြောတာ ဟုတ်တယ်"

နှင်းဝတီက ကြားဝင်ထောက်ခံလိုက်သည်။





တောင်ပေါ်လေက အေးမြမြလေး ရှိနေသည်။

"တစ်ခုခု စားရအောင်၊ ဘရိတ်ဖတ်စ် မစားရသေးဘူး မှတ်လား"

"လေယာဉ်ပေါ်မှာတော့ လက်ဖက်ရည်နဲ့မုန့် စားခဲ့ပါတယ်"

"နံကြိုနံကြားတောင် ညပ်ပုံမလား မေနီ၊ ဝိတ်ချနေသေးရင်တော့ မပြောတတ်ဘူးပေါ့"

ဒေါက်တာနေမျိုးက သူ့အား ကျီစယ်လိုက်သည်ကို မေနီကလည်း အားကျမခံ. . .

"ကျွန်မကတော့ ဝိတ်မချပါဘူး၊ ဒါပေမယ့် ဒေါက်တာ အကုန်အကျ နည်းအောင် ဝိတ်ချဆိုလည်း ချပေးပါ့မယ်. . . မစားတော့ပါဘူး"

"သူ အငတ်ခံနိုင်ပေမယ့် နှင်းတော့ အငတ်မခံနိုင်ဘူးနော် လေးလေး"

"စိတ်ချပါ တူမ၊ ညည်းကိုတော့ လိုက်ကျွေးပါ့မယ်၊ ဝိတ်ချသူက အနံ့ခံပေါ့ ဟုတ်လား"

"ရပါတယ်. . . စိတ်ရင်းကို သိရတာပေါ့လေ"

ရယ်စရာလေးတွေကြောင့် ရယ်သံလေးတွေ ဝေဆာသွားရသည်။

ဒေါက်တာနေမျိုး၏အက်ကွဲနေသော နှလုံးသား အက်ကြောင်းတို့လည်း ပြန်ဆက်ကုန်ပြီ ထင်ပါသည်။ ရင်မှာ နာကျင်ခြင်းတို့ မဖြစ်ပေါ်တော့ပါချေ။

မေနီ သူ့နောက်သို့ လိုက်လာသည်ဆိုကတည်းက အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေတွေ အများကြီး ကိုယ့်ဘက် ပါလာသည်ဟု စိတ်ချ ယုံကြည် ပစ်လိုက်ပါသည်။

"အချိန်ဘယ်လောက်ရကြသလဲ"

"တစ်ပတ်လောက်ပါပဲ. . . မိနှင်းက သူ့ယောက်ပို့ဆီ လူကြုံနဲ့ ပစ္စည်းပို့စရာ ရှိသေးလို့တဲ့. . . ဒါကြောင့်ပါ။ နို့မဟုတ်ရင် နေပါသေးတယ်"

မေနီက အေးချမ်းပြီး တောရိပ်တောင်ရိပ် ရှိသော တောင်ပေါ်ဒေသလေးကို ရောက်တာနှင့် သဘောကျနေလေသည်။

စားသောက်ဆိုင်တစ်ခုတွင် ကားရပ်လိုက်သည်။

"ဘရိတ်ဖတ်စ် စားရအောင်"

"ရှမ်းပြည်နယ် ရောက်တုန်း ရှမ်းစာလေးတွေ အဝစားကြတာပေါ့"

နှင်းဝတီက ပြောရင်း ကားပေါ်က ဆင်းလိုက်သည်။

"ရှမ်းစာလည်း စား၊ ထိုင်းစာလည်းစား၊ ဈေးလည်း ဝယ်ပေါ့၊ ဒါပေမယ့် ဒီမြို့က ကျပ်ငွေမသုံးဘူး၊ ဘတ်ငွေပဲ သုံးတာ"

"ဟင်. . . ဒါဖြင့် လဲရမှာပေါ့နော်"

"အင်း. . . ငွေလဲတဲ့နေရာ ရှိပါတယ်"

မေနီနှင့် နှင်းဝတီတို့အတွက် အတူးအဆန်း ဖြစ်သွားလေသည်။

အင်းလေ. . . နယ်ခြားကုန်သွယ်ရေးမြို့တွေကို အခုမှ ရောက်ဖူးတာဆိုတော့ သူတို့ ဘယ်သိနိုင်ပါ့မလဲ။ သိရင် ရန်ကုန်မှာထဲက ကြိုလဲခဲ့လျှင် မြန်မာကျပ်ငွေတွေကို အလေးခံ သယ်ဆောင်လာစရာ မလို။





မိန်းမသား သဘာဝအရတော့ ယိုးဒယားဖြစ် အဝတ်အထည် အလှအပ အသုံးအဆောင်တွေကိုတော့ ဝယ်ချင်သေးသည်။

သူတို့ ရှမ်းခေါက်ဆွဲ စားပြီးနောက် ဒေါက်တာနေမျိုးက ဘတ်ငွေနှင့် ရှင်းပေးလိုက်သည်။

"ဒီမြို့မှာတော့ လက်ဖက်ရည်ဆိုင် ကော်ဖီဆိုင်ဟာ မြန်မာပြည်ထဲက မြို့တွေလို မပေါများဘူး၊ တစ်ဖက်နိုင်ငံမှာ နေ့ချင်းပြန် အလုပ်သွားလုပ်တဲ့သူတွေလည်း ရှိသလို ကျောင်းသွားတက်တဲ့လူတွေလည်း ရှိတယ်၊ ဟိုဘက်ကလည်း ဒီဘက်ကို လာအလုပ်လုပ်ကြနဲ့ နယ်စပ်တံတားမှာ ရှုပ်ထွေးနေတာ လွှမ်းပျံ့လိုပဲ ဟိုဘက်ဒီဘက် ကူးလူးယှက်သန်းနေတာ တွေ့ရလိမ့်မယ်"

ဒေါက်တာနေမျိုးက ကားမောင်းရင်း ရှင်းပြလေသည်။

မေနီနှင့် နှင်းဝတီမှာ မရောက်ဖူးသော ဒေသစိမ်းမို့ ဘေးဘီဝဲယာရှေ့နောက်တို့ကို မျက်တောင်မခတ်တမ်း ငေးကြည့်နေမိသည်။

လူတွေကလည်း သူ့အာရုံနှင့်သူ သွားလာလှုပ်ရှားနေကြသည်။

သြော်. . . လူတွေ လူတွေ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် နံနက်မိုးသောက်သည်မှအစ ညနေ နေဝင်မိုးချုပ်အထိ မနေမနား တစ်သွားတည်း သွားလာနေသလို လက်တွေကလည်း တစ်လှုပ်ပြီး တစ်လှုပ် နေကြရပါလား။

စားဝတ်နေရေးအတွက် သွားလာလှုပ်ရှား ရုန်းကန်နေသည့်ကြားက နှလုံးသားဝေဒနာအတွက် ခြေဦးတည့်ရာ ခရီးထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသော သူလိုလူ ရှိပါသေးသလားဟု ဒေါက်တာနေမျှ တွေးမိရင်း ပင့်သက်ကို တိတ်တခိုး ချလိုက်မိသည်။

"မေနီ. . . ညည်းတို့ကို မိုတယ်အရင်ပို့ပြီး အထုပ်ချ နားပြီးရင် ဟိုဘက်ကမ်း အရင်သွားရအောင်"

"ဟိုဘက်မှာ ဘာရှိလို့လဲ"

"ရှိတာတွေကတော့ အများကြီးပဲ၊ ပြီးတော့ ရှမ်းပြည်နယ်ရဲ့အရှေ့ပိုင်းတိုင်းကို ရောက်မှတော့ ကျိုင်းတုံမြို့ကို မပို့လိုက်ရ မဖြစ်ချင်သလို ရွှေတြိဂံလည်း ပို့ပေးချင်သေးတယ်၊ ဖြစ်နိုင်ရင်တော့ နားနားနေနေပဲ သွားစေချင်တာ၊ အချိန်မရဘူးဆိုတော့. . ."

နှင်းဝတီက အားနာစွာဖြင့်. . .

"ရပါတယ် လေးလေး၊ နှင်း ရန်ကုန်ကို ဖုန်းဆက်ပြီး ယောက္ခမတွေကို ပြောထားကြည့်မယ်၊ သူတို့ စီစဉ်နိုင်ရင်တော့ လည်း နည်းနည်းပိုနေကြတာပေါ့နော်၊ လေးလေးကို အားနာလို့ပါ"

"ကျုပ်ကို အားနာစရာ မလိုပါဘူး"

မေနီက ဒေါက်တာနေမျှုမျက်နှာကို လှမ်းအကဲခတ်ရင်း

"လေးလေးဒေါက်တာကော ကျွန်မတို့နဲ့ ပြန်မလိုက်ဘူးလားဟင်"

ဒေါက်တာနေမျှ ပြုံးရုံသာ ပြုံးနေလိုက်သည်။ တုန့်ပြန်စကား မဆိုမိချေ။

ရင်ထဲမှာတော့ တိတ်တိတ်ကလေး ပြောနေမိသည်။

"အဲ့ဒါ ညည်းအပေါ်မှာ မူတည်တယ်လေ မေနီ၊ အချစ်ဆိုတာ ငယ်ငယ်ကြီးကြီး လူကို ယစ်မူးစေတတ်သလို ဝေဒနာတွေလည်း ပေးတတ်တယ်ဆိုတာ ကျုပ်ကိုယ်တွေ့နဲ့ ရင်မှာ ရင်းပြီး






ခံစားနေရလို့ပါကွာ၊ ဖြစ်နိုင်ရင် ညည်းနဲ့ အဝေးဆုံးမှာ နေပြီး ဤဝေဒနာကိုငါ ကုစားသွားနိုင်ဖို့ ကြိုးစားနေတာပါ" ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၉)

ဦးအောင်ဇေယျဘုရားတဲ့. . .။

ထိုင်းနိုင်ငံ မယ်ဆိုင်ဈေးထဲမှ ဖြတ်၍ တောင်ပေါ်သို့ ကားဖြင့်ဖြစ်စေ၊ လှေကားထစ်များ ရှိသော စောင်းတန်းမှဖြစ်စေ တက်၍ ရောက်နိုင်သည့်ဘုရားစေတီကို မြန်မာတွေကတော့ ဦးအောင်ဇေယျဘုရားဟု လွယ်လင့်တကူပင် ခေါ်ကာ သွားရောက်ဖူးမျှော်ကြသည်။

ဘုရားရင်ပြင်တော်မှ ကြည့်လျှင် မြန်မာပြည်ဘက်ကမ်း တာချီလိတ် တစ်မြို့လုံးကို ဆီးမြင်နေရသည်။





ဗုဒ္ဓဆင်းတုရုပ်ပွားတော်များကို ဦးချရှိခိုးနေသော မေနီကို ဒေါက်တာနေမျိုး ငေးကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။ ထို့နောက် ရှေ့မောင်းကြီး ရှိရာသို့ လျှောက်လာပြီး ကြေးမောင်းဘုသီးကို လက်နှစ်ဖက်နှင့် ပွတ်တိုက်လိုက်သည်။

အားထည့်၍ နာနာ အဆက်မပြတ် ပွတ်ပေးမှ လိုက်သံပါသော မောင်းသံကြီးကို တဒူဒူ တဝူဝူနှင့် စည်လွင့်စွာ ဟိန်းထွက်လာတတ်သည်။

"ဒူ. . . ဝူ. . . ဝူ. . . ဝူ"

ဒါမှ ဆုတောင်းပြည့်သည်။ စီးပွားလာဘ်လာဘ ရွှင်သည်ဟု မြန်မာနိုင်ငံသားများကော ထိုင်းနိုင်ငံသားများကပါ အယူရှိကြလေသည်။

ဒေါက်တာနေမျိုး စိတ်ရောကိုယ်ရော နှစ်ကာ မောင်းကို ပွတ်နေမိရာ. . .

"ဒူ. . ဝူ. . ဝူ. . ဝူ"

မောင်းသံက လွင့်ကာ ဟိန်းနေလေသည်။

မေနီ ဘုရားရင်ပြင်တော် တစ်ပတ်ပတ်ကြည့်ပြီး မောင်းပိုင်းကြီးကို ကြည့်ကာ ထူးဆန်းနေသည်။

ချွေးများ နဖူးမှာ သီးထသည်အထိ စိတ်လိုက်မာန်ပါ မောင်းဘုသီးကိုပွတ်နေသော ဒေါက်တာနေမျိုးသည် ဘာတွေများ ဆုတောင်းနေသည်မသိ။

နောက် လက်ကို ရုပ်သိမ်းလိုက်သည်။

နှင်းဝတီကလည်း ဒေါက်တာနေမျိုးကဲ့သို့ပင် လိုက်လုပ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားကပဲ နည်းလို့လား မသိ၊ အသံက သဲ့သဲ့မှပင် မထွက်။ နှင်းဝတီ လက်လျှော့လိုက်သည်။

မေနီလည်း လိုက်လုပ်ကြည့်သည်။ နှင်းဝတီနည်းတူပင် လက်နှစ်ဖက် အချိန်အဆနှင့် အားက လိုသည်။

"ညည်းတို့က အားမှ မပါတာ၊ ကိုင်း. . . ဒီမှာလာကြည့်ဦး"

ဒေါက်တာနေမျုးက ကင်းမြီးကောက်ရုပ်ကြီးကို ဓါတ်ပုံရိုက်ရင်း မေနီနှင့်နှင်းဝတီတို့က ကင်းမြီးကောက်ရုပ်နှင့်ကော မောင်းနှင့်ပါ တွဲ၍ ဓါတ်ပုံရိုက်ပေးလေသည်။

"ညည်းတို့ ကင်းမြီးကောက်ရဲ့အမြီးနဲ့ လက်မကို ကြည့်၊ ဘယ်ဘက်ကို ဦးတည်နေသလဲလို့"

ဒေါက်တာနေမျုးက မေနီနှင့် နှင်းဝတီတို့ကို မေးလိုက်လေသည်။

မေနီက ကုန်းပေါ်မှ လှမ်းမျှော်ကြည့်လိုက်သည်။ တောင်တန်းများကို နောက်ခံပြုလျက်နေရာတွင် တိုက်တာ အဆောက်အဦးတို့ ပြွတ်သိပ်နေသော မြို့တစ်မြို့မြင်ကွင်းကို လှမ်းမြင်ရ၍. .

"လေးလေး. . . အဲ့ဒါ တာချီလိတ်မြို့လား"

"ဟုတ်တယ်"

"ဒါဖြင့် ကင်းမြီးကောက်နဲ့ လက်မကြီးတွေရဲ့လားရာက မြန်မာပြည်ဘက်ကို လှည့်နေတာပေါ့နော်"

"အင်း. . . ကက်တင်းရိုက်ထားတာလို့ ပါးစပ်ရာဇဝင်က ပြောတာပဲ၊ ဒါပေမယ့် ဒီဘုရားတည်ပြီး ထီးတော်အသစ် ပြန်တင်တော့ ထိုင်းလူမျိုးတွေ တင်လို့မရဘူး၊ မြန်မာပြည်က လာတင်မှ





ရတယ်တဲ့. . . ပြောကြတာပဲ၊ ဟုတ်မဟုတ်တော့ ဘုရားသမိုင်းဆိုင်းစာတတ်တဲ့သူမှပဲ သိတယ်"

ထိုင်းဘုန်းကြီးသည်လည်း မြန်မာဘုန်းကြီးများကဲ့သို့ပင် သင်္ကန်းရုံကြသော်လည်း သင်္ကန်းအရောင်မှာ ဝါထိန်နေသည်။

မည်သို့ဆိုစေကာမူ ဦးအောင်ဇေယျ ဘုရားရင်ပြင်တော်တွင် ကမ္ဘာလှည့်ခရီးသည်အချို့ တွေ့မြင်ရသလို အများစုကတော့ ထိုင်းလူမျိုးနှင့် မြန်မာလူမျိုးကတော့ ဘာသာမရွေး တူညီစွာပင် ဝန်းရေချမ်း ဖယောင်းတိုင်ဆီမီးနှင့် အမွှေးနံ့သာတို့ကို ကပ်လှူပူဇော်ပြီး ရှိခိုးကြသည်ကတော့ တူတူပင်။

တာချီလိတ်နှင့်မယ်ဆိုင် နှစ်မြို့နေ လူသားတို့အတွက် အထွဋ်အမြတ်ထား အားထားရာ ဘုရားနယ်မြေမှာ ဦးအောင်ဇေယျဘုရား ကုန်းမြင့်နေရာပင်ဖြစ်လေသည်။ နှစ်နိုင်ငံလူမျိုးတို့၏ အေးရိပ်ကွန်းခိုရာ အရိပ်စစ်ဖြစ်သော ဘုရားရိပ်မှ ဒေါက်တာနေမျုးတို့ ပြန်ဆင်းခဲ့လေသည်။

"ဒီနေ့ကတော့ ဒီနားမှာ ရှိတဲ့ ရိုတ,ကုန်တိုက်ကို သွားရအောင်၊ အဲဒီမှာ နေ့လည်စာ စားပြီး ဝယ်ချင်တာဝယ်ပြီး ပြန်ကြမယ်၊ ညနေငါးနာရီဆို တံတားဂိတ် ပိတ်ပြီ"

"ဟုတ်လား"

"ထိုင်းစံတော်ချိန် ငါးနာရီခွဲက မြန်မာနိုင်ငံမှာ ငါးနာရီပဲ ရှိသေးတာ"

မေနီ လာရင်းကိစ္စကို မေ့နေတာ အသစ်အဆန်းများကြည့်ရင်း နှစ်မျောနေမိသည်။ နောက် မယ်ဆိုင်ရှိ Tesco Lotus ကုန်စည်ဒေသာဆိုင်သို့ ရောက်လာကြသည်။ ယင်းတွင် အလုပ်လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မြန်မာလူမျိုး အများအပြား တွေ့ရသည့်အတွက် ဝယ်ရသည်မှာ မေးမြန်းခွင့်ရသဖြင့် အဆင်ပြေလှသည်။

ရန်ကုန်၌ပင် ရှိနေသော ယိုးဒယားအစားအစာဖြစ်သော ကွတ်တရိုးနှင့် သင်္ဘောသီးထောင်းတို့မှာလည်း ပို၍စားကောင်းလေသည်။ အများကြီး ဖြစ်၍ တစ်ပွဲကုန်အောင် မနည်းစားရသည်။

ရေကြောမြေကြော ဆက်စပ်နေသော နိုင်ငံချင်းမို့လားမသိ၊ အသားအရောင်နှင့် ရုပ်ရည်မှာ ဆင်တူလေသည်။ မျက်နှာလေးများမှာ ပြုံးရွှင်နေပြီး ဖော်ရွေမှုအပြည့်ရှိသည်ကပင် ဝယ်သူကို လက်မလွှတ်နိုင်အောင် ဆွဲဆောင်မှုအပြည့်ရှိသည်။ ကုန်တိုက်သည် အလွန်ကျယ်ပြန့်ပြီး မြေညီတစ်ထပ်တည်း ဖြစ်ပေမယ့် ခြေတိုအောင် သွားလာရလေတော့သည်။ ကိုယ့်နိုင်ငံရှိ စူပါမားကတ်တွေလို ကျပ်ညပ်မနေ။ ဝန်ထမ်းတွေကလည်း မများသဖြင့် ရှုပ်ထွေးမနေ။

"ကိုင်း. . . ညည်းတို့ လွတ်လွတ်လပ်လပ် ဝယ်ကြ၊ ညည်းတို့နာရီ (၃)နာရီခွဲဆို ဒီဂိတ်ပေါက်ကို ပြန်လာခဲ့ကြ၊ ဒီမှာဆုံမယ်၊ လိုအပ်ရင် ဖုန်းဆက်ပြီး ချိန်းကြ. . . ဟုတ်ပြီလား"

ဒေါက်တာနေမျိုးက မှာကြားတော့ မေနီတို့နှစ်ယောက်သားက. . .

"ဟုတ်" ဟု သံပြိုင်ဆိုမိလျက်သားဖြစ်သွားသည်။

နဂိုက အလှအပ မက်မောသော မိန်းမသားများပီပီ တမျှော်တခေါ်ကြီး မြင်တွေ့နေရသော အလှအပပြင်ပစ္စည်းနှင့် လူ့အသုံးဆောင်ပစ္စည်းများကို ကြည့်ရင်း သဘောကျနေလေသည်။

ပျော်ရွှင်ကျေနပ်စွာဖြင့် တွန်းလှည်းတစ်ခုစီ ယူကာ ရှိတ





ကုန်တိုက်အတွင်း ပျော်ရွှင်စွာ ဝင်ခဲ့ကြလေသည်။


မေနီ လာရင်းကိစ္စကို လုံးဝမေ့လျော့သွားလျက်ရှိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၀)

ဒေါက်တာနေမျိုးက သူ့ဦးလေးမိသားစုနှင့် မေနီတို့ကို မိတ်ဆက်ပေးလေသည်။

ဒေါက်တာဦးလေးက ကုန်သည်ပွဲစား လုပ်ရာမှ တာ... လိတ်သူနှင့် အိမ်ထောင်ကျပြီး တာချီလိတ်၌ပင် အခြေကျနေသည်မှာ သားသမီးတွေတစ်သက် ဖြစ်သည်မို့. . .

"အန်ကယ့်လ်တူကို အမြန်သာ ပြန်ခေါ် သွား၊ တော်ကြာ အန်ကယ့်လ်လို ဒီနေရာက မောင်ကြီးမပြန်နိုင် ဖြစ်သွားရင် ရန်ကုန်က အစ်ကိုတွေ အစ်မတွေ ဝိုင်းဆူပူနေဦးမှာ"





ဒေါက်တာနေမျိုးက ရယ်လေသည်။ မေနီက ပြုံးလျက်. .

"ဟုတ်မှာပါ အန်ကယ်လ်၊ ဘွားလေးဒေါ်သဇင်ကောကေခိုင်မေမေကပါ သေသေချာချာ မှာလိုက်ပါတယ်၊ လေးလေးဒေါက်တာကို အပါပြန်ခေါ် ခဲ့ဖို့ပါ။ ဒေါက်တာ ပြန်လိုက်မှာပါနော်"

ဒေါက်တာနေမျိုးက အံရယ်ရယ်ပြီး ခေါင်းညိတ်လိုက်သည်။

"ပြန်ခဲ့မှာပါ. . . ဒီမှာက ဆေးခန်းဖွင့်ဖို့ အဆင်ပြေမှာမဟုတ်ဘူး၊ ဟိုဘက်ကမ်း မယ်ဖလုံးတို့ ချင်းယိုင်းတို့က ဆေးရုံတွေမှာ ဆေးသွားကုနေကြတာဆိုတော့ ဖြစ်မှာမဟုတ်ဘူး၊ ဒါပေမယ့်ခုတော့ ပြန်မလိုက်သေးဘူး၊ အေးအေးဆေးဆေး ခေါင်းဆေးပြီးမှ ပြန်ခဲ့မယ်"

"ရောက်တုန်း ဇည့်သည်တွေကို ဘုရင်မပန်းခြံနဲ့ ချင်းဟိုင်းက ဘုရားဖြူကို ပို့ပေးဖို့ စီစဉ်လိုက်ဦးမယ်၊ အချိန်ရတယ် မှတ်လား"

ဒေါက်တာ့ဦးလေးစကားကို မေနီတို့က မဆိုင်းမတွပင် ချက်ချင်းတုန့်ပြန်လိုက်သည်။

"ဟုတ်ကဲ့. . . ရပါတယ်"

"ဟုတ်ကဲ့. . . ရပါတယ် အန်ကယ်လ်"

ဒေါက်တာနေမျိုးက. . .

"အပြန်ဖလိုက်လည်း စီစဉ်ပေးပါဦး လေးလေး၊ ကျွန်တော်ကတော့ အေးအေးဆေးဆေး နေပြီးမှပဲ ပြန်မယ်"

"အေးပါ. . . မင်းကတော့ စိတ်ချမ်းသာသလိုသာ နေပါ၊ မင်းအလုပ်ကို ပစ်ထားလို့ ရရင်ပေါ့"

မေနီ. . . ဒေါက်တာနေမျိုးကို မသိမသာ အကဲခတ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါက်တာနေမျိုးရင်ထဲက ဘာတွေ ဖြစ်ပေါ်ခံစားနေ
သလဲဆိုတာကို သူ မသိနိုင်။ ခန့်မှန်း၍လည်း မတတ်ပါချေ။

"ကဲ. . . လေးလေး မိုးချုပ်ပြီ၊ ကျွန်တော်တို့ ပြန်တော့မယ်"

မေနီနှင့် နှင်းဝတီလည်း ဒေါက်တာနေမျိုး၏ ဦးလေး
မိသားစုကို နှုတ်ဆက်ပြန်ခဲ့လေသည်။

ဒေါက်တာနေမျိုးအတွက် ယူလာခဲ့သော ငပိ ငါးခြောက်
ပုစွန်ခြောက်နှင့် ငါးသလောက်ပေါင်းတို့ကိုလည်း ဒေါက်တာနေမျိုး
ဆန္ဒအရ သူ့ဦးလေးမိသားစုကိုသာ ပေးခဲ့လိုက်လေသည်။ ဒေါက်
တာနေမျိုးက ရောက်ကတည်းက မိုတယ်မှာပဲ တည်းပြီး လည်ပတ်
သည့်နေရာတွင် စားပြီး ကြုံမှသာ ဦးလေးအိမ်၌ စားသည်။

"ဒါဆို လေးလေး ဒီကိုရောက်တာ မကြာသေးဘူးပေါ့"

"တစ်ပတ်ပဲ ရှိသေးတာ"

မိုတယ်သို့ ပြန်ခဲ့ကြပြီး မအိပ်ချင်သေးသဖြင့် လသာ
ဆောင်မှနေ၍ လျှပ်စစ်မာကျူရီမီးများနှင့် ထိန်ထိန်ညီးနေသော
တာချီလိတ်မြို့ ညရှုခင်းအလှကို ငေးမောကြည့်နေစဉ် နှင်းဝတီက
တစ်စုံတစ်ရာကို သတိရသွားဟန်နှင့်. . .

"ကျွန်မတော့ အိပ်ချင်ပြီ၊ အခန်းပြန်တော့မယ် မီမေ၊ ရှင်
ကတော့ လေးလေးနဲ့ စကားပြောနေခဲ့ဦးပေါ့၊ မအိပ်ချင်သေးဘူး
မှတ်လား"

မေနီကိုလည်း တံတောင်နှင့် တွတ်ပြီး ဒေါက်တာနေမျိုး
ဘက် မေးငေါ့ပြလိုက်သည်။

မေနီလည်း သဘောပေါက်ပါသည်။ ထို့ကြောင့်. . .





"အင်း. . . အိပ်ပျော်မှာလည်း မဟုတ်သေးတော့ ဒီမှာ
ခဏနေချင်သေးတယ်၊ လေးလေးဒေါက်တာ အဖော်ပြုပေးရင်ပေါ့"

ဒေါက်တာနေမျိုးက. . .

"ညည်းတို့ကို စောင့်ရှောက်အဖော်ပြုပေးရမှာ ကျုပ်
ဘာဝန်မှန်း သိပါတယ်"

"ဟင်. . အင်း. . လေးလေးဒေါက်တာက တာဝန်အရ
စောင့်ရှောက်တာလား"

"ညည်းကလေးက စကားအမှားမခံဘဲကိုး၊ တာဝန်အရ
ထက် ပိုတဲ့ စေတနာအရပါခင်ဗျာ"

နှင်းဝတီကတော့ သူတို့နှစ်ဦးကို ကျောခိုင်းပြီး အတွင်းပိုင်း
ထဲသို့ ဝင်သွားလေတော့သည်။

ဒေါက်တာနေမျိုးနှင့်မေနီ နှစ်ယောက်ထဲ ကျန်ရစ်ခဲ့လေ
သည်။

ကောင်းကင်ထက်၌ လကလည်း လဆန်းမို့ ခုံးမျက်စ
အတွင်း ကွေးကွေးရေးရေးသာ ရှိလေသည်မို့ ကြယ်ရောင်စုံတိုက်၏
လင်းလက်မှုကို လှမ်းမြင်ရလေသည်။

ဒေါက်တာနေမျိုးရင်ထဲ "ဖျတ်ကနဲ" ဝင်ရောက်လာသည့်
လူတစ်ယောက်၏အသွင်သဏ္ဌာန်နှင့် စကားများဖြစ်လေသည်။


လွန်ခဲ့သောတစ်လခန့်က ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၁)

"နေမျှ (××××××××)ကလပ်ကို သိတယ်မှတ်လား၊ အမြန်လာခဲ့စမ်းပါဦးကွာ၊ ငါလည်း မနိုင်တော့ဘူး"

ကျောင်းနေဖက်ကနေ အလုပ်ခွင် ဝင်ရောက်ပြီးသည်အထိ အဆက်အသွယ် မပြတ်ဘဲ အသွားအလာမပျက် ရှိခဲ့သည့် သူငယ်ချင်းထွန်းဝေက ဖုန်းဖြင့် လှမ်းခေါ်သဖြင့် ဒေါက်တာနေမျှ (××××××××)ကလပ်သို့ ရောက်ချသွားလေသည်။

အရက်ဘားၡွ မူးနေအောင် သောက်နေသော သောင်းဦးနှင့် ဂုဏ်ကို ထိန်းနေသော ထွန်းဝေကို တွေ့လိုက်ရသည်။





"လာ. . . နေမျှ"

"ဘာဖြစ်တာလဲကွာ"

"မင်းမသိသေးဘူးလား"

"ချစ်လေ. . ချစ်လေးရေ. . . မင်းသိပ်ရက်စက်တယ်၊ ကိုကြီးကို ထားရက်သလား"

နိုက်ကလပ်၌ ဆူညံနေသောကြောင့် သောင်းဦး၏ အာလေးလျှာလေးနှင့် အသည်းကွဲ မူးယစ်သံက တိမ်မြုပ်နေလေသည်။ သောင်းဦး ဇက်ကျိုးနေပြီဖြစ်သဖြင့် ထွန်းဝေနှင့်နေမျှ တွဲကာ ကားထဲ ခေါ်ခဲ့ကြသည်။

သောင်းဦးအိမ်သို့ ပြန်ပို့ကြတော့ အိမ်မှာလည်း ဖရိုဖရဲနှင့် ရှုပ်ပွနေလေသည်။

"ဟာ. . . ဘယ်လိုဖြစ်တာလဲ၊ သူ့မိန်းမကော. . အိမ်ဖော်တွေကော"

"မင်း တကယ်ကို ဘာမှမသိသေးဘူးကိုး၊ ကဲပါ. . . အိပ်ခန်းထဲ တစ်ခါတည်း ပို့ထားပြီးမှ ပြောကြတာပေါ့"

ထွန်းဝေနှင့် အတူတွဲကာ သောင်းဦးကို နေမျှတို့ နှစ်ယောက်အိပ် ကုတင်ကြီးပေါ် တင်ပေးပြီးနောက် ပြန်ထွက်ခဲ့သည်။

ဆိုဖာဆက်တီပေါ်မှ အဝတ် စာအုပ်တို့ကို ဖယ်ရှားပြီး ခြေပစ်လက်ပစ် ထိုင်ကာ ခေတ္တအပန်းဖြေရင်း နေမျှက. . .

"ကိုင်း. . . လင်းစမ်းပါဦး သောင်းဦးအကြောင်း"

ထွန်းဝေက ရေခဲသေတ္တာထဲမှ ရေသန့်ဗူးကို ထုတ်ကာ မော့သောက်လိုက်သည်။ သူ့အားလည်း တစ်ဗူးကမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ကြီး လက်ထပ်မယ်ဆိုကတည်းက ငါကန့်ကွက်ခဲ့တာ မင်းမှတ်မိသေးတယ်မှတ်လား"

ထွန်းဝေစကားကို ဒေါက်တာနေမျိုး ကောင်းစွာမှတ်မိလေသည်။

"အင်း. . . အရွယ်ချင်းက သိပ်ကွာတယ်လို့ မင်းပြောပြီးထားတာ မှတ်မိတယ်"

"အေးလေ. . . ငါတားတော့ သောင်းဦး ပြန်ပြောတာတွေလည်း မင်းမှတ်မိမှာပေါ့၊ ယောက်ျားပဋ္ဌင်း မိန်းမပုခက်တွင်းဆိုပြီးတော့ နောက် ရှိပါသေးတယ်"

"ယောက်ျားလေးအတွက် ဒွေးချိုးလေးတိုး စာဆိုတောင်ရှိသေးတာလို့ ပြောပြီး သူ့ကောင်မလေး ဆယ်ကျော်သက်ကို သူယူပြီး ဂုဏ်ယူနေတာ မှတ်မိပါတယ်၊ ခု ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ. . . အလှအပ အရမ်းမက် အသုံးအစွဲကလည်း ကြမ်း၊ ပေါ်ပေ့ဆန်းပေ့မှန်သမျှ ဝယ်ချင် အလှပျက်မှာစိုးလို့သားသမီးက မယူချင်သေးတော့ တားထားတယ်၊ သောင်းဦးကမိန်းမငယ်ငယ်လေး ယူထားတော့ မပြောရက် မဆိုရက် နွားပြာကြီးအောက်သွားမရှိ၊ ကလေးသဘော ချစ်ကလေးသဘောနဲ့ ဖြစ်နေခဲ့တာ၊ မိန်းမသုံးဖြုန်းသမျှ ကာမိအောင် အလုပ်ကလည်း အရမ်းကြိုးစား၊ အိမ်ကပ်ချိန်တောင် မရနိုင်အောင်ဖြစ်တော့ ဒီကောင်ခေါင်းမွေးတောင် ပြောင်လာတာ မင်းတွေ့တဲ့အတိုင်းပဲ"

"အေးကွာ. . . ငါလည်း ပြည်ပခရီးသွားလိုက်၊ လုပ်ငန်းမြုပ်လိုက် ဖြစ်နေတော့ သောင်းဦး ဝဲလ်ဒင်ပြီးကတည်းက အဆက်အသွယ် ပြတ်သလို ဖြစ်နေခဲ့တာ နှစ်နှစ်ကျော်လောက် ရှိပြီထင်





တယ်"

"အင်း. . . ပြီးခဲ့တဲ့အပတ်က ကောင်မလေးကို အကောင်တစ်ကောင်နဲ့ ပက်ပင်းကြီး မိတော့ သောင်းဦး ဒေါသ ငယ်ထိပ်ရောက်ပြီး ကိုယ်ထိလက်ရောက် ရိုက်နှက်မိတဲ့အထိ ဖြစ်သွားတယ်၊ ဒါနဲ့ သူ့မိန်းမက လက်ဝတ်လက်စားနဲ့ ကားနဲ့ ယူပြီး ဆင်းသွားတယ်၊ နောက်ပြီး သတင်းစာထဲကနေ တစ်ဖက်သတ် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာလိုက်တယ်ကွာ"

"သောင်းဦးက လူရိုးလူအေးမှတ်လား၊ တစ်ရှက်ကနှစ်ရှက် မဖြစ်ချင်ဘူး၊ မိန်းမလင်ငယ်နေပါတယ်ဆိုတဲ့ ကိုယ့်အထုပ်ကိုယ်ဖြေပြရမယ့်အလုပ်မျိုး သူမလုပ်ရဲဘူး"

"အင်း. . . ကိုယ့်ပေါင်ကိုယ် လှန်ထောင်းသလို ဖြစ်သွားမှာပေါ့၊ ဒါကြောင့် သောင်းဦးမိဘတွေက ကောင်မလေးကိုလည်း ပြန်လက်မခံနိုင်တော့ ကွာရှင်းကြောင်း လက်မှတ်ထိုးခိုင်းလိုက်တယ်၊ ဟုတ်လို့ကတော့ သူ့နောက်လင်ငယ်ကို မယားခိုးမှုနဲ့ တရားစွဲမယ် ဘာညာ ခြိမ်းခြောက်လိုက်လို့ ပေးသလောက်နဲ့ ကျေနပ်ပြီး သူက တစ်ဖက်သတ် ကြေညာလိုက်တာ"

"ဒါဖြင့် ပွဲက သိမ်းသွားပြီးပေါ့"

"အင်း. . . ဒါပဲလေ၊ ဒါပေမယ့် သိတဲ့အတိုင်း စီးပွားရေးကိုသာ ဘာစိုက်မတ်မတ် လုပ်နေတဲ့ တို့ကောင်ကြီးအတွက်ကတော့ အရူးအမဲသားကျွေးမိသလိုဖြစ်ပြီး ခုနေတော့ မယားတရူး ဖြစ်နေတာပေါ့"

"အင်းလေ. . . ဘယ်တတ်နိုင်မလဲကွာ၊ လူတစ်ယောက်ရဲ့ဘဝဆိုတာ မွေးလာကတည်းက သူ့ရဲ့ကံကြမ္မာ ချမှတ်ပြီးသားပဲကွ၊



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံကြုံကွဲဆိုတာ ဖြစ်မြဲ ဓမ္မတာပဲ"

ဒေါက်တာနေမျိုးက တရားသဖြင့် တွေးကာ ဖြေသိမ့်စကား ဆိုလိုက်သည်။ သောင်းဦးကိုလည်း တရားချရပေဦးမည်။

သို့သော် ထွန်းဝေကတော့ လက်မခံ။

"ဒါ ကံကြမ္မာနဲ့ မဆိုင်ဘူးကွ၊ ဆုံးဖြတ်ချက်နဲ့ ဆိုင်တာ၊ အသက်အရွယ် ကွာဟမှုဆိုတာ အိမ်ထောင်ရေး ပြိုကွဲဖို့အတွက် အဓိက ကျတဲ့ စနက်တံတစ်ခုလိုပဲ"

အိမ်ထောင်သည် ထွန်းဝေကတော့ ခုချိန်မှာ ဆရာကြီး ဖြစ်သည်။ သက်တူရွယ်တူ ပညာရည်တူချင်း ယူထားပြီး သားသမီး (၃)ယောက် အရွယ်အပြိုင်းအရိုင်းနှင့် သူတို့ အိမ်ထောင်ရေးမှာ နားလည်မှုအပြည့်နှင့် တကယ့်သီရိဂေဟာ ဖြစ်သည်။

သို့ဆိုတော့ ထွန်းဝေက ပြောအားရှိသည်ပေါ့။

"သောင်းဦး အဲ့ဒီအလန်းလေးနဲ့ ယူမယ်ဆိုတော့ ငါကော သူ့မိဘတွေကော တားခဲ့တာ၊ အဓိက,က ကောင်မလေးက ငယ်လွန်းတယ်၊ ပြီးတော့ အလှကြိုက်တယ်၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား စိတ်ကစားတဲ့အရွယ်၊ ဘယ်လိုလုပ်ပြီး လုပ်ငန်းကြီး လုပ်နေတဲ့ သောင်းဦးအတွက် နားလည်မှု အပြည့်ပေးနိုင်တဲ့ လက်တွဲဖော်ကောင်း ဖြစ်နိုင်မှာလဲ၊ သူ့အလိုလိုက် အကြိုက်ဆောင်ပေးနိုင်တဲ့ သောင်းဦးကို ချစ်လို့ လက်ထပ်တာ မဟုတ်ဘူး၊ လေးဆယ်ကျော် ပြိုင်းလာတော့မယ့် သောင်းဦးက အလန်းကလေးရဲ့ဆန္ဒ ထပ်တူ ဘယ်ကျနိုင်တော့မလဲကွာ၊ ဒီတော့ ဒီကောင်ကြီး အနည်ထိုင်အောင် ငါတို့ ဘာလုပ်ပေးရ ကောင်းမလဲသာ တွေးကြတာပေါ့"

ဒေါက်တာနေမျိုး ထွန်းဝေ၏အိမ်ထောင်ရေး စာပို့ချမှုကို





းထောင်ရင်း ရင်ဝယ် လေးလံထိုင်းမှိုင်းလာသည်။

ထိုစဉ်. . .

"ချစ်လေးရေ. . . ချစ်လေး. . သဲလေး. . ကိုကြီးကို ထားခဲ့ပြီလား. . . ဟီး"

သောင်းဦး၏ နှလုံးသား အက်ကွဲကြောင်းမှ ငိုရှိုက်သံကြောင့် ဒေါက်တာနေမျိုး အိပ်ခန်းဆီသို့ ပြေးဝင်သွားသည်။

မျက်ရည်တွေ အရွှဲသားနှင့် ငိုရင်း ယောင်အော်နေသော သောင်းဦး၏ သတိလက်လွတ်ပုံစံကို ကြည့်ရင်း လေပူတစ်ချက် တ်ထုတ်လိုက်လေတော့သည်။

လောလောဆယ် သူ့နှလုံးသားတွင်းသို့ ဝင်ရောက်နေရာယူနေသော မိန်းကလေးမှာလည်း တူမ၏သူငယ်ချင်းဖြစ်ပြီး သူ့ က် (၁၆)နှစ် ငယ်သော၊ ပြီးတော့ လူတစ်ယောက်ကိုလည်း တစ် က်သတ် ချစ်နေသော အလန်းလေး ဖြစ်နေလေသည် မဟုတ်ပါလား။

သောင်းဦးမိန်းမလောက်တော့ ဆိုးမယ် မထင်နိုင်သော် ည်း. . .

အသက်အရွယ် ကွာခြားခြင်းနှင့် အချစ်မပါသော နှလုံးသားက အိမ်ထောင်ရေးအတွက် အနှောင့်အယှက်ဖြစ်စေနိုင်သည် တွေးမိပြီး တုန်လှုပ်သွားခဲ့သည်။

သောင်းဦးကို ကြည့်ပြီး ရင်မှာလည်း နာကျင်လာသည်။

သူသည် သောင်းဦးနေရာသို့ ရောက်ခဲ့လျှင်ကော သောင်း လိုပဲ ဖြစ်မှာလား။

သူ့နှလုံးသားက ပို၍နုသည်။ အချစ်အပေါ် အပွဲ့အလမ်း



www.burmeseclassic.com


www.burmeseclassic.com



ကြီးသည်။ ထိခိုက်လွယ်သည်။ ခံစားလွယ်သည်။ ထိုကို သူ့ကိုယ်သူ သိနေသည်မို့ သူ အများကြီး စဉ်းစားဖို့ လိုသည်ဟုလည်း ဆင်ခြင်လိုက်မိလေသည်။







## အခန်း(၂၂)

သူငယ်ချင်းသောင်းဦးကို မိဘတွေက အမေရိကန်နိုင်ငံရှိ စ်မထံသို့ အလုပ်အကြောင်းပြပြီး အမြန်စီစဉ်ကာ ပို့ပေးလိုက် ည်။ ဒီက လုပ်ငန်းကိုလည်း ဖခင်က ခေတ္တတွဲကာ အုပ်ချုပ်ပေး းလိုက်သည်။

သောင်းဦးကလည်း ကြေကွဲရိပ်တို့ ယှက်နွယ်နေသော ဝန်းဖြင့် သူ့အား အဓိပ္ပါယ်ရှိရှိ ကြည့်ရင်း. . .

"နေမျိုး. . . ငါ့ကို နမူနာယူ၊ ကိုယ့်ကိုလည်း မချစ်. . ကိုယ့် က်လည်း အများကြီး ငယ်တဲ့မိန်းမတစ်ယောက်ကို မယူမိစေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါ့လို မခံစားစေချင်ဘူး၊ ရောဂါတွေထဲမှာ အသည်း ဝေဒနာလောက် ဆိုးတဲ့ရောဂါ မရှိနိုင်ဘူး၊ ကင်ဆာပိုးလို ဘဝတ လုံးကို လိုက်စားသွားလိမ့်မယ်ကွ"

"အေးပါကွာ. . . မင်းဝေဒနာကိုသာ ပျောက်အော ကုစား၊ အခုခေတ်ကြီးမှာ ရောဂါတွေ အစားထိုးလို့ ပျောက်က သွားသလို အချစ်ဆိုတဲ့အရာကိုလည်း အစားထိုး ကုသလိုက် ကွာ"

"မင်းလို ခန္ဓာကိုယ် အပြင်ပန်း အပေါ်ယံအလှဖြစ် ပလတ်စတစ် ဆာဂျရီတို့၊ ခန္ဓာကိုယ် အတွင်းပိုင်း ကလီစာတို့ဆို ရုပ်ပိုင်းဆိုင်ရာတွေကို အစားထိုးလို့ ရချင်ရမယ်၊ စိတ်ပိုင်းဆိုင် ဖြစ်ပေါ်လာတဲ့ ခံစားမှုဝေဒနာပိုင်းကိုတော့ ရမယ်မထင်ပါဘူ

"ဘာပဲဖြစ်ဖြစ် သူငယ်ချင်းရာ၊ ပုထုဇဉ်မှန်သမျှ ကို ကိုယ်ကိုတောင် မပိုင်တဲ့ လူ့ဘဝမှာ သောကွဲရှင်ကွဲဆိုတဲ့ လောက ကို မင်းတစ်ယောက်ထဲ ခံစားရတာမဟုတ်ပါဘူး၊ လူတိုင်း တစ် မဟုတ်တစ်နေ့ ကြုံတွေ့ရမှာချည်းပါပဲ၊ ရှင်ကွဲကို မခံစားနိုင် သေစာရင်း သွင်းပြီး သေကွဲကို ခံစားကြည့်လိုက်၊ ဒါဆို သေသေ သူ ကြာရင်မေ့ ဆိုတဲ့စကားအရ မေ့သွားမှာပါ"

သောင်းဦးကို လေဆိပ်သို့ လိုက်ပို့ပေးရင်း ဒေါက်တ နေမျိုး တတ်သမျှ မှတ်သမျှတို့နှင့် တရားချသည်။

သောင်းဦးက မချိပြုံး ပြုံးလျက် သူ့အား သိုင်းဖက်လိုက်

"အေးပါကွာ. . . ငါဖြေနိုင်အောင် ဖြေပါ့မယ်၊ ငါ့ဘဝ တော့ ပျက်စီးဆုံးရှုံးသွားလောက်အောင် မဖြစ်စေရပါဘူးကွ ထွန်းဝေကိုလည်း နှုတ်ဆက်တယ် ပြောလိုက်ကွာ၊ ငါ အား





န်းဆက်မယ်"

"အေးပါ. . . အခြေအနေ ပေးတုန်း လည်ပတ်ပစ်လိုက် မ်းပါကွာ"

"အေးပါ. . . ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင် သူငယ်ချင်း"

ပြည်ပထွက်ခွာခွင့်" တံခါးတွင်း ဝင်ရောက်ပြီး သူ့အား ကျာခိုင်းသွားသော သူငယ်ချင်းကို ကြည့်ပြီး လေပူတစ်ချက် မှုတ် ထုတ်ပစ်လိုက်သည်။

သူ့ဝမ်းအတွင်း သောကအပူမီးတို့သည်လည်း တညီးညီး တောက်လောင်နေသည်မှာ ဘယ်သူမျှ မသိနိုင်။

မေနီဆိုသော မိန်းကလေးနှင့် အဝေးဆုံးနေရာသို့ သူ ထွက် သွားလျှင်တော့ သူ့နှလုံးသားကိုသူ ထိန်းချုပ်နိုင်မည် ထင်ပါသည်။

မြင်နေရရင်တော့ သူ့နှလုံးသားကို သူ မထိန်းနိုင်။

နှလုံးသားက မေနီဆိုသောမိန်းကလေးကို ရယူပိုင်ဆိုင်လို တ်ကို ဝေးနေခြင်းကများ ကုစားနိုင်မလား။

ဒေါက်တာနေမျိုး လေဆိပ်မှ ပြန်လာရင်း လမ်းတစ် လျှောက် စဉ်းစားလာသည်။

မေနီကို ချောင်းသာကမ်းခြေမှာ တွေ့ကတည်းက စိတ်ဝင် စားမိသည်။ မေနီက ရေကြောက်သော သူ့ကို အဖော်ပြုပေးရင်း သူကလည်း တစ်ယောက်တည်း ကြိတ်ဆွေးနေသော မေနီကို အဖော်ပြုပေးရင်း ရင်းနှီးသွားကြသည်။

ထိုကတည်းက မေနီကို သူ တိတ်တခိုး စွဲလန်းသွားသည်မို့ မေနီ ပြုံးပျော်နေရအောင် မေနီဆန္ဒကို ဖြည့်ဆည်းပေးဖို့အထိ သူ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိသည်။

ပေးဆပ်သောချစ်ခြင်းဖြင့် ချစ်မိသွားသည့်အတွက် မေ
ကို သူ အလှပြုပြင်ဖန်တီးပေးခဲ့သည်။

မေနီ လှသွားသည်။

မေနီ လှသွားတော့ မေနီကို ချူချင်သူတွေ ဝိုင်းဝိုင်းလည်
လာသည်။

ထိုအထဲ မေနီ တစ်ဖက်သတ်ချစ်သူကပါ။ မေနီအာ
ဂရုစိုက်လာပြီး. . .

သူ ရင်ထဲ ကြိတ်ဆွေးရလေပြီး. . .

မေနီကို အလှပြင်ပေးမိတာ မှားသွားသည်။

သာမန်ရွက်ကြမ်းရေကြို မိန်းကလေး မေနီကိုသာ သူ
အချစ်ရယူပြီး လက်ထပ်ထားဖို့ ကြိုးစားလိုက်ရင် အကောင်းသား

ခုတော့ ဥယျာဉ်မှူးက ပန်းခူးချင်နေပြီး ကိုယ်ပြုစုပျိုး
ထောင်ထားသောပန်းကို တစ်ပါးသူ ခူးယူသွားမှာ စိုးရိမ်နေသည်
ဒေါက်တာနေမျှး လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြ
သည်။

"ဟူး. . ."

ဝမ်းတွင်းလေပူတွေက များ့များနိုင်လွန်း ပူ့ပူနိုင်လွန်းလှ
သည်။

နောက်ဆုံး ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ပင် ချလိုက်
သည်။

ရောဂါတစ်ခုကို အပ်နှင့် ထွင်းနိုင်တုန်း ထွင်းလိုက်တာ
အကောင်းဆုံးမို့. . .





မေနီနှင့် ဝေးရာ ခရီးတစ်ခုကို ရွေးလိုက်သည်။

ပြည်ပခရီးလည်း မသွားချင်တော့။ မြန်မာပြည်တွင်း
ဦးလေးအဒေါ်များ ဘိုးလေးဘွားလေး ဆွေတော်မျိုးတော်များ ရှိရာ
သို့ လျှောက်လည်ရင်း သွားကန်တော့လိုက်မည်ဟု ဆုံးဖြတ်လိုက်
သည်။

သူ့ဆုံးဖြတ်ချက်ကို ဘယ်သူမှ မတားနိုင်အောင် မဥူး
သက ဆေးခန်း ချယ်ရာမင်တွေကိုသာ ခွင့်တောင်းပြီး လေးလေး
မေကို ကန်တော့ပြီး အထုပ်အပိုးများ တင်ကာ မြန်မာပြည်တွင်း
ဒေသန္တရခရီးအဖြစ် ထွက်ခဲ့ခြင်းဖြစ်လေသည်။

မေနီကို မေ့နိုင်သွားသလား။

မေ့တာကတော့ မမေ့ပါ။ သို့သော် တမ်းတမ်းတတနှင့်
နွမ်းလျနေအောင်တော့ မဖြစ်တော့ပါ။


ကားမောင်းရင်း တစ်ကိုယ်တော် ခရီးသွားသည်ဆိုတော့
အစစအရာရာ သတိဝီရိယနှင့် နားနားနေနေ သွားသည်။ ညဘက်
ဆို ဟိုတယ်၌ တည်းခိုပြီး သွားရင်း တာချီလိတ်ကိုအရောက်၌
သူ့ခြေရာကို မေနီ ကောက်မိသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၃)

"လေးလေးဒေါက်တာ. . . ဘာတွေ စဉ်းစားနေတာလဲ
ဟင်"

"ဩော်. . ."

ဒေါက်တာနေမျိုး သူ၏ပျံ့လွင့်သွားသောအာရုံကို ပြန်စုစည်းကာ မေနီဘက်သို့ လှည့်လိုက်သည်။

မေနီက ဒေါက်တာနေမျိုးကို အကဲခတ်နေသည်မှာ ကြာပြီ ဒေါက်တာနေမျိုး အတွေးလွင့်ပြင်ထဲ လွင့်ပါးနေမှုကို သတိထားမိပြီး စောင့်ကြည့်လိုက်သည်။





ဒေါက်တာ့ရင်ထဲမှာ သူ့အတွက် ပြောစရာစကားတွေ အပြည့်ရှိနေလိမ့်မည်။ ပြောရခက်နေ၍ စဉ်းစားနေတာလား။

မေနီကိုယ်တိုင်ကလည်း ဒေါက်တာနေမျိုးကို မေးစရာ မေးခွန်းတွေ ရှိနေသည်။

သို့သော် ခက်နေသည်က ကိုယ့်ဘက်က စမေးလျှင် ရေလာမြောင်းပေးစကား ဖြစ်သွားမှာ စိုးရိမ်သည်။

ဘာပဲပြောပြော မြန်မာမိန်းကလေးပီပီတော့ မိန်းကလေးက စရသည့် ချစ်ခြင်းစကားအတွက်တော့ မိန်းမက္ကန္ဒြေပျက်သည် ဟူသော အယူအဆလေးက စွဲနေသည်။ ထို့ကြောင့်. . .

"ဒေါက်တာ. . . ကျွန်မကို ဘာပြောစရာရှိလို့လဲဟင်"

"အေးနေပြီလား"

"မအေးပါဘူး"

တာချီလိတ်မြို့၏ ဇန်နဝါရီလ အအေးက သိပ်အအေးကြီး မဟုတ်ချေ။ မေနီအတွက် ကုတ်အင်္ကျီနှင့်ပင် လုံလောက်နေပြီ။

"ဒေါက်တာ ဘာဖြစ်လို့ ခရီးထွက်သွားခဲ့ရတာလဲဆိုတာကို ကျွန်မ သိပ်သိချင်နေခဲ့တာ"

ဒေါက်တာနေမျိုး ပင့်သက်ရှိုက်လိုက်ပြီး. . .

"ဒီလိုပါပဲ. . . လူက အမြဲတစေ စက်ရုပ်လို ပုံမှန်လှုပ်ရှားနေရတာမျိုးဆိုရင် ငြီးငွေ့တတ်လို့ စိတ်အပြောင်းအလဲဖြစ်အောင် ခရီးထွက်ကြည့်လိုက်တာပါ၊ ဘာဖြစ်လို့ မေးတာလဲ"

မေနီ ဆုံးဖြတ်ချက်ချလိုက်သည်။

ဒေါက်တာနေမျိုးကတော့ ဒီလိုပဲ ဆင်ဝှေ့ရန်ရှောင် နေဦးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ မိမိဘက်က သိက္ခာတို့ဘာတို့ ဖယ်ပြီး ပွင့်ပွင့်လင်းလင်း ဖွင့်ချလိုက်တာပဲ ကောင်းလိမ့်မည်။

"ကျွန်မကို မိကေ ပြောတော့ တစ်မျိုးပါလား"

ဒေါက်တာနေမျိုး ရင်ထဲသို့ ထိတ်လန့်မှုက ဒိန်းကနဲ ဝင်ဆောင့်လေပြီ။

"ဟင်. . . ဘာပြောလိုက်လို့လဲ"

"ကျွန်မကြောင့် ထွက်သွားတာဆို"

ဒီလောက်မြို့စိစိနိုင်သော ဒေါက်တာနေမျိုးကို ဟောဟောဒိုင်းဒိုင်း မပြောလို့ကတော့ ပေရှည်နေဦးမည်။

ဒေါက်တာနေမျိုး မျက်နှာထူပူသွားသည်။

ချစ်ခြင်းမေတ္တာမှာ အလျားအနံ မရှိပေမယ့် အသွားအပြန် ရှိပါတယ်ဆိုသောအယူအဆကို သူလက်ခံနိုင်ပါသည်။

သို့သော်. . . အသွားအပြန်ကိုမှ သူ မလိုချင်တော့ဘဲ။

အသက်အရွယ် ကွာခြားသော အိမ်ထောင်ရေးတစ်ခုကို သူ မလိုချင်တော့။

တစ်ဖက်က အချစ်မပါသော အိမ်ထောင်ရေးကိုလည်း သူ ထိတ်လန့်နေပြီ။

သူငယ်ချင်းသောင်းဦးက သူ့ကို အိမ်ထောင်ရေး သင်ခန်းစာတစ်ခု ပေးသွားလေပြီး ခုချိန်မှာ သူ စကားမမှားဖို့ အရေးကြီးနေသည်မို့. . .

"မိကေက ဘာတွေများ ပြောလိုက်လို့လဲဆိုတာ ကျုပ်ကို သေသေချာချာ ရှင်းပြပါဦး"

ခုရှုပ်မှ နောင်ရှင်းမည်မို့ ဒေါက်တာနေမျိုး မျက်နှာပူပူနှင့်





ထပ်မေးလိုက်ရသည်။

မေနီလည်း နှုတ်က တွန့်နေသည်။

နောက်ဆုံး အားတင်း၍. . .

"လေးလေးက ကျွန်မကြောင့် ခံစားရပြီး စိတ်ပြေလက်ပျောက် ခရီးထွက်သွားတာတဲ့၊ ဟုတ်လား လေးလေး၊ ကျွန်မ ဘာမှားမိလို့လဲ၊ လေးလေးအပေါ် ကျေးဇူးကန်းတဲ့ အပြုအမူ အပြောအဆိုမျိုး ကျွန်မ ကျူးလွန်မိလို့လား၊ ကျွန်မကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ လေးလေးရယ်"

မေနီထံမှ တူ,တူမတွေ ခေါ်သကဲ့သို့ သူ့အား လေးလေးဟု သုံးနှုန်းလိုက်လေတိုင်း မေနီနှင့်သူ အသက်အရွယ် ကွာခြားမှုကို မီးမောင်းထိုးပြလိုက်သလို ဖြစ်နေလေသည်။

"မိကေတို့က သေသေချာချာ မသိလို့ စိတ်မှန်းနဲ့ ရမ်းတုတ်နေတာ ဖြစ်မှာပါ၊ အမှန်တော့ ကျုပ် တကယ်ပဲ ခေါင်းရှုပ်လို့ ခရီးထွက်ခဲ့တာ မှန်တယ်"

"ကျွန်မကြောင့်လား"

"အလုပ်ကြောင့်ပါ. . . ညည်းကြောင့်လည်း တစ်စိတ်တစ်ဒေသ ပါကောင်းပါလိမ့်မယ်"

မေနီရင်ထဲ လှုပ်ရှားမှု လှိုင်းဂယက်လေးက ပိုမိုကြီးထွားလာသည်။

"အလုပ်ဆိုတာ ဝါသနာပါလို့ပဲလုပ်လုပ် တာဝန်အရပဲလုပ်လုပ် အနည်းနဲ့အများတော့ စိတ်ဖိစီးမှုတော့ ရှိတာပဲပေါ့၊ ခွဲစိပ်ခန်းသွားထက်ထက် တစ်ချောင်းကို ကိုင်ဆောင်ပြီး အလုပ်လုပ်ရတဲ့ ဆရာဝန်တစ်ယောက်ဟာ ဘယ်လောက်စိတ်တည်ငြိမ်ဖို့လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာ ညည်းတို့ကို ပြောပြလို့ နားလည်ချင်မှ နားလည်မယ်"

"ကျွန်မ နားလည်ပါတယ် လေးလေးဒေါက်တာ"

"နားလည်တယ်ဆိုရင် စိတ်ရှုပ်ထွေးနေတဲ့ ခရီးထွက်တာကို ညည်း သဘောပေါက်ပါ"

"ဟုတ်ပါတယ်. . . ကျွန်မသိချင်တာကလည်း လေးလေးရဲ့စိတ်က ဘာဖြစ်လို့ ရှုပ်ထွေးနေတာလဲ၊ ကျွန်မကြောင့် တစ်စိတ်တစ်ဒေသ ဆိုရင်လည်း အဲဒီတစ်စိတ်တစ်ဒေသလေးကို ကျွန်မ သိခွင့်ပေးပါလား"

ဒေါက်တာနေမျိုး မေနီကို စူးစိုက်ကြည့်လိုက်သည်။

မေနီမျက်ဝန်းထဲ၌ သူ့ရင်တွင်းကို ဖောက်ထွင်းသိမြင်နေသော စွမ်းအားပါဝါများကို သူတွေ့နေရလေသည်။

"ကျုပ်ရင်ထဲမှာ မေနီဆိုတဲ့ ညည်းဝင်ရောက်ပြီး နေရာယူသိမ်းပိုက်နေတာကို ကျုပ် မကျေနပ်နိုင်လို့ ထွက်ခဲ့တာပဲ"

"ဟင်. . ."

ဒေါက်တာနေမျိုးက ခပ်စိမ်းစိမ်း ကြည့်ပြီး တဲ့တိုးကြီး ပြောချလိုက်သောအခါ ပွင့်လင်းပါသည်ဆိုသော မေနီပင်လျှင် တအံ့တသြနှင့် ဆွံ့အသွားရလေသည်။

"ဟုတ်တယ်. . . ကျုပ်က ကျုပ်စိတ်ကို ကျုပ်ပဲ ပိုင်စိုးချင်တယ်၊ ကိုယ့်စိတ်ကိုကိုယ် ပိုင်စိုးဖို့ဆိုတာ အင်မတန် ခဲယဉ်းတဲ့ကိစ္စ ဖြစ်ပေမယ့် ကျုပ်ကျင့်ကြံပြီး နေနိုင် လုပ်နိုင်ခဲ့တယ်၊ ဒါပေမယ့် မေနီဆိုတဲ့ညည်းနဲ့ သိကျွမ်းခင်မင်ပြီးတဲ့နောက်ပိုင်းမှာတော့ ကျုပ်စိတ်တွေကို ညည်းက ပိုင်စိုးစ ပြုလာတယ်၊ ညည်းကြောင့် ကျုပ်မှာ တွေဝေလာတယ်. . စဉ်းစားတတ်လာတယ်၊ ဒါတွေကို ကျုပ်မလို





ချင်ဘူး၊ ဒါကြောင့် ခေါင်းရှင်းဖို့ ကျုပ်ခရီးထွက်ခဲ့တာပဲ"

"မေနီကို လက်မခံချင်ဘူး ဆိုတဲ့သဘောလား လေးလေးဒေါက်တာ"

မေနီရင်ထဲ ကြေကွဲသွားသည်။ ဒေါက်တာနေမျိုး၏ ဖြောင့်မတ်သောစကားများက သူ့နှလုံးသားကို ထိမှန်စေလေပြီ။

ဒေါက်တာနေမျိုး မေနီ၏ရီဝေသောမျက်လုံးကို ကြည့်ပြီး မခံစားနိုင်သဖြင့် မျက်နှာလွှဲလိုက်လေသည်။

"ဟုတ်တယ်. . . မေနီဆိုတဲ့ညည်းကို ကျုပ်တူမကေခိုင်နဲ့ တန်းတူနေရာယူမှုမျိုးကလွဲပြီး ဒီထက်ပိုပြီး နေရာမပေးနိုင်ဘူး"

မေနီ ရင်ထဲ နင့်ကနဲ ဖြစ်သွားသည်။

ဒေါက်တာနေမျိုးက မိမိကို ငြင်းပယ်လိုက်တာ မိမိအား သူ့ရင်ထဲကို ဝင်ရောက်လာခြင်းကို လုံးဝလက်မခံနိုင်ကြောင်း ငြင်းလိုက်တာပေါ့။

"ကျွန်မမှာ အပြစ်ရှိလို့ ဒီထက်ပိုပြီး နေရာမပေးနိုင်တာလား လေးလေးဒေါက်တာ"

ဒေါက်တာနေမျိုးရင်မှာ နာကျင်နေသည်။

မေနီ လိုက်လာကတည်းက မေနီရင်ထဲ ခံစားချက်တွေကို သူ တွေ့မြင်နေပြီ။

မေနီသည် သနားတတ်သည်။

သဘောကောင်းသည်။ စိတ်ထားလေးက နူးညံ့သည်။ တစ်ဖက်သားကိုလည်း အင်မတန် အားနာတတ်သည်။ သူ့ကြောင့် တစ်ဖက်သား ဒုက္ခရောက်မှာကို မလိုလားတတ်ပါချေ။

"ညည်းမှာ အပြစ်မရှိပါဘူး၊ ကျုပ်စိတ်. . အဲ. . ထားပါ



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ကျုပ်နှလုံးသားက ညည်းကို လိုလားပေမယ့် ကျုပ်ဦးနှောက်က ညည်းကိုမှ လက်မခံနိုင်ဘဲ"

"ရှင်. . ."

မေနီ စွန့်လွှတ်ရကျိုးမနပ် ဖြစ်သွားရသည်။ ပျော်ရွှင်ရမှာလား ဝမ်းနည်းရမှာလား မသိတော့။ ရင်ထဲမှာတော့ ဟင်းလင်းပြင်လို ဖြစ်သွားသည်။

"ညည်းရင်ထဲမှာ လူတစ်ယောက်က နေရာယူပြီးသားပဲ၊ ဒီနေရာကို ကျုပ်လုယူချင်တယ်ဆိုတော့ ကျုပ်ရဲ့အတ္တသက်သက်ပဲ ဖြစ်မှာပေါ့"

မေနီရင်ထဲမှာ မင်းလှဘော်ကတော့ ဘယ်သောအခါမှ နေရာရွှေ့ပြောင်းလိမ့်မည် မဟုတ်ပါချေ။

"ချစ်ခြင်းမေတ္တာဆိုတာ ကုန်ခန်းသွားရိုးမှ မရှိတာ၊ မြစ်ရေအလျဉ်လိုပဲ တသွင်သွင် စီးဆင်းနေတတ်တာပါ"

"ထားပါလေ. . . ကျုပ်အတွက် မင်း ကရုဏာသက်စရာအားနာစရာ မလိုပါဘူး၊ မင်းဘဝကြီးနဲ့ ရင်းပြီး နှလုံးသားကြီးနဲ့ ရင်းပြီး ပေးဆပ်စရာလည်း မလိုပါဘူး မိန်းကလေး၊ ကျုပ်ဟာ မိန်းမတစ်ယောက်ကြောင့် ဘဝပျက်မယ့်သူလည်း မဟုတ်ပါဘူး"

မေနီ ဒေါက်တာနေမျိုး၏စကားများကို မိမိအတွက် ရင့်သီးလိုက်တာဟု နာသင့်နေပြီ ထင်ပါသည်။

သို့သော် ဒေါက်တာနေမျိုးကို ကျေးဇူးရှင်အဖြစ် သည်းခံလိုက်သည်။ ချစ်ခင်လေးစားစိတ်ရင်းကလည်း ပျက်ပြယ်မသွားပါ။ သို့သော်. . .

"ကောင်းပါပြီ လေးလေး၊ ကျွန်မလည်း ရှင်းရှင်းပဲ ပြောပါ့





မယ်၊ ကျွန်မကို လေးလေးဒေါက်တာက ချစ်လို့ လက်ထပ်ချင်တယ်ဆိုရင် ကျွန်မဘက်က မငြင်းပယ်ပါဘူး၊ လက်ခံနိုင်ပါတယ်၊ ကျွန်မကြောင့် ဒေါက်တာ ဝေဒနာ မရစေရပါဘူးဆိုတာ ကျွန်မ ရဲရဲကြီးပြောရဲပါတယ် လေးလေးဒေါက်တာ"

ဒေါက်တာနေမျိုး ရင်ထဲ လှုပ်ခတ်သွားပြီး ဇဝေဇဝါ ဖြစ်သွားရသည်။ တွေဝေသွားရသည်။ သောင်းဦးကိုစ္စက မေ့ပျောက်မရတော့ ပင့်သက်ချကာ လတ်တလောကိစ္စကို ဖြေရှင်းလိုက်သည်။

"ကိုင်း. . . ညဉ့်နက်လာတော့ အအေးပိုလာပြီ မိန်းကလေးရယ်. . . သွားအိပ်တော့၊ မနက်ဖြန် လည်ပတ်စရာတွေ ရှိသေးတယ်ဆိုတော့ နားလိုက်ပါတော့"

"ကျွန်မတို့ စကားမဆုံးသေးဘူးလေ"

"နောက်နေ့မှ ဆက်ပြောကြတာပေါ့ကွာ၊ ကျုပ်လည်း နားချင်ပြီ"

သို့ဆိုပြန်တော့ မေနီအတွက် သိလိုစိတ်တို့က ဆန့်တငင်ငင် ဖြစ်သွားရသော်လည်း သည်းခံလိုက်သည်။

ကျန်ဘဝတစ်ခုလုံးနှင့် ဆိုင်သည့်ကိစ္စကို တစ်ခဏနှင့်တော့ အပြီးသတ် ဆုံးဖြတ်လို့မှ မရနိုင်တာ။ စိတ်ရှည်ပါ မေနီ. . . ဟု။


ကိုယ့်ကိုယ်ကို ဆုံးမရင်း မေနီ မိုတယ်အတွင်းပိုင်းသို့ ဝင်ခဲ့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၄)

မေနီ လမ်းဘေးဝဲယာရှေ့နောက်ကို ကြည့်ရင်း သဘောကျနေမိသည်။ နှစ်ထပ်ဘတ်စ်ကားကြီးများကလည်း ငြိမ်ငြိမ့်ညောင်းညောင်း သွားလာနေသည်။ လမ်းတွေကလည်း ကောင်းသည်ဆိုတော့ နှစ်ထပ်ဘတ်စ်ကားတွေလည်း ဟန်ချက်ညီကာ အန္တရာယ်မရှိ မောင်းနှင်နိုင်သည်ပေါ့။

မေနီ တွေးရင်း ကားကောင်းတွေ အထက်ကားတွေကိုသာ တွေ့ရသည်။ အမှိုက်သရိုက် ကင်းစင်နေသည်။ ဈေးဆိုင်တွေကလည်း မှိုလို ပေါက်မနေ။





ညှို့မှိုင်းနေသော တောင်တန်းကို နောက်ခံပြုပြီး ထိုင်းနိုင်ငံမယ်ဆိုင်မြို့မှ ချင်းယိုင်းသို့ ဘော်ဒါပတ်စ်ပို့နှင့် နေ့ချင်းပြန်လာခဲ့ကြခြင်းဖြစ်သည်။

"အဲဒီတောင်တန်းက ဘာတောင်တန်းလဲဟင်၊ ကြည့်ရတာ လွမ်းစရာကြီးနော် လေးလေးဒေါက်တာ"

ဒေါက်တာနေမျှုးကလည်း သေချာမသိ။ သူလည်း ယခုမှ ရောက်ဖူးတာ ဖြစ်နေသည်။

ဤသည်ကို ကြိုသိပုံရသော ဒေါက်တာနေမျှုး၏ဦးလေးက မြန်မာ-ထိုင်း ခရီးသွားကုမ္ပဏီမှ အဲယားကွန်း တောင်းအော့စ်ကားနှင့် စကားပြန်တစ်ဦးကိုပါ စီစဉ်ပေးလိုက်သည်။ ဒါမှလည်း မယ်ဆိုင် မယ်ကျန်းနှင့် ချင်းယိုင်းမြို့၏အထင်ကရနေရာတွေ သွားလာရေး အဆင်ပြေနိုင်မည်။

ထိုင်းမြန်မာ စကားပြန်က အခါလူမျိုးဖြစ်ပြီး ဘာသာစကား(၄-၅)မျိုးလောက် ကျွမ်းကျင်သူဖြစ်ပြီး တိုးဂိုက်ဒ်လုပ်နေသူဖြစ်သည်။

ဒေါက်တာနေမျှုး မဖြေနိုင်သော မေနီ၏မေးခွန်းကို တိုးဂိုက်ဒ်အမျိုးသမီးလေးက ဖြေပေးသည်။

"ရင်ကွဲတောင်လို့ ခေါ်တယ်"

"ဟင်. ."

"သေသေချာချာ ကြည့်ရင် မိန်းမပျိုလေးက ဆံပင်ကို နောက်လှန်ထားပြီး ပက်လက်အိပ်နေတဲ့ပုံကို မြင်ရလိမ့်မယ်၊ အဲ့ဒီမှန်တော့ ချစ်သူစစ်ထွက်သွားတာကို တောင်ပေါ်က မျှော်ရင်းမျှော်ရင်း စောင့်ရင်းစောင့်ရင်းနဲ့ ချစ်သူကလည်း ပြန်မလာတော့ ရင်ကွဲနာကျ

www.burmeseclassic.com



ပြီး သေသွားတဲ့ ရှေးဒဏ္ဍာရီပုံပြင်ကို အစွဲပြုပြီး ရင်ကွဲပက်လက် တောင်လို့ ခေါ်တာ၊ နောက်တော့ ကာလရွေ့လျှောလာပြီး ရင်ကွဲ တောင်လို့ပဲ ခေါ်ကြတယ်တဲ့"

"သြော်. . ."

အားလုံးရင်ထဲ အနည်းနှင့်အများဆိုသလို နွမ်းလျသွား သည်။ ပုထုဇဉ်လူသားမှန်သမျှ ချစ်သူနှင့် ရှင်လျက်နှင့် ကွေကွင်းရ ခြင်းဟူသော ဒုက္ခဆင်းရဲ၊ သေကွဲ,ကွဲရခြင်းဟူသော ဒုက္ခဆင်းရဲက တော့ အနည်းနှင့်အများ ရှိကြပေလိမ့်မည်။

လူသားမှန်သမျှ အချစ်နှင့်မှ မကင်းကြပေပဲ။

လောလောဆယ် ဒေါက်တာနေမျိုးလည်း အချစ်နှင့် ပတ် သက်ပြီး တွေဝေနေသည်။ ချစ်လျက်နှင့် ခွဲခွာဖို့အရေး သူ့ရင်မှာ လည်း မချိပြီ။

မေနီကတော့. . .

အသည်းဆန်ခါပေါက်မတတ် ချစ်ရသော မင်းလှဘော်ကို စွန့်လွှတ်ပြီး ကိုယ့်ကြောင့် ဝေဒနာ ရနေသည် ထင်သော ဒေါက်တာ နေမျိုးကို လက်ခံဖို့အရေး ရင်မှာ မချိတင်ကဲဖြစ်ကာ တွေဝေနေရ သည်မှာ အမှန်အကန်ပင်။

နှင်းဝတီကလည်း ခုလိုခရီးမျိုး ထွက်တော့ ပြည်ပသင်္ဘော နှင့် ပင်လယ်သမုဒ္ဒရာထဲ ရွက်လွှင့်ကာ ဝမ်းရေးအတွက် အလုပ် လုပ်နေရရှာသော ခင်ပွန်းကို လွမ်းဆွတ်တသမိပေမည် ထင်သည်။ မျက်နှာလေး ညှိုးရော်သွားသည်။

လူဆိုတာ ဖြစ်တည်လာကတည်းက စတင်၍ ခံစားမှု အစုစုသော ဝေဒနာဆိုးတွေက ကပ်ငြိပါလာပြီးသား ဖြစ်လေသည်။





ဒေါက်တာနေမျိုး၊ မေနီ၊ နှင်းဝတီတို့သုံးဦးစလုံး ပင့်သက် လေးများကို ကိုယ်စီကိုယ်ငှ တိတ်တခိုး ချလိုက်ကြသည်။

"ခု သွားမှာက ဘုရင့်မယ်တော်ပန်းခြံလို့လည်း ခေါ်တယ်၊ ယ်ဖလုံ)ပန်းခြံလို့လည်း ခေါ်တယ်၊ ထိုင်းလိုတော့ (ဒွိုင်တုန်း)ပေါ့၊ မြို့တမ်း ခရီးသွား မပြတ်ဘူး၊ ဒီထိုင်းနိုင်ငံမြောက်ပိုင်းမှာတော့ င်ရှားတဲ့နေရာတစ်ခုပဲ"

မေရီကလည်း အသံဝဲဝဲလေးနှင့် သူသိသမျှ ရှင်းပြလေ သည်။

ထိုင်းစကားတတ်သော စကားပြန်မေရီကြောင့် မယ်ကျန်း တွင် နေ့လည်စာ စားသောက်တော့လည်း အဆင်ပြေလှသည်။ ိုင်းအစားအစာများသည် များသောအားဖြင့် အစပ်ကဲထားသည်။

မယ်ဖလုံပန်းခြံကို တောင်ထိပ်အနီး တောင်စောင်းလေး တွင် ပြုလုပ်ထားသည်။ မယ်တော်၏နွေရာသီစံအိမ်တော်ထဲ ဝင် ရောက် လေ့လာသည်။ အဝင်ဝတွင် ပလက်စတစ်အိတ်ဖြူများနှင့် ပ်စင် ထားပေးထားသည်။ အိမ်တော်၌ တာဝန်ကျ ဝန်ထမ်းများ လည်း ယူနီဖောင်းအပြည့်အစုံနှင့် သူတို့အလုပ် သူတို့ လုပ်နေကြ သည်။ အိမ်တော်အတွင်းပိုင်းကလွဲ၍ အပြင်ဝရံတာနှင့် ပန်းခြံ စ်ခုလုံးဓာတ်ပုံရိုက်နိုင်သည်။ မြန်မာနိုင်ငံလို ကင်မရာခွန်ဆောင် ရာ မလိုသဖြင့် မေနီတို့၏ဒစ်ဂျစ်တယ်ကင်မရာလေးတို့မှာ ပူနေ အောင် တာဝန်ထမ်းနေရရှာလေသည်။

မယ်တော်စံအိမ်တွင် ဖုန်ဆို၍ မြူမှုန်မျှပင် မရှိသလို သဲ မှိုက်ဆို ဝေလာဝေးပင်။ ကျွန်းသားကြမ်းတို့မှာ ပြောင်လက်ဖ ်ဖိတ်တောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြည်နူးစရာကောင်းလွန်းလှသည်။

မယ်တော်စံအိမ်က ထွက်လာတော့ ဖိနပ်ထည့်ခဲ့သော ကျွတ်ကျွတ်အိတ် ထည့်စရာပုံးတွင် ထည့်ခဲ့ရုံပင်။

"သာယာလိုက်တာနော်"

"အင်းဟယ်. . . ပန်းရဟတ်ကြီးက လှလိုက်တာဟယ် လူစီးရဟတ်ပဲ ရှိတယ်ထင်တာ၊ ပန်းစီးရဟတ်လည်း ရှိတယ်နော်"

ရေတံခွန် ပန်းဆိုင်းရဟတ် ပန်းစင် ပန်းအိမ်နှင့် ပန်းဝို ကြီးတို့မှာ အရောင်အသွေး အစုံအလင်နှင့် ကြည့်၍မဆုံး ရှု၍မဆုံး နိုင်အောင်ပင် ဖြစ်နေမိသည်။

ဒေါက်တာနေမျှးက ပျော်ရွှင်မြူးတူးပြီး ဓါတ်ပုံရိုက်နေ လန်းနေသော မေနီနှင့်နှင်းဝတီတို့ကို ကြည့်ရင်း အရွယ်ကွာခြား ကို တွက်ဆရင်း ပင့်သက်ရှိုက်လိုက်မိသည်။ သူကတော့ နားနေ ဆောက်လုပ်ပေးထားသော ခုံတန်းလျားလေးတွင် ထိုင်နေမိသည်

သူ ပြုတ်သားသောအဖြေတစ်ခုကို မေနီအား ပေးရမည် ဖြစ်သည်။

"ဆရာ မောနေလို့လား"

စကားပြန်မေရီက သူ့အား မေးလိုက်သည်။

"မမောပါဘူး"

"ဒါဖြင့် ညောင်းလို့လား"

"မညောင်းပါဘူး. . . သာယာလို့ ထိုင်ငေးနေရုံလောက် ပဲ"

ပန်းဆိုတာ မိန်းမသားတွေက အသည်းစွဲ ကြိုက်ကြသည် သဘာဝ ဖြစ်သည့်အလျောက် မေနီနှင့်နှင်းဝတီကတော့ ပန်းခင်





ဘစ်ပင်မှ မလွတ်ရအောင် ကြည့်လိုက်၊ ဓါတ်ပုံတစ်လှည့်စီ ရိုက် လိုက် လုပ်နေကြသည်။

မေနီ လာရင်းကိစ္စကိုပင် မေ့ပျောက်နေသည်ထင့်။

"မေရီ. . . ဟိုမချောလေးတွေကို သတိသွားပေးလိုက်ဦး၊ သွားစရာနေရာတွေ ကျန်သေးတယ်လို့"

"ဟုတ်"

မေရီက သွက်လက်စွာပင် မေနီတို့ ရှိရာသို့ လျှောက်သွား ပြီး ခေါ်လိုက်သည်။

"လေးလေး ဘာဖြစ်လို့လဲ"

မေနီက ဒေါက်တာနေမျှးကို စိုးရိမ်စွာဖြင့် မေးလိုက်သည်။

"ဘာမှမဖြစ်ဘူး. . . သွားစရာနေရာတွေ အများကြီး ကျန်နေသေးတယ်၊ ဒီထက် ထူးဆန်းတဲ့နေရာတွေ ရှိသေးတယ်"

"ဟုတ်တယ်နော်. . . ဒီမယ်ဖလုံပန်းခြံက ပန်းအမျိုး အစားတွေနဲ့ ကျွန်မတို့ ပြင်ဦးလွင်က အမျိုးသားကန်တော်ကြီး ဥယျာဉ်က ပန်းတွေနဲ့ အမျိုးအစားတွေက အတူတူပဲ"

"ရေကြောမြေကြော ဆက်စပ်နေတာကိုး. . . တူမှာပေ့ါ"

"လေးလေး. . . ညောင်းလို့လား၊ ကျွန်မ တွဲရမလား"

မေနီက ထိုင်နေသော ဒေါက်တာနေမျှးကို စိတ်ရင်း စေတနာအမှန်နှင့် မေးလိုက်သည်။

ဒေါက်တာနေမျှး ထိုင်ရာက ထကာ. . .

"ညည်းက ကျုပ်ကို အဘိုးကြီးများ အောက်မေ့နေလို့လား၊ ကျုပ်က ညည်းတို့ကို စောင့်နေတာပါ"

အသက်(၅၀)ကျော် (၆၀)ကျော် အမျိုးသမီးများက



www.burmeseclassic.com

www.burmeseclassic.com



လည်း မလှမ်းမကမ်း၌ ထိုင်နေကြသည်။ မေရီကို သူတို့က စကား လှမ်းပြောသည်။

မေရီက. . .

"အစ်မတို့ကို လှတယ်၊ အကျီအရောင်အသွေးကလည်း သိပ်လှတယ်တဲ့၊ ဗမာလူမျိုးတွေလားတဲ့၊ ကျွန်မက ဟုတ်တယ်လို့ ပြောလိုက်တယ်၊ သူတို့က ထိုင်းလူမျိုးတွေ၊ သူငယ်ချင်းတွေ စုပြီး လာလည်တာ၊ အားလုံးက ဒူးနာကြလို့ နားနားပြီး သွားနေရတယ် တဲ့"

ဟု ပြန်ပြီးရှင်းပြပေးလေသည်။

မေနီတို့လည်း ထိုင်းအမျိုးသမီးကြီးများကို ပြုံးပြပြီး နားနေ ရုံလေးထဲမှ ထွက်ခဲ့ကြသည်။

ထိုင်းအမျိုးသား အမျိုးသမီးတို့၏မျက်နှာမှာ သောကရိပ် တွေ ရှာဖွေမတွေ့ရလောက်အောင် မျက်နှာပြင်မှာ အေးချမ်းနေကြ သည်။

အသက်နှစ်ဆယ်ကျော်ရုံသာ ရှိသေးသော မေနီအတွက် ဘဝကို ဖြတ်သန်းဖို့အချိန်တွေ အများကြီး ရှိပါသေးသည်။

အလုပ်တွေလည်း အများကြီး လုပ်ရမည်။

လူဖြစ်လာသောဘဝမှာ အဓိပ္ပါယ်ရှိစွာ ရှင်သန်ဖို့ ကြိုးစား သင့်သည်။

အချစ်တစ်ခုတည်းနှင့် ဘဝကို မကုန်ဆုံးသင့်ဘူးဟု တွေး တောမိပြီး ဆုံးဖြတ်ချက်တစ်ခုကိုတော့ ရှာဖွေတွေ့ရှိလိုက်လေ သည်။

အိုခြင်းဟူသောဇရာ မလာခင် ပျိုတုန်းမှာ လုပ်သင့်တာ





တွေ လုပ်သွားရုံသာ ရှိတော့သည်။

မေနီ ဒေါက်တာနေမျိုးနှင့် ယှဉ်တွဲပြီး လိုက်လာရင်း. . .

"လေးလေးဒေါက်တာ. . . ကျွန်မတို့နဲ့ ရန်ကုန်ပြန်လိုက်မှာ လား"

"ကျုပ်ကားက ဘယ်သွားထားမှာလဲ"

"လေးလေးဒေါက်တာကားနဲ့ ကျွန်မတို့ပါ ပြန်လိုက်ရင် ကော"

"မလုပ်ပါနဲ့ မယ်မင်းကြီးမရယ်၊ လမ်းကြမ်းတယ်. . . ကျုပ် က နားနားနေနေနဲ့ အမျိုးတွေ ရှိရာ နားပြီးမှ ပြန်မှာ"

"ကျွန်မ ဘာကြောင့် လေးလေးနောက်ကို လိုက်လာလဲ ဆိုတာ မပြောလည်းပဲ လေးလေး သိတယ်နော်၊ ကျွန်မ ရှင်းရှင်းပဲ ထပ်ပြောမယ် လေးလေး"

မေနီက ဘေးဘီဝဲယာကို ကျိုးကန်းတောင်းမှောက် မျက် လုံးမျိုးနှင့် ဝေ့ဝိုက်ကာ အကဲခတ်လိုက်သည်။

နှင်းဝတီနှင့် စကားပြန်မလေး မေရီကတော့ ရှေ့က သွား နှင့်လေပြီမို့. . .

ညက မပြီးပြတ်သေးသောစကားကို မေနီ ပြတ်ချဖို့ ကြိုးစားလိုက်သည်။

"ကျွန်မကြောင့် လေးလေး စိတ်ပင်ပန်းရတယ်ဆိုရင် ကျွန်မ ဘာလုပ်ပေးမှ လေးလေး စိတ်ကြည်သာသွားမလဲ၊ တစ်ဘဝ လုံးစာအတွက်နော် လေးလေး၊ ကျွန်မ လေးလေးဘဝထဲကို အပြီး တိုင် ဝင်ပေးရမလား၊ ဒါမှမဟုတ် ထွက်သွားပေးရမလား၊ နက်စ် အော်နိုး(yes or no) နှစ်ခုထဲက တစ်ခုပဲ ဖြေပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနေမျုးရင်မှာ နာကျင်လျက်ရှိလေပြီ။

မိမိအပေါ် ခံစားချက် မပြင်းထန်သူကတော့ ပြတ်သားစွာ စိန်ခေါ်ပြီး ပြောရက်နိုင်သည်ပေါ့။

နှလုံးသားအရေး ဘဝအရေးဆိုတာ လျှပ်တပြက် ဆုံးဖြတ်ချက် ချလို့ ရတာမှ မဟုတ်တာ။

အလေးအနက်ထားတတ်သူ. . လေးနက်စွာ ချစ်မိနေသူတွေအတွက် ပို၍ဖြေရခက်သောပုစ္ဆာပေပဲ။

"ကဲပါ. . . ညည်း ဒီက မပြန်ခင်နေ့မှာ ကျုပ်အဖြေပေးပါ့မယ်၊ ခုတော့ ခေါင်းထဲကို ဘာမှမထည့်ဘဲ လျှောက်လည်လိုက်ဦးပေါ့. . . ဟုတ်ပြီလား"


"ကောင်းပါပြီ. . . လေးလေး စိတ်တိုင်းကျသာ ဖြစ်စေရပါမယ်"

မေနီ တွေးလိုက်မိတော့ ရယ်ချင်သွားသည်။

"ငါ့နှယ်နော်. . . ယုန်ကမတိုး ပိုက်ကတိုးနေရတဲ့အဖြစ်မျိုး ကြုံနေပြီကော" ဟု စိတ်ထဲ ကောက်ချက်ချရင်း လှေကားအတက်အဆင်း အနိမ့်အမြင့် ဆင်ခြေလျှောများနှင့် ဖွဲ့စည်းအလှဆင်ထားသော ဘုရင့်မယ်တော်ပန်းခြံ(မယ်ဖလုံ)ပန်းခြံအတွင်းမှ ပြန်ထွက်ခဲ့ကြလေတော့သည်။







## အခန်း(၂၅)

"ဘုရားဖြူ" တဲ့. . .။

စုလစ်မွန်းချွန် တန်ဆောင်းပြာသာဒ်တို့နှင့် ငွေမှင်ရောင်အဖြူရောင် တောက်နေသောကြောင့် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော ဘုရားဖြူဟု ခေါ်ဝေါ်ကြသည်။ ထို့အပြင် ကမ္ဘာလှည့်ခရီးသည်အများစုနှင့် ဘုရားဖူး အများစုတို့ လာရောက်ရာ အထင်ကရနေရာတစ်ခုလည်း ဖြစ်လေသည်။

လူစည်ကား များပြားနေသည်။ ဝင်ကြေးပေးစရာလည်း မလို၊ ကင်မရာခွန် ဆောင်စရာလည်း မလိုချေ။



www.burmeseclassic.com

www.burmeseclassic.com



မယ်ဖလုံ ပန်းခြံမှနေ၍ ချင်းယိုင်းရှိ ဘုရားဖြူသို့ ရောက် သောအခါ ဘုရားဖူးများနှင့် ကမ္ဘာလှည့်ခရီးသည် အများအပြာ ရောက်နေကြသည်။

ပြာလွင်သော မိုးကောင်းကင်ကို နောက်ခံထားပြီး တိ တောင်လိပ်တို့ကလည်း ဖြူလွင်လွင် ဘုရားတန်ဆောင်းတို့ကလည် ဖြူလွင်ပြီး ငွေမှင်ရောင် တောက်ပမှုကြောင့် ဒစ်ဂျစ်တယ် ကင် မရာနှင့် ချိန်လိုက်သောအခါ နတ်ဘုံနတ်နန်း ရောက်နေသည် အလား ခံစားရသည်။

ပန်းချီဆရာတစ်ဦးတည်းက ဗိသုကာ အဆောက်အဦ ကော ဂူကျောင်း နံရံဆေးရေးပန်းချီကားကအစ တစ်ဦးတည်း ဆွ သည်ဟု စကားပြန်မလေး မေရီက ရှင်းပြလေသည်။

မေနီမှာ ထူးဆန်းသောပတ်ဝန်းကျင်သစ်ကြောင့် အရာရာ ကို မေ့လျော့လျက်ရှိသည်။ ပြတိုက်အဆောက်အဦးကိုတော့ ရွှေရောင်ဆေးသုတ်ထားသည်ကိုသာ တွေ့ရသည်။

ထူးဆန်းသည်က ရေကန်ထဲရှိ ငါးများကအစ အဖြူရောင် များသာ ဖြစ်နေသည်။ ငါးများ လူးလာကူးခတ် သွားလာနေသည် ကန်ရေပြင်ထဲသို့ တန်ဆောင်းပြသာဒ်တို့၏ပုံရိပ် တိမ်တောင် တိမ်ရိပ်တို့ ကျလျက် ကြည်လင်နေသည်။

"ဟယ်. . . ငါးလေးတွေကအစ အဖြူရောင်ဟယ်၊ ထူးဆန်းလိုက်တာ မိမေရယ်၊ ငါတို့ဆီက အိန်ဂျယ်ငါးပုံစံနဲ့ တူတယ် ငါးတွေကိုပါ ရေစိုခံဆေးဖြူများ သုတ်ထားတာလားဟယ်"

နှင်းဝတီက တအံ့တဩ ဆိုလေသည်။

မေရီက ရယ်လျက်. . .





"မဟုတ်ပါဘူး. . . တကယ့်ငါးဖြူလေးတွေပါ"

"ထူးဆန်းလိုက်တာနော်. . တစ်ကန်လုံး ငါးဖြူတွေကြီးပဲ"

ဘုရားရုပ်ပွားတော် ကိန်းဝပ်စံပယ်တော်မူသော ဂန္ဓကုဋိဂူ လိုဏ်သို့အသွား တံတားဘေး တစ်ဖက်တစ်ချက် ချောက်ကမ်းပါး အတွင်း၌ ငရဲကျနေသူတို့၏ပန်းပုရုပ်များကို သဏ္ဌာန်အမျိုးမျိုးနှင့် စိတ်မချမ်းသာစွာ တွေ့မြင်ရလေသည်။

တိုးဂိုက်ဒ်မေရီက. . .

"ငရဲကျနေတဲ့သူတွေက အမျှလိုချင်လို့ အမျှတောင်းနေကြ တဲ့ပုံလေ"

ကျောက်သပိတ်ဖြူလေးတွေ ကိုင်ထားသူ ပုံများလည်း ရှိနေသည်။ ထိုသပိတ်ထဲသို့ ဘုရားဖူးများက အကြွေစေ့နှင့် ငွေ အကြွေစက္ကူများကို ပစ်ထည့်ပေးကြသဖြင့် မေနီနှင့်နှင်းဝတီလည်း ဘတ်ငွေလဲထားသမျှထဲမှ အကြွေအချို့ကို ပစ်ထည့်ပေးလိုက်သည်။

မေနီစိတ်ထဲလည်း "ကျွန်ုပ်တို့ ပြုခဲ့ဖူးသမျှ ဒါနသီလ ဘာဝနာ ကုသိုလ်ကောင်းမှုအစုစုကိုလည်း သင်တို့အား အမျှပေး ဝေပါသည်၊ အမျှ. . အမျှ. . အမျှ. . ယူတော်မူကြပါ" ဟု ရွတ်ဆို နေမိသည်။

ထိုငရဲကျခံနေသောသူတို့၏ပန်းပုပုံများကအစ အဖြူ ရောင်ပင်၊ တံတားလည်း အဖြူရောင်ပင်။ ဂူလိုဏ်အတွင်း ဗုဒ္ဓဝင် ပန်းချီကားများကိုလည်း ပန်းချီဆရာတစ်ဦးတည်းကပင် ဆွဲသည်ဟု မေရီက ရှင်းပြပြန်သည်။

ဘုရားရှိခိုး ဆုတောင်းအမျှဝေခြင်းတို့ကို မေနီတို့သေချာ စွာ ပြုလုပ်ပြီးနောက် အပြန်လမ်းဘက်က ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ၌ ထူးခြားသောခံစားမှုများနှင့်အတူ ပြန်ရမှာကိုပင် လွမ်းဆွေးသလို ခံစားရသည်။

နေရောင်ခြည်၏တောက်ပ အားဖြည့်ပေးထားမှုကြောင့် ငွေရောင်တောက်ပနေသော ဘုရားဖြူထဲမှ ပြန်ထွက်အလာတွင် ကားပါကင်အနီးရှိ သစ်လွင်တောက်ပသော အဆောက်အဦးကို မေနီက ဦးဆောင်ခေါ် သွားသည်။

"ခရီးက ကျန်သေးတယ်ဆိုတော့ တွိုင်းလက်တ်ဝင်ရအောင်"

မေနီတို့ ထူးကဲပြီးတော့ မအံ့ဩတော့ပါချေ။ မယ်ဖလုံပန်းခြံ၌လည်း ထိုကဲ့သို့ပင် မိမိတို့ စီးလာသောဖိနပ်တို့ကို ချွတ်ပြီး အိမ်သာစီးဖိနပ်ကိုသာ စီးပြီးဝင်ရသည်။

အိမ်သာဆိုပေမယ့် သန့်ရှင်းသန့်ပြန့်နေပြီး လူဘယ်လောက်များများ ညစ်ပတ်မနေ ရှုပ်ထွေးမနေ။ အနံ့အသက်ဆိုးမထွက်။ စက္ကူ လက်ဆေးဆပ်ပြာရေ လက်အခြောက်ခံစက်တို့နှင့် အပြည့်အစုံ ရှိသည်မို့ စိတ်ချမ်းသာစရာကောင်းလှသည်။

မေနီရင်ထဲ ကိုယ့်တိုင်းပြည်၏ အများသုံးအိမ်သာများကို သတိရလိုက်မိသည်။ အထူးသဖြင့် လေဆိပ်၊ မီးရထားဘူတာရုံ၊ ကားဂိတ်တို့နှင့် လမ်းခရီး ထမင်းဆိုင်များ၊ ပန်းခြံ၊ တိရစ္ဆာန်ရုံ၊ ဈေးနှင့် ဘုရားပုထိုးစေတီတို့လို နေရာများ၌ ရှိသော အများသုံး အိမ်သာများ သန့်ရှင်းမှုကို အထူးသန့်ရှင်းသင့်နေသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကို လူတိုင်းလူတိုင်း ဂရုတစိုက် ရှိမည်ဆိုပါက အဘယ်မျှ ကောင်းချိမ့်မည်နည်း။

မြန်မာနှင့်ပုဂံ တွဲလျက်သား ကမ္ဘာလှည့်တို့ လူသိများသလို





မြန်မာနိုင်ငံ၌ အခြားအထင်ကရနေရာတွေ များစွာရှိနေသည်။ ဒါတွေကိုပါ ကမ္ဘာ့အဆင့်မှီသော တကိုယ်ရေ သန့်ရှင်းမှုအတွက် ဝန်ဆောင်မှု ပေးနိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းသည် ဆထက် ထမ်းပိုး တိုးတက်လာနိုင်မည်ဟု တွေးလိုက်မိလေသည်။

မေနီတို့ ကားရှိရာသို့သာ ပြန်လာခဲ့ရသည်။ ခေါင်းကတော့ ဘုရားဖြူ ပရိဝုဏ်အတွင်းသို့ ကျန်ရစ်ခဲ့လေသည်။

သမင်လည်ပြန် ကြည့်ရင်း ကားပေါ်မှာ လိုက်ပါလာသည်။

အပြန်လမ်း၌ မယ်ဖလုံရှိ ဒေသကောလိပ်နှင့် နိုင်ငံတကာအဆင့်မှီ မယ်ဖလုံတက္ကသိုလ်တို့ကို လိုက်ပို့ပေးလေသည်။

သန့်ရှင်းရေးက အထူးပြောစရာမလိုချေ။ အမိုက်တစ မျှ [illegible] သန့်ပြန့်နေသကဲ့သို့ သစ်ပင်စိမ်းစိမ်းစိုစိုနှင့် ပန်းအလှ မြမြင်ရသော ကလည်း ဘုရင့်မယ်တော်ပန်းခြံနှင့် နင်လားငါလား အပြိုင်ရှိသော သည်။

တက္ကသိုလ်နှင့် တက္ကသိုလ်ဆေးရုံတို့ကလည်း [illegible] အပန်းဖြေစခန်းတစ်ခုလိုပင် သာယာလှလေသည်။

"မြန်မာလူမျိုးတွေ အများကြီး လာတက်ကြတယ်၊ မေနီ မောင်တစ်ယောက်လည်း ဒီတက္ကသိုလ်မှာပဲ တက်နေတယ်၊ နောက် တစ်ယောက်ကတော့ ဘန်ကောက်က ဆေးတက္ကသိုလ်မှာ တက်နေတယ်"

"ဩော်. . . ဟုတ်လား"

ဟုသာ မေနီ တအံ့တဩ ဖြစ်သွားရင်း ကျောင်း [illegible] စာထဲမှ ကဗျာတစ်ပုဒ်ဖြစ်သော စာရေးဆရာမကြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



"သာသည့်မြေသို့" ကဗျာတစ်ပိုင်းတစ်စကို သွား၍သတိရလိုက်မိသည်။

xxx သူမြေမှာ၊ ဖြူပြာပွင့်ရင်

ငါ့မြေမှာ၊ နီဝါတင့်ရမပေါ့xxx

ဟူ၍ဖြစ်သည်။

ရေကြောမြေကြော တဆက်တည်းဖြစ်သော အိမ်နီးချင်းနိုင်ငံတွေ တိုးတက်သကဲ့သို့ ကိုယ်နိုင်ငံကကော ဘာလို့ မတိုးတက်နိုင်ရမလဲ။ တိုးတက်အောင် နိုင်ငံသားတိုင်း လက်ဆင့်ကမ်းအမွေနှင့် အမြဲတစေ နည်းလမ်းရှာဖွေ ကြိုးစားအားထုတ်နေသင့်သည်ဟု. . .။

တွေးလိုက်မိတော့. . .

"ဘုရားရေ. . . ငါကကော ဘာလဲ"

မေနီ ကိုယ့်ကိုယ်ကို ဆင်ခြင်သုံးသပ်မိပြီး အပြစ်တွေ မြင်လာမိသည်။

အသက်(၂၂)နှစ်အရွယ်လေး။ ရှေ့လျှောက် ကြိုးစားအလုပ်,လုပ်စရာတွေ ရှိသေးသည်။

ဒါကို နှလုံးသားအလို လိုက်ပြီး စိတ်စေရာ ရွက်လွှင့် လိုက်ပါနေမိပါလား။

မေနီ ရှေ့ခန်း၌ ထိုင်နေသော ဒေါက်တာနေမျိုးကို ကြည့်လိုက်သည်။

ဒေါက်တာနေမျိုးကို အားကျပြီး ရွက်ကုန်လွှင့်နေတော့မှာလား။

ဒီလူကြီးက လူ့ဘဝ အောင်မြင်မှု ဇာတ်ခုံပေါ်မှာ နေရာ





တစ်နေရာ ရပြီးသား လူတစ်ယောက်ဖြစ်သည်။

မိမိက ဘာမှမဟုတ်သေး။ အောင်မြင်မှုဇာတ်ခုံမှာ နေရာတစ်နေရာ မပြောနှင့်၊ ခြေတစ်လှမ်းစာမျှတောင် တက်၍မရသေး။ လှေကားထစ်ပေါ်တောင် ခြေမချနိုင်သေးပါလားဟု တွေး၍ ပြင်ပကို ငေးကြည့်လိုက်တော့. . .

မေရီက. . .

"ဟော. . ကြည့်. . ဟိုမှာ နာရီစင်၊ အဲဒါလည်း ပန်းချီဆရာပဲ ဆွဲခဲ့တာ"

"ဒါတော့ ရွှေရောင်နော်"

လမ်းဆုံလမ်းခွအလယ်အဝိုင်းတွင် နာရီစင်တစ်ခုကို တွေ့ရသည်။ ခြူးပန်းခြူးနွယ် ကနုတ်တို့နှင့် ပန်းချီဆရာ၏ဒီဇိုင်းက ထူးဆန်းလှသည်။

"ညရှစ်နာရီဆိုတာနဲ့ နာရီစင်က ရောင်စုံမီးတွေ ဖွာထွက်ပြီး အရမ်းလှတာ၊ ဒီမြို့က လူတွေက ညဘက် လေညင်းခံရင်း ညရှစ်နာရီ နာရီစင်ရဲ့အလှအပကို လာရှုစား ခံစားကြလေ့ရှိတယ်"

"ဟုတ်လား"


မေနီနှင့် နှင်းဝတီကတော့ ထုံးစံအတိုင်း သမင်လည်ပြန်အကြည့်နှင့် ခေါင်းနောက်သို့ ခန္ဓာကိုယ်ကတော့ လိုက်ပါလာခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၆)

"ဟယ်လို"

"သမီးလား. . . မေမေပါ"

ညမို့ အိပ်ယာဝင်ခါစ ခေါင်းအုံးနှင့်ခေါင်း ထိတွေ့လိုက်သည်နှင့် မျက်ခွံတံခါးတို့ လေးလံကာ ချက်ချင်းအိပ်ပျော်သွားစဉ် ဖုန်းမြည်သံကြောင့် ဖုန်းကို လက်နှင့် စမ်းကာ ထူးလိုက်သည်။

တစ်နေ့တာ ခရီးလည်ပတ်ထားမှုအရှိန်ကြောင့် မျက်ခွံတံခါးကို အတင်းတွန်းဖွင့်နေရဆဲဖြစ်သည်။

"ဟုတ်ကဲ့ မေမေ"





"နေရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့"

"ဘယ်တော့ ပြန်လာမှာလဲ"

"သန်ဘက်ခါ"

"လေယာဉ်လက်မှတ် ရပြီလား"

"ဟုတ်ကဲ့"

"သမီးကို ပြောစရာရှိလို့. . . နားထောင်နိုင်သေးရဲ့လား၊ အသံက အိပ်ချင်မူးတူးနဲ့ဆိုတော့"

"ရပါတယ် မေမေ၊ ခု မျက်လုံးကျယ်သွားပါပြီ"

မေနီ ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။ ညလင်းမီးရောင်အားကိုးဖြင့် တစ်ဖက်ကုတင်မှ နှင်းဝတီကို ကြည့်လိုက်သည်။ နှင်းဝတီကတော့ နှစ်ခြိုက်စွာ အိပ်မောကျနေသည်မှာ ယခုလောက်ဆိုရင် အိပ်မက်ထဲ၌ သူ၏လင်တော်မောင်နှင့် နှစ်ပါးသွားနေလောက်ပြီထင့်။ နှုတ်ခမ်းက ပြုံးရောင်သန်းနေသည်။ သို့ဆိုလျှင်

မိမိဖုန်းပြောတာ နှင်းဝတီကို အိပ်ပျက်သွားစေလောက်အောင် အနှောင့်အယှက် မဖြစ်နိုင်ပါဘူး။

"မေမေတို့ဆီကို သမီးအရင်ကုမ္ပဏီရဲ့ မန်နေဂျင်းက ရောက်လာတယ်"

ယခု မေနီမျက်လုံး ပုစွန်ထုပ်မျက်လုံး ဖြစ်သွားလေတော့သည်။

"ဟင်. . . ဦးမင်းလှဘော်လား"

ပိုမိုသေချာစေရန်လည်း မိခင်ကို ပြန်မေးလိုက်ရသည်။

"အင်း. . . ဟုတ်တယ်၊ လက်ဆောင်တွေလည်း ယူလာပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ မိတ်ဆက်ပြီး ရောက်လာတာ၊ ညည်းအဖေကော မေမေ ကော အံ့အားသင့်သွားတာပေါ့၊ ဒါပေမယ့် ဧည့်သည်ဆိုတော့လည်း ဟန်မပျက် ဧည့်ခံခဲ့တာပေါ့"

"ဘာအတွက် လာတာတဲ့လဲ မေမေ"

"အင်း. . . ညည်းအဖေကတော့ သမီးပြန်လာမှပဲ ပြောပြ တဲ့၊ မေမေက မနေနိုင်လို့ ဆက်လိုက်တာ၊ သူက သမီးကို သဘောကျ တယ်တဲ့၊ သမီးအတွက် ရည်မှန်းထားတာ မရှိဘူးဆိုရင် သူ့မိဘတွေ နဲ့ လာနားဖောက်ချင်တယ်လို့ကို ဖြောင်ပဲ ဖွင့်ပြောတာ"

"ဟင်. . . "

မေနီ ရင်ထဲ ခံပြင်းခြင်းဟူသော ဒေါသအငွေ့ငွေ့ကလေး ခေါင်းပြူလာခဲ့လေသည်။ မိမိ၏တစ်ဖက်သတ်အချစ်ကို မသိကျိုးနွံ ပြုထားခဲ့ပြီးမှ အခုတော့မှ အပိုင်တွက်ပြီး "ငါ့ကို ငြင်းမှာမဟုတ်ဘူး" ဆိုတဲ့သဘောနဲ့ သူ့ဘက်က တစ်ဖက်သတ် သူ့သဘောအတိုင်း ဆုံးဖြတ်သည့်သဘောပေါ့။

"မေမေတို့ ဘာပြန်ပြောလိုက်သလဲ"

"ဩော်. . . သမီးရယ်၊ အိမ်ထောင်တစ်ခု တည်ဆောက် တယ်ဆိုတာ ဟင်းရွက်ကန်စွန်း ဝယ်သလို လွယ်လင့်တကူ ဆုံးဖြတ် လို့ ရတဲ့ကိစ္စမှ မဟုတ်တာ ကာယကံရှင်တွေရဲ့သဘောထားက အရေးကြီးဆုံးမို့ သမီး ပြန်လာပြီးမှ မင်းတို့ချင်း နားလည်မှုယူ ညှိနှိုင်းပြီးမှ မိဘတွေချင်း တွေ့ဖို့ လုပ်ရမှာလို့ ပြောလိုက်တယ်"

"ဒီတော့ သူက ကျေနပ်ရဲ့လား"

"လူရည်မွန်လေးပါ. . . လူကလည်း လူချော၊ အပြောက လည်း ကောင်းဆိုတော့ မြာပွေမယ့်ရုပ်လို့ ညည်းအဖေက သိပ်





သဘောမကျချင်ဘူး၊ ဒါပေမယ့် ဟိုဘက်ကလည်း အပြောကောင်း တော့ ညည်းအဖေနဲ့တောင် အတူဂေါ့ဖ်ရိုက် ထွက်သွားကြတယ်၊ ပြန်လာတော့ ညည်းအဖေက ဘာပြောတယ်မှတ်သလဲ"

မေနီ ယောင်ယမ်းပြီး ခေါင်းပင် ခါယမ်းလိုက်မိသည်။ ဘက်ကလည်း. . .

"သမီး ဘယ်သိမှာလဲ"

"ညည်းအဖေက အိမ်ထောင်မပြုခင် ဘယ်လောက်ပွေပွေ အိမ်ထောင်ပြုပြီး အိမ်ထောင့်အပေါ် သစ္စာရှိပြီး ဦးဆောင်ဦးစီး သသွားတဲ့ယောကျ်ားတွေ အများကြီး ရှိသလို အိမ်ထောင်မပြုခင် ကုတ်ပြီး ရည်းစားအပေါ် သစ္စာရှိခဲ့သလောက် အိမ်ထောင်ကျပြီး မှ ပွေဖောက်ပြီး သစ္စာဖောက် ရှုပ်ပွေနေတဲ့ လူပွေလူရှုပ်ယောကျ်ား တွေ အများကြီးပါပဲတဲ့၊ အိမ်ထောင်ရေးကံက မိန်းမသားတွေရဲ့ ကံတရားအတိုင်းပဲပေါ့တဲ့လေ၊ တကယ်ပါပဲအေ. . . ကျုပ်တော့ ညည်းအဖေကို ပြောတောင်မပြောချင်ဘူး ဆိုသလို ဖြစ်သွားပြီ၊ နောက်နေ့တွေလည်း မောင်မင်းလှဘော်နဲ့ ပါတနာဖွဲ့ပြီး ဂေါ့ဖ်ရိုက် ချိန်းနေကြပြီလေ"

မေနီ ပြုံးမိလျက်သားဖြစ်သွားသည်။

ယခင်တုန်းကတော့ သာမန်ရွက်ကြမ်းရေကြို ရုပ်ရည်မျိုး သာ ရှိသော သမီးအတွက် မိဘတွေ ဂုဏ်ယူနိုင်ခြင်း မရှိခဲ့သမျှ ခုတော့ သမီးချောအတွက် ဂုဏ်တက်လာလေပြီလား။

ရှေးလူကြီးတွေ ထားခဲ့သော "ဣတ္ထိရုပ်ခန့်၊ မိန်းမသားများ အလှအပဟာ ဥစ္စာမည်သတဲ့" ဟူသည့်စကားက တကယ့်ကို ယ်တွေ့မှန်ကန်နေပါလားဟု မေနီ သဘောပေါက်လိုက်မိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် ကိုယ်တစ်ဖက်သတ် ချစ်ခင်စွဲလမ်းခဲ့သောသူဆီမှ တုန့်ပြန်မှုကောင်းတွေ ရလာခြင်းအတွက် ရင်ခုန်လာသည်။ အလိုလိုနေရင်း ရင်ထဲ ပြုံးပျော်လာသည်။

သို့သော် မိမိမျက်နှာကို အလှဖန်တီးပေးခဲ့သော ဒေါက်တာနေမျိုးကို အတွေးရိပ်ထဲ မြင်လိုက်သည်နှင့် မောဟိုက်သွားသည်။

"သမီး . . ဟဲ့ . . အိပ်များ အိပ်နေပြီလား"

"မအိပ်ပါဘူး မေမေ"

"ဒါဖြင့်လည်း ဒါပဲလေ၊ သမီး စဉ်းစားထားရအောင် မေမေ ပြောတာ၊ ရတောင့်ရခဲဘဝမှာ ကိုယ်စိတ်နှစ်ပါးလုံး ချမ်းသာဖို့ဆိုတာ အင်မတန် ရခဲပါတယ်၊ ဒါကြောင့် လူကြီးတွေ ပေးတဲ့ဆုအခါလည်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းပေးကြတာပေါ့၊ ဒါကြောင့် မေမေကတော့ ကိုယ့်သားသမီးတွေကို ကိုယ်စိတ်နှစ်ပါးလုံး ကျန်းမာချမ်းသာတာပဲ မြင်ချင်တယ်၊ ဒါကြောင့် သမီးစိတ်ထဲ ဖြစ်ချင်တာ ဆန္ဒရှိတာကိုသာ သမီးရွေးချယ်ပါ၊ ကျေးဇူးတရားဆိုတာ အခြားနည်းနဲ့ ဆပ်စရာတွေ ရှိပါတယ်၊ ကိုယ့်ဘဝကြီးတစ်ခုလုံး တစ်ခြမ်းအပ့ခံပြီးတော့တော့ မပေးဆပ်စေချင်ဘူး၊ မေမေ ဘာကို ဆိုလိုတာလဲဆိုတာ သမီးနားလည်ပါတယ်နော်"

"ဟုတ်ကဲ့ပါ မေမေ"

မိခင်ကတော့ သူနှင့်မင်းလှဘော်၊ သူနှင့်ဒေါက်တာနေမျိုးတို့အကြောင်းကို မိမိဖွင့်ပြောစရာမလိုဘဲ အလိုလို သိနေပုံ ရသည်





ဟု မေနီ သဘောပေါက်လိုက်မိသည်။

"ဒါဖြင့် အိပ်တော့ သမီး၊ သမီးဆုံးဖြတ်ချက် မှန်ကန်နိုင်ပါစေလို့ပဲ မေမေ ဆုတောင်းပေးနေတော့မယ်"

"ဟုတ်ကဲ့ပါ မေမေ"

မိခင်ဘက်က ဖုန်းချသွားတော့မှ မေနီ သက်ပြင်းမောကြီးချပြီး ဖုန်းပိတ်လိုက်သည်။ နောက် ခေါင်းအုံးပေါ်သို့ ခေါင်းပြန်ချလိုက်သော်လည်း စောစောကလို အိပ်ပျော်ခြင်းသို့ ချက်ချင်း မရောက်ရှိနိုင်တော့ပါချေ။

"လူ့စိတ်ဆိုတာ တယ်လည်း ဆန်းကြယ်ပါတကား"


ဟု တွေးရင်းဖြင့်သာ . . ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၇)

"ရွှေတြိဂံ" (Golden Triangle )ဟု ထင်ရှားသော မြန်မာ ထိုင်း လာအို (၃)နိုင်ငံ နယ်နမိတ်တွင် အထင်ကရ တည်ရှိနေသော ရွှေတြိဂံ ဟိုတယ်ရှိရာသို့ ရောက်ရှိခဲ့လေသည်။

ထိုဟိုတယ်တွင် မြန်မာလူမျိုးများအပြင် ထိုင်း၊ လာအို လူမျိုးများပါ အလုပ်လာလုပ်ကြသည့် လာအိုဘက်ကမ်းက ဆိတ်ငြိမ်နေသလောက် ထိုင်းဘက်ကမ်း၌ ဘုရားစေတီပုထိုး တည်ရှိပြီး ကမ်းနား၌ ရေပေါ် ဆိုင် အဆောက်အဦးကို ဝါးတဲ သက်ကယ်တို့နှင့် တည်ဆောက်ထားပြီး လူစည်ကားနေသည်။





ဟိုဘက် ဒီဘက်ကမ်းကို စက်တပ်လှေငယ်လေးနှင့် ကူးရုံသာ သို့မဟုတ် လက်ပစ်ကူးလျှင်တောင် ရနိုင်သောအနေအထား ဖြစ်သည်။

ရေကြောင်းက ဧရာဝတီမြစ်ကြောင်းလောက်ပင် မကျယ်ဝန်းချေ။

အိမ်နီးချင်းနိုင်ငံတွေနှင့် ချစ်ခင်ရင်းနှီးခြင်းသည်လည်း လောက၏သဘာဝ နိယာမတရားက ပေးသော လက်ဆောင်တစ်ခုပင်ဖြစ်သည်။

မရင်းနှီးလို့ကလည်း မဖြစ်၊ ရေကြောမြေကြော စသော သဘာဝ အရင်းအမြစ်တွေကိုက တစ်ဆက်တစ်စပ်တည်း ရှိနေတာကိုး။

မေနီ ဓါတ်ပုံရိုက်ရင်းမှ တွေးလိုက်မိသည်။

ရွှေတြိဂံ ဟိုတယ်ရှေ့ မြက်ခင်းပြင်ရှိ ခုံတန်းလျားတွင် ထိုင်နေသော ဒေါက်တာနေမျှားကို ဓါတ်ပုံလှမ်းရိုက်လိုက်သည်။

ဒေါက်တာနေမျှားက သူ့အား ပြုံးပြပြီး. . .

"မညောင်းဘူးလား. . လာ. . ထိုင်လေ"

ဟု သူ့နံဘေး ကွက်လပ်နေရာကို ပုတ်ပြရင်း လှမ်းပြောလိုက်သည်။

ဒေါက်တာနေမျှားမျက်နှာ မလန်းဆန်းချေ။ အကြည်ဓါတ်တို့ ပျောက်ဆုံးနေသည်။

ပတ်ဝန်းကျင်ရှုခင်း အလှအပတို့၏သာယာမှုနောက်သို့ မေ့ပျော်ခြင်းတို့ လိုက်ပါမသွားနိုင်လောက်အောင် နှလုံးအိမ်ကို သိမ်းနှမ်းစေနိုင်သော အကြောင်းတရားတို့ ရှိလေပြီတည့်။



www.burmeseclassic.com

www.burmeseclassic.com

မေနီ ဒေါက်တာနေမျိုး အလိုကျ သူ့နံဘေး ခုံတန်းလျား တစ်ဖက်စွန်း၌ ဝင်ထိုင်လိုက်သည်။

"လေးလေးဒေါက်တာ နေမကောင်းဘူးလား၊ ကျွန်မတို့ကို လိုက်ပို့ပေးနေရတာနဲ့ ပင်ပန်းသွားပြီလား"

"မပင်ပန်းပါဘူး. . . ညည်းတို့ကော ပင်ပန်းနေလို့လား"

"ကျွန်မတို့က လူငယ်တွေပဲ. . . ဘယ်ပင်ပန်းပါ့မလဲ၊ ဒီ လောက်တော့ ပျင်းတောင်ပျင်းသေးတယ်လို့ ပြောရမလို ဖြစ်နေပြီ"

မေနီ ဒေါက်တာနေမျိုး စိတ်ရွှင်လန်းစေရန် ပြုံးရယ်လျက် ပြောလိုက်သည်။

ဒေါက်တာနေမျိုးက လိုက်ပြုံးလိုက်ပေမယ့် ရင်ထဲက မပါ တော့ မချိုပြုံးသက်သက်သာ ဖြစ်သွားရလေသည်။

သူ ရင်ထဲ ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ ချထားပြီးပြီ ဆိုတော့လည်း ထိုဆုံးဖြတ်ချက်က ရင်ကို ညှောင့်နှင့် ထိုးသလို ထိုးနှက်လျက်ရှိချေပြီမို့ ရင်မှာ နာကျင်လျက်ရှိသည်။

"မေနီ ဒီက ပြန်သွားရင် ဘာဆက်လုပ်မှာလဲ"

"စီမံရေးရာခန့်ခွဲမှုသင်တန်း ဆက်တက်မယ်၊ ပြီးရင် ကိုယ်ပိုင်အလုပ်တစ်ခုခုကို စလုပ်မယ်လို့ စိတ်ကူးတာပဲ"

ဒေါက်တာနေမျိုး၏ ဝေဝါးနေသောဆုံးဖြတ်ချက်တို့က တဖြည်းဖြည်း ခိုင်မာလာသည်။

အရွယ်ချင်း ကွာဟမှုက ရည်ရွယ်ချက်ချင်းလည်း ကွာဟ ခြားနားသွားစေသည်။

ဒေါက်တာနေမျိုး လိုချင်သည့်အိမ်ထောင်ရေးပုံစံက စီးတဲ့ ရေ ဆည်တဲ့ကန်သင်းဆိုသလို သူရှာဖွေသမျှကို သိုသိုသိပ်သိပ်





သိမ်းဆည်းသုံးစွဲပြီး သားသမီးတို့၏အနာဂတ်ကို လှပစွာ တည် ဆောက် တည့်မတ်ပေးမည့် မိခင်ကောင်း အိမ်ရှင်မတစ်ဦး။

"ဘာလုပ်ငန်းရည်မှန်းထားသလဲ အကြမ်းဖျင်းပေါ့"

"အင်း. . . ကျွန်မဝါသနာအရဆိုရင် အလှပြင်ပစ္စည်း ဖြစ်စေ၊ ဖက်ရှင်ရှော့ပ်ဖြစ်စေ၊ spa ဖြစ်စေ ဖွင့်မလားလို့"

အလှအပ၏တန်ဖိုးကို သိသွားသော မိန်းမတစ်ယောက် အနေနှင့် အလှအပကို ကိုးကွယ်တော့မည်ပုံ ဖြစ်နေသည်။ ဒါဟာ အန္တရာယ်တစ်ခုပဲ။

ဒေါက်တာနေနမျိုးရင်ထဲ နောင်တရမိသလိုဖြစ်သွားသည်။

သူသည် မေနီ့ကို ခွဲစိပ်ပြုပြင်ပေးလိုက်ခြင်းက မြင်းကို ချိုတပ်ပေးလိုက်သလိုများ ဖြစ်သွားပြီလားဟု။

"ကိုယ့်ဝါသနာနဲ့ အကိုက်ညီဆုံးကို စဉ်းစားပါ၊ ပြီးတော့ ကိုယ်တတ်ကျွမ်းတဲ့ပညာကိုလည်း သံချေးမတက်အောင် အသုံးချ နိုင်ရင် အကောင်းဆုံးပေါ့"

"ဟုတ်တယ်နော်. . . အင်တာနက်ကဖေး ဖွင့်ရင် ကောင်း မလားလည်း စဉ်းစားထားတယ်၊ ဘာလုပ်ရမှန်း မသိသေးပါဘူး။ ဪ. . . ကျွန်မလေ. . . ဒေါက်တာရဲ့ခွဲစိပ်ကုသစရိတ်ကို ပြန် ဟန်တော့ချင်တယ်. . . လက်ခံပေးပါလား"

ဒေါက်တာနေမျိုး မျက်မှောင်ချိုသွားသည်။

"ကျုပ်စေတနာကို စော်ကားတာလား မေနီ"

မေနီက လျှာကလေး တစ်လစ်လုပ်ကာ ပခုံးလေးပါ တွန့် လိုက်ပြီး. . .

"မဟုတ်ပါဘူး. . . ဖေဖေ့ဇာတိက ဘိုးဘွားပိုင်မြေတစ်ခြ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းလိုက်တာ အမွေခွဲတမ်းရလို့ ဖေဖေက ဒေါက်တာ့ကို ပြ
ကန်တော့လိုက်ပါဦး ပြောလို့ပါ"

"ထွက်ပြီးသားဆင်စွယ်ဟာ ပြန်ဝင်ရိုးထုံးစံ မရှိပါဘူး
ညည်းအဖေရဲ့စေတနာကိုပဲ လက်ခံပါတယ်၊ ငွေကိုတော့ လက်မခံ
ပါရစေနဲ့"

"လေးလေးဒေါက်တာက သိပ်သဘောကောင်းတာပဲ
ဒါကြောင့် ကျွန်မက ကျွန်မဘဝကို လေးလေးဒေါက်တာလက်ထဲ
အပ်ဖို့ ဆုံးဖြတ်လိုက်တာပဲပေါ့"

ဒေါက်တာနေမျိုးရင်ကို အသွားထက်သော မြားတစ်စင်း
ဝင်ရောက်စိုက်ဝင်သွားသလို ခံရခက်သွားလေသည်။

သူသည် လူ၏အရေပြား ပါးစေ့တစ်ထောက်ဖာသာ ခွဲစိပ်
မြုပြင်နိုင်မည်။

လူတစ်ယောက်၏စိတ်ဓါတ် အတွင်းအဖွဲ့တွသဏ္ဍာန်ကို
ခွဲစိပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။

သူငယ်ချင်းသောင်းဦး ဇနီးမောင်နှံကို သတိရကာ မြင်
ယောင်မိလေတိုင်း သူ တွေဝေသွားရလေသည်။

ဒါတောင် သောင်းဦးဇနီးက "ကိုကိုကြီးကို ချစ်လေးက
သိပ်ချစ်တာ၊ ဘယ်လိုချစ်မှန်းကို မသိဘူး၊ ကိုကြီးဟာ ချစ်လေးရဲ့
အချစ်ဦး အချစ်ဆုံး" ဟု တွတ်တီးတွတ်တာ ပြောတတ်ခဲ့တာ။
တကယ်လည်း ချစ်တတ်စအရွယ်မို့ စိတ်ကစားကာ ပြောခဲ့ခြင်း
လည်း ဖြစ်နိုင်သည်။ ဒါကို သောင်းဦးဆိုသော လူပျိုသိုးကြီးက
နွားပြာကြီး အောက်သွားမရှိသလို တဟီးဟီး တဟဲဟဲ သဘောကျ
ပြီး လက်ထပ်ယူခဲ့သည်။





ဒါမှမဟုတ်လည်း အကြံနှင့် ချဉ်းကပ်ကာ ပိုင်းသွားခြင်း
လည်း ဖြစ်နိုင်သည်။

မည်သို့ပဲဖြစ်ဖြစ်. . .

ချစ်ချစ် ပိုင်းပိုင်း ဒါတွေ သူ မသိချင်တော့။

သူ သိလိုက်သည်က သောင်းဦးတစ်ယောက် ဘဝပျက်
မတတ် ခံစားသွားရခြင်း၊ ရင်ကွဲနာကျမတတ် ခံစားသွားရခြင်းဖြစ်
လေသည်။

တိတ်တခိုး တစ်ဖက်သတ်အချစ်နှင့်တောင် ဒီလောက်
ခံစားနေရတာ၊ သောင်းဦးလို ခံစားရလျှင် သူလည်း ဘဝပျက်သွား
နိုင်သည်။

ထို့ကြောင့် ကိုယ့်ကို မချစ်သောမိန်းကလေး၊ ကိုယ့်ထက်
လည်း အများကြီး ငယ်သော တူမအရွယ် မိန်းကလေးကို လက်ထပ်
ဖို့ဆိုတာ ရူးသွပ်ခြင်းပဲ ဖြစ်ပေလိမ့်မည်။

"ဟင်. . . လေးလေးဒေါက်တာလို့ဆို၊ ဘာတွေ ဒီလောက်
တောင် တွေးနေရတာလဲ"

သူ ပခုံးစွန်းကို လှမ်းကိုင်ကာ အသံအနည်းငယ်ကျယ်ကျယ်
နှင့် မေးလာသောမေနီကြောင့်. . .

"ဩော်. . ."

မေနီဘက် ငဲ့စောင်းကြည့်လိုက်သည်။ မေနီကလည်း သူ့
ကို စူးစမ်းသောအကြည့်နှင့် ကြည့်နေလေသည်။

ဒေါက်တာနေမျိုး ဟက်ကနဲတစ်ချက် ရယ်သွေးလွှမ်းလိုက်
ပြီး. . .

"ဟက်. . . ဘာလဲ၊ ဘာမေးလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေနီ စိတ်ညစ်သွားသည်။ မိန်းကလေးဘက်က ဒီလောက် တောင် မြောင်းဖောက်ပေးနေတာတောင် ရေက မစီးချင်။ ဘာ သဘောလဲ။

ကျေးဇူးတရားသာ မရှိဘူးဆိုလျှင် မေနီတို့က လုံးဝအရေး စိုက်လိမ့်မည် မဟုတ်ချေ။

"လေးလေးဘဝထဲ ကျွန်မကို အဝင်ခံနိုင်မလားလို့ မေး တာ ရှင်းပါတယ်နော်၊ မရှင်းသေးရင် ဒီထက် ပြောင်ကျတဲ့မေးခွန်း မေးရဦးမလား"

ဒေါက်တာနေမျိုး ရင်နာနာနှင့် လက်ခါကာ. . .

"တော်ပါတော့ ကျောင်းအစ်မရယ်၊ ကျွန်တော် သဘော ပေါက်ပါတယ်၊ ကျုပ်လိုချင်တာ ညည်းဘဝ မဟုတ်ပါဘူး၊ ဘဝ ဆိုတာ ကံကြမ္မာက ပေးထားတဲ့အတိုင်း ဖြစ်တည်နေရတာမျိုးပါ၊ ကျုပ်လိုချင်တာ ညည်းစိတ်ပါ"

"ဒါကတော့ လေးလေး ကတ်ပြီ"

"ဘာကတ်လို့လဲ"

"စိတ်ဆိုတာ မြန်ဆန်လွန်းလို့ ကိုယ့်စိတ်ကို ကိုယ်တောင် မပိုင်တာ၊ ဘယ်လိုလုပ် သူများကို ပေးလို့ရမှာလဲ"

မေနီ စကားက ရှင်းရှင်းဘွင်းဘွင်းမို့ ဒေါက်တာနေမျိုး သဘောကျစွာ လက်ခံလိုက်သည်။

"ဟုတ်ပြီ. . . ညည်းစိတ်က ကျုပ်တစ်ဦးတည်းဆီမှာ ဖောက်မချနိုင်ဘူးဆိုရင်တော့ ကျုပ်ဘဝနဲ့ ညည်းဘဝ ပေါင်းစပ်လို့ မရဘူး၊ ကျုပ်က ညည်းကို ကျုပ်တူမ မိကေနဲ့ တစ်တန်းစားထဲလို ချစ်သွားနိုင်တယ်၊ ဒါပါပဲ မေနီ၊ ကျုပ်အတွက် ညည်း ဒီထက်ပိုပြီး





မစဉ်းစားပါနဲ့တော့၊ ကျုပ်ဘာမှမဖြစ်ဘူး၊ ညည်းကြောင့် ဒီခရီးကို ရွက်လွှင့်ခဲ့တာလည်း မဟုတ်ဘူး၊ အလုပ်ခွင် ဖိစီးမှုရှိလို့ အပန်းဖြေ ခရီး ထွက်ခဲ့တာကို ထန်းသီးကြွေခိုက် ကျီးနင်းခိုက်နဲ့ ကြုံသလို ဖြစ်သွားတာပါ။ ကဲ. . ထ. . နေရောင်ရင့်လာပြီ၊ အရေပြားတွေ လောင်ကုန်ဦးမယ်"

မေနီရင်ထဲသို့ဒေါက်တာနေမျိုး၏စကားလုံးတိုင်းက မာန ကို နင်းချေဖို့ ချဉ်းနင်းဝင်ရောက်လာသလို တဆတ်ဆတ် ခါကာ မကျေမနပ် ဒေါသစိတ်တို့ ဖြစ်ထွန်းလာသည်။

သို့သော် မာနကို ချိုးနှိမ်လိုက်သည်။

"ငါ့လို မိန်းကလေးကို ပြောရက်လေခြင်း" ဆိုရအောင်က လည်း ငါလို မိန်းကလေး ချောချောလှလှလေး ဖြစ်အောင် ဖန်တီး ပေးသူမှာ ဒေါက်တာနေမျိုး ဖြစ်နေသည် မဟုတ်ပါလား။

ထို့ကြောင့် မာနဒေါသကြောင့် ရစ်ဝဲလာသော မျက်ရည်စ များကိုပင် ကျခွင့်မပေးတော့ဘဲ မျက်တောင်ခတ် သိမ်းဆည်းလိုက် ပြီး ထိုင်နေရာမှ ထလိုက်သည်။

ပြီးတော့ ဒေါက်တာနေမျိုးကို စေ့စေ့ကြည့်ကာ. . .

"ဒါဆို ကျွန်မဘက်က ဘာမှမရှိတော့ဘူးနော်၊ ကျွန်မ ဘာဝန်ကျေပါတယ်၊ ကျေးဇူးကန်းတတ်တဲ့သူထဲ ကျွန်မ မပါဘူးနော် လေးလေး"

ဟု ပြောပြီး သူငယ်ချင်း နှင်းဝတီ ရှိရာသို့ မေနီ ပြေးသွား လေတော့သည်။

ဒေါက်တာနေမျိုး လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ အဲဒါပဲ။ အရွယ်က ကွာခြားနေတာ။ မေနီလို စိတ်နောက်အုံ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လွှတ်လပ်လပ် ပြေးသွားသလိုမျိုး သူ မလုပ်နိုင်ပါ။ ကြွေရရ ပင် သူတို့ထံသို့ ခြေလှမ်းမှန်မှန် လျှောက်လှမ်းသွားလိုက်သည်။

ကိုယ့်ရွေးချယ်မှုအတွက် ကိုယ့်ရင်မှာ ဘယ်လောက်ကြေမွ နေပါစေ နောင်တမရတတ်။ လောကကြီးကို ရင်ဆိုင်လိုက်ပါ။

လောကကြီးမှာ လူတွေဟာ ကိုယ့်ကိုယ်ကိုသာ အချစ်တတ် ဆုံးဆိုပါက သူ လောကကြီးမှာ နေပျော်သွားဦးမှာပါဟုလည်း တွေး ရင်းဖြင့်. . .။






# အပိုင်း (၄)

အချစ်သည်သာ ပြီးပြည့်စုံခြင်းဟူသော ဘဝတ[illegible]ကို ဖန်တီးနိုင်စွမ်း ရှိလေသည်ဟုလည်း ယုံကြည်ရင်း[illegible]...

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၈)

ရန်ကုန်မြေသို့ ပြန်လည်ခြေချမိသည်နှင့် မြို့ပြနေထိုင်မှု၏ မွန်းကျပ်မှုကို ပြန်လည်ခံစားလိုက်ရလေသည်။

မောင်လေး၊ ဇော်နီနှင့် ယောင်းမလေးက လာကြိုပေးသည်။

အဖေနှင့်အမေက ရုံးပိတ်ရက် မဟုတ်သဖြင့် အလုပ်များနေပုံ ရသည်။

လေဆိပ်ထဲကအထွက်တွင်. . .

"မေနီ. ."





"ဟင်. ."

မျှော်လင့်မထားသောလူနှင့် မျက်နှာချင်းဆိုင် ပက်ပင်းတိုးလေသည်။

"ကိုမင်းလှဘော်"

"တော်ပါသေးရဲ့. . . လွဲတော့မလို့"

မင်းလှဘော်၏အပြုံးက ထုံးစံအတိုင်း တောက်ပကာ ဆွဲဆောင်မှုအပြည့် ရှိနေဆဲပင်။

မေနီ ဒီလူကို မြင်တိုင်း ခံစားမှုဝေဒနာလှိုင်းတို့က ရင်ကို တိုးဝင်ရိုက်ခတ်နေဆဲဖြစ်ပါသည်။

"ဟာ. . . ကိုမင်းကလည်း၊ ကိုမင်း လာကြိုမယ်ဆိုရင်လည်း ကြိုပြောရောပေါ့ဗျာ၊ ကျွန်တော် အပင်ပန်းခံ လာစရာမလိုတော့ဘူးပေါ့"

"ကိုယ်က မီတင်ရှိနေတော့ တပ်အပ်သေချာမပြောရဲဘူးလေကွာ၊ ခုတောင် မီတင်ပြီးပြီးချင်း ပြေးလာတာ၊ မှီရုံတင်လေးပဲရှိတာ"

မောင်လေးနှင့်ပါ အတော်ရင်းနှီးနေပုံရသည်။ မိမိ သွားခဲ့သည့် ခရီးတစ်ပတ်ကြာကာလအတွင်း မင်းလှဘော်၏ခြေလှမ်းများက အတော်သွက်နေခဲ့ပါလား။

နှင်းဝတီကလည်း သူ့အိမ်သားများ လာကြို၍ ပါသွားသည်။

"ကိုင်း. . . ကျွန်တော်တို့က ပစ္စည်းတွေနဲ့ သွားနှင့်မယ်၊ မေက ကိုမင်းကားနဲ့ လိုက်ခဲ့ပေတော့"

"ဟွဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



မေနီ မဟန့်တားနိုင်မီ ဇော်နီက သူ့ကောင်မလေး လက်ဆွဲကာ ကားပါကင်အတွင်း ပျောက်ကွယ်သွားလေတော့သည်။

မေနီ အိုးတိုးအမ်းတမ်းကြီးနှင့် မင်းလှဘော်ကို မဝံ့မရဲ ကြည့်လိုက်သည်။

မင်းလှဘော်က သူ့အား ရွှန်းရွှန်းစားစား စိုက်ကြည့်နေသည်နှင့် ကြုံရလေသည်။ ရင်ထဲ ဒိန်းကနဲ ဆောင့်တိုးမြည်ဟီးသံနှင့်အတူ တဒိုင်းဒိုင်း ခုန်လာသော နှလုံးသား ကဆုန်ပေါက်သံကြောင့် မေနီ မျက်လွှာချလိုက်သည်။

ရင်မှာ ဖြစ်တည်တတ်သော ချစ်ခြင်း၏ဆန်းကြယ်မှုတို့သည် အံ့သြဖွယ်ရာအတိ ရှိနေဆဲပါလား။

မင်းလှဘော်ကို ဘယ်အချိန်ဘယ်အခါပဲ တွေ့ရတွေ့ရ သူ့နှလုံးသားတို့သည် သစ်လွင်လတ်ဆတ်ဆဲဖြစ်ပါသည်။

ဒါဟာ အချစ်စစ် အချစ်မှန်ဟု သူသိနေပါလျက် လက်ခံရန် မဝံ့မရဲ ရှိနေသည်။

"ဘာတွေဝေနေတာလဲ မေနီ၊ ကိုယ့်ကို ကြောက်နေတာလား၊ ကိုယ် ကိုက်မစားတတ်ပါဘူး"

မင်းလှဘော်က သူ့ထုံးစံအတိုင်း ခပ်ရိရိလေး ပြောလိုက်သည်။

ဒါ သူ့မာနကို နှိုးဆွတာပါဟု သိလျက်နှင့်ပင်. . .

"မဟုတ်ပါဘူး. . . ကိုမင်းလှဘော်ကိုလည်း မကြုံခိုင်းဘဲနဲ့များ"

"ဩော်. . . နှလုံးသားရဲ့စေခိုင်းရာ သမိုင်းပေးတာဝန်ရှိနေလေတော့ လူက မနေနိုင်ဘူးလေဗျာ၊ လာပါ. . . ငြင်းမနေပါနဲ့၊





ကိုယ်တွဲရမှာလား"

"သွားပါ. . . လိုက်ခဲ့မယ်"

ဤကြွေပျက်လောက်အောင် ငြင်းဆန်နေရမယ့်အရွယ်တွေလည်း မဟုတ်မှ မဟုတ်ကြလေဘဲ။

မေနီ. . . မင်းလှဘော် ဦးဆောင်ရာနောက်သို့ လိုက်ပါခဲ့လေသည်။

"ပျော်ခဲ့ရဲ့လား မေနီ"

ကားနားရောက်တော့ မေနီအတွက် ရှေ့ခန်းတံခါးကို ဖွင့်ပေးရင်း မင်းလှဘော်က မေးလိုက်လေသည်။

"ဟုတ်ကဲ့. . . တော်တော်ကို ပျော်ခဲ့ပါတယ်"

မင်းလှဘော်က ကားခေါင်းကို ကွေ့ပတ်ပြီး ယာဉ်မောင်းနေရာတွင် ဝင်၍နေရာယူလိုက်သည်။ ကားစက်နှိုးရင်း. . .

"ဒေါက်တာကြီးနဲ့ကော တွေ့ခဲ့ရဲ့လား"

ကားက ငြိမ့်ခနဲ ထွက်လာသည်။

မေနီရင်ထဲ သိမ့်ကနဲ ဖြစ်သွားသည်။

တာချီလိတ် လေယာဉ်ကွင်း၌ ကျန်ရစ်ခဲ့သော ဒေါက်တာနေမျိုးကို မြင်ယောင်မိသည်။

ယောက်ျားတွေရဲ့စိတ်ဟာ နားလည်ရ အင်မတန် ခက်ခဲပါတကား။

ကျောက်ဆစ်ရုပ်နှယ် ခံစားမှု ကင်းမဲ့သောမျက်နှာနှင့် ကျန်ရစ်ခဲ့သူ ဒေါက်တာနေမျိုး၏နှလုံးသား ဖြစ်တည်ကျန်ရစ်ခဲ့မှုကို မေနီ ဘယ်လိုမှ တွက်ဆ၍ မရနိုင်ခဲ့ပါချေ။

"ရှင့်ကို ဘယ်သူပြောတာလဲ၊ ကျွန်မ ဒေါက်တာနေမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com

တွေ့ဖို့ သွားတယ်ဆိုတာ"

"ဒီလိုပဲ သိတာပေါ့ဗျာ၊ ရှင်းပြနေရင် အရှည်ကြီး ဖြစ်သွား နိုင်တယ်"

"မေမေ ပြောပြတာလား"

"မေနီ့မေမေက အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှ မပြောပါဘူး"

"ဟင်. . . ဒါဖြင့်. ."

မေနီ စဉ်းစား၍မရချေ။ မေနီ ဒေါက်တာနေမျုးကို တွေ့ဖို့ အဓိက သွားခြင်းဆိုတာကို သိတဲ့လူမှာ ကေခိုင်နှင့် နှင်းဝတီသာ သိသည်။ မေမေကိုလည်း တိတိပပ မရှင်းပြခဲ့။

မေနီ့မိဘများက အရာရှိ အမှုထမ်းအရာထမ်းများ ဖြစ် သလို ခေတ်စနစ်ကိုလည်း နောက်ချန်ထားခဲ့သူများ မဟုတ်ကြ။ ခေတ်ကို ရင်ဘောင်တန်းနေကြသူများ ဖြစ်သည့်အားလျော်စွာ သားသမီးတွေ၏အိမ်ထောင်ရေးကိုလည်း ကိုယ့်စိတ်တိုင်းကျ ကိုယ်ဖြစ်ကိုယ်ခံ ရွေးချယ်တည်ဆောက်ကြ. . တဲ့။ သူတို့က သား သမီးတွေရဲ့ခေါင်းထဲ အသိဉာဏ်ရှိသောဦးနှောက် ထည့်ပေးပြီး သားတဲ့။ ထိုကဲ့သို့ ပြတ်သားသည့်မိဘများဖြစ်သည်။

"ထူးဆန်းနေသလား မေနီ"

"အင်း. ."

"သိကော သိချင်နေပြီလား"

"သိချင်တာပေါ့"

"ဒီလိုပဲ မေနီ၊ လောကကြီးမှာ ကိုယ်သိထား ထင်ထားတာ ထက် ဆန်းကြယ်တယ်ဆိုတာ မင်း ထပ်သိလာစရာတွေ အများကြီး





ရှိသေးတယ်"

မေနီ မင်းလှဘော်ကို ငဲ့စောင်းကြည့်လိုက်သည်။

မျက်နှာအကျကအစ လှသော ခန့်သော ချောသော ကြည့် ကောင်းသော မင်းလှဘော်ကို ငေးကြည့်မိရင်း ရင်ဝယ် မြတ်နိုး ခဲ့ယ်တာစိတ်တို့က လျော့ပါးမသွား၊ တိုး၍တိုး၍ပင် ခံစားလာရ သည်။

ပင့်သက်ချလိုက်ပြီး မျက်လုံးတို့၏ဦးတည်ရာကို လွှဲ ပြောင်းလိုက်သည်။

"ဒေါက်တာနဲ့ တွဲရက်ပြန်လာတာ မြင်လိုက်ရရင် ကိုယ် တောင် တစ်နေရာရာကပဲ ပုန်းပြီး ကြည့်နေတော့မှာ၊ ဒေါက်တာ ါမလာတာ တွေ့တော့မှ မင်းကို ထွက်ပြီးနှုတ်ဆက်ရဲတာ၊ ာ်တရားက ကိုယ့်ဘက်မှာ အများကြီး ရှိနေသေးပါလားလို့လဲ သဘောပေါက်လိုက်မိတော့ အရမ်းဝမ်းသာသွားတာပဲကွာ"

မင်းလှဘော်၏အပြောတို့က ရွှန်းရွှန်းဝေနေသလို အပြုံး တို့လည်း တောက်ပနေလေသည်။

မေနီမှာ ပြောစရာစကားတို့ ပျောက်ကွယ်သွားသလို ဆွံ့အနေလေပြီ။

ရင်ထဲ၌ ဒေါက်တာနေမျုးနှင့် ပတ်သက်ပြီး ဝေခွဲမရသော ာစိတ်တို့က ဖြစ်ပေါ်နေဆဲပင်။

ဒေါက်တာဟာ ဘာဖြစ်လို့များ သူ့ကို ငြင်းပယ်ရတာလဲ။ ဒါကို သိချင်နေသည်။

အချစ်မပါသော အိမ်ထောင်ရေးကို ကြောက်ရွံ့၍လား။

အသက်အရွယ် ကွာခြားမှုကြောင့်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ မဖြစ်နိုင်။

ယောက်ျားနှင့်မိန်းမမှာ အိမ်ထောင်ဘက်ယောက်ျားက အသက်ကြီးနေတာ ပိုကောင်းသည်။ စာဆိုတောင် ရှိသေးတာပဲ။

"ယောက်ျားပဥ္စင်း မိန်းမပုခက်တွင်း"

"ဒွေးချိုး . . လေးတိုး"

ဆိုတာတွေက အလကား ထားခဲ့တဲ့စကားတွေလား၊ အပြောင်အပျက်စကားတွေလား။ မဖြစ်နိုင်ပါ။

"မေနီ . ."

"အင် . ."

"ကိုယ့်ကို ဘယ်တော့ အဖြေပေးမလဲ"

"စဉ်းစားဦးမယ်"

"ဆိုးသိုင့်"

"ရှင် . ."

"စဉ်းစားဦးမယ်ဆိုတဲ့စကားဟာ ကိုယ့်အတွက် မျှော်လင့်ချက် ရိုက်ချိုးမခံရသေးဘူးဆိုတဲ့ အဓိပ္ပါယ်ပဲလေ၊ ဒါကြောင့် ကျေးဇူးတင်ပါတယ်"

မေနီ ပြုံးလိုက်မိသည်။ တဆက်တည်းဆိုသလို သူ အသိချင်ဆုံးစကားအတွက် မေးခွန်းထုတ်လိုက်သည်။

"ကျွန်မကို အရင်တုန်းက ပရိုပို့စ် မလုပ်ဘဲ အခုမှ ဘာဖြစ်လို့ လုပ်တာလဲ၊ နောက်ပြီး ကျွန်မလိုမျိုး အခြားဘယ်နှစ်ယောက်ကိုကော တစ်ပြိုင်နက် လုပ်ထားတာ ရှိသလဲ"

"မေးခွန်းတွေက များလှချည်လား၊ ဒီမေးခွန်းတွေရဲ့အဖြေက လေးနက်တော့ ကားမောင်းရင်း မဖြေချင်ဘူး၊ တစ်နေရာ





ကော်ဖီသောက်ဦးမလား"

မေနီ နာရီကို ကြည့်လိုက်သည်။ ညနေ(၅)နာရီတောင် (၁၀)မိနစ် စွန်းနေပြီဆိုတော့ . .

"ဒီနေ့တော့ ကျွန်မ နားချင်ပြီ"

"အိုကေ . . ဒါဖြင့် ညမှ မနက်ဖြန် တွေ့ဖို့ နေရာနဲ့အချိန်ကို ဖုန်းနဲ့ ထပ်ချိန်းမယ်၊ အိုကေ . . ဖြစ်တယ်နော်"

"ကောင်းပြီလေ . . ကိုမင်းလှဘော်သဘောပဲ"

မေနီ ထပ်ပြီးအထွန့်မတက်တော့။ မိမိမေးခွန်းအတွက် အဖြေတွေကိုလည်း ငန်းငန်းတက် လိုချင်သောပုံ မပြတော့။

အချစ်သည် လူ့ဘဝအတွက် အရေးကြီးဆုံး အစိတ်အပိုင်း တစ်ခု ဖြစ်သည်မှန်သော်လည်း . .

ဘဝအတွက် မရှိမဖြစ်ဆိုသော အရာတစ်ခုတော့ မဟုတ်နိုင်ပါဘူးလေဟု တွေးကာ မင်းလှဘော်ကို ခိုးကြည့်ရင်းဖြင့်သော ကျေနပ်လိုက်သည်။


အချစ်ဆိုတာ ရင်ထဲမှာ ဖြစ်တည်နေတာကို သိရှိနေတာနဲ့လည်း လုံလောက်တတ်ပါတယ်လေ . . ဟုလည်း မေနီ တွေးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၈)

မေနီ အိမ်ပြန်ရောက်တော့ တအောင့်နား၊ မိဘတွေနှင့် စကားစမြည် ပြောပြီး ရေချိုးထမင်းစားကြသည်။

ပြီးသည်နှင့် နားဦးမည်ဟု ပြောကာ ဒေါက်တာနေမျိုးဆီသို့ ဖုန်းခေါ် လိုက်သည်။

“ရောက်တာနဲ့ ဖုန်းဆက်နော် မိန်းကလေး၊ ကျုပ်က စိတ်ပူတတ်တယ်”

ဟု မှာထားသောစကားကို သတိရနေလေသည်မို့ ကုတင်ပေါ် လှဲလျောင်း ကျောဆန့်ရင်းမှ ဖုန်းခေါ် လိုက်ခြင်းဖြစ်သည်။





စကားတွေ အများကြီး ပြောချင်နေသည်ကိုး။

“ဟယ်လို မေနီ. . . ပြော”

“ကျွန်မ အိမ်ပြန်ရောက်နေပြီ လေးလေး၊ ထမင်းတောင် စားပြီးပြီ၊ လေးလေးကော ထမင်းစားပြီးပြီလား”

“မစားသေးဘူး. . . လမ်းခရီး အဆင်ပြေရဲ့လား”

“ပြေပါတယ် လေးလေး၊ မနက်ဖြန်မှ မိကေဆီ သွားပြီး လက်ဆောင်တွေ ပေးတော့မယ်၊ လေးလေး ဘာမှာဦးမလဲ”

မေနီ စကားမရှိ စကားတွေ ရှာကာ ပြောနေမိသည်။

“မမှာပါဘူး. . . မကြာခင် ကျုပ်ပြန်လာတော့မှာပဲ၊ သူတို့နဲ့က ဖုန်းအဆက်အသွယ် မပြတ်ပါဘူး၊ ညည်း နားတော့လေ. . . ဒါပဲမှတ်လား”

ဖုန်းချသွားလေသည်။

မေနီရင်ထဲ ဆို့သွားသည်။

သံယောဇဉ်ဖြတ်ဖို့ ကြိုးစားနေသော ဒေါက်တာနေမျိုး၏ ရင်တွင်းခံစားချက်ကို သိမြင်နေရတော့ စိတ်ထဲမှာ ထိရှလျက်ရှိသည်။

သူ မပြောချင်မှတော့ မပြောတော့ပါဘူးလေဟု တွေးကာ သက်ပြင်းချလိုက်ပြီး ကေခိုင်ဆီသို့ ဖုန်းခေါ် လိုက်သည်။

“ပြော. . မိမေ”

“ကျုပ် ပြန်ရောက်ပြီ မိကေ၊ ရှင့်ဆီကို မနက်ဖြန်မှ လက်ဆောင်လာပို့တော့မယ်”

“ငါ့လေးလေးကို နင် ဘယ်လောက်တောင် ဖွဲ့ပစ်ခဲ့သလဲ”

“ပြောင်းပြန်တော်. . . ရှင့်ဦးလေးက ဖွဲ့တာမှ ကျုပ်မှာနကို



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချိုးပစ်လိုက်တာပါတော်၊ ကျုပ်က ဒူးထောက်ဖို့ သွားတာ ကျုပ်မာနတွေ ခဝါချပြီး ကျုပ်ကြောင့် ဘာဝေဒနာမှ အဖြစ်မခံပါ ကျုပ်ဘဝကို သိမ်းပိုက်တော်မူပါဆိုပြီး သွားအပ်နှင်းတာကို ဦးလေးက လက်မခံဘဲ ငြင်းပယ်ခံလိုက်ရတဲ့မိန်းမပါ"

မေနီ ရင်ထဲ၌ မာတောင့်နေသည်။

သူ့နှလုံးသားတို့သည် ထုသားပေသား ကျနေပြီ ထင်သည်။

"ဟင်. . . ဒါဆို လေးလေးက ဘာကြီးလဲ"

"အေးလေ. . . ဘာကြီးမှန်းကို မသိဘူး၊ ကျုပ်မှာ ငိုရခက် ရယ်ရခက်တဲ့မျက်နှာနဲ့ ပြန်လာခဲ့ရတယ်လေ"

"ဟုတ်လား. . . ဒါဖြင့် ငို၍ရယ်၍မရသောမျက်နှာပေ ငါ့မားသားကြီးကို ပြောပြပြီး အစ်အောက်မေးကြည့်မယ်၊ ပြီး နင့်ကို ဖောက်သည်ချမယ် သိလား"

"လေးလေး သိပ်စိတ်ကျဉ်းကျပ်အောင်တော့ မလုပ်ပါနဲ့ အေး. . . တစ်ခါတစ်ရံမှာ လူတစ်ယောက် ဖွင့်မပြောချင်တဲ့အရာ ကို အတင်းအကျပ် မမေးဘဲ ဥပေက္ခာပြုထားလိုက်တာကလည်း အဲဒီလူကို ကူညီရာရောက်ခြင်းတစ်မျိုးပဲတဲ့"

"ဘယ်သူပြောတာလဲ"

"ငါပြောတာလေ. . . ငါ ကိုယ်တွေ့ခံစားချက်နဲ့ ပြောတာ ပါ၊ ဒါထက် ရှင့်အရှေ့အလယ်ပိုင်းရပ်ဝန်းက မီးပုံးပျံကြီးအခြေ အနေက ကောင်းရဲ့လား"

"အဟီး. . . ကောင်းတာမှ ဒေါင်ဒေါင်ကိုမြည်လို့ ဒါပဲနော် မိမေ၊ နင့်ကို တစ်ခုမှာထားရဦးမယ်၊ နင့်အာဝါဟ ဝိဝါဟတွေ





ဘာတွေ လုပ်မယ်ဆိုရင်လည်း ငါ မီးပုံးပျံ လွှတ်ပြီးမှ လုပ်၊ ဒါမှ ငါလည်း ရှိုင်းလို့ရမှာ"

"အဟင်း. . . နင့်နေ့စွဲလစွဲနေ့နဲ့ တိုက်ပြီး လုပ်မယ်"

"အကျင့်ပုပ်မ"

"ဒါပဲ. . . ဘိုင့်ဘိုင်"

မေနီ ဦးအောင် ဖုန်းချပြီး အိပ်ဖို့ ကြိုးစားလိုက်သည်။ သို့သော် အိပ်၍မရသေးချေ။

ဖုန်းကော လာစရာ ရှိနေသေးသည်ကို အောင့်မေ့နေ သည်။

မင်းလှဘော် ဖုန်းဆက်မယ်တဲ့။

×××× ဘယ်ဆီကို မင်းရောက်နေလဲ ×××× ဘာတွေကို မင်းလုပ်နေလဲ ××××× ဘယ်သူနဲ့ မင်းရှိနေမလဲ ×××× သတိရပါ တယ် ××××

ဒီ Ring Tone အသံက မင်းလှဘော် ကံစမ်းမဲ လက် ဆောင်ပေးကတည်းက ပါပြီးသားဖြစ်သည်။

ဒီလူ တော်တော်ခေတ်မှီပြီး ဉာဏ်သွားတာပဲ။

မင်းလှဘော်နာမည်က ဖုန်းစကင်န်မှာ ပေါ်ပြီးသားပင်။

"ပြောလေ ကိုမင်းလှဘော်"

"မနက်ဖြန် ဘရိတ်ဖတ်စ်လား လန့်ချ်လား ဒင်နာလား"

"ဘရိတ်ဖတ်စ်"

"ကောင်းပြီ. . . ကိုယ် ဘယ်နှစ်နာရီ လာခေါ်ရမလဲ"

"ရှစ်နာရီ"

"အိုကေ. . . ဒါဖြင့် လှလှလေး ပြင်ပြီး စောင့်နေ၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရှစ်နာရီတိတိ ရောက်လာခဲ့မယ်. . . အိုကေနော်"

"အင်း. ."

ဖုန်းချသွားလေပြီ။

မေနီ ပင့်သက်ရှိုက်ပြီး ဖုန်းပိတ်လိုက်သည်။

"လှလှလေး ပြင်ထား" က ပါသေးသည်။

အလှကြိုက်သော ယောကျ်ားတစ်ယောက်အတွက် အလှအပဆိုတာက အမြဲတမ်း တည်တန့်ရှင်သန်နေနိုင်တာမှ မဟုတ်ဘဲ။ ဇရာနိမိတ်တို့ ဝင်ရောက်လာပါက အလှအပတို့က ယိုယွင်းပျက်စီးလာဦးမည်။

ထိုဒဏ်ကို အလှအပကြိုက်သော ယောကျ်ားတစ်ယောက်က. နားလည်နိုင်စွမ်း ရှိပါ့မလား။

မရှိဘူးဆိုပါက. . . .

"ဟင်. . ."

ဒီလောက် အတွေးအခေါ် မော်ဒန်အောက်သော. . . ယောကျ်ားမျိုးကို လက်တွဲသွားဖို့ စဉ်းစားရဲသလား မေနီ။


မေနီ တွေးရင်း လန့်သွားသည်။

ခေါင်းခါလိုက်သည်။

မင်းလှဘော်နှင့် ပတ်သက်ပြီး သူ အများကြီး လေ့လာစရာလိုသေးသည်ကို သဘောပေါက်လိုက်မိလေတော့သည်။







# အခန်း(၃၀)

"သမီး. . . တစ်ခါတစ်ရံ ကိစ္စအချို့ဟာ ဦးနှောက်နဲ့ ဆုံးဖြတ်ရတဲ့အခါ ရှိသလို တစ်ခါတစ်ရံမှာလည်း နှလုံးသားနဲ့ ဆုံးဖြတ်ရတဲ့အခါလည်း ရှိတယ်၊ တစ်ခါတစ်ရံမှာတော့ ဦးနှောက်ရော နှလုံးသားရောနဲ့ တွဲပြီးဆုံးဖြတ်ရတဲ့အခါလည်း ရှိတယ်၊ ဘယ်အရာကို ဘယ်လိုဆုံးဖြတ်ပါလို့ ပုံသေကားချပ် တွက်ယူလို့ မရဘူး၊ ဘဝပေးသင်ခန်းစာအပေါ် လေ့လာပြီး ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်ချက်ကို ချလိုက်ရင် အမှားကင်းပါတယ်ကွယ်"

မိခင်ဆိုတာ တစ်ချိန်က သမီးဖြစ်ခဲ့သည်ဟူသော ဆို



www.burmeseclassic.com

www.burmeseclassic.com



စကားအတိုင်း မေမေက မေနီရင်ထဲ ဖောက်ထွင်းမြင်နေသည် ထင်ပါသည်။

အလှပြင်နေသောမေနီကို ကြည့်ပြီး အဆက်အစပ် မရှိ ပြုံးစားကြီး ပြောချလာသည်။

"မေမေ ဘာကိုရည်ရွယ်ပြီး ပြောတာလဲ"

"ဩော်. . . သမီး ဒေါက်တာနေမျိုးနဲ့ ပတ်သက်ပြီးတော့ ကော မင်းလှဘော်နဲ့ ပတ်သက်ပြီးတော့ကော စိတ်တွေ ဝေဝါးနေ တယ် မှတ်လား"

မေနီ ခေါင်းညိတ်ကာ ဝန်ခံလိုက်သည်။

မှန်တင်ခုံရှေ့ ထိုင်မိလိုက်တိုင်း ဒေါက်တာနေမျိုးကို ကျေးဇူးတင်စိတ်နှင့် သတိရနေမှုက နိစ္စဓူဝလို ဖြစ်နေဆဲ။

တစ်ဆက်တည်းဆိုသလို မင်းလှဘော်ကို မြင်ယောင် တမ်းတစိတ်က ကြီးစိုးနေဆဲပင်။

"ခုကော မင်းလှဘော်အတွက် အဖြေရှိပြီလား"

ဒီနေ့ မင်းလှဘော်နှင့် ဘရိတ်ဖတ်စ် စားဖို့ ချိန်းထားသည် ကို မေမေအား ပြောပြပြီး ခွင့်တောင်းပြီးဖြစ်သည်။

"သူ့ကို ထပ်လေ့လာချင်သေးတယ်"

"သမီးက သူ့ကိုပဲ ချစ်ခဲ့တာမှတ်လား"

မေနီ မျက်နှာထူပူသွားသည်။ မိဘဆိုတာ သားသမီး ရင်ဘတ်ထဲ ဘာတွေရှိနေသည်ကို ဖောက်ထွင်းမြင်ထားပြီး ဖြစ်ဟန် တူသည်။

"မေမေက အပွေးမြင် အပင်သိပါတယ်၊ ဘာပဲပြောပြော ကျေးဇူးတရားနဲ့အချစ်ဆိုတာ သီးသန့်စီပါ၊ ကိုယ့်နှလုံးသားအလိုကျ





စိတ်ကျေနပ်မှာ လူကျန်းမာ နေထိုင်သွားနိုင်ဖို့က ဘဝမှာ အရေးကြီး ဆုံးပါပဲ၊ ဖေဖေကော မေမေကောက ကိုယ့်သားသမီးတွေ ကိုယ်စိတ် နှစ်ပါးစလုံး ကျန်းမာချမ်းသာတာကို မြင်ချင်တယ်၊ ဒါဟာ မိဘတိုင်း ရဲ့ဆန္ဒပဲ၊ ကိုင်း. . . ပြင်ပြင်၊ ရှစ်နာရီ ထိုးတာနဲ့ မင်းလှဘော်က ရောက်လာလိမ့်မယ်"

မေမေက ပြောပြီး သတိပေးကာ သူ့အိပ်ခန်းထဲမှ ထွက် သွားလေသည်။

မေနီ ကိုယ်လုံးပေါ်မှန်ထဲမှ မိမိပုံရိပ်ကို ခြေဆုံးခေါင်းဖျား ကြည့်လိုက်သည်။

အရပ်မနိမ့်မမြင့်နှင့် သွယ်လျသောခန္ဓာကိုယ်ကို ပျော့ ပြောင်း နုအိထွေးသော ဆံပင်ဖြောင့်စင်းစင်းတို့က အိတွဲကျရင်း အနားသတ်ပေးထားသည်။

မျက်နှာအကျ သွယ်လျသွားပြီး နှာတံစင်းစင်းလေးက မူလ နှာပွလေး တုတ်တုတ်ခိုင်ခိုင်လေး မေနီ့အသွင်နှင့် လုံးဝ ခြားနားပြီး လန်းလျက် အရောင်ထွက်လျက်ရှိနေသည်။

နာရီကို ကြည့်လိုက်သည်။ နံနက်ရှစ်နာရီတိတိ။

"တင်း. . . တောင်. တင်း. . . တောင်"

တံခါးမကြီးမှ လျှပ်စစ်ခေါင်းလောင်းမြည်သံနှင့်အတူ တံခါးဖွင့်ပေးသံကို ကြားလိုက်ရသည်။

မေနီ လက်ကိုင်ပိုက်ဆံအိတ်ကလေးကို ကောက်ကိုင်လိုက် ပြီး အခန်းထဲမှ ထွက်ခဲ့သည်။

"ထိုင်ပါဦးလား မောင်မင်းလှဘော်"

"မထိုင်တော့ပါဘူး အန်တီ၊ အန်တီတို့ စားဖို့ပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



ကိတ်မုန့်တစ်ဗူးကို မေမေ့လက်ထဲ ထည့်ပေးရင်း မင်းလှဘော်က သူ့ကို လှမ်းကြည့်လိုက်သည်။

ထိုအကြည့်ထဲတွင် အဆင်သင့်ဆိုရင် သွားရအောင် ဆိုသည့်အဓိပ္ပါယ် ပါဝင်နေသည်။

"မေမေ. . . သမီးတို့ သွားလိုက်ဦးမယ်နော်"

"အေး. . အေး"

ဖခင်ကတော့ နံနက်စောစော လမ်းလျှောက်ထွက်ရာမှ ပြန်မလာသေးချေ။

"ခွင့်ပြုပါဦး အန်တီ"

"ကောင်းပါပြီကွယ်"

မေနီမိခင်က ရှေ့သွားနောက်လိုက် ညီသော သမီးနှင့် အသက်အရွယ်အားဖြင့်လည်း မတိမ်းမယိမ်း ရှိသော မင်းလှဘော်ကို ကြည့်ကာ စိတ်ထဲ၌ ကြိတ်၍သာ သဘောတူလိုက်သည်။

မင်းလှဘော် ကြည့်ရတာ ပေါ့ပေါ့နေ ပေါ့ပေါ့စား ပုံစံမျိုး မဟုတ်ချေ။

သမီးထက် အသက်အားဖြင့် (၂)နှစ် (၃)နှစ်လောက်သာ ကြီးသော်လည်း ကုမ္ပဏီတစ်ခုလုံးကို ဦးဆောင်ဦးရွက် ပြုနိုင်လေပြီ။ ဖခင်ကပင် မျက်နှာလွှဲထားရလောက်အောင် ထက်မြက်သည်။ စိတ်ချရသည်။

လူငယ်လူရွယ်တို့ ဘာသာဘာဝအလျောက်တော့ မိန်းမချောလေးတွေနှင့် တွဲသွားတွဲလာတော့ ရှိတတ်သည်။ ဒါပေမယ့် နာမည်ပျက် မထွက်ချေ။

မေနီမိခင်သည် ဝရံတာအထိ ထွက်ကြည့်မိသည်။





မင်းလှဘော်၏ကားကလေး မြင်ကွင်းရှေ့မှ ပျောက်ကွယ်သွားမှ သက်ပြင်းချကာ အိမ်ထဲသို့ ဝင်လိုက်လေတော့သည်။

မေနီတို့ ကမ္ဘာအေးစေတီလမ်းရှိ New World Home Mart ရှိ ကော်ဖီဆိုင်သို့ လာခဲ့လိုက်သည်။

"ကိုမင်းလှဘော်ပဲ ကြိုက်တာမှာလိုက်ပါ"

မေနီ အစားအသောက်ထက် စကားပြောဖို့ရာ ပိုစိတ်ဝင်စားနေသည်။

မနေ့က လေယာဉ်ကွင်းကအပြန် ကြိုစဉ်မှာလည်း ပြောချင်သောစကားများကို ပြောနိုင်ပါလျက်။

နောက် ဖုန်းနှင့်လည်း ပြောနိုင်သည်။

ဒါပေမယ့် မပြောခဲ့။

သိချင်စိတ် ပြင်းပြအောင် အချိန်ဆွဲခဲ့သည်။

ဒါဟာ. . .

ယောကျ်ားတစ်ယောက်ရဲ့မာယာပဲလား။

မေနီ ဝေခွဲမရစိတ်ဖြင့် မင်းလှဘော်ကို ငေးကြည့်နေမိပြီ။

အစားအသောက်များကို သူစိတ်တိုင်းကျ ရွေးချယ်ပြီး ဝိတ်ဘာကို မှာနေသည်။ အေးဆေးတည်ငြိမ်မှုရှိပြီး ကြည့်ကောင်းလှသည်။

ထိုယောကျ်ား ဘာလုပ်လုပ် ဘာပြောပြော ရင်ဝယ်ငြိတွယ် စွဲလမ်းပြီး ကြည့်ကောင်းနေခြင်း၏ အခြေခံ ရေသောက်မြစ်က အချစ်ဟူသော ရေသောက်မြစ်ကြောင့် ဖြစ်မည်။

အချစ်ဟူသော ရေသောက်မြစ်က နှလုံးသားကို ထိုးဖောက်ဝင်ရောက် စုပ်ယူလိုက်သည်ဆိုတော့ နှလုံးသား၏ညွှန်းခေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ဖြစ်သော မြတ်နိုးခြင်း၊ တွယ်တာခြင်း၊ ခွင့်လွှတ်နေခြင်း၊ နှောင်ဖွဲ့နေခြင်း အနှီနှီသော အကြောင်းအရာတို့ကြောင့်ထင့်။

မင်းလှဘော် ဘာလုပ်လုပ် ဘာပြောပြော ကြည့်ကောင်းနေသည်။

သူ့လက်ကို အမြဲဆွဲကိုင်ထားချင်သည်။

မလွှတ်တမ်းကို မြဲမြဲစွာ တွဲထားချင်သည်။

"မေနီ. . ."

မင်းလှဘော် ဂီတ်တာကို မီနူးကြည့်ကာ မှာပြီး မီနူးကဒ်ကိုပါ ပိတ်လိုက်သည်။ နောက် မေနီကို လှမ်းအကြည့်တွင် မေနီ အကြည့်သူခိုး လူမိသွားလေပြီမို့ ရှက်ကိုးရှက်ကန်း ရမ်းလိုက်သည်။

"ဘာလဲလို့. . . ဖြေလေ"

မျက်လွှာချပြီး အကြည့်ကို လွှဲဖယ်ကာ စားပွဲပေါ်မှာ အလှဖော်ထားသော လက်သုတ်ပဝါကို ဆွဲယူဖြန့်ကာ ဟိုခေါက်လိုက် ဒီခေါက်လိုက် လုပ်နေလိုက်လေသည်။

"ခိုးမကြည့်ပါနဲ့. . . ပြောင်ပြောင်ကြည့်လည်း ရပါတယ်၊ ကိုယ်က မတွန့်တိုတတ်ပါဘူး"

"ဟုတ်ပါတယ်. . . စေတနာတွေ ပေါကြွယ်တတ်များ သိပြီးသားပါ၊ အထူးသဖြင့် အလန်းလေးတွေဆို ကြွေတတ်ပြီးသား ဆိုတာ ပိုလို့တောင် သိပါသေးတယ်"

"ဟုတ်လား. . . ဒါဆို ရှက်တောင်ရှက်သွားပြီ၊ ပြောရမယ့် စကားတွေတောင် မေ့ကုန်ပြီ"

"မေ့ရင်လည်း မပြောနဲ့တော့လေ"

"မပြောလို့ မဖြစ်ဘူး၊ ကိုယ့်ဘဝမှာ အရေးကြီးဆုံးစကား





ကို အလေးအနက်ထားပြီး ပြောချင်တာ၊ မင်းကို ကိုယ် လက်ထပ်ခွင့် မတောင်းခင် ပုံပြင်တစ်ပုဒ် ပြောပြချင်တယ်"

"ပုံပြင်. . . ကျွန်မက ကလေးမှ မဟုတ်တာ"

"ဒါဖြင့် ဝတ္ထု. . . အချစ်ဝတ္ထုပေါ့"

"အင်း. . . ဒါဆိုရင်တော့ နည်းနည်းစိတ်ဝင်စားလာပြီ"

မင်းလှဘော်က ပြောင်ကျကျ ပြောဆိုလာတော့လည်း မေနီလည်း ခပ်ပြောင်ပြောင်ပင်ပေါ့။

"မင်းကုမ္ပဏီကို မေနီဆိုတဲ့ကောင်မလေး စရောက်လာပြီး ပါစင်နယ် အင်တာဗျူး ဝင်တဲ့အချိန်မှာ မင်းလှဘော်ဆိုတဲ့ကောင် အတွက် ထူးဆန်းတဲ့ အိပ်မက်ကမ္ဘာတစ်ခု ရောက်သွားသလို ခံစားလိုက်ရတယ်"

မေနီ စိတ်ဝင်စားသည့်ဟန်နှင့် စားပွဲပေါ် လက်ထောက်ကာ မေးတင်လိုက်သည်။ အမှန်တကယ်လည်း ရင်ခုန်ကာ စိတ်လှုပ်ရှားလျက်ရှိသည်။

မင်းလှဘော်ကို အလန်းလေးတွေ တော်တော်များများ ကြွေရခြင်းမှာ စည်းစိမ်ဥစ္စာ ရုပ်ရည် ဂုဏ်ဒြပ်အပြင် ဘာများ ရှိသေးသလဲဟုလည်း သိချင်လာသည်။

"ကိုယ်စိတ်ဝင်စားသွားတဲ့ ကောင်မလေးတစ်ယောက် ဖြစ်သွားတယ်၊ သူ့အကြည့်မျက်ဝန်းက ကိုယ့်ကို မြွေတစ်ကောင်လို ညို့ငင်ယူခြင်းမျိုးနဲ့ ကိုယ့်ကို ညို့သွားတာ၊ ဒါနဲ့ ကိုယ်က သူ့ကို အလုပ်ခန့်ဖို့ ဆုံးဖြတ်လိုက်တယ်"

"ဟင်. . . ဒါဖြင့် ကျွန်မအရည်အချင်းကြောင့် မဟုတ်ဘူး ပေါ့၊ ဝမ်းနည်းစရာကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မေနီ ခပ်ရိရိ ပြောလိုက်သည်။

လျှာရိုးမရှိတိုင်း လျှောက်ပြောနေတတ်သော ယောကျ်ား တစ်ယောက်၏မုသားကို ပုဂ္ဂိုလ်ခင်တော့ တရားမင်သည် ဆိုသည့် စကားလို မုသားဖြူဖြူ ပြောနေတာဟု သဘောကျစွာပင် တွေးကာ ကြည်မွေ့နေမိသည်။

အချစ်နဲ့ ပတ်သက်လာလျှင် စုံလုံးကန်းတတ်တာ မိန်းမ သားတွေရဲ့အားနည်းချက်များလား။

"ဒါပေမယ့် မင်းလှဘော်ရဲ့မူဝါဒ ကြွေးကြော်ထားတာတွေ နဲ့ ငြိနေတော့ မင်းလှဘော် မလုပ်ရဲဘူးဖြစ်နေတယ်၊ ကောင်မလေး ကို တိတ်တခိုး စောင့်ကြည့်နေတယ်၊ မင်းလှဘော်ရဲ့မူဝါဒကို သိတယ်မှတ်လား"

"ရှာနားကမြက် ရှာနွားမစားဘူး၊ သူ ယူတဲ့ကောင်မလေး က ပပဝတီလို ချောလှတဲ့သူ ဖြစ်ရမယ်ဆိုတာလား"

မင်းလှဘော် ဟက်ကနဲ တစ်ချက်ရယ်လိုက်သည်။

ညီညာဖြူဖွေးပြီး ပုလဲရောင်တောက်နေသော သွားစွယ် တန်းက ပို၍ကျက်သရေရှိကာ စွဲမက်ဖွယ်ကောင်းလွန်းသဖြင့် မေနီ မြတ်မြတ်နိုးနိုးပင် စိုက်ကြည့်နေမိသည်။

"ကောင်လေးက ကောင်မလေးရင်ထဲက လိုအပ်ချက် မှန် သမျှကိုလည်း အကုန်သိနေတယ်၊ ဒါကြောင့် ချောင်းသာခရီး ကံစမ်းမဲကိစ္စမှာ ကောင်မလေး လိုချင်တဲ့ G.S.M တယ်လီဖုန်းကို တမင်ဖန်တီးပေးလိုက်တာ"

"ရှင်. . . ကံစမ်းမဲကလည်း ဖန်တီးလို့ ရသလား"

"ရတာပေါ့. . . မဲလိပ်ကို ဖြေတဲ့လူက ကိုယ်လေ၊ သူက





မျက်လှည့်ပညာ တတ်တယ်၊ တယ်လီဖုန်း ကံစမ်းမဲ နံပါတ်ဝမ်းက သူ့လက်ထဲမှာ ရှိနေပြီသားလေ"

"အို. . ရှင်က တကယ်. ."

မေနီရင်ထဲ အပျော်နတ်သားတို့ စည်တော်ယွန်းလေပြီ။ ကိုယ်က တစ်ဖက်သတ်အချစ်နှင့် မျှော်ကိုးတဲ့သူထံမှ မမျှော်လင့်ဘဲ တုန့်ပြန်မှု ရရှိနေသည်ကို သိရှိလိုက်ရသောအခါ. .

အပျော်တကာ့ အပျော်တွေ စီးပျော်ဝင်မှုမှာ ခန္ဓာကိုယ်ရှိ ဆဲလ်လွှာအားလုံးထဲသို့ ဖြစ်သည်။

"မေနီ အလုပ်ထွက်သွားတယ်၊ မျက်နှာကို ခွဲစိပ်ပြုပြင် တယ်၊ ခန္ဓာကိုယ် အဆီချတယ်၊ ဒါ မိန်းမသား သဘာဝပဲ၊ ကိုယ်က သဘောကျတယ်၊ ဩော်. . . ကိုယ်သဘောအကျဆုံးက မေနီ့ဆံပင် အရှည်ကြီးလေ၊ ပိုးသားလေးလို နူးညံ့ပြီး ပိတုန်းအရောင်တောက် နေတဲ့ဆံပင်ကြီးက မေနီနောက်ပိုင်းအလှကို ဖုံးကွယ်ပေးထားတာပဲ၊ မေနီ ကုမ္ပဏီကို ဒုတိယအကြိမ် ပြန်လာပြီး နှုတ်ထွက်စာကို အတည်ပြုပေးဖို့ ပြောတဲ့အချိန် ကိုယ် ဟန်မဆောင်နိုင်တော့ဘူး၊ မေနီ့ကို လက်လွှတ်ဆုံးရှုံးရမှာ သိပ်ကြောက်သွားတယ်၊ ဒါကြောင့် ချက်ချင်း ပရိယိုစ် လုပ်တာ"

"ကျွန်မထက် လှတဲ့လူတွေ အများကြီးပဲဟာ"

"ချစ်တဲ့စိတ်ဟာ ဆန်းကြယ်တယ်၊ လူတစ်ယောက် ဘဝ တစ်ခုမှာ သူ့ဖူးစာဖက်ဆိုတာ သတ်မှတ်ပြီးသားပဲ၊ ကိုယ့်ဖူးစာဖက် ဟာ မေနီလို့ ကိုယ့်နှလုံးသားက အလိုလို သိနေတယ် မေနီ၊ ကိုင်း. . ကိုယ့်အချစ်ကို သံသယ မဖြစ်ပါနဲ့၊ မေနီကို ကိုယ်ချစ်တယ်၊ လက် ထပ်ခွင့်ပြုပါ၊ နေအုံး. . . ကိုရီယားကားထဲက မင်းသားတွေလို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် လက်ထပ်လက်စွပ်နဲ့ ခွင့်တောင်းပါတယ်၊ ဒူးတော့ မထောက်ချင်ဘူးနော်၊ ယောကျ်ားသိက္ခာကျတယ်"

မေနီ ရှေ့သို့ ကတ္တီပါဗူးနီလေး ဖွင့်ပြလေသည်။ စိန်တစ်လုံးနှင့် ပလက်တီနမ် ကွပ်ထားသော စိန်စုံတွဲလက်စွပ်နှစ်ကွင်းကို တွေ့လိုက်ရလေသည်။

မေနီရင်ထဲ ချက်ချင်းကောက်ဝတ်လိုက်ချင်သည်။

သို့သော်. . .

"မိန်းမတို့ကျွန်ဖြေ ရွှေပေးလို့မရ" ဆိုသောစကားက မေနီတို့မြန်မာအမျိုးသမီးတွေ၏တန်ဖိုးကို မြှင့်ပေးထားတာက ရှိနေသည်။

မင်းလှဘော်က လက်စွပ်ကို ထုတ်ပြီး ဝတ်ပေးဟန်သည်။ မေနီက စားပွဲပေါ်မှ လက်ကို ရုပ်သိမ်းပြီး စားပွဲအောက် ချထားလိုက်သည်။

"ဟင်. . ."

"မဟင်ပါနဲ့ ကိုမင်းလှဘော်၊ ကျွန်မ ပြောစရာစကားတွေ ရှိပါသေးတယ်၊ အဲဒါတွေ နားထောင်ပြီးမှ ကိုမင်းလှဘော် စဉ်းစားပါ၊ ပြီးမှ ဆက်ပြီး ဝတ်ဆင်ပေးချင်တယ်ဆိုရင် အဲဒီတော့မှ လက်ခံပေးပါ့မယ်"

ခုရှုပ်မှနောင်ရှင်း ပြတ်သားရမည်။

ဝိတ်တာလေးက ရောက်လာပြီး မှာထားသည်တို့ကို လာရောက်တည်ခင်းသဖြင့် မင်းလှဘော် ကတ္တီပါဗူးနီလေး ပြန်သိမ်းလိုက်သည်။

မင်းလှဘော် မျက်စိမျက်နှာတော့ ပျက်သွားသည်။

သူလိုလူကို ချစ်နေရက်နဲ့ လက်မခံသောမိန်းမ တစ်





ယောက်ကို အထူးအဆန်းသဖွယ်လည်း ခံစားလိုက်ရသည်။

သူ့မာနကို ထိခိုက်စေသည် မှန်သော်လည်း အံ့ဩဖွယ်ကောင်းသည်က သူသည် ထိုမိန်းကလေးအား လုံးဝမစွန့်လွှတ်နိုင်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဟန်မပျက်ပင် မေနီအား စားစရာလေးများကို တယုတယ ထည့်ပေးကာ ချစ်ခင်မြတ်နိုးနေကြောင်းကို ဆက်လက်ပြသလိုက်သည်။

မေနီ မင်းလှဘော် ခံစားချက်ကို သိပါသည်။ သို့သော် ဒေါက်တာနေမျိုးနှင့် ပတ်သက်သော သူ့ခံစားချက်ကို ဖွင့်ပြောပြချင်သည်။

ဒေါက်တာနေမျိုးကိုလည်း သူ တစ်လအချိန်ပေးထားပါသည်။

"လေးလေးဒေါက်တာ စိတ်ပြောင်းပြီး ဆုံးဖြတ်ချက်ပြင်ချင်တယ်ဆိုရင် အချိန်မရွေး ပြောပါ၊ ကျွန်မ တစ်လတိတိအချိန်ပေးပါ့မယ်" ဟု မှာထားခဲ့ခြင်းကြောင့်ဖြစ်သည်။

ဒါကြောင့် မေနီက ဒေါက်တာနေမျိုးနှင့် ပတ်သက်သောအကြောင်းအရာများကို မင်းလှဘော်ကို ဖွင့်ဟ ဝန်ခံလိုက်သည်။


မင်းလှဘော် တအံ့တဩ ဖြစ်သွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၁)

မင်းလှဘော် မေနီကို ရန်ကင်းအိမ်သို့ ပြန်ပို့ပေးခဲ့ပြီး နောက် ကားကို ကုမ္ပဏီသို့ တန်းမောင်းခဲ့လိုက်လေသည်။

ကားမောင်းရင်း မတွေးချင်ဘဲ အတွေးတို့က ဝင်ရောက် လာလေသည်။

သူ့ဘက်က ပွင့်လင်းခဲ့မိလေပြီ။

စကားတို့က ကျွံသွားပြီမို့ ပြန်နှုတ်၍မရတော့ပါချေ။

ထို့အတူ မေနီဘက်ကလည်း ပွင့်လင်းစွာပင် ဖွင့်ဟလာခဲ့ သည်။





လေးလေးဒေါက်တာကို ဥပေက္ခာပြုမထားနိုင်သဖြင့် လေးလေးဒေါက်တာ ထွက်သွားရာနောက်သို့ လိုက်ပါပြီး သူ့ဘက် က ပေးဆပ်ဖို့အထိ ဆုံးဖြတ်ခဲ့သည်တဲ့။

ဒေါက်တာနေမျိုးက မေနီအား လက်မခံပါချေ။

ဒီလူ အရူးလား။ သူ့ထက် အသက်ထက်ဝက် ငယ်သော မိန်းကလေးကို ချစ်ပြီး လက်မထပ်ရဲဘူးဆိုတာ ဘာသဘောလဲ။

အရေပြားအထူးကုခွဲစိပ်ဆရာမို့ ခွဲစိပ်ပြုပြင်ခြင်း၏ ဘေး ထွက်ဆိုးကျိုးကိုများ သိနေ၍မေနီကို ငြင်းပယ်လိုက်တာလား။ ထူး တော့ ထူးဆန်းသည်။

တွေးရင်း ရင်ထဲမှာလည်း ခံပြင်းသွားသည်။

သူလိုယောက်ျားက အိမ်ထောင်ဘက်ကို ရွေးချယ်သူသာ ဖြစ်ရမည်။

ယခုတော့ သူက မေနီ၏အရွေးချယ်ခံ ဖြစ်သွားရရုံမက မေနီကလည်း ဒေါက်တာနေမျိုး၏အရွေးချယ်ခံအဆင့်သို့ ရောက်ရှိနေသည်။

ဒါဟာ သူ့မာနကို မတန်မရာ စော်ကားလိုက်သလို ဖြစ်နေ ပါလား. . . ဟု။

"တောက်"

မင်းလှဘော် ဘာကို ဘယ်သူ့ကို ဘာအတွက် မကျေနပ်ရ မှန်း မသိသဖြင့် တက်တစ်ချက် ခေါက်လိုက်မိလေသည်။

သူ့ဘဝဟာ ကျားသနားမှ နွားချမ်းသာဆိုသလို ဖြစ်နေပါ ပြီတောလား။

ဒေါက်တာနေမျိုးက သနားမှ သူလိုချင်သောမေနီကို ရပေ



www.burmeseclassic.com

www.burmeseclassic.com



မည်။

လွန်နေပြီ. . .။

မေနီဆိုသောကောင်မလေး တော်တော်လွန်နေပြီ။

သူ တွေးရင်း ဒေါကန်လာသည်။

အရင်းစစ်တော့. . .

အစကတည်းက ဟိတ်ကြီးဟန်ကြီး ထုတ်ကာ. . .

ပပဝတီလို လှတဲ့မိန်းမမျိုးမှ သူရဲ့မဟေသီဖြစ်ရမည်။

ကိုယ့်ကုမ္ပဏီဝန်ထမ်းက ဝန်ထမ်းသပ်သပ်ပဲ။ အလုပ်နဲ့ ကိုယ်ရေးကိုယ်တာ မရောယှက်ရ စည်းထားရမည်။

ဒါတွေ လူစိတ်ဝင်စားအောင် စတိုင်လ်ထုတ်တာ သက်သက် ဖြစ်ခဲ့သည်။

အဲ့ဒါတွေဟာ ကိုယ့်ရှူးကိုယ်ပြန်ပတ်ခဲ့လေပြီထင့်။

မေနီအတွက် ဒေါက်တာနေမျှုးသည် ကယ်တင်ရှင် ဖြစ်သွားခဲ့လေသည်။

မင်းလှဘော် ဘာအလုပ်မှ လုပ်၍မရသဖြင့် ကုမ္ပဏီသို့ ရောက်ရောက်ချင်း မေနီအကြောင်းတွေအကုန် ဖောက်သည်ချကာ ထောက်လှမ်းပေးခဲ့သော သူ့အတွင်းရေးမှူးမလေး စံပယ်ကို. . .

"စံပယ် လာဦး"

"ဟုတ်ကဲ့ ဆရာ"

စံပယ်က ချက်ချင်းပင် သူ့စားပွဲရှေ့သို့ ခပ်ရို့ရို့လေး လာရပ်သည်။

"မေနီ ပြန်ရောက်နေပြီ. . . မင်းသိလား"

"မသိပါဘူး ဆရာ"





"ညည်းဆီ ဖုန်းမဆက်သေးဘူးလား"

"ဟုတ်ကဲ့. . . ကျွန်မ ဘာဆောင်ရွက်ပေးရမလဲ ဆရာ"

"ညည်း သူ့ဆီ ဖုန်းဆက်ပြီး အခြေအနေတွေ နည်းနည်း တီးခေါက်ကြည့်လိုက်စမ်း၊ ဪ. . . မင်းက ငါ့ဘက်က စပိုင်လား၊ သူ့ဘက်က စပိုင်လား"

စံပယ်က ပါးရည်နပ်ရည် အင်မတန်ရှိသော မိန်းကလေး ဖြစ်သည့်အားလျော်စွာပင်. . .

"ဆရာ့ဘက်က စပိုင်ပါ ဆရာက ကျွန်မတို့မိသားစုရဲ့ ကျေးဇူးရှင်ပါ။ တစ်သက်လုံး ဆရာ့ရဲ့စပိုင်အဖြစ် သစ္စာရှိသွားမှာပါ"

"အိုကေ. . . ဒါဖြင့် ငါညစ်နေတယ်၊ မင်း သူ့ဆီက သတင်းကောင်းလေးတွေ ငါ့အတွက် ယူဆောင်ပေး. . . အိုကေ"

"အိုကေပါ ဆရာ"

စံပယ် ခွင့်တောင်းပြီး ပြန်ထွက်သွားသည့်တိုင် မင်းလှဘော် ဂနာမငြိမ် ဖြစ်နေဆဲဖြစ်သည်။

စာရင်းစာအုပ်တွေ ကိုင်လိုက်သည်။ ဘာစာကိုမှ မမြင်။ မေနီကိုသာ မြင်ယောင်နေသည်။

မေနီမိဘတွေက သူ့ဘက်မှာ ရှိသည်ပဲ။ ဘာပူစရာ လိုသလဲ။

"ဆရာ. ."

"ဟင်. ."

"မေနီဆီ ကျွန်မ ဖုန်းဆက်ပြီးပြီ၊ သူပျော်နေတယ် ဆရာ"

မင်းလှဘော် ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားသည်။ ယခင်က



www.burmeseclassic.com

www.burmeseclassic.com



လို ဟိတ်ဟန်တွေ ထုတ်မနေနိုင်။

"ဘာဖြစ်လို့လဲ"

"သူ မျှော်လင့်ချက်တွေ ပြည့်ဝသွားပြီတဲ့၊ ဒါကြောင့် သူ အရမ်းပျော်နေတယ်တဲ့"

မေနီ၏မျှော်လင့်ချက်က သူ့ထံမှ အချစ်ကို သိမ်းပိုက်နိုင်ဖို့ ဆိုတာ စံပယ်ဆီမှ ကြားပြီးသားဖြစ်သည်မို့ သူ မအံ့သြတော့။

သို့သော် စံပယ် ဘာတွေများ သိထားသနည်းဟု ရှက်ကာ မ့လုံမလဲ ဖြစ်မိသော်လည်း ဟန်ဆောင်ကောင်းသူပီပီ ဣန္ဒြေကြီး တစ်ခွဲသားနှင့်. . .

"ပြီးတော့ကော. . ."

"ပျော်လွန်းလို့ အပျော်တွေ ပျောက်ဆုံးမှာတောင် စိုးရတဲ့ အတွက် သူ့မိဘတွေကို ပေးထားတဲ့ကတိအတိုင်း ရိပ်သာနှစ်ပတ် ဝင်လိုက်ဦးမယ်တဲ့၊ ပြီးမှ ဆရာကို အဖြေပေးတော့မယ်တဲ့ ပြော တယ် ဆရာ"

မင်းလှဘော် ဟန်ပင် မဆောင်နိုင်တော့ဘဲ ပြုံးရယ်လိုက်မိ သည်။

"ဟက်. . . ရိပ်သာဝင်ဦးမယ်တဲ့လား"

ရင်ထဲမှ အပူလုံးကြီးလည်း ကျသွားလေတော့သည်မို့ ရယ်နိုင်လေပြီ။

မိန်းမတွေရဲ့ မာယာဟာလည်း မြစ်ကြောင်းတွေလို ကောက်ကွေ့တတ်ပါတကား။

"ရယ်ရလွန်းရင် ငိုရတတ်တယ် ဆိုတဲ့စကားကို သူ တော် တော် လန့်နေပုံရတယ်၊ ဒီနေ့ သူအရမ်းပျော်နေတယ်၊ သူ့ဘဝမှာ





အပျော်ဆုံးပဲတဲ့၊ ဆရာ ပရိုပို့စ် လုပ်လိုက်တယ်ဆို"

မင်းလှဘော် ရှက်ရှက်နှင့် ပလုံးပထွေး ဝန်ခံလိုက်သည်။

"အွန်း. . ."

"ဝမ်းသာလိုက်တာ ဆရာ၊ ဆရာကတော်ဟာ ကျွန်မတို့ ရင်းနှီးပြီးသားလူဆိုတော့ ကောင်းတာပေါ့"

"မင်းနှုတ်လုံပါစေနော်၊ ဘယ်ဝန်ထမ်းမှ မသိစေချင်ဘူး၊ ဖိတ်စာပေးတဲ့နေ့မှ တအံ့တသြ ဖြစ်စေရမယ်"

စံပယ်ကတော့ ခေါင်းတွင်တွင်ညိတ်ကာ. . .

"ဟုတ်ကဲ့. . . စိတ်ချပါ ဆရာ၊ ဆရာ့တပည့်အကြောင်း ဆရာသိပါတယ်၊ ခုတောင် မေနီ ခုထက်ထိ မရိပ်မိသေးတာ ကြည့် ပါလား၊ ကျွန်မ ဘယ်လောက်နှုတ်လုံသလဲဆိုတာ"

"အိုကေ. . . ဟုတ်ပါပြီ မိကျောင်းသမီးရေ၊ သွားတော့. . လုပ်စရာရှိတာ သွားလုပ်တော့"

"ဟုတ်ကဲ့. . . ခွင့်ပြုပါ ဆရာ"

စံပယ် ထသွားသည်နှင့် မင်းလှဘော် ဝမ်းသာအားရ လက်သီးလက်မောင်းတန်းလိုက်မိလေသည်။

ရာထူးကြီးကိုသာ ဖခင်က ပေးထားသဖြင့် ဣန္ဒြေကြီး ဘာစ်ခွဲသားနှင့် ဟန်ဟန်ပန်ပန် နိုင်နိုင်နင်းနင်း ထမ်းဆောင်နေရ သည်။

အမှန်တော့ သူ့အသက်က နှစ်ဆယ့်ငါးနှစ်ပြည့်ဖို့ (၂)လ လိုသေးသည်။ အချို့တွေက ဒီအရွယ် ပညာရှာတုန်း၊ မိဘနိုင်ခွင် ကလေးလုပ်တုန်း ရှိသေးတာပဲ။

ခုတော့ မိဘတွေက လူကြီးလုပ်ခိုင်းလိုက်၍ လူကြီးစိတ်

www.burmeseclassic.com




ဝင်ပြီး ခုတော့ အိမ်ထောင်ပြုဖို့ပင် စိတ်ကူးနေလေပြီပေါ့။

စောစောက ညစ်နေသောစိတ်တို့သည် ယခုတော့ သန့်သွားလေပြီမို့ အလုပ်လုပ်ရန် စားပွဲထိုင်လိုက်လေတော့သည်။







## အခန်း(၃၂)

ဒေါက်တာနေမျိုး ဆေးခန်းပြန်ထိုင်နေလေပြီ။ ပြင်ပလူနာ နောက်ဆုံးလူနာအား စမ်းသပ်စစ်ဆေးအပြီးတွင် ထရပ်ပြီး ခါးဆန့်ကာ အညောင်းအညာ ဖြေလိုက်သည်။

"လေးလေးဒေါက်တာ"

"ဟင်. . ."

သူ့နား၌ ယဉ်ပါးနေသောအသံလေးနှင့်အတူ သူ့ရင်ထဲက မိန်းကလေး ရောက်လာတာပါလား။

"ထိုင်. . . မေနီ"



www.burmeseclassic.com

www.burmeseclassic.com



မေနီအား ဆိုဖာသို့ ညွှန်ပြရင်း သူ့ကိုယ်တိုင်လည်း ဆိုဖာဆီသို့ လျှောက်လာပြီး ထိုင်လိုက်လေသည်။

"ဆရာတို့ နေ့လည်စာ စားဖို့ မေမေ ထည့်ပေးလိုက်တာပါ။ ဆရာမတို့ကိုလည်း ပေးထားပြီးပါပြီ"

မေနီမျက်နှာလေးက ကြည်စင်နေသည်။ လောဘ ဒေါသ သောကတို့ ကင်းဝေးသောမျက်နှာသည်သာ အကြည်လင်ဆုံးနှင့် အအေးချမ်းဆုံး ဖြစ်သည်မဟုတ်လား။

"တရားရိပ်သာ ဝင်သွားတယ်ဆို၊ ကျုပ်ရောက်လာသေးတယ်"

"ဟုတ်ကဲ့. . . မေမေတို့ ပြောပါတယ်"

"ရိပ်သာက ဘယ်တုန်းက ထွက်လာတာလဲ"

"သုံးလေးရက်တော့ ရှိပြီ၊ လေးလေးဒေါက်တာ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ကြာပြီ. . . ဆယ်ရက်လောက် ရှိသွားပြီ"

"ဟုတ်လား"

မေနီမျက်နှာပြင်ပေါ်၌ ခွဲစိပ်ကုသထားပါသည်ဟူသော အရေးအကြောင်း သဲလွန်စတို့ ရှာ၍မရအောင်ပင် အသားတက် အရောင်တက်ကာ ဝင်းမွတ်နေလေသည်။

တစ်စုံတစ်ခု ပြောစရာရှိသော အရိပ်အယောင်ကိုတော့ တွေ့ရသည်။ သို့သော် ပြောရခက်နေပုံရသည်။ ထို့ကြောင့်. . .

"ညည်း ကျုပ်ကို ဘာပြောစရာ ရှိသေးလို့လဲ၊ ကျုပ် စကားကုန် ပြောပြီးပြီလေ၊ ဒါကို ညည်းသဘောပေါက်မှာပါ"

မေနီ ရင်ထဲမှာ အေးစက်နေသည်။ ဒေါက်တာနေမျိုးနှင့်





ပတ်သက်ပြီး လိုင်းထန်စရာ မရှိတော့။

မိကေပြောပြချက်အရ သူ့လေးလေးသည် အစ်ကိုတွေ အစ်မတွေ စီစဉ်ပေးသော ဝါသနာတူ ဆရာဝန်မလေးတစ်ဦးနှင့် လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ပြီတဲ့။ လေးလေးထက်တော့ (၅)နှစ် ငယ်သည်တဲ့။

ဒါကိုကြားသိပြီးဖြစ်တော့ မေနီရင်ထဲ ဒေါက်တာနေမျိုးနှင့် ပတ်သက်သောခံစားမှုက အားရကျေနပ်ခြင်းသို့ ကူးပြောင်းသွားသည်။

"ဟင်. . . မေနီ ဘာပြောမလို့လဲ"

"လေးလေး လက်ထပ်တော့မှာဆို"

"မိကေဆီက ညည်း ကြားပြီးပြီ ထင်တယ်"

"ဟုတ်ကဲ့"

"အင်း. . . လက်ထပ်သင့်တဲ့အရွယ်တောင် လွန်သွားပြီလေ၊ ကျုပ်အရွယ်နဲ့ လိုက်ဖက်တဲ့ ဘဝလက်တွဲဖော်အတွက် အသင့်တော်ဆုံး လက်တွဲဖော်နဲ့ လက်ထပ်တော့မှာ အမှန်ပဲ၊ ညည်းကော ညည်းလူနဲ့ အဆင်ပြေပြီလား. . . ဘယ်တော့လဲ"

မေနီ မုသားမသုံးချင်ပါ။

"ဒီကနေ ပြန်သွားမှ သူနဲ့ သွားတွေ့မှာပါ၊ ကျွန်မက လေးလေးဆီက တိကျတဲ့အဖြေကို ထပ်ဆင့်နားထောင်ပြီးမှ ဆုံးဖြတ်ချက် ချမှာပါ"

"အို. . . ခုထက်ထိ မဆုံးဖြတ်ရသေးဘူးလား"

ဒေါက်တာနေမျိုး အံ့ဩသွားသည်။

မေနီ၏ကျေးဇူးသိတတ်မှုလေးကို သူ တန်ဖိုးထား၍



www.burmeseclassic.com

www.burmeseclassic.com



မြှတ်နိုးသွားရသည်။

သို့သော် အချစ်ဆိုတာ တစ်သက်လုံး ရင်မှာ သို့ဝှက်သိမ်းဆည်းထားသွားလို့ရပါသည်။

အိမ်ထောင်တစ်ခု ဆိုတာကိုတော့ ဒီအရွယ် ရောက်ပြီးတော့မှ ဂုဏ်သိက္ခာနှင့် နားလည်မှုနှင့် သစ္စာတရားနှင့် အစရှိသည်တို့နှင့် ချည်နှောင်တည်ဆောက်သွားရမည်မို့ . .

"တာချီလိတ်မှာကတည်းက လေးလေး ညည်းကို အပြီးအပြတ် ပြောခဲ့ပြီးပြီဆိုတာ ညည်းသဘောပေါက်မယ်လို့ ထင်နေတာ၊ တူမ မိကေသူငယ်ချင်း မိမေဆိုတဲ့ ညည်းဟာလည်း ကျုပ်တူမအဖြစ်နဲ့ ကျုပ်ဘဝဖော်နဲ့ပါ တစ်နေ့ မိတ်ဆက်ပေးရဦးမယ်"

"ကျေးဇူးတင်ပါတယ် လေးလေး၊ ကျွန်မကလည်း လေးလေးကို ကျွန်မရဲ့ကျေးဇူးရှင်အနေနဲ့ရော ဦးလေးတစ်ဦးအနေနဲ့ပါ အမြဲတမ်း လေးစားစွာနဲ့ သတိရနေမှာပါ"

"သိပ်ကောင်းတာပေါ့ကွယ်"

"ဒါဖြင့် ကျွန်မပြန်တော့မယ်နော် လေးလေး၊ ဪ . . ဘိတ်ကတ်ကြေးကိုက်နဲ့ အအေးပူးပါ၊ ပူတုန်း လေးလေး စားလိုက်ဦးနော်"

"အေး . . အေး"

"သွားပြီနော် လေးလေး"

"ဟုတ်ကဲ့ . . နားပါ လေးလေး"

မေနီ ဒေါက်တာနေမျိုးကို ကျောခိုင်းကာ တောက်လျှောက်ပင် မဥ္စူသက ဆေးခန်းထဲက ထွက်ခဲ့လေသည်။

ရင်ထဲ၌လည်း ပေါ့ပါးသွက်လက်သွားသဖြင့် ခြေလှမ်းတို့





ပင် သွက်လက်နေသည်။

ခရီးအတွက် အပြတ်ဝှားလာခဲ့သော ပါရမီအဝှားယာဉ်ထဲ ဝင်ထိုင်လိုက်ပြီးနောက် မင်းလှဘော်နှင့် ချိန်းထားရာ New World Home Mart ရှိ ကော်ဖီဆိုင်သို့ လမ်းညွှန်လိုက်သည်။

ယခုလောက်ဆို မင်းလှဘော် ကြိုတင်ရောက်နေနှင့်လောက်ပြီလား။


မင်းလှဘော်စိတ်တွေ မပြောင်းမလွဲဘဲ ထာဝရချစ်ခြင်းနဲ့ မိမိအပေါ် ခွင့်လွှတ်နားလည်လျက် စောင့်ဆိုင်းနေပါစေဟုလည်း မေနီ ကြိတ်၍ဆုတောင်းနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၃)

မင်းလှဘော် မိန်းမချောပေါင်းများစွာ ခေတ်ဘန်းစကားအရ ပြောလျှင် အလန်(သို့မဟုတ်)အလန်းပေါင်းများစွာနှင့် အီစီကလီ လုပ်ခဲ့ဖူးပါသည်။

သို့သော် တစ်ခါတစ်ရံမှ ယခုလို ရင်ခုန်သံ မကျယ်လောင်ဖူးပါချေ။

ယခုတော့ သူ့ရင်ခုန်သံကို သူကြားသလို မေနီများ ကြားသွားလေမလားဟု ထင်ကာ မေနီကို အကဲခတ်နေမိသည်။

မေနီမျက်ဝန်းက သူ့ကို စိုးရိမ်မကင်းသောအကြည့်နှင့်





ကြည့်နေသည်။

“မေနီ. .”

“ကိုမင်းလှဘော် ဘာမှမပြောနဲ့ဦး၊ ဒီနေ့ ကျွန်မ အရင်ပြောမယ်”

မေနီက လက်ကာ,ကာ ဟန့်တားစကား ဆိုလိုက်သဖြင့် မင်းလှဘော် အလျှော့ပေးလိုက်သည်။

မေနီ သူ့အား အဖြေမပေးသေးဘဲ တရားရိပ်သာတစ်ခုသို့ ဝင်ရောက်တရားအားထုတ်နေချိန်၌ သူသည် မေနီ့မိဘများထံ မကြာခဏ လာလည်ပတ်ပြီး မေနီအခြေအနေကို အင်ကွာရီ လုပ်ခဲ့သည်။

ဒေါက်တာနေမျိုးလည်း ပြန်လာပြီး သူ့ဆေးခန်းသူ ဆက်ထိုင်နေသည်။

အရာခပ်သိမ်းသည် သူ့ပုံမှန်အတိုင်းသူ လည်ပတ်နေခဲ့သည်။

မေနီ တရားရိပ်သာက ထွက်ပြီး မကြာခင် သူ့အား ချိန်းဆိုသည်။

ယခု ချိန်းဆိုရာနေရာ၌ တွေ့ကြသည်။

မေနီအဖြေကို သူ ကြိုတင်တွက်ဆမထားရဲ။

သီလရှင် ဝတ်တော့မည်ဟုများ ဖြေလိုက်လျှင် ပြဿနာဟုလည်း တွေးလိုက်မိသည့်အခါလည်း ရှိခဲ့သည်။

“ကိုမင်းလှဘော်. . . မေနီကို ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ”

မေနီ မေးပြီ။ ရိုးစင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မင်းလှဘော်ကလည်း ခပ်ပြတ်ပြတ်ပင်. . .

"ချစ်လို့"

မေနီရင်ထဲ လှိုက်ဖိုကာ မျက်နှာတို့ပင် ပူထူသွားသည်။ ရင်ထဲ အပျော်နတ်သားတို့ ကခုန်လေပြီ။

"ဘာဖြစ်လို့ ချစ်တာလဲ"

"ချစ်လို့ချစ်တာ"

"ဟင်. ."

"အချစ်ဆိုတာ သူ့ဟာသူ မပေါက်ဖွားပါဘူး။ ရယူပိုင်ဆိုင်လိုခြင်းဆိုတဲ့ ပြင်းထန်တဲ့ အာသီသ,ကနေ ပေါက်ဖွားလာတာပါ အဲ. . . ရယူပိုင်ဆိုင်ချင်တယ်ဆိုတာကလည်း ရှေးရေစက်ရဲ့ တွန်းပို့မှုကြောင့်ပဲလို့ ထင်ပါတယ် မေ"

"မေ" တဲ့လား။

မေနီရင်ထဲ နှလုံးသားစည်းချက်တို့က မြန်ဆန်လာသလိုမှန်လာသည်။ နှလုံးသား တစ်ချက်တစ်ချက် ခုန်လိုက်တိုင်း သူ့ရင်ထဲ တိတ်တခိုး တမ်းတခဲ့သော နာမ်စားလေးက မြည်ဟည်းလာသည်။

"မောင်. ."

"ဟာ. ."

မင်းလှဘော် ဝမ်းသာအားရ ဖြစ်သွားသည်။ မျှော်လင့်ထားသော်လည်း မျှော်လင့်မထားသောအချိန်၌ ကြုံကြိုက်လိုက်ရခြင်းအတွက် လူသည်ပင်လျှင် ယောင်တိယောင်ချာ ဖြစ်သွားရသည်။

လက်ကိုင်အိတ်ထဲမှ ကတ္တီပါဗူးလေးကို ဖွင့်လိုက်သည်။



BURMESE CLASSIC .com



တစ်ချိန်က မေနီ လက်မခံခဲ့သော ကတ္တီပါဗူးနီလေး ထုတ်လိုက်သည်။

မေနီ ကျေနပ်စွာ ပြုံးနေခဲ့သည်။

အချစ်ကို မျက်စိနှင့်သာ ဆုံးဖြတ်တတ်သည့်လူဟု ထင်ထားပြီး ကိုယ့်ဘဝကို ဘယ်လိုလုပ် ယုံကြည်စွာဖြင့် အပ်နှင်းရမှာလဲဟု. . .

တွေဝေခဲ့သည်။

သို့သော် ယခု ဘာကိုမှ မတွေဝေချင်တော့၊ နောက်မဆုတ်ချင်တော့။

ချစ်ခြင်း၏နောက်ကွယ်မှာ ယုံကြည်ခြင်းက ကပ်ငြိလိုက်ပါလာတတ်သည်မို့. . .

အချစ်ကို ယုံယုံကြည်ကြည်နှင့် ပေးအပ်ပစ်လိုက်သည်။

"မောင် လက်စွပ်ဝတ်ပေးတော့၊ လက်တိုင်း မေမေ့ဆီက မေးထားတာမှတ်လား"

"ဒါပေါ့. . . ချစ်မိလာတော့လည်း အရာရာဟာ သူ့လိုလိုတတ်လာတော့တာပဲ"

မင်းလှဘော်က မေနီ၏ဆန့်တန်းပေးလိုက်သော ဘယ်ဘက် လက်ချောင်းလေးများထဲမှ လက်သူကြွယ်သို့ ပလက်တီနမ်စိန်လက်စွပ်ကို ဝတ်ပေးလိုက်သည်။ အံ့ဝင်ခွင်ကျပင် တော်နေသည်။ မေနီလက်တိုင်းကို မေနီပြောသည့်အတိုင်း ယောက္ခမလောင်းဆီက ရထားခဲ့သည်ကိုး။

"မေ့ကို မောင်ချစ်တယ်၊ မောင်တို့ လက်ထပ်ကြရအောင် မေ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို လက်ထပ်လက်စွပ်ကို နမ်းသလိုလိုနှင့် လက်ကလေးကိုပါ မ,ယူနမ်းလိုက်ရာ. . .

"ရွှတ်. ."

"အို. . . ဘယ်လက်ကြီး မောင်ကလည်း"

"ဟက်. ."

မင်းလှဘော် လက်ကို ပြန်လွှတ်လိုက်ပြီး ရှက်ကိုးရှက်ကန်း နှင့် ရယ်လိုက်လေသည်။

"မေ. . ညာတာပါတော့ မလုပ်နဲ့၊ မေ မောင့်ကို ချစ်တယ်လို့ မပြောသေးဘူးလေ"

"ပြောဖို့လိုသေးလို့လား မောင်"

"လိုတာပေါ့. . လက်ထပ်တယ်ဆိုတိုင်း ချစ်တာမှ မဟုတ်တာ၊ ကျေးဇူးတရားကြောင့်တို့၊ သနားလို့တို့၊ မိဘတွေ ပေးစားလို့တို့ ဘာတို့လိုကြောင့်တွေက ရှိနေသေးတာပဲ၊ ဒါကြောင့် မေ နှုတ်က တိတိကျကျ ဖြေပါ၊ မေ မောင့်ကို ချစ်သလား"

မေနီ ကတ္တီပါဘူးထဲ၌ ရှိနေသော ကျန်လက်စွပ်ကို ယူကာ မင်းလှဘော်၏ဘယ်လက်ကို ဆွဲယူကာ လက်သူကြွယ်၌ စွပ်ပေးရင်း. . .

"ကျွန်မ မေနီသည် ဟောဒီဦးမင်းလှဘော် ခေါ် မောင့်ကို မြင်တွေ့စဉ်ကတည်းကစ၍ တစ်ဖက်သတ် စွဲလမ်းကာ အရမ်းအရမ်းကို ချစ်မြတ်နိုးခဲ့ပါသည်တဲ့ရှင့်၊ ကဲ. . . ကျေနပ်ပြီလား"

"ဟိုက်ရှားပါး. . . အလွန့်အလွန် ကျေနပ်ပါပြီဗျာ. . . အိုကေ"

မင်းလှဘော်က ပြောပြောဆိုဆိုပင် မေနီ၏ညာလက်





ကလေးကို မလွှတ်တမ်း ဖက်ဆုပ်ပြီး လက်ခုံလေးကို နမ်းရှိုက်လိုက် ပြန်လေသည်။

ဒီတစ်ခါတော့ မေနီ ရှက်ရယ်ရင်း ခပ်ဖွဖွလေးသာ ရုန်းလိုက်သည်။

လိုချင်သူထံမှ လိုအပ်သောအချစ်ကို ရရှိမှတော့ မေနီ ဘဝမှာ နောက်ထပ်အခြားဘာကိုမှ မလိုချင်တော့ပါ။ မမျှော်လင့်တော့ပါ။

အချစ်သည်သာ ပြီးပြည့်စုံခြင်းဟူသော ဘဝတစ်ခုကို ဖန်တီးနိုင်စွမ်း ရှိလေသည်ဟုလည်း ယုံကြည်ရင်းဖြင့်. . .

BURMESE CLASSIC .com

မြူပုလဲခင်



www.burmeseclassic.com